http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်

## ခန္ဓာဉာဏ်ရောက် တရား

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား၏
ဥပနိဿယအတိုင်း ရေးသားထုတ်ဝေသည်

4160001
KS 1300 --

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂


မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

1300

http://www.dhammadownload.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးပုံ။

http://www.dhammadownload.com

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ၏
# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံဖြစ်ပုံ




**(လင်္ကာစဆောင်ပုဒ်)**

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာ - သိကြား၊ စသည်များက ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

http://www.dhammadownload.com

## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး
အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးသံဒိုင် ပြုစုရေးသားသော

## ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်

ယင်း၏ လည်ပုံ, ဖြတ်ပုံ, အမျိုးမျိုးကို သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပွားပုံ၊ ယင်းတို့ ခွာပုံခွာနည်းများ၊ ဝေဒနာနုပဿနာနှင့် စိတ္တာနုပဿနာ ရှုပွားပုံ၊ ရှုပွားနည်းများကို အခန်း ကဏ္ဍပေါင်း (၂၂) ခွဲခွာပြီးလျှင်

**နောက်ဆုံး၌ သိမှတ်ဖွယ်ရာ အဖြာဖြာဟုခေါင်းစဉ်**
**တပ်၍ ဗဟုသုတဖြစ်ကြစေရန် ရည်ရွယ်ပြီးလျှင်**
**ထည့်သွင်း ရိုက်နှိပ်ထားပါသည်။**

| | | | |
|---|---|---|---|
| ပထမအကြိမ် | (၃၀၀၀) | ဒွါဒသမအကြိမ် | (၃၀၀၀) |
| ဒုတိယအကြိမ် | (၅၀၀၀) | တေရသမအကြိမ် | (၃၀၀၀) |
| တတိယအကြိမ် | (၂၅၀၀) | စုဒ္ဒသမအကြိမ် | (၃၀၀၀) |
| စတုတ္ထအကြိမ် | (၆၀၀၀) | ပန္နရသမအကြိမ် | (၃၀၀၀) |
| ပဉ္စမအကြိမ် | (၅၀၀၀) | သောဠသမအကြိမ် | (၃၀၀၀) |
| ဆဋ္ဌအကြိမ် | (၂၀၀၀) | သတ္တရသမအကြိမ် | (၃၀၀၀) |
| သတ္တမအကြိမ် | (၅၀၀၀) | | |
| အဋ္ဌမအကြိမ် | (၅၀၀၀) | | |
| နဝမအကြိမ် | (၅၀၀၀) | | |
| ဒသမအကြိမ် | (၂၀၀၀) | | |
| ဧကာဒသမအကြိမ် | (၄၀၀၀) | | |

http://www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရား၏
ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

အကြိမ် - ၁၈ကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၁၉၉၆ - ဒီဇင်ဘာလ
တန်ဖိုး - ၇၀ ကျပ်

ထုတ်ဝေသူ။ ဦးအောင်ချို (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်း
စဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ဦးဝင်းအောင် (၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်
၃/၉၅ (၁၂)

စာအုပ်မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၄/၉၅ (၁၂)

http://www.dhammadownload.com

# မာတိကာ


| ဦးရေ | | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | အပိုင်း | (၁) | ပဋိစ္စသမုပ္ပါဒ်၏ အဓိပ္ပာယ် | ၉ |
| ၂။ | ။ | (၂) | စက်ဝိုင်းပုံသဏ္ဍာန်ကိုကြည့်ရန် | ၁၅ |
| ၃။ | ။ | (၃) | ခန္ဓာပဋိစ္စသမုပ္ပါဒ်အကြောင်း | ၂၄ |
| ၄။ | ။ | (၄) | ဝေဒနာကနေ၍ပဋိစ္စသမုပ္ပါဒ်ဆက်ပုံ | ၃၂ |
| ၅။ | ။ | (၅) | ပဋိစ္စသမုပ္ပါဒ်အစကနေ၍ လည်ပုံ | ၃၇ |
| ၆။ | ။ | (၆) | ပဋိစ္စသမုပ္ပါဒ်အဆုံးကနေ၍ပတ်ပုံ | ၄၀ |
| ၇။ | ။ | (၇) | ဝိပဿနာမရှုလျှင် ပဋိစ္စသမုပ္ပါဒ် အမြဲလှည့်ပုံ | ၄၁ |
| ၈။ | ။ | (၈) | ပဋိစ္စသမုပ္ပါဒ် သဘောတရားကို အနုလောမနည်းဖြင့်ဝေဖန်ခြင်း | ၄၄ |
| ၉။ | ။ | (၉) | အဝိဇ္ဇာ တဏှာ အကြောင်းခံ၍ ပဋိစ္စသမုပ္ပါဒ် အဝိုင်းပြေးခြင်း | ၅၄ |
| ၁၀။ | ။ | (၁၀) | ပဋိစ္စသမုပ္ပါဒ် အကန့်ချိုး၍ဒေါက် ဖြုတ်ပြီး ပုံတောင်း (ပဒေါင်း) ဝင်ရိုးဖြုတ်နည်း | ၅၉ |
| ၁၁။ | ။ | (၁၁) | ပဋိစ္စသမုပ္ပါဒ်အတိုင်းသွားလျှင် အကန်းလမ်းသွားသည်နှင့်တူခြင်း | ၆၇ |
| ၁၂။ | ။ | (၁၂) | ပဋိစ္စသမုပ္ပါဒ် ပဋိလောမဒေသနာ နောက်ဆုတ်တွေး တရား | ၇၈ |

http://www.dhammadownload.com

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ အပိုင်း | (၁၃) သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်ခြင်းနှင့် အပြစ်ကြီးပုံ | ၉၂ |
| ၁၄။ ။ | (၁၄) သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိအကြောင်း | ၁၀၇ |
| ၁၅။ ။ | (၁၅) သတိပဋ္ဌာန် အားထုတ်ပုံ အားထုတ်နည်း | ၁၁၈ |
| ၁၆။ ။ | (၁၆) စိတ္တာနုပဿနာကို ဖိ၍ အရေးတကြီးအမိကထား၍ ဟောခြင်း | ၁၂၁ |
| ၁၇။ ။ | (၁၇) ဒိဋ္ဌိဖြုတ်နည်း နိဿယည်း | ၁၃၀ |
| ၁၈။ ။ | (၁၈) သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ ဖြုတ်နည်း | ၁၃၆ |
| ၁၉။ ။ | (၁၉) စိတ္တာနုပဿနာ စိတ်(၁၃)မျိုးကို ရှုနည်း | ၁၄၇ |
| ၂၀။ ။ | (၂၀) ရဟန္တာကြီးလေးပါးနှင့် ပုထုဇဉ် ရဟန်းအကြောင်း | ၁၆၁ |
| ၂၁။ ။ | (၂၁) ဝေဒနာနုပဿနာရှုနည်း | ၁၇၅ |
| ၂၂။ ။ | (၂၂) သိမှတ်စရာအဖြာဖြာ | ၁၉၇ |

http://www.dhammadownload.com

နေ့စွဲ၊ ၁၃၂၇-ခု
သီတင်းကျွတ်လဆန်း ၉-ရက်။

သို့

ဥက္ကဋ္ဌကြီး
မိုးကုတ် ဝိပဿနာအဖွဲ့
အမှတ်-၃၃၊ ဆင်ဒွစ်လမ်း၊
ရန်ကုန်မြို့။

အကြောင်းအရာ ။ ။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် လည်လမ်းနှင့် ထွက်လမ်း တရားများမှအကျဉ်းချုပ် ထုတ်နုတ်လျက် ပြည့်စုံစွာ ရေးသားပါရန် တောင်းပန်တိုက်တွန်းခြင်းကိစ္စ။

ဥက္ကဋ္ဌကြီးခင်ဗျား . . .

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံတွင် အပါအဝင်ဖြစ်သော သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်မှ လိုရင်းအကျဉ်းချုပ် . . .

http://www.dhammadownload.com

# အမှာစာ

သီလေ ပတိဋ္ဌာယ နရော သပညော။
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု။
သော ဣမံ ဝိဇဋယေ ဇဋံ။

ဟူသော ဂါထာတစ်ပုဒ်ကို ထုတ်နုတ်လျက် ဝိသုဒ္ဓိမဂ်ဟူသော အမည်ဖြင့် ယောဂီပုဂ္ဂိုလ်များဖတ်ရှုပွားများကာ အရိယာဖြစ်ကြပါစေခြင်းအလို့ငှာ ဖွင့်ပြရေးသား ထားတော်မူဘိသကဲ့သို့ ထို့အတူပင် ဥက္ကဋ္ဌကြီးသည်လည်း ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်လည်လမ်းနှင့် ထွက်လမ်းတရားများမှ လိုရင်းအကျဉ်းချုပ်ကို ထုတ်နုတ်လျက် (ပဋိစ္စသမုပ္ပါဒ်လည်လမ်းထွက်လမ်းတရားတော်)ဟူသောအမည်ဖြင့် ယောဂီပုဂ္ဂိုလ်များ ဖတ်ရှုပွားများကာ အရိယာဖြစ်ကြပါစေခြင်းအလို့ငှာ တိုတိုစေ့စေ့စာအုပ်နှင့် အဓိပ္ပာယ်ပြည့်စုံစွာရေးသားပါရန် လေးမြတ်စွာ တောင်းပန်တိုက်တွန်းအပ်ပါသည်။

ဗုဒ္ဓဝင်-ဆရာထွန်း
(၄-၁၀-၆၅)

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

**နိဒါန်း ။** ။ဗုဒ္ဓဝင်ဆရာထွန်းသည် စာရေးသူအား အဘိဓမ္မာသင်္ဂြိုဟ်ကို သင်ကြားပြသပေးခဲ့ဖူးသော ဆရာဖြစ်သည့်ပြင် လောကုတ္တရာမျက်လုံးကိုလည်း ဖွင့်ပေးခဲ့သော ပထမဆရာ ဖြစ်ပါသည်။ ယင်းဆရာကြီး၏ ကျေးဇူးဥပကာရ များလှပါ၏။

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်အဖွဲ့မှ ရိုက်နှိပ်သော မိုးကုတ်ဝိပဿနာ တရားစာအုပ်များကိုလည်း များသောအားဖြင့် ထိုဆရာကြီးပင် တည်းဖြတ်ပေးခဲ့ပါသည်။

တစ်နေ့သောအခါ စာရေးသူ၏ နှုတ်အားဖြင့်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောကြားတော်မူသော တရားတော်တွေထဲမှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် ဝိပဿနာ ယောဂီများအဖို့ အထူးသိသင့်သိထိုက်သော တရားဖြစ်သည်။ ဉာတပရိညာစခန်း၌ အလွန်အရေးပါလှသော တရားဖြစ်သည်။ သို့အတွက် အလွန့်အလွန် သိသင့်သိထိုက်လှသော တရားဖြစ်သည်ဟု ပြောလိုပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဟောတော်မူသော တရားများမှာလည်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာတရားများသာ ဖြစ်သည်။ သို့ရာတွင် ကျယ်ဝန်းစွာ ဟောတော်မူထားသော တရားတော်ဖြစ်သည့်ပြင် ရက်စဉ် နေ့စဉ် ဟောရက် အစဉ်

http://www.dhammadownload.com



အတိုင်း ဟောတော်မူထားသော တရားများ ဖြစ်ပါသဖြင့် တရားနာကြသူများမှာလည်း ရက်ဆက် နာကြားနိုင်မှသော်လည်းကောင်း၊ တရားစာအုပ် ဖတ်ကြားသူများသည်လည်း အမှတ်စဉ် (၁) ကစပြီး လိုက်နိုင်မှသာလျှင် လည်ပုံ၊ ဖြတ်ပုံ စသည်တို့ကို ထိုက်တန်သလောက် နားလည် သဘောပေါက် တန်သလောက် သဘောပေါက်၍ နားလည်နိုင်ကြမည် ဖြစ်သည်။ ထို့ကြောင့် မကျဉ်းမကျယ် ထိုပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ဖြတ်ပုံ၊ ထွက်မြောက်ပုံတို့ကို တစ်အုပ်တည်းနှင့် ပြည့်စုံအောင် တိုတိုနှင့် စေ့စေ့ စာအုပ်တစ်အုပ် ပြုစုရေးသားပါဟု တိုက်တွန်းလာပါသည်။

စာရေးသူသည် ဆရာကြီးဦးထွန်း တိုက်တွန်းချက်အရ ထိုပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ဖြတ်ပုံကို စာတမ်းတစ်စောင် အဖြစ် ရေးသားဖို့-မရေးသားဖို့ အတန်တန် အဘက်ဘက်မှ စဉ်းစားခဲ့သည်။ စဉ်းစားသည်ဆိုသည်မှာ ပရိသတ်အားလုံး အကြိုက်ရေးရန် မလွယ်ကူချေ။ သို့နှင့် ရေး၍ ဟန်မှ ဟန်ပါ့မလားဆိုသော ဆုတ်နစ်သောစိတ် ပေါ်ပေါက်ခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် စာရေးသူသည် ငယ်စဉ်အခါက ပိဋကတ်သုံးပုံစသော ကျမ်းကြီးကျမ်းခိုင်များကို သင်ကြားခဲ့ခြင်းမရှိသည်က တစ်ကြောင်း၊ အရေးအသားဘက်၌လည်း စာရေးဆရာအလုပ်ကို မကျွမ်းကျင်၊ မိုးကုတ်ဝိပဿနာတရား စာအုပ်များမှာ နိဒါန်းရေးသားသည်ကလွဲ၍ အခြားစာအုပ် စာတမ်းများ ရေးဖူးရေးစ မရှိခဲ့။ ထို့ပြင် ကြောက်စရာ အကောင်းဆုံး အချက်တစ်ချက်မှာကား မိမိက မည်မျှပင် ဓမ္မ

http://www.dhammadownload.com



မိန့်ချသဘောဖြင့် စေတနာသန့်သန့်ကြီးနှင့် ရေးသားသော်လည်း ရှေ့အစွန်း၊ နောက်အစွန်း စသည်ဖြင့် အထင်အမြင် လွဲမှားမှုများမှ လွတ်အောင် သတိကြီးစွာ ထားရပေဦးမည် ဖြစ်သည်။

ထို့ကြောင့် ရံဖန်ရံခါ ရေးသားလိုသော စိတ်စေတနာ ပေါ်ပေါက်သည်။ ရံဖန်ရံခါ ရေးသားခြင်းမပြုလိုသော ဆုတ်နစ်သော စိတ်ဝင်လာသည်။ ဤသို့နှင့် တစ်ဖက်နှင့် တစ်ဖက် လွန်ဆွဲသလို ဟိုဘက်ဒီဘက် လုလျက် သောင်မတင် ရေမကျ ရှိခဲ့သည်။ ကျမ်းတစ်စောင်တဖွဲ့ ပြုစုသည်၊ ရေးသားသည် ဆိုသည်မှာ လွယ်ကူလှသော အလုပ်မဟုတ်ဟူ၍ သဘောပေါက်မိသည်။

ထိုထက်မလွယ်ကူသည်မှာ ခက်ခဲခြင်း၊ နက်နဲခြင်းလေးပါးနှင့် ပြည့်စုံသော ပဋိစ္စသမုပ္ပာဒ်ကို ပြုစုရေးသားရမည် ဖြစ်သော တာဝန်ကြီးပင်တည်း။

ထို့ထက်ပို၍ မလွယ်ကူသည်မှာ (ဝါ) ခက်ခဲသည်မှာ ပဋိစ္စသမုပ္ပာဒ်လည်ပုံမှုမဟုတ်၍ ဖြတ်ပုံနှင့် ထွက်မြောက်ကြောင်းကိုပါ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ပြုစုရေးသားရမည်ဆိုရာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို စီရင်ရေးသားတော်မူခဲ့သော အရှင်ဗုဒ္ဓဃောသ ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်၌ ယုန်ငယ် ခြေထောက်၍မမိသကဲ့သို့ ညည်းညူတော်မူရှာသည်။

စာရေးသူသည် ပဋိစ္စသမုပ္ပာဒ် တရားသဘောကို ခန္ဓာဉာဏ်ရောက် အလုပ်သဘောနှင့် ထပ်၍ သဘောပေါက်သူ

http://www.dhammadownload.com



နားလည်ထားသူဖြစ်သည်ဆိုသည့်အချက်ကိုကား ဝန်ခံနိုင်ပါ၏။ သို့ရာတွင် မိမိနားလည် သဘောပေါက်သလို သူတစ်ပါး နားလည် သဘောပေါက်၍ ခန္ဓာဉာဏ်ရောက်အောင် ပြုစုရေး သားရန်မှာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကဲ့သို့ ဉာဏ်ပညာ ကြီးကျယ်လှသော ပုဂ္ဂိုလ်မှသာလျှင် စွယ်စုံဖြစ်နိုင်ပေမည်။

စာရေးသူသည် ဆရာတော်ဘုရားကြီး၏ ကြီးမားလှသော ဉာဏ်တော်ကို အစိတ်တစ်ရာစိတ်၍ တစ်စိတ်မျှ လက်လှမ်းမီ နိုင်သော သူတစ်ယောက်မဟုတ်ရကား ရေးသား ပြုစု၍ ဟန်မှ ဟန်ပါ့မလားဟူသော ဆုတ်နစ်သောစိတ် တစ်ဖန် ထပ်၍ ဝင်လာပြန်သည်။ တစ်ဖန် မရေးဖြစ် ရေးဖြစ်အောင် နောက်မှ နေပြီး လှုံ့ဆော်၍ တပ်လှန့်ပေးလိုက်သော အချက်များ ဉာဏ်ဝဲ၌ ကွက်ခနဲပေါ်လာပြန်သည်။ ယင်းမှာအခြားမဟုတ်၊ ယခုခေတ်ကို ဝိပဿနာခေတ်ဟုဆိုကြသည်။ ဤသို့ဆိုကြသော် လည်း၊ ဤဝိပဿနာခေတ်မှာ အမှန်အားဖြင့် ဝိပဿနာနှင့် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာတရား ဒွန်တွဲ၍ သွားရမည်သာ ဖြစ်သည်။ ဤသို့ ဒွန်တွဲ၍သွားမှသာလျှင် သဘာဝကျ၍ လမ်းမှန်ရာရောက်ပေ လိမ့်မည်။ သို့သော် ယခုအခါ ထိုတရား နှစ်ပါးသည် ဇာတ်မြှုပ်၍ နေတော်မူကြသလားမသိ၊ အဟော၊ အပြော၊ အပြ၊ အသအလွန် ပင် နည်းပါးကြသည်ကို တွေ့မြင်ရ ပေသည်။

ထိုမှတစ်ပါးလည်း ပရိညာ ၃ပါး ရှိသည့်အနက် ဉာတ ပရိညာကို ရှေ့ထားရမည် ဖြစ်ရာ ယခုအခါများသောအားဖြင့်

http://www.dhammadownload.com



တိရစ္ဆာပရိညာကို ရှေ့ထားလျက် ရှိကြသည်သာ တွေ့ရ၍ ရှေ့နောက် အစဉ်လွဲလျက်ရှိပြန်သည်။ ဝိပဿနာအလုပ်မှာ ခုန်ပြီးကျော်ပြီး လိုရာခရီး မရောက်နိုင်ချေ။

မြန်မာပြည်တွင် ရိပ်သာမြောက်မြားစွာရှိကြရာ မိမိနည်းနှင့် အားလုံး ကောင်းသည်ချည်းပင် ဖြစ်သည်။ မိမိတို့ အကောင်းဆုံးဟု ယုံကြည်ပြီး စေတနာကောင်း တွေနှင့်သာလုပ်ကြ၊ ကိုင်ကြသည်ဖြစ်၍ အထူးပင် ချီးကျူးဖွယ်ကောင်းပေသည်။ စာရေးသူအနေနှင့် များစွာပင် ချီးကျူးပါ၏။

လောကတွင် ချွတ်ယွင်းချက်ဆိုသည်မှာ ဘယ်နေရာ ဘယ်ဌာနမှာမှ ကင်းနိုင်သည်ဟူ၍မရှိနိုင်ရကား ကောင်းသထက်ကောင်းပါစေ တစ်မဂ်၊ တစ်ဖိုလ် လျင်မြန်စွာရကြပါစေဆိုသော မနောပုဗ္ဗင်္ဂမစေတနာအရင်းခံ၍ ပြောဆိုရေးသားဝေဖန်ရပါလျှင် ယောဂီများသည် ဉာတပရိညာနှင့် ဒိဋ္ဌိ ဖြုတ်မှု ရှေ့ထား ရပေလိမ့်မယ်။ ယင်းပြင် ဤသို့ ဉာတပရိညာနှင့် ဒိဋ္ဌိဖြုတ်ပေးမှုပြုနိုင်သည်မှာ မိမိတို့ကိုယ်တိုင်က ဖြစ်စေ၊ မိမိတို့၏ ဆရာသမားက ဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို နားလည်ရန် လိုပေသည်။ ဤဒေသနာကို နားမလည်ပါက ဒိဋ္ဌိကို ဉာတပ ရိညာနှင့် မခွာနိုင်ပါ။ ထို့ကြောင့် ယောဂီသည် ပဋိစ္စသမုပ္ပါဒ်ကို သစ္စာနှင့်တွဲ၍ နားလည်ထားမှသာလျှင် မိမိတို့ဉာဏ်မှာ ဒိဋ္ဌိကို အသိနှင့် ဖြုတ်နိုင်မည် ဖြစ်ပါသည်။

ဤသို့ ဆရာရော တပည့်ပါနှစ်ဦးနှစ်ဝ ပဋိစ္စသမုပ္ပါဒ်ကို ရေလည်စွာ သင်ကြားဟောပြ၍ ယောဂီ၏ အသိဉာဏ်မှာ

http://www.dhammadownload.com



ရှင်းလင်းမှု ဉာတပရိညာနှင့် ဒိဋ္ဌိကိုဖြုတ်မှုသည်သာလျှင် အဓိကလိုရင်း ပုဗ္ဗကရဏကိစ္စ အစစ်ကြီး ဖြစ်ပေသည်။

ယခုလက်ရှိဖြစ်ရပ်အခြေအနေမှာ ဤအတိုင်းဖြစ်ကြလျှင် အလွန် ကျေးဇူးဥပကာရ များကြပေမည်။ သို့သော် ဤဖြစ်စဉ်မျိုး အလွန်ပင် နည်းပါးလှပါသည်ဟု ကြားသိရပါသည်။ သို့ပါ၍ ရဟန်းတော်ဖြစ်စေ၊ လူဖြစ်စေ ကမ္မဋ္ဌာနာစရိယ ဆရာသမားများသည် ပဋိစ္စသမုပ္ပာဒ်ကို ဖိ၍ ဟောကြား ပြသပြီးပေးတော်မူကြပါဟု ဤစာတမ်းက နေပြီး ရိုသေလေးစားစွာနှင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။ ဆရာတော် အရှင်မြတ်များဖြစ်ကြပါမူကား ရိုသေစွာ ရှိခိုးတောင်းပန်၍ တိုက်တွန်းအပ်ပါကြောင်း။

ပဋိစ္စသမုပ္ပာဒ်ဒေသနာလည်ပုံ-ဖြတ်ပုံကို သေသေချာချာ လေ့လာကျင့်သုံးအားထုတ်သူများသည် ပိဋကတ်စာအုပ်ဆိုင်များတွင် ဝယ်လို၍ တကယ်ရှာလျှင် တကယ်ရှားမှန်းသိရပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပာဒ်ဒီပနီတစ်ခုသာလျှင် ဟံသာဝတီ စာပုံနှိပ်တိုက်ကရိုက်၍ ဈေးပေါပေါနှင့် ဝယ်၍ရနိုင်သည်ကိုတွေ့ရပါသည်။ အခြားတစ်အုပ်တစ်လေရှိသည်မှာလည်း ဈေးကြီးလှ၍ လူတိုင်းမဝယ်ဖတ်နိုင်ကြပါ။ တချို့ ကမ္မဋ္ဌာန်းတိုက်က ထုတ်ကြသော ပဋိစ္စသမုပ္ပာဒ်များကလည်း ပိဋကတ်စာအုပ်ဆိုင်များ၌ ရောင်းချခြင်းမရှိသဖြင့် ပဋိစ္စသမုပ္ပာဒ် တရားစာအုပ် အတော်ရှားမှန်းသိရပါသည်။

ထို့မှတစ်ပါး ဝိပဿနာတရားပွဲများကို နာကြည့်လိုက်ပြန်

http://www.dhammadownload.com



သော် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အရိပ်အမြွက်မျှပင် ထည့်သွင်း ဟောပြောမှု မရှိသလောက် နည်းပါးသည်ကို တွေ့မြင်ရပါသည်။ ဤမျှ အရေးပါသော တရားတော်သည် အလွန်ပင် မျက်နှာငယ် သော ဘဝသို့ ရောက်ရှိရသည်။ ဝမ်းနည်းစရာပင်၊ အမှန် ဖြစ်သင့်သည်မှာ ဤပဋိစ္စသမုပ္ပါဒ် သဘောတရားကို ဝိပဿနာ အလုပ်နှင့်ဟပ်၍ ခန္ဓာဉာဏ်ရောက် သိသူများလေ၊ ဒိဋ္ဌိကို ဉာတပရိညာနှင့် ပြုတ်သူများလေ ဖြစ်ပေလိမ့်မည်။ ဒိဋ္ဌိကို ဉာတပရိညာနှင့် ပြုတ်သူများလေ၊ စူဠသောတာပန်ဖြစ်သူများ လေဟု ဆိုနိုင်ပါသည်။

ပဋိပတ္တိ သာသနာတော်ဝယ် ဤအတိုင်း များစွာ ဖြစ်စေလိုသော အာသာဆန္ဒပြင်းပြစွာရှိပါသည်။

ဤအထက်ပါတွေ့ရသော အကြောင်းအချက်များသည် စာရေးသူအား မရေးမဖြစ်အောင် တိုက်တွန်း နှိုးဆော်၍ နောက်ဆုံး အနေဖြင့် တပ်လှန့်ပေးလိုက်သော အကြောင်း အထောက်အပံ့များပင်ဖြစ်ရာ ဤစာတမ်းကို ရေးသားရာ၌ အလုပ်ခွင်၌ မိမိထိုက်တန်သလောက် ရရှိထားသော ဘာဝနာ မဂ်ဉာဏ်ကလေးနှင့် ယင်းအပေါ်၌ ကျေးဇူးရှင်ဆရာတော် ဘုရားကြီး ပေးတော်မူသော အသိဉာဏ်ပါတွဲ၍ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာခန္ဓာဉာဏ်ရောက် တရားစာတမ်းကို (လည်ပုံနှင့် ထွက်မြောက်ပုံပါ) ယောဂီအပေါင်းတို့ အကျိုးငှာ ပြုစုရေးသား ထိုက်သည်ဟု ဆုံးဖြတ်၍ ၁၃၂၂-ခု တန်ဆောင်မုန်းလဆန်း ၂ရက်နေ့မှစ၍ ရေးသားရာ ယင်းနှစ်ပြာသိုလဆုတ် ၁၁

http://www.dhammadownload.com



ရက်တွင် ပြီးစီး၍ အဆုံးသတ်ထားပါသည်။

ဤစာတမ်းကို ရေးသားထုတ်ဝေခြင်းအားဖြင့် ဆရာတော်ဘုရားကြီးအား တရားဖြင့် ကျေးဇူးဆပ် ကန်တော့ပါကြောင်း။

ဤပြုစုရေးသားမည်ဖြစ်သော စာတမ်းသည်လည်း သာမန်အရပ်သားတစ်ယောက်အနေဖြင့် ရေးသားခြင်းဖြစ်ရာ ရေးပုံသားပုံ အစပ်အဟပ်ရှေ့နောက် အစီအစဉ် တည့်သည်။ ဝါကျ အထားအသို ညီညွတ်သည်။ ပုဒ်၊ ဗျည်းစသော သဒ္ဒါနည်းကျသည်။ ရှေ့စကား၊ နောက်စကား၊ အစီအစဉ် တည့်သည်ဟု မဆိုနိုင်ပါ။ စကားအသုံးအနှုန်းများလည်း သိမ်မွေ့၍ ပြေပြစ်ချင်မှ ပြေပြစ်ပေလိမ့်မည်။ ဖတ်ကြားရာ၌ အထစ်အငေါ့အနည်းငယ် ရှိချင်ရှိပေလိမ့်မည်။ စကားလုံး နှစ်ခါထပ်သုံးခါထပ်လည်း ပါချင်ပါပေလိမ့်မည်။ ချွတ်ယွင်းချက်များမှာ ကင်းစင်သည်ဟူ၍ ဝန်မခံနိုင်ပါ။ အရပ်သားတစ်ယောက်အနေအားဖြင့် ဈေးဦးပေါက်ကြိုးပမ်းမှုမျှသာ ဖြစ်သည်ဟူ၍ သည်းခံပြီး ဖတ်ကြားတော်မူကြပါမည့်အကြောင်း။

သို့ရာတွင် အရေးကြီးဆုံးအချက်ကိုမူ ဝန်ခံနိုင်ပါ၏။ ထိုအချက်သည် အခြားမဟုတ်။ ဘုရားဟော ကျမ်းဂန်များနှင့်သော်လည်းကောင်း၊ ကျေးဇူးရှင်ဆရာတော်ကြီး၏ ဟောကြားတော်မူခဲ့သော "မူ" လမ်းစဉ်နှင့် သော်လည်းကောင်း၊ ချွတ်ချော်တိမ်းစောင်းခြင်းမရှိသော အချက်ပင် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဥပနိဿယနှင့် တစ်သဝေမတိမ်း တစ်သဘောတည်း တစ်ထပ်တည်းကျသည်ဟူ၍ ဝန်ခံနိုင်ပါသည်။

http://www.dhammadownload.com



အထူးမှာကြားချက်။ ဤစာတမ်းကို မဖတ်ခင် သတိပေးလိုသည်မှာ ဤစာတမ်းသည် တရားစဉ်အတိုင်း ရေးသားထားခြင်းဖြစ်ရာ ခါးလယ်မှချိုး၍ ဖတ်ကြားခြင်း၊ ကျော်လွှား၍ ဖတ်ကြားခြင်း၊ ခုန်၍ဖတ်ကြားခြင်းမပြုဘဲ အစဉ်အတိုင်း နိဒါန်းကစပြီး ဖတ်သွားကြမှသာပို၍ တရား၏ တန်ဖိုးအပြည့် အဝခံစားရမည် ဖြစ်ပါသည်။

ယင်းပြင် စိတ်အေး လက်အေး ရှိသည့်အခါများ၌သာ အချိန်ယူ၍ ဖတ်ကြားစေလိုပါသည်။ သို့မှသာလျှင် ဤ ခက်ခဲနက်နဲလှသော ပဋိစ္စသမုပ္ပာဒ်ဒေသနာစဉ်ကိုလည်းကောင်း၊ လည်ပုံ၊ ဖြတ်ပုံကိုလည်းကောင်း၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်းကောင်း၊ ခန္ဓာဉာဏ်ရောက်သိရှိပြီးလျှင် ကိုယ်တွေ့ကျင့်သုံးနိုင်၍ တရားတော်၏ အရသာကို တင်းပြည့် ကျပ်ပြည့် ခံစားနိုင်ကြမည် ဖြစ်ပါကြောင်း။

ဦးသံဒိုင် (ဉတ္တမ)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂-နတ်မောက်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# စိတ္တာနုပဿနာ ရှုပွားနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံစိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ် | အပြင်ဧည့်သည် ၅-ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ်<br>၆။ တွေးစိတ်-တောစိတ် | အတွင်းဧည့်သည် ၆- ယောက် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | အိမ်သည်စိတ် ၂-ခု |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

ငင်း (၅) ခုသည် ရှုတတ်သော တရားများ ဖြစ်၏။ ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။ အပြင်ဧည့်သည် အတွင်းဧည့်သည်ပေါ်လျှင် ပေါ်ရာကို ရှုပါ။

ဧည့်သည်မပေါ်ပါက အိမ်သည်ကိုအမြဲရှုပါ။ ရှုရမှာသည် လေကိုသွင်းသောစိတ် လေကို ထုတ်သောစိတ်များ ဖြစ်သည်။ ဝင်လေထွက်လေ မဟုတ်ပါ။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

# ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ဝယ် သစ္စာလေးပါး တရား တော်သည် အရေးပါဆုံးသော တရားတော်ဖြစ်၏။ ထိုနည်းတူစွာပင် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်သည်လည်း အလွန်ပင် အရေးပါလှသော တရားတော် ဖြစ်ပေသည်။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ပဋိစ္စသမုပ္ပာဒ်ကို မိမိတို့ဆိုင်ရာ အဆင့်အတန်း အလျောက် ဖြတ်တောက်နိုင်မှသာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာစသည်ဖြင့် တက်လှမ်းနိုင်သည်။

မြတ်စွာဘုရားရှင်တို့သည်လည်း ပဋိစ္စသမုပ္ပာဒ်သံသရာကြီးကို အကြွင်းမဲ့ ဖြတ်တောက်တော်မူသောကြောင့်ပင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဝိပဿီ အစရှိသော မြတ်စွာဘုရားရှင်တို့သည် ဘုရားမဖြစ်မီ ဘုရားအလောင်းတော်ဘဝ၌ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ကို အပြန်ပြန် အလှန်လှန် အကြိမ်ပေါင်းများစွာအစ,ကနေအဆုံး၊ အဆုံးကနေအစထိအောင်အနုလောမ နည်းအားဖြင့်လည်းကောင်း၊ ပဋိလောမနည်းအားဖြင့်လည်းကောင်း၊ ဆင်ခြင်တော်မူ၍ သံသရာ၏အစ အဝိဇ္ဇာအစရှိသော အာသဝေါတရားတို့၏ကုန်ရာဖြစ်သော အာသဝက္ခယဉာဏ်တော်ကို ရရှိတော်မူ၍ ဘုရားအဖြစ်သို့

http://www.dhammadownload.com



ရောက်တော်မူသည်။

ဂေါတမရှင်တော်ဘုရားသည်လည်း ရှေးဘုရားများနည်းတူ ဤပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို အကြိမ်ကြိမ် အဖန်ဖန်အစကနေအဆုံး၊ အဆုံးကနေအစတိုင်အောင် ဆင်ခြင်တော်မူမှသာလျှင် နံနက်မိုးသောက်ယံ၌ မြေငလျှင်လှုပ်ခြင်း စသောနိမိတ်ကြီးများ ပေါ်ထွက်ပြီးလျှင် အာသဝေါတရား ကုန်ရာဖြစ်သော အာသဝက္ခယဉာဏ်တော်ကို ရရှိတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူသည်။

## မည်သူမျှမကြားနိုင်

ပိဋကတ်တော်၌ပါရှိသော အချို့အချို့သော သုတ္တန်ဒေသနာတော်များသည် အခြားသော ဘာသာဝင် တစ်ဦးတစ်ယောက်က မည်သို့မည်ပုံစသဖြင့် ဝေဖန်ပြောဆိုလိုက ဝေဖန်ပြောဆိုစရာရှိပေသေးသည်။ သို့ရာတွင် သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ပဋ္ဌာန်းတရားတော်များသည်ကား မည်သူမျှကြားဝင်နိုင်သောတရားမဟုတ်ချေ။

ပဋ္ဌာန်းတရားတော်ကြီးသည် အဘိဓမ္မာ ဒေသနာတော်၌ အထက်တန်း ကျလှသော တရားဖြစ်ရာ ပဋိသမ္ဘိဒါအကျိုးငှာကြီးစွာ အထောက်အပံ့ဖြစ်စေနိုင်သော တရားတော်ဖြစ်သည့်အားလျော်စွာ ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များသည်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရစေခြင်းအကျိုးငှာ အလွန်ပင် ကျေးဇူးပြုသော တရားတော်များ ဖြစ်ပေသည်။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အကြောင်း အကျိုး ဆက်သွယ်ခြင်းကိုပြသည်။ ဤအကြောင်းတရား ရှိခဲ့သော် ဤအကျိုးတရားပေါ်ပေါက်၏။ ဤအကြောင်းတရားမရှိခဲ့သော် ဤအကျိုးတရားမဖြစ်ပေါ်။ ဤအကြောင်းတရားဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်ပေါ်၏။ ဤအကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏ ဟူ၍ အကြောင်းတရား အကျိုးတရား ဆက်သွယ်ခြင်းကို ပြသော တရားဖြစ်သည်၊ ကြားဝင်နိုင်သောတရား၊ ရေပက်ဝင်နိုင်သောတရား မဟုတ်ချေ။

## ဒိဋ္ဌိခွင်းသည့်လက်နက်ကြီး

ခန္ဓာဖြစ်ကြောင်း၊ခန္ဓာဖြစ်ကျိုး၊ ခန္ဓာဖြစ်စဉ်ကို ပြသခြင်းဖြစ်သဖြင့် ဝိပဿနာအလုပ်အတွက် ယောဂီများအဖို့ အလွန်ပင် အရေးကြီးသောတရားဖြစ်၏။ ယင်းသဘောတရားကို မသိပါက အထက်တန်းသင်္ချာတတ်မြောက်လိုသူ တစ်ယောက်သည် "နှစ်တစ်လီနှစ်" စသည်ကို ကျေကျေလည်လည်မရရှိပါက အထက်အဆင့်သို့ မတက်နိုင်၊ တက်၍မဖြစ်သလို ယောဂီများ အဖို့မှာလည်း ပဋိစ္စသမုပ္ပါဒ် သဘောတရားကို ကျေကျေညက်ညက်ကြီးမသိပါဘဲ ဝိပဿနာကို စ၍လုပ်လျှင် ရှေ့နောက်အစဉ်မတည့်နိုင်ပါသဖြင့် မည်မျှ ဝိပဿနာတရားကို အားထုတ်ကြသော်လည်း ပင်ပန်းသလောက် ခရီးပေါက်ကြမည် မဟုတ်ချေ။

(ဆိုလိုသည်မှာ)-ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘဲ

http://www.dhammadownload.com



တရား အားထုတ်ပါက မဂ်ဉာဏ်,ဖိုလ်ဉာဏ်မရောက်နိုင်၊ ကုသိုလ်မျှသာရ မည်။ (ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် အတိအကျ ဟော တော်မူသည်။)

## မြန်မာနိုင်ငံနှင့် ပဋ္ဌိစ္စသမုပ္ပာဒ်ဒေသနာတော်

ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်သည် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် သုတ်မဟာဝါ မဟာနိဒါနသုတ် အဘိဓမ္မပိဋကတ် ပဋ္ဌိစ္စသမုပ္ပာဒ် ဝိဘင်းပါဠိ ဝိသုဒ္ဓိမဂ်နှင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာများ၌ ကျယ်ဝန်းပြည့်စုံစွာ ပါဠိဘာသာနှင့်သာ ရေးအခါက ရှိခဲ့၏။

ထိုနိဿယ မြန်မာပြန်များမှာမူကား များသောအားဖြင့် တတိယ၊ စတုတ္ထ အင်းဝခေတ်၊ အမရပူရခေတ်များ၌ ပေမူနှင့် သာထွက်ပေါ်လာရာ ရဟန်းတော်များလောက၌သာ အသင်အကြား အဖတ်အရှု အနည်းအကျဉ်း ရှိကြလေသည်။ အလွန်တရာမှ အဖိုးတန်လှသောတရားတော်များ ဖြစ်သော်လည်း သင်ရိုးထဲ ထည့်၍ သင်ကြားခြင်းနည်းပါးကြသဖြင့် ပေါ်လွင်ထင်ရှားသင့် သလောက် ပေါ်လွင်ထင်ရှားခြင်းမရှိဘဲ တိမ်မြုပ်လျက်ရှိနေခဲ့ရာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး လက်ထက် တော်၌ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားဖြစ်အောင် ဟောကြား

---

၁။ ဒိဋ္ဌိကွာမှု ရှေ့၊ ဝိပဿနာလုပ်မှုက နောက်၊ ဤသို့ ရှေ့နောက် အစဉ်တည့်ရမည်ဆိုလိုသည်၊

http://www.dhammadownload.com



တော်မူခြင်း ကျမ်းစာအုပ်များ ပြုစုရေးသားခြင်းစသည်ဖြင့် ပြုစု ကြိုးပမ်းတော်မူခဲ့သဖြင့် လူ့လောကဌ် သိရှိတန်သလောက် သိရှိ နားလည်ခွင့်ရလာခဲ့ပေသည်။

ထိုကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ကျမ်းအိပ် ကြီးများဘဝမှ နှိုးပေးတော်မူခဲ့ပေသည်။ ကျေးဇူးတော် ကြီးမားပေစွ။

နောက် လွတ်လပ်ရေးခေတ် ရောက်ရှိခဲ့သည်။ ရောက်ရှိ ပြီး၍ ပိဋကတ်တော်များကို မြန်မာပြန်ဆိုခဲ့ရာ ပဋိစ္စသမုပ္ပါဒ်ကို နိဒါနဝဂ္ဂသံယုတ် စသည်များ၌ မြန်မာဘာသာဖြင့် ဖတ်ကြား နိုင်ခွင့်ရှိလာသဖြင့် အကျိုးကျေးဇူး အသင့်အတင့်များခြင်းဖြစ် ကြပေသည်။ ဝိပဿနာ လိုက်စားသူများလည်း တဖြည်းဖြည်း တစ်စတစ်စ များပြားလာခဲ့ရာ (ဝိပဿနာခေတ်) ဟူ၍ပင် ခေါ်ဆို နိုင်လောက်အောင် ရိပ်သာတွေ မှိုလိုပေါက်ခဲ့လေသည်။

သို့သော် သူတစ်မျိုး ငါတစ်ဖုံ မိမိတို့ဝါဒအစွဲနှင့်သာ စခန်းသွားနေကြသည်ကိုတွေ့ရ၏။ မည်မျှပင် ဝိပဿနာ ထွန်း ကားသည်ဟု ပြောရစေကာမူ ဝိပဿနာအတွက် အရေးအပါဆုံး သောတရားကို ပထမအဆင့်အနေဖြင့် မလေ့လာဘဲ ပဋိစ္စ သမုပ္ပါဒ်ကိုပြည်ဖုံးချထားသည်ကိုတွေ့ကြရသည်။ ဒုတိယအဆင့် အနေဖြင့်လည်း သစ္စာလေးပါးကို ပြည်ဖုံးချထားကြသည်။ ပဋိစ္စ သမုပ္ပါဒ်ဒေသနာသည် မျက်နှာငယ်လေစွ။

http://www.dhammadownload.com



## ပဋိပတ်လုပ်ငန်းတွင်အရေးကြီးပုံ

ပဋိပတ်လုပ်ငန်းတွင် အရေးပါသော ပထမအဆင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်ကို လည်းကောင်း၊ ဒုတိယအဆင့်ဖြစ်သော သစ္စာတရားကိုလည်းကောင်း၊ ပြည်ဖုံးချထားရာမှ လွတ်လပ်ရေး နောက်ပိုင်းတွင် ဖွင့်ထုတ်ကာ ပေါ်လွင်စေသော ပုဂ္ဂိုလ်ကြီးမှာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးပင် ဖြစ်ပေသည်။

(ညောင်လေးပင်စသော မြို့များတွင် ပဋိစ္စသမုပ္ပါဒ် စာမေးပွဲများ ကျင်းပနေကြသည်ဟု ကြားသိရ၍ ဝမ်းမြောက်ဖွယ် ဖြစ်ပေသည်)။

ဝိပဿနာအလုပ်တွင် ပဋိစ္စသမုပ္ပါဒ်သည် ပထမအရေးကြီး၏။ ယင်းသဘောတရားကို ရှင်းလင်းနားလည်မှသာလျှင် ပထမအချက်ဖြစ်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိများ ကင်းစင်ပြီး အမြင် စင်ကြယ်စေ၍ ဝိစိကိစ္ဆာ စသော ယုံမှားခြင်းများ အမြင်အားဖြင့် ရှင်းလင်းသွားပေလိမ့်မည်။

"ယော ပဋိစ္စသမုပ္ပာဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ" ဟု မူလ ပဏ္ဏာသ ပါဠိတော်မှာ ပဋိစ္စသမုပ္ပာဒ်ကိုသိလျှင် တရားကိုသိသည်မည်၏။ တရားကိုသိလျှင် ပဋိစ္စသမုပ္ပာဒ်ကို သိသည်မည်၏ဟု ဟောတော်မူချက်အရ ဝိပဿနာသမားများအဖို့ ဤမျှအရေးကြီးသောတရား ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်သဘောတရားကို မသိလျှင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိသည်လည်းကောင်း၊ အတ္တဒိဋ္ဌိသည် လည်းကောင်း၊

http://www.dhammadownload.com



အဟေတုကဒိဋ္ဌိသည်လည်းကောင်း၊ အကိရိယဒိဋ္ဌိသည်လည်းကောင်း၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိသည်လည်းကောင်း၊ သိမ့်နှင့် ဘယ်နည်းမျှ မပြုတ်နိုင်ဟူ၍ ပိဋကတ်သုံးပုံထဲမှ မွေနှောက်ရှာဖွေ၍လည်းကောင်း၊ မိမိကိုယ်တိုင် ပဋိပတ်အလုပ်နှင့် ဟပ်၍လည်းကောင်း၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ကြီးမားလှသော ကရုဏာတရား ရှေ့ထား၍ ဝေနေယျများအား အလွန်သနားလှသဖြင့် ဟောကြားဆုံးမတော်မူခြင်း ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ဖွားဖက်တော်အရှင်ဆန္နသည် ၄၅-နှစ်မျှပတ်လုံး တရားအားထုတ်ခဲ့ရာ ဖြစ်မှုပျက်မှုကိုမြင်ပင်မြင်ငြားသော်လည်း ပဋိစ္စသမုပ္ပာဒ်သဘောတရားကို နားမလည်သဖြင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကို ဉာတပရိညာနှင့် မခွာနိုင်၊ ထိုသို့မခွာနိုင်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ကို ဝိပဿနာနှင့် ဟပ်၍ ဟောကြားပြသတော်မူ မှသာလျှင် ဒိဋ္ဌိအမြင်စင်ကြယ်ပြီးလျှင် တရားအားထုတ်၍ ကျွတ်တမ်းဝင်တော်မူသည်။

ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုးဆက်ခြင်းကိုနားမလည်လျှင် ဒိဋ္ဌိကိုစင်ကိုမစင်နိုင်၊ (သိမ့်နှင့်စင်ကြယ်ခြင်းကိုဆိုလိုသည်)၊ ထို့ကြောင့် ဉာတပရိညာကို ရှေ့ထား၍ တီရဏပရိညာနောက်က လိုက်ရ၏။ ဉာတပရိညာမရှိဘဲ တီရဏပရိညာ ရှေ့ထားပြီး တရားအားထုတ်မည် ဆိုပါက ပင်ပန်းကျိုးနပ်ကြမည်မဟုတ်ဟူ၍ ဆရာတော်ဘုရားကြီး အမြဲသတိပေးတော်မူသည်။

"ယော ပဋိစ္စသမုပ္ပာဒံ ပဿတိ သော ဓမ္မံ ပဿတိ"

http://www.dhammadownload.com



ဆိုလိုသည်မှာ ပဋိစ္စသမုပ္ပါဒ်ကိုသိမြင်လျှင် တရားကိုသိမြင်၏။ တရားကိုသိမြင်လျှင် ပဋိစ္စသမုပ္ပါဒ်ကိုသိမြင်၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပဋိပတ်လုပ်ငန်း၏ အခြေခံအုတ်မြစ်ဖြစ်သော ပဋိစ္စသမုပ္ပါဒ် သဘောတရားကို ဆရာတော်ဘုရားကြီး အကြိမ်ပေါင်းများစွာ ဟောထားခဲ့သော တရားတော် အရပ်ရပ်မှ မိမိဉာဏ်မီသလောက် အောက်တွင် ကဏ္ဍများခွဲ၍ လည်ပုံအမျိုးမျိုး၊ ယင်းနောက် ဖြတ်ပုံအမျိုးမျိုးကို ကြိုးစား၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ယောဂီများအကျိုးငှာရေးသား ဖော်ပြသွားပါအံ့ ---။

--- ☸ ---

http://www.dhammadownload.com

# အပိုင်း (၁)
## ပဋိစ္စသမုပ္ပါဒ်၏အဓိပ္ပာယ်

ပဋိစ္စသမုပ္ပါဒ်-ဆိုသည်မှာ ပါဠိစကားဖြစ်၍ စကားသုံးလုံး ဆက်စပ်လျက်ရှိ၏။ ပဋိစ္စ မြန်မာလို "စွဲ"၍၊သံ "ကောင်းစွာ"၊ ဥပ္ပါဒ "ဖြစ်သည်"။ "အကြောင်းကိုစွဲ၍ ကောင်းစွာဖြစ်ပေါ် ခြင်း" ဟု မြန်မာလို အဓိပ္ပာယ် ထွက်သည်။

အကြောင်းကိုစွဲ၍ ကောင်းစွာဖြစ်ပေါ်ခြင်း ဆိုသည်မှာ အဘယ်ကဲ့သို့ အကြောင်းကိုစွဲ၍ ကောင်းစွာဖြစ်ပေါ်သနည်းဟု ဆိုသော် . . .

(၁) အဝိဇ္ဇာတည်းဟူသော အကြောင်းခံကြောင့် ပြုပြင်မှု သင်္ခါရတရား ဖြစ်ပေါ်၏။

(၂) ပြုပြင်မှု သင်္ခါရဟူသော အကြောင်းခံကြောင့် ဝိညာဏ်တည်းဟူသော သိမှုတရားဖြစ်ပေါ်၏။

(၃) သိမှုဝိညာဏ်တည်းဟူသော အကြောင်းခံကြောင့် နာမ်ရုပ်တည်းဟူသော တရားဖြစ်ပေါ်၏။

(၄) နာမ်ရုပ်တည်းဟူသော အကြောင်းခံကြောင့် တည်ရာဟူသော အာယတနတရား ခြောက်ပါး ဖြစ်ပေါ်လာ၏။ (သံသရာချဲ့ထွင် တတ်သော ကြောင့် အာယတနမည်၏)။

(၅) တည်ရာအာယတနခြောက်ပါးအကြောင်းခံကြောင့် တွေ့ထိမှုဟူသော ဖဿတရားဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



(၆) တွေ့ထိမှု ဖဿဟူသော အကြောင်းခံကြောင့် ခံစားမှုတည်းဟူသော ဝေဒနာဖြစ်ပေါ်လာ၏။
(၇) ခံစားမှုတည်းဟူသောဝေဒနာအကြောင်းခံကြောင့် လိုချင်မှုတဏှာ ဖြစ်ပေါ်လာ၏။
(၈) လိုချင်မှုတဏှာတည်းဟူသောအကြောင်းခံကြောင့် စွဲလမ်းမှုတည်းဟူသော ဥပါဒါန်ဖြစ်ပေါ်လာ၏။
(၉) ဥပါဒါန်တည်းဟူသော စွဲလမ်းမှုအကြောင်းခံကြောင့်ဘဝတည်းဟူသောတရားဖြစ်ပေါ်လာ၏။
(၁၀) ဘဝဟူသော အကြောင်းခံကြောင့် ဇာတိဟူသော ပဋိသန္ဓေနေမှု ဖြစ်ပေါ်လာ၏။
(၁၁) ဇာတိဟူသော အကြောင်းခံကြောင့် အိုမှု၊ သေမှု၊ ငိုကြွေးမှု၊ စိုးရိမ်မှု၊ ဆင်းရဲမှု၊ နှလုံးမသာယာမှု၊ ပြင်းစွာပင်ပန်းမှုတို့ ဖြစ်ပေါ်လာ၏။ ဤသို့ အလုံးစုံသော ဆင်းရဲအစုတို့ ဖြစ်ပွားပေါ်ပေါက်လာကုန်၏။

ပါဠိဘာသာစကားအားဖြင့်ဆိုသော်---"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ၊ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"

http://www.dhammadownload.com



ယောဂီပုဂ္ဂိုလ်တို့သည် အထက်ပါ ပါဠိကို နှုတ်တိုင် မရရှိသေးပါက ရအောင် အရကျက်စေလိုပါသည်။ သို့မှသာလျှင် ပဋိစ္စသမုပ္ပာဒ် လည်ပုံ ဖြတ်ပုံ၌ လျင်မြန်စွာ သဘောပေါက်မှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ သို့ရာတွင် ပါဠိကို အရကျက်ပြီးလျှင် ယင်းပါဠိ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာနားမလည်ဘဲ၊ သဘောမပေါက်ဘဲ ကုသိုလ်ရရန်ဖြစ်စေ၊ အန္တရာယ်ကင်းရန်ဖြစ်စေ-ရွတ်ဖတ် သရဇ္ဈာယ်နေပါက မြတ်စွာဘုရားသခင်၏ အလိုတော်လည်း ကျမည်မဟုတ်၊ သံသရာထွက်ရာစခန်းသို့လည်း တက်လှမ်းနိုင်မည်မဟုတ်၊ ကုသိုလ်မျှသာ ရရှိလိမ့်မည်။

တရားအလုပ်အားထုတ်သူယောဂီများအတွက် လိုရင်းမှတ်သားမှု ပြုကြရန်မှာ ပဋိစ္စသမုပ္ပာဒ်ဆိုတာသည် စာထဲမှာသာ ရှိတာမဟုတ်။ မိမိတို့ ခန္ဓာကြီးသည် ပဋိစ္စသမုပ္ပာဒ်ပင်ဖြစ်သည်။ မိမိတို့၏ ခန္ဓာကြီး တန်းသွားခြင်းပင်ဖြစ်သည်။ ဒုက္ခအစဉ်ကြီး တန်းသွားခြင်းပင်ဖြစ်သည်။ မိမိတို့ခန္ဓာ သေလိုက် ဖြစ်လိုက်ကို ပြနေခြင်းဖြစ်သည်။ မိမိတို့ခန္ဓာကြီး သေနေတာကိုလည်း သိရသည်။ သေပြီး ဓမ္မတစ်ခုထပ်ပြီးပေါ်တာကိုလည်း သိရသည်။ မိမိခန္ဓာကြီးလည်း ပဋိစ္စသမုပ္ပာဒ် သဘောတရားကြီး ဖြစ်သည်ဟူ၍ ပြသသောတရားဖြစ်သည်။ ခန္ဓာ ဘယ်တော့ဆုံးမှာလဲ ဆိုရင်

---

၁။ စာထဲမှာရှိတာကဒေသနာဖြစ်သည်။ တကယ်ရှိတာက ခန္ဓာကိုယ်ထဲမှာရှိသည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ဆုံးလျှင်ဆုံးမည်၊ ပဋိစ္စသမုပ္ပါဒ် သဘောတရားသည် ဓမ္မသဘောတွေ တစ်ခုပြီးတစ်ခုပေါ်နေသည်။ ပေါ်ပြီး ပျက်သွားပြန်သည်။ ပျက်ပြီးနောက် ဓမ္မတစ်ခုထပ်ပြီးပေါ်သည်။

ဤကဲ့သို့ ဓမ္မတစ်ခု ပေါ်လိုက် ပျက်လိုက် ဖြစ်နေခြင်းသည် ပဋိစ္စသမုပ္ပါဒ်အစဉ်တန်းသည်။ ပဋိစ္စသမုပ္ပါဒ်ဆက်သည် (ဝါ) သံသရာဆက်သည် လည်သည်ဟုခေါ်သည်။ ပဋိစ္စသမုပ္ပါဒ် အစဉ်မပြတ် ဖြစ်ပွားပေါ်ပေါက်နေခြင်းသည် ဓမ္မသဘောတွေသာဖြစ်သည်။

ခန္ဓာကြီးသေလိုက်၊ ဖြစ်လိုက် ဖြစ်နေခြင်းသည် ပဋိစ္စသမုပ္ပါဒ်ဆက်သည်ခေါ်သည်။ ပဋိစ္စသမုပ္ပါဒ်ပြတ်သည်ဆိုခြင်းသည် နိဗ္ဗာန်ကိုခေါ်သည်။ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ မပါ အကြောင်းတရား၊ အကျိုးတရားတွေ အစဉ်တန်းနေသည်ဟု ခန္ဓာကို ဉာဏ်လှည့်ပြီး ကြည့်ကြပါကုန်။

**ပဋိစ္စသမုပ္ပါဒ် သဘောတရားသည်**

(၁) သံသရာအစကိုလည်းကောင်း၊ သမုတိသစ္စာအလိုအားဖြင့် လူဟူ၍လည်းကောင်း၊ ပုဂ္ဂိုလ် သတ္တဝါဟူ၍လည်းကောင်း သမုတ်ကြသူတို့၏အစသည် အဝိဇ္ဇာနှင့်တဏှာဟုပေါ်လွင်ထင်ရှားစွာပြသခြင်း။

(၂) ထိုကဲ့သို့ သမုတိသစ္စာ အနေအားဖြင့် လူပုဂ္ဂိုလ် သတ္တဝါဟူ၍ ခေါ်ဝေါ်သမုတ်ကြသော ခန္ဓာအစဉ်တန်းခြင်းကို ပြသထင်ရှားစေခြင်း။

http://www.dhammadownload.com



(၃) ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ ယောက်ျား၊ မိန်းမ၊ ငါ၊ သူတစ်ပါးဟူ၍မရှိ။ ဤအကြောင်းတရား ဖြစ်ခဲ့သော်- ဤ အကျိုး တရားဖြစ်ပေါ်၏။ ဤအကြောင်းတရား ချုပ်ခဲ့ သော်- ဤအကျိုးတရားချုပ်ခြင်း စသည်ဖြင့် ပေါ်လွင်ထင်ရှားစေခြင်းကို ပြသခြင်း။

(၄) သင်္ခါရနှင့် ဝိညာဏ်အစပ်၊ ဝေဒနာနှင့် တဏှာ အစပ်၊ ကမ္မဘဝနှင့် ဇာတိအစပ်ကို အမျှင်မပြတ် တရစပ် ဆက်စပ်နေခြင်းကို ပြခြင်း။

(၅) ဇာတိဟုဆိုအပ်သော ပဋိသန္ဓေနေခြင်း။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ တစ်ဖန်၊ ပဋိသန္ဓေနေခြင်း။ (ဝါ) ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက် စသည်ဖြင့် အသီးမှအပင်၊ အပင်မှ အသီး ဖြစ်ပေါ်သကဲ့သို့ မီးခိုးမဆုံး မိုးမဆုံး ဖြစ်သည်ကို ပြသပေါ်လွင်စေခြင်း။

(၆) ဒုက္ခအစုတွေ တစ်ခုပြီးတစ်ခု အစဉ်တန်းနေခြင်း သာဖြစ်ကြောင်းကိုပြသခြင်း။

(၇) လောင်စာနှင့်မီးသာ ထပ်ကာ တလဲလဲ လောင်စာ ထည့်လိုက် မီးလောင်လိုက်ဟူ၍ ဆက်ကာဆက် ကာ ဖြစ်ပွားနေခြင်းကိုပြခြင်း။

(၈) သမုဒယသစ္စာနှင့်ဒုက္ခသစ္စာ၊ ဤသစ္စာနှစ်ပါးသာ လှည့်နေခြင်းကိုပြခြင်း။

http://www.dhammadownload.com



(၉) ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တည်း ဟူသော ဝဋ်သုံးပါးသာလျှင် မရပ်မနား ရဟတ်ချားပမာ လှည့်လည်နေခြင်းကို ပြခြင်း။

(၁၀) လွန်လေပြီးသော အတိတ်ဘဝ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၊ နောင်လာလတ္တံ့သော အနာဂတ်ဘဝ ဟူ၍ ဘဝသုံးပါး လှည့်လည်နေခြင်းကို ပြသခြင်းတို့ဖြစ်ပါသည်။

http://www.dhammadownload.com

# အပိုင်း (၂)
## စက်ဝိုင်းပုံသဏ္ဍာန်ကို ကြည့်ကြပါကုန်

(က) အလယ်တည့်တည့်မှာရှိသော အဝိဇ္ဇာနှင့် တဏှာသည် မူလနှစ်ဖြာ။

(ခ) သစ္စာနှစ်ပါးဆိုသည်မှာ -
(၁) သမုဒယသစ္စာ၊ (၂) ဒုက္ခသစ္စာ။

(ဂ) အလွှာလေးခုဆိုသည်မှာ -
အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ သို့မဟုတ် အနာဂတ် အကြောင်းတစ်လွှာ၊ အနာဂတ် အကျိုးတစ်လွှာ။

(ဃ) ခြင်းရာနှစ်ဆယ်ဆိုသည်မှာ-(၁) အတိတ် အခြင်းအရာ ငါးပါး၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ (၂) ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ (၃) အနာဂတ် အကြောင်း အခြင်းအရာငါးပါး၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။ (၄) အနာဂတ်အကျိုး အခြင်း အရာ ငါးပါး၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

(င) အင်္ဂါ တစ်ဆယ့်နှစ်ပါးဆိုသည်မှာ - အဝိဇ္ဇာ၊ သင်္ခါရ၊

http://www.dhammadownload.com



ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ။

(စ) ကာလသုံးပါး ဆိုသည်မှာ - အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ။

(ဆ) ဝဋ်သုံးပါး ဆိုသည်မှာ - ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

(ဇ) အစပ်သုံးပါးဆိုသည်မှာ - အတိတ်နှင့် ပစ္စုပ္ပန် တစ်စပ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တစ်စပ်၊ အနာဂတ်ဖြစ်ကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

မြတ်စွာဘုရားသခင်က ခန္ဓာကိုကြည့်ပြီး ဟောတော်မူသောတရားဖြစ်သည်။ ခန္ဓာကိုကြည့်ပြီး ပဋိစ္စသမုပ္ပာဒ်ဒေသနာ တော်ဟူ၍ အမည်ပေးတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရား၏ တပည့်သားသာဝက ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည်လည်း ဤစက်ဝိုင်းဒေသနာတော်ကို ခန္ဓာကိုကြည့်ပြီး ပုံစံကိုရေးသားတော်မူခြင်းဖြစ်ရာ မိမိခန္ဓာအရှိကို ဉာဏ်အသိနှင့် ဟပ်မှသာလျှင် ဤပဋိစ္စသမုပ္ပာဒ်သဘောတရားဆိုသည်မှာ မိမိခန္ဓာပင်တည်း။ ခန္ဓာဆိုသည်မှာလည်း ဒုက္ခပင်တည်း။ ဒုက္ခဆိုသည်မှာလည်း ဒုက္ခသစ္စာပင်တည်း ဟူ၍ တကယ် ခန္ဓာမှာ ရှိသည်ကို ယထာဘူတဉာဏ်ဖြင့် တကယ်ပိုင်ပိုင်ကြီး သိနိုင်ပြီ။

ဤသို့ ပိုင်ပိုင်နိုင်နိုင်သိမှသာလျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေက ပြသည်ကို ဉာဏ်ကမြင်အောင်၊

http://www.dhammadownload.com



ခန္ဓာက ပြောသည်ကို ဉာဏ်နားက ကြားအောင် ခန္ဓာနှင့်သာ ဟပ်၍ ကြိုးစားအားထုတ်တော်မူကြစေလိုပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး စီကုံးရေး သားထားခဲ့သော လင်္ကာသံပေါက်ကလေးကိုလည်း နှုတ်တက် ရအောင် ကျက်မှတ်သင့်ကြပေသည်။

**လင်္ကာဆောင်ပုဒ်။** ။ အဝိဇ္ဇာနှင့် တဏှာ အရင်းခံ၊ ဥပါဒါန်
ကံကြောင့် နာမ်ရုပ်ပေါ်၊ အပင်မှမျိုး မျိုးမှအပင်၊
အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊
နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊
ဗြဟ္မာသိကြား စသည်များက ထင်ရှားပြုပြင်၊
စီရင်ဖန်ဆင်း အကြောင်း ရင်းကြောင့်၊ လူနတ်များစွာ
သတ္တဝါတို့ ဖြစ်လာရမူ မဟုတ်ဟု ဉာဏ်ဖြင့် ရှု၍မျှော်။
မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါတစ်ဆယ့်
နှစ်ပါး တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊
ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်
သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်။
သံသရာမှ လွတ်ကြောင်းတည်း။

ဤလင်္ကာကလေးကို အလွတ်ရအောင် ကျက်ထားကြစေလိုပါသည်။ သို့မှသာလျှင် ပဋိစ္စသမုပ္ပါဒ်လည်လမ်း၊ ဖြတ်လမ်းကို လျင်မြန်စွာ သဘောပေါက် နားလည်နိုင်ကြပါလိမ့်မည်။

ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အား အရှင်ဘုရား ပဋိစ္စသမုပ္ပါဒ်သည် နက်နဲသည်ဟုဆိုသော်လည်း တပည့်တော် ဉာဏ်၌တိမ်သည်ဟူ၍ ထင်ပါသည်ဘုရားဟု လျှောက်ထားရာ

http://www.dhammadownload.com



အာနန္ဒာ-သင်သည် တိမ်သည် ထင်သည် ဟုမပြောဆိုသင့်၊ ဤသို့ မဆိုသင့်ဟု (၃) ကြိမ် တားမြစ်တော်မူသည်။

အကယ်၍သင်သည် တိမ်သည်ထင်လျှင် အဘယ့်ကြောင့် သောတာပန်ကို မိမိအလိုလို မဖြစ်သနည်း။ ငါဘုရားပေးသည့် နည်း၌တည်၍သာ သောတာပတ္တိမဂ်ကိုသိသည်မဟုတ်တုံလော။

အာနန္ဒာ--ဤနိဗ္ဗာန်သည်သာ နက်နဲသည် ဖြစ်သလော ပဋိစ္စသမုပ္ပါဒ်သည် တိမ်သည်ထင်ခဲ့သော သင်သည် အဘယ် ကြောင့် ရုန့်ရင်းသော ကာမရာဂ သံယောဇဉ်ကို လည်းကောင်း၊ ပဋိဃသံယောဇဉ်ကိုလည်းကောင်း၊ ရုန့်ရင်းသော ကာမရာဂါ နုသယကိုလည်းကောင်း၊ ပဋိဃာနုသယကိုလည်းကောင်း၊ ဤ လေးပါးသော ကိလေသာတို့ကို အဘယ့်ကြောင့် ပယ်ခွာ၍ သကဒါဂါမိဖိုလ်ကို မျက်မှောက်မပြုဘိသနည်း၊ သိမ်မွေ့သည့် အဖြစ်သို့ရောက်သော ကိလေသာတို့ကို ပယ်ခွာ၍ အနာဂါမ် အဘယ့်ကြောင့် မဖြစ်သနည်း။

သိမ်မွေ့သော ဤသံယောဇဉ် လေးပါးနှင့် ရူပရာဂ သံယောဇဉ်အစရှိသော ၅ပါးသော သံယောဇဉ်တို့ကိုလည်း ကောင်း၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ ဤသို့ ၈-ပါးကုန်သော ကိလေသာတို့ကို လည်းကောင်း ပယ်ခွာ၍ အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်မပြုဘိသနည်း။

အဘယ့်ကြောင့်လျှင် တစ်သချေ်နှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီရှိသော သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကဲ့သို့ သာဝကပါရမီဉာဏ်ကို ထိုးထွင်း၍မသိ သနည်း။

http://www.dhammadownload.com



နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီရှိသော ပစ္စေကဗောဓိဉာဏ်ကို အဘယ့်ကြောင့်ထိုးထွင်း၍မသိသနည်း။

ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားသည် သင့်အား တိမ်သည် ထင်သည်ဟုဆိုလျှင် လေးသင်္ချေ ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေ ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ကျင့်ဆည်းပူးအပ်သော သဗ္ဗညုတဉာဏ်တော်ကို အဘယ်ကြောင့် မျက်မှောက်မပြုဘိသနည်း။

အလွန်လျှစ် ချွတ်ယွင်းသော သင့်ပြောဆိုချက်ကို သင်ရှုပါလော့-သင်သည် ပဒေသဉာဏ်ကလေး၌ တည်၍သာ အလွန်နက်နဲသော ဤပဋိစ္စသမုပ္ပါဒ်တရားကို ငါ့အားတိမ်၏ဟုဆိုသည်။

ရဟန်းတို့ မည်သည်ကား=ဘုရားရှင်နှင့် ဆန့်ကျင်သော စကားကို မဆိုအပ်။

ငါသည် ဤပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်း၍ သိစေခြင်းအကျိုးငှာ-ငါအားထုတ်ခဲ့သည်မှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်ခဲ့ပြီ၊ ဤတရားကို ထိုးထွင်း၍သိရန် ငါသည် မပေးလှူခဲ့ဖူးသော ဒါနဟူ၍မရှိ။ မဖြည့်အပ်ဖူးသော ပါရမီဟူ၍မရှိ။

မာရ်စစ်သည်ကိုအောင်မြင်သောအခါ ထိုသို့ပင်အားထုတ်သော ငါ့အား အားထုတ်ခြင်းမရှိသကဲ့သို့၊ ဤမဟာပထဝီမြေကြီးသည် လက်နှစ်သစ်မျှလည်း မလှုပ်ခဲ့ချေ။

ပထမပုရိမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကို အောင်မြင်တော်မူသောအခါ၌လည်း လက်နှစ်သစ်မျှ မလှုပ်ခဲ့။

http://www.dhammadownload.com



မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်တော်ကို အောင်မြင်တော်မူသော အခါ၌လည်း လက်နှစ်သစ်မျှ မလှုပ်ခဲ့ချေ။

စင်စစ်ကား ပစ္ဆိမယာမ်---မိုးသောက်ယာမ်၌ အဝိဇ္ဇာ တည်းဟူသောအကြောင်းခံကြောင့် သင်္ခါရ ဖြစ်ပေါ်၏။ သင်္ခါရ တည်းဟူသော အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်ပေါ်၏ စသော တရားများကို မြင်ကာမျှဖြစ်သောကာလ၌ ဤတစ်သောင်းသော လောကဓာတ်သည် သံချောင်းဖြင့် ကြေးခွက်ကို ခေါက်အပ် သကဲ့သို့ မြည်သံအရာ မြည်သံအထောင်တို့ကို လွှတ်၍ ပဒုမ္မာ ကြာရွက်ပေါ်၌ ရေပေါက်ကဲ့သို့ လှုပ်၏။

ထို့ကြောင့် အာနန္ဒာ---ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို တိမ်သည်ဟူ၍ မပြောလေဘိနှင့်။

သတ္တဝါအပေါင်းတို့သည် ဤပဋိစ္စသမုပ္ပါဒ်သဘောတရားကို လျော်စွာမသိနိုင်သောကြောင့် ထိုးထွင်း၍ မသိနိုင်သောကြောင့် ရက်ကန်းချည်ထွေးကဲ့သို့ လည်းကောင်း၊ စာပေါင်းသိုက်ကဲ့သို့ လည်းကောင်း၊ ဖြူဆံမြက်၊ ပြိန်းမြက် ကဲ့သို့လည်းကောင်း၊ ချမ်းသာ၊ ကင်းရာဖြစ်သော မကောင်းသဖြင့် လားရာပျက်စီး ကျရောက်ရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်ဟု ဟော တော်မူ၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောတရားကို ဂရုတစိုက် အချိန်ယူကာ စိတ်အေးလက်အေးရှိ၍ စိတ်ငြိမ်ရာအခါ၌ မိမိ တို့၏စိတ်ကို ကြည်လင်စွာထားပြီးသကာလ ဖတ်ရှုလေ့လာ ကြပါကုန်။

http://www.dhammadownload.com



ဤသို့ဖတ်ရှုပါက ပစ္စက္ခကာလတွင်ပင် ထူးသောအကျိုး တရားများသည် အောက်ပါအတိုင်းပြည့်စုံမည် ဖြစ်ပါသည်။

(၁) (က) ပဋိစ္စသမုပ္ပါဒ်သဘောတရားကိုသိရှိပါက အဖြစ်ကိုလည်း မြင်သည်။ အပျက်ကိုလည်း မြင်သည်။ အဖြစ်အပျက် နှစ်ပါးစလုံးမြင်သောကြောင့် အဖြစ်မြင်သည်ဆိုသောကြောင့် ဓမ္မသဘော တစ်ခုဖြစ်လိုက်၊ နောက်ချုပ်လိုက်ဆိုသည်ကို သဘောကျအောင်သိမြင်သောကြောင့် ချုပ်ပြီးနောက်ဘာမှ မရှိတော့ဘူး။

(ခ) မဖြစ်တော့ဘူးဆိုတော့ ဥစ္ဆေဒဒိဋ္ဌိကို အသိနှင့် စင်ကြယ်စေသည်။ ဓမ္မသဘောတစ်ခုသည် ဖြစ်ပေါ်ပြီး ပျက်စီးသွားသည်။ နောက်ထပ် ဓမ္မသဘော တစ်ခုဖြစ်ပေါ်လာသည်။ ဓမ္မသဘောတွေ တစ်ခုပြီး တစ်ခု အစဉ်အတိုင်း ဖြစ်ပေါ် နေသောကြောင့် ခိုင်သည်ဟူ၍ လည်းကောင်း၊ မြဲသည်ဟူ၍လည်းကောင်း၊ မယူတော့ဘဲမခိုင်ဘူး၊ မမြဲဘူးဟုယူသောကြောင့် သဿတဒိဋ္ဌိကိုအသိနှင့် စင်ကြယ်စေသည်။

(ဂ) ဓမ္မသဘောတွေသည် အကြောင်းကြောင့် ဖြစ်ပေါ်သော အကျိုးတရားများသာဖြစ်သည်ဟု သိမြင်ပြီး ဓမ္မသဘောတွေသာ ဖြစ်ပေါ်ပြီး ချုပ်ပျောက်ခြင်း ဖြစ်လေသည်။ ထိုသို့သော အကြောင်းတရား အကျိုး တရားတို့၌ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊

http://www.dhammadownload.com



သတ္တဝါဟူ၍ လည်းကောင်း၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ဟူ၍လည်းကောင်း မဟုတ်ပါတကားဟု အသိနှင့် ရှင်းသဖြင့်သဿတဒိဋ္ဌိကို အသိနှင့်စင်ကြယ်စေသည်။

(၂) အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်သည် ဟု အမြင်သန့်ရှင်းသဖြင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်နိုင် သည်။

(၃) အဝိဇ္ဇာ သင်္ခါရ တည်းဟူသော အကြောင်းခံကြောင့် နာမ်ရုပ် (ဝါ) ခန္ဓာငါးပါးဖြစ်ပွားပေါ်ပေါက်၏ဟု သိသဖြင့် သိကြား ဗြဟ္မာ ဖန်ဆင်းတာမဟုတ် ဟူ၍ သိသဖြင့် ဣဿရနိမ္မာန ဒိဋ္ဌိ[၁]၊ အကိရိယ ဒိဋ္ဌိ[၂] အဟေတုကဒိဋ္ဌိ[၃] များစင်သည်။

(၄) ပဋိစ္စသမုပ္ပါဒ် တရားသဘောသည် အကြောင်းနှင့် အကျိုးတွေသာ ဖြစ်လိုက်၊ ပျက်လိုက်၊ မပြတ်မစဲ တသဲသဲ တရစပ် ဖြစ်ပျက်နေသောကြောင့် ဒုက္ခတရား အစစ်ပင်တည်း၊ ဒုက္ခကြီးသာတည်း။ ဒုက္ခမှ တစ်ပါး သုခဟူ၍ လုံးဝမရှိ၊ သုခဟူ၍ မြူမှုန်လောက်မျှ မဖက်ဟူ၍ ဉာဏ်သက်ဝင်သည်။

---

၁။ တန်ခိုးကြွယ်ရှင် တစ်ဦးဦးက ဖန်ဆင်းသည်ဟု ယူဆမှုသည် ဣဿရ နိမ္မာနဒိဋ္ဌိ။

၂။ အကျိုးတရားတစ်စုံတစ်ရာမရှိဟု ယူဆမှုသည်အကိရိယဒိဋ္ဌိ။

၃။ အကြောင်းတရားမရှိဟု ယူဆမှုသည် အဟေတုကဒိဋ္ဌိ။

http://www.dhammadownload.com



အထက်ပါလေးချက်ကို တဒင်္ဂပ္ပဟာန်ဖြင့် သိသွားပါက တစ်ဘဝအပါယ်မလားတော့ချေ။

ထို့ပြင် ဝိပဿနာယောဂီအလုပ်သမားများအဖို့ဆိုပါလျှင် ပဋိစ္စသမုပ္ပါဒ် နားလည်ပြီးမှ တရားအားထုတ်ပါက မိမိတို့ သဒ္ဓါ၊ ပညာ၊ ဝီရိယအလိုက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ယုံယုံကြည်ကြည်နှင့် ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို မိမိတို့ သဘောထဲ၌ မိမိရရဖြစ်သည်အထိ လေ့လာကြိုးစားဖတ်ရှု နိုင်ကြပါစေကုန် သတည်း။

---☸---

# အပိုင်း (၃)
## ခန္ဓာပဋိစ္စသမုပ္ပါဒ်

ဝိပဿနာယောဂီ အလုပ်သမားများအဖို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ အလုပ်သမားအဖို့ ဖြတ်လမ်းဟူ၍ပင် ခေါ်နိုင်လောက်သော တရားတော်ဖြစ်ပါသည်။ ယင်းခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အောက်၌ ဖော်ပြပါအံ့။

(၁) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါ မနဿ၊ ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(၂) သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ (ပ) သမုဒယော ဟောတိ။

(၃) ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ - (ပ) သမုဒယော ဟောတိ။

(၄) ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ - (ပ) သမုဒယော ဟောတိ။

http://www.dhammadownload.com



(၅) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ (ပ) သမုဒယော ဟောတိ။

(၆) မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ - (ပ) သမုဒယော ဟောတိ။

စက္ခုံစ-ဆိုသည်မှာ မျက်စိအကြည်၊ ရူပေစ-ဆိုသည်မှာ အဆင်းကိုဆိုသည်။ အဓိပ္ပာယ်အကျယ်မှာ မျက်စိ အကြည်နှင့် အဆင်းရူပါရုံနှစ်ခုတို့ တိုက်ဆိုင်သည့်အခါ၌ စက္ခုဝိညာဏ်ဆိုသည့် မြင်စိတ်ပေါ်သည်။

မြင်မှုပေါ်သည်ဆိုသည်မှာ မြင်တယ်ဟု အရပ်စကားဖြင့် ပြောကြသည်။ ငါမြင်-သူမြင်မဟုတ်။ မျက်စိအကြည်နှင့် အဆင်းရူပါရုံတိုက်ဆိုင်မှုကြောင့် စက္ခုဝိညာဏ်ဆိုသော မြင်စိတ်ပေါ်ခြင်းဖြစ်သည်။ မြင်စိတ်ထဲ၌လည်း ပုဂ္ဂိုလ်၊ သတ္တဝါမပါ၊ ငါမပါ၊ သူမပါ၊ သူမြင်တာမဟုတ်၊ ငါမြင်တာမဟုတ်၊ စက္ခုဆိုတဲ့ မျက်လုံးထဲ၌လည်း ငါမပါ၊ သူမပါ၊ ပုဂ္ဂိုလ်သတ္တဝါမပါ။ မြင်စိတ်ထဲ၌လည်း ငါမပါ၊ သူမပါ၊ ပုဂ္ဂိုလ်သတ္တဝါမပါ၊ မြင်စိတ်သည် မြင်စိတ်မျှသာ ဖြစ်သည်။ မြင်စိတ်နှင့်ငါ သွား၍ မရောစေနှင့်။

ထိုမျက်စိအကြည် အဆင်းရူပါရုံ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်စိတ်သုံးခု တွေ့ဆုံခြင်းကြောင့် ဖဿဆိုတဲ့ တရား ဖြစ်ပေါ်သည်။ ထိုဖဿတည်းဟူသော အကြောင်းခံကြောင့် ဝေဒနာ ဖြစ်ပေါ်သည်။ ဝေဒနာ၌လည်း ငါမပါချေ။ အကြောင်းခံကြောင့် အကျိုးဖြစ်ပေါ်သည်။

http://www.dhammadownload.com



ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်ပေါ်သည်။ ထိုတဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဆိုသော ပြင်းထန်စွာ စွဲလမ်းမှုတရားဖြစ်ပေါ်သည်။ ထိုပြင်းထန်စွာ စွဲလမ်းမှုဥပါဒါန်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကမ္မဘဝကိုပြုလုပ်သည်။

ထိုကမ္မဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေ ဟုဆိုသော ဇာတိဖြစ်ပေါ်သည်။ ဇာတိဟူသည် အပါယ်ဇာတိအဖြစ်များကြသည်။ ဇာတိတည်းဟူသော အကြောင်းခံကြောင့် ဇရာ၊ မရဏ၊ အိုမှု၊ နာမှု၊ သေမှု၊ စိုးရိမ်မှု၊ မြည်တမ်းမှု၊ ဆင်းရဲမှု၊ စိတ်နှလုံး မသာယာမှု၊ ပြင်းစွာပင်ပန်းမှု၊ ဥပါယာသတို့ဖြစ်သည်။ ဤသို့ အလုံးစုံလည်းဖြစ်သော ဆင်းရဲအစုတို့ဖြစ်ပွားပေါ်ပေါက်ကြကုန်၏။

သောတဥ္စပဋိစ္စ - ဆိုသည်မှာလည်း အထက်ပါအတိုင်း သောတအကြည်၊ သဒ္ဒါရုံ၊ သောတဝိညာဏ်တို့ ဖြစ်ပေါ် ရာ၌လည်း ထို့အတူနားလည်ကြပါကုန်။ ဃာနဥ္စပဋိစ္စ၊ ဇိဝှဥ္စ ပဋိစ္စ၊ ကာယဥ္စ ပဋိစ္စ၊ မနဥ္စ ပဋိစ္စ၊ ဓမ္မေစ မနောဝိညာဏံ ဟူ၍ ဟောကြားချက်တို့၌လည်း အသီးသီးဆိုင်ရာ အကြည်ဓာတ် အာရုံဝိညာဏ်တို့ ဖြစ်ပေါ်မှုကိုလည်း နည်းမှီ၍ နားလည်ကြပါကုန်။

အထက်ဖော်ပြပါတရားသည် ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ဟူ၍ ဆရာတော်ဘုရားကြီးက ဟောကြားပြသ ဆုံးမတော်မူသော တရားတော်အတိုင်း ဖြစ်သည်။

http://www.dhammadownload.com



ယောဂီအပေါင်းတို့ ပိုမိုရှင်းလင်းနားလည်ရန် ချဲ့၍ပြပါဦးအံ့။ မြန်မာစကားပြေ ရိုးရိုးနှင့် မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။

ဥပမာ ။ ဈေးထဲ၌ ပစ္စည်းတစ်ခုကို မြင်တယ်၊ မြင်တယ်ဆိုလျှင် မြင်မှုသည် ပဋိစ္စသမုပ္ပာဒ်စခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြင်လျှင် လိုချင်တာ လာမည်၊ လိုချင်တာကတဏှာ ထို့ပြင် သိပ်လိုချင်တာပဲ ဆိုတာ လာလိမ့်ဦးမည်။ မရမကလိုချင်တာပဲဆိုတာက ဥပါဒါန်၊ မရ ရအောင်ဝယ်တော့မည်ဟုကာယကံ၊ ဝစီကံနဲ့ အားထုတ်မှုက ကမ္မဘဝဖြစ်သည်။

စက်ဝိုင်းကိုကြည့်ကြပါကုန်။ ကမ္မဘဝပစ္စယာ ဇာတိဟုတွေ့ရပါလိမ့်မည်။ ပါဠိကိုဆက်ပြီး ရွတ်ကြည့်ပါ။ "ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ" ဆိုသောကြောင့် ပဋိစ္စသမုပ္ပာဒ် အစဉ်တွေတန်းသွားခြင်းဖြစ်သည်၊ တန်းသည်မှာလည်း အဆုံးအထိ တန်းသွားခြင်းဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် တန်းခြင်းသည် တခြားမဟုတ်။ မိမိတို့ခန္ဓာအစဉ် တန်းသွားခြင်းသာ ဖြစ်သည်။

နံနက်အိပ်ရာက ထပြီးနောက် ဤကဲ့သို့အစဉ်ကြီး တစ်နေ့အကြိမ်ပေါင်း မည်ရွေ့ မည်မျှ တန်းသည်ကိုပြန်လည်စဉ်းစားဝေဖန်ကြည့်ကြပါကုန်။

ပဋိစ္စသမုပ္ပာဒ်ဆိုသည် အခြားမဟုတ်၊ မိမိတို့ခန္ဓာဖြစ်စဉ်ကြီးပါကလားဟု ခန္ဓာဉာဏ်လှည့်ကြပါကုန်။ ဖြစ်စဉ်ကိုက်၊ မကိုက် ဝေဖန်ကြည့်ကြပါကုန်။ စဉ်းစားကြည့်ကြပါကုန်။

http://www.dhammadownload.com



ရပ်တန်းကသာ ရပ်သင့်သည်ဟု ထင်လျှင်ရပ်ကြပါ။ မရပ်လျှင် သံသရာဆက်မည်။ ရပ်လျှင် သံသရာပြတ်မည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်မည်။ သတိပြုကြပါကုန်။

ဤသို့အဆင်းနှင့် မျက်စိအကြည်ဓာတ် တိုက်ဆိုင်တိုင်း, တိုက်ဆိုင်တိုင်းမြင်စိတ်ပေါ်လာမည်။ ထိုဖြစ်ပေါ်လာသော မြင်စိတ်က လေးကိုရှိမရှိ အကဲခတ်ကြည့်ပါ။ ထိုမြင်စိတ်ကလေးသည် မြင် ပြီးပျက်သွားသည်ဟု နောက်က အကဲခတ်သောစိတ်နှင့် ကြည့် လိုက်သောအခါ မရှိတော့ဘူး၊ မရှိတော့ဘူးဟု သိပါလိမ့်မည်။

ဤသို့မြင်တိုင်း,မြင်တိုင်း၊ ကြားတိုင်း,ကြားတိုင်း၊နံတိုင်း နံတိုင်း၊ လျက်တိုင်း, လျက်တိုင်း၊ စားတိုင်း,စားတိုင်း၊ ကိုယ်နှင့် တွေ့ထိတိုင်း,တွေ့ထိတိုင်း၊ စိတ်ကကြံစည်တွေးတောတိုင်း တွေးတောတိုင်း ဖြစ်ပေါ်ပြီး ပျက်ပျက်သွားတဲ့ တရားတွေပဲ ဟု ဉာဏ်မျက်စိဖြင့် မြင်အောင်ရှုကြပါကုန်။

ဤသို့မြင်စိတ်ကလေးကို ဖြစ်-ပျက်မရှုလိုက်မိသော် ပဋိစ္စ သမုပ္ပါဒ်သည်ထိုတွင်မရပ်မူ၍မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်း တယ်, အားထုတ်တယ်ဟူ၍ အစဉ်တန်းပြီး သွားတော့မည် ဖြစ်သည်။

မြင်တယ်ဆိုတဲ့ မြင်စိတ်ကလေးကို ဖြစ်ပျက် မရှုလိုက် မိခဲ့သော် "လိုချင်တယ်" ဆိုတာ နောက်ကလာပါမည်။ ထိုလို ချင်တဲ့စိတ်ကလေးကို ပြန်ပြီး ဖြစ်ပျက် ရှုနိုင်သေးသည်။ ရှုဖြစ်အောင်ရှုပါ။

http://www.dhammadownload.com



အကယ်၍ လိုချင်တယ်ဆိုတဲ့ စိတ်ကလေးကို ဖြစ်ပျက်မရှုမိဘူးဟု ဆိုပြန်လျှင် စွဲလမ်းတယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်း လာလိမ့်မည်။ ယင်းစွဲလမ်းတယ် ဆိုတာကိုပင် ဖြစ်ပျက် ရှုနိုင်သေးသည်။ ရှုဖြစ်အောင် ရှုပါ။

စွဲလမ်းတယ်ဆိုတဲ့ဥပါဒါန်ကိုမရှုမိပါက ကမ္မဘဝဆိုတာ လာပါလိမ့်မည်။ ထိုကဲ့သို့ ကမ္မဘဝရောက်ခဲ့သော် ဇာတိ ဇရာ မရဏ ပဋိစ္စသမုပ္ပါဒ် ဆက်တော့မည်ပင် ဖြစ်ပါသည်။

"သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော(ပ)သောတိ"ဟူသော ပါဠိတော် အရ အထက်ပါအတိုင်း သောတဝိညာဏ်ဆိုတဲ့ ကြားစိတ်နှင့် ပဋိစ္စသမုပ္ပါဒ်ဆက်ပုံ သရုပ်ပြ ဖော်ပြပါဦးအံ့။

မိမိတို့သားငယ် ကျောင်းမှ ပြန်လာသောအခါ အသံကိုကြားရ၏။ ကြားရလျှင် ကြားချင်း မိမိသားကလေးကို တွေ့ချင်တယ်၊ မြင်ချင်တယ် ဆိုပြီး ပွေ့လား၊ ပိုက်လား၊ နမ်း လား၊ ရှုပ်လားပြုလုပ်သည်။ မိမိတို့ သားသမီးမို့ ချစ်လို့ပြုလုပ်တာ ဘာအပြစ်ရှိလို့လဲဟု ဆင်ခြေပေးကြသည်။ (လောက အပြစ်ရှိသည် မရှိသည်တော့ မပြောတတ်၊ မပြောနိုင်ပါ။ ပဋိစ္စသမုပ္ပါဒ်ကတော့ ဆက်သွားပါသည်။)

ရှင်းပါဦးအံ့။ မိမိ သားကလေး ပြန်လာလို့ အသံကလေးကိုကြားလိုက်သည်။ ကြားလိုက်သောခါ တွေ့ချင်သည်ဆိုတဲ့ တဏှာဖြစ်သည်။ မတွေ့မနေနိုင် သိပ်တွေ့ချင်တယ်ဆိုတဲ့ ဥပါဒါန်ဖြစ်သည်။ မတွေ့ရတာကြာလို့ ပွေ့လိုက်ပိုက်

http://www.dhammadownload.com



လိုက်၊ နမ်းလိုက်၊ ရှုပ်လိုက် ပြုလုပ်သည်။

ယင်းပြုလုပ်သည်မှာ ကမ္မဘဝ၊ ကမ္မဘဝဆိုသဖြင့် ပါဠိကို ရှုတ်ကြည့်ပါ။ "ကမ္မဘဝပစ္စယာ ဇာတိ" ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကိုကြည့်ပါ။ (၂) ကွက်က (၃)ကွက်သို့ ကူးသွားပြီး ပဋိစ္စသမုပ္ပါဒ်အစဉ် တန်းသွားပြီ၊ ဆက်သွားပြီ။

ကမ္မဘဝဖြစ်လျှင် ဘဝဂါမိကံ=ဘဝကိုဖြစ်စေသောကံဟု ဆိုသည်။ ကမ္မဘဝဖြစ်သော် ဘုရားရှင်တို့သော်မှလည်း ပယ်ရှားတွန်းလှန်ခြင်းငှာ မစွမ်းနိုင်ကြကုန်ဟု အဋ္ဌကထာဆရာတို့ ပြကြကုန်သည်။ ကမ္မဗလံ=ကံ၏ အစွမ်းကို၊ သဗ္ဗညုဗုဒ္ဓါပိ= ဘုရားရှင်တို့သော်မှလည်း၊ ပဋိဗာဟိတုံ=ပယ်ရှား၊ တွန်းလှန်ခြင်းငှာ၊ နသက္ကောန္တိ=မစွမ်းနိုင်ကြကုန်။

ထို့ကြောင့် နံနက် မိုးလင်းကစ,၍ အိပ်ရာဝင် အိပ်ပျော်သည်အထိ မျက်စိကမြင်လျှင် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် ဟူ၍ဖြစ်ပေါ်၏။ ထိုသို့ဖြစ်ပေါ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပေါ်သည် (ဝါ) ပဋိစ္စသမုပ္ပါဒ်စက် လည်သည်။

နားကကြားလျှင် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ နှာခေါင်းကနံလျှင် လိုချင်တယ် စွဲလမ်းတယ်၊ အားထုတ်တယ်၊ လျှာကလျက်လျှင် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ ကိုယ်ပေါ်ကတွေ့ထိလျှင် လိုချင်တယ်။ စွဲလမ်းတယ်၊ အားထုတ်တယ်၊ မနောက ကြံစည်တွေးတော စိတ်ကူးလျှင် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်--ဟူ၍ သာလျှင် ဒွါရခြောက်ပါးက တစ်လှည့်စီ တစ်လှည့်စီ လှည့်ပြီး ကိလေ

http://www.dhammadownload.com



သဝဋ်တွေဖြစ်လိုက်၊ တစ်ဖန် ကိလေသဝဋ်မှ ကမ္မဝဋ်တွေ ပေါက်ဖွားလိုက်၊ ကမ္မဝဋ်ထဲမှ ဝိပါကဝဋ်တွေ ပေါက်ဖွားလိုက်ဟူ၍ ဝဋ်သုံးပါး (ဝါ) ပဋိစ္စသမုပ္ပါဒ်လှည့်ခြင်း၊ ဝဋ်သုံးပါးလှည့်နေခြင်းဖြစ်သည်။

ပုံစံကြည့်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ်၊ သင်္ခါရနှင့် ကမ္မဘဝသည်ကမ္မဝဋ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏသည် ဝိပါကဝဋ်ရှစ်ပါး ဖြစ်သည်။

ဃာနဋ္ဌ၊ ဇိဝှဋ္ဌ၊ ကာယဋ္ဌ၊ မနဋ္ဌ၊ တို့ကိုလည်းအလားတူ နည်းမှီ၍ ယူကြပါကုန်။

---⊙---

http://www.dhammadownload.com

# အပိုင်း (၄)

## ဝေဒနာကနေ၍ ပဋိစ္စသမုပ္ပါဒ်ဆက်ပုံ

စက်ဝိုင်းကိုကြည့်ပါ။ (၂)ကွက်မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟု တွေ့ပါလိမ့်မည်။

အာရုံ၌ါရ တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်း၊ ကောင်း၊ မကောင်း ခံစားတဲ့ဝေဒနာ ဖြစ်ပေါ်ပါသည်။

ဥပမာ။ ။နှင်းဆီပင်ပေါ်မှာ အလွန်တရာလှပသော နှင်းဆီပန်းတစ်ပွင့်ကို မြင်လိုက်တယ် ဆိုကြပါစို့။ ထိုသို့မြင်လျှင် ကောင်း-မကောင်း ခံစားတဲ့ဝေဒနာ ဖြစ်ပေါ်ပါသည်။ အကယ်၍ လိုချင်တယ်ဆိုရင် ဝေဒနာကနေပြီး တဏှာကိုကူးသည်၊ ထိုသို့ကူးခြင်း ဆက်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်ဆက်ခြင်း ဖြစ်သည်။

တစ်ဖန်ထိုလိုချင်ရုံတွင်မရပ်မူ၍ သိပ်လိုချင်တာပဲ မရမနေနိုင်အောင် ဖြစ်သည်ဆိုရင် စွဲလမ်းတယ် နောက်ကလာသည် စွဲလမ်းခြင်းသည်လည်း ပဋိစ္စသမုပ္ပါဒ် ဆက်ခြင်းပင်တည်း။

ထိုစွဲလမ်းရုံတွင်မရပ်မူ၍မရ,ရအောင်အားထုတ်မည်ဆိုပြီး ကာယကံ၊ ဝစီကံဖြင့် အားထုတ်မည်ဆိုပါက ကမ္မဘဝအဖြစ်လာသည်။ ကမ္မဘဝဖြစ်လျှင် ဇာတိဖြစ်တော့မည်။ ပါဠိရှုတ်ကြည့်ကြပါ။ ဇာတိဆိုရင်(၃)အကွက်က(၄)ကွက်ကိုဆက်သည်။ ပဋိစ္စသမုပ္ပါဒ်လည်သည်။ ပုံစံတွင် ကမ္မဘဝနှင့် ဇာတိကြားမှာ မြားပြ၍ စပ်-ဟု တွေ့ရပါလိမ့်မည်။

http://www.dhammadownload.com



ဤစပ်-ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီးတန်းသွားခြင်းကိုဆိုသည်။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ဝေဒနာနောက်က တဏှာလာခဲ့သော် မဂ်ဖိုလ်နိဗ္ဗာန် ရသည်ဟု ငါဘုရားဘယ်တော့မှမဟော ဟူ၍လည်းကောင်း၊ ဝေဒနာနောက်ကဒေါသလိုက်ခဲ့သော် မဂ်ဖိုလ်နိဗ္ဗာန်ရလိမ့်မည်ဟူ၍ ငါဘုရားဘယ်တော့မှမဟောဟူ၍လည်းကောင်း မိန့်ကြားတော်မူသည်။

ပဋိစ္စသမုပ္ပါဒ် တန်းသည်(ဝါ)ဆက်သည်ဆိုသည်မှာ-အလေးချိန်အားဖြင့် ပိဿာ ၃၅/၄၀ရှိသော ဤကိုယ်ကြီးကို ပညတ်အနေအားဖြင့် ဆိုသည်မဟုတ်၊ အကြောင်းနှစ်ခု တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်း ပေါ်သော စိတ်ကလေးကို ခန္ဓာဖွဲ့မည်ဆိုပါက ဝိညာဏက္ခန္ဓာဆိုသည်၊ ဘယ်စိတ်ပေါ်ပေါ် ဝိညာဏက္ခန္ဓာဖြစ်သည်။

ရုပ်ကလေးတွေသည် ရူပက္ခန္ဓာ။
ဝေဒနာပေါ်ခြင်းသည် ဝေဒနာက္ခန္ဓာ။
သညာပေါ်ခြင်းသည် သညာက္ခန္ဓာဖြစ်၏။

စေတနာစ,တဲ့ စေတသိက်တွေ ပေါ်ခြင်းသည် သင်္ခါရက္ခန္ဓာပေါ်ခြင်းဖြစ်ပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ စေတနာပေါ်ခြင်းသည် သင်္ခါရက္ခန္ဓာဖြစ်၏။ ထိုခန္ဓာတွေပေါ်ခြင်းကို ခန္ဓာအစဉ်တန်းသည်ဟုဆိုပါသည်။

http://www.dhammadownload.com



ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဆိုသည်မှာ စာထဲမှာသာရှိတာ မဟုတ်၊ မိမိတို့ခန္ဓာကြီးကိုပင် ခေါ်သည်ဟု မှတ်သားကြရပါသည်။

ပဋိစ္စသမုပ္ပါဒ် တန်းသည်ဆက်သည်ဟုဆိုလျှင် ပါဠိတော်ကိုရှုတ်ကြည့်ပါ။ ဒေသနာအဆုံး၌ "ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုသဖြင့် မြတ်စွာဘုရားက ဒုက္ခအစုအပုံကြီးသာဖြစ်ကြောင်း ဟောတော်မူသည်။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ပဋိစ္စသမုပ္ပါဒ်သည် အစဉ်တန်းသွားရင် မိစ္ဆာပဋိပဒါ၊ မကောင်းသောအကျင့် ကျင့်နေခြင်းဖြစ်၏။ ဝိပဿနာအလုပ် လုပ်နေတဲ့သူသည် သမ္မာပဋိပဒါ ကောင်းသောအကျင့်ကို ကျင့်နေခြင်း ဖြစ်သည်ဟု ဟောတော်မူပါသည်။

ထို့ကြောင့် ဝိပဿနာအလုပ်(ဝါ)မဂ္ဂဗြဟ္မစရိယာအကျင့်ကိုကျင့်နေသူသည် ခန္ဓာနှင့် ခန္ဓာဖြစ်ကြောင်း မဆက်အောင် လုပ်နေသူဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်မဆက်အောင် ဖြတ်အောင် လုပ်နေသောအလုပ်ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပဋိစ္စသမုပ္ပါဒ်ပုံစံကိုကြည့်ပါ။ (၃)အကွက်မှ (၄)အကွက်သို့ မကူးအောင် အစပ်ကိုဖြတ်သောအလုပ်။ ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးအကွက်မှ အနာဂတ်အကြောင်းခြင်းရာ ငါးပါးသို့ မကူးအောင် လုပ်သောအလုပ်ဖြစ်သည်။

တစ်နည်းအားဖြင့် ဝေဒနာပစ္စယာ တဏှာမှ ဝေဒနာပစ္စယာ ပညာဖြစ်အောင် လုပ်သောအလုပ် (ဝါ) ဝေဒနာနောက်မှ မင်္ဂသွင်းသောအလုပ်ဖြစ်သည်။ ဝေဒနာ နောက်က

http://www.dhammadownload.com



မဂ်မလိုက်ပါက (ဝါ) ဖြစ်ပျက်မရှုပါက ဝေဒနာနောက်က တဏှာမလာပါနှင့်ဟု မည်မျှပင်တားသော်လည်းမရနိုင်ချေ။ ပဋိစ္စသမုပ္ပါဒ်အတိုင်းသွားခဲ့သော် သမုဒယနှင့် ဒုက္ခချည်းသာပေါ်သော လမ်းတွေ့မည်။ သမုဒယနှင့်ဒုက္ခကိုသာ အဖော်လုပ်မည်။ သံသရာ သစ်ငုတ်သာဖြစ်မည်။ ဘယ်ဘုရားပွင့်ပွင့် သစ်ငုတ် သစ်ငုတ်သာ ဖြစ်နေပေမည်။

သို့အတွက် မဂ္ဂင်လမ်းလိုက်မလား။ သံသရာသစ်ငုတ်အဖြစ် ခံမလားဟု မိမိကိုယ်ကို မိမိတို့စစ်ဆေး၍ ဆုံးဖြတ်ရန် အရေးကြီးလှသည်။ မဂ္ဂင်လမ်းလိုက်သော် ယင်းလမ်းအတိုင်းသွားသော် --(ဝါ) ဖြစ်,ပျက် ဝိပဿနာအလုပ်ကိုလုပ်သော် မဂ္ဂင်ငါးပါးနှင့် ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှုပါ။

ဝေဒနာကိုဖြစ်ပျက်မြင်အောင်ရှုရမည်ဆိုသည်မှာဝေဒနာကိုတမင်တကာလိုက်ပြီးရှာဖွေနေရမှာလားဟုမေးလျှင် မဟုတ်ပါ။ အာရုံနှင့်ဒွါရတိုက်ဆိုင်တိုင်း ဝေဒနာတွေပေါ်နေသည်။ မိမိသန္တာန်မှာ သုခမဟုတ်လျှင်ဒုက္ခ။ ဒုက္ခမဟုတ်လျှင် ဥပေက္ခာ။ သောမနဿ ဒေါမနဿ ဒွါရခြောက်ပါး၌ ဝေဒနာတစ်ခုခုအမြဲပေါ်နေသည်။ တတန်တကလိုက်နေစရာမလို၊ မိမိတို့ညာဏ်မှာ မိမိတို့ညာဏ်ရှေ့မှာ ဝေဒနာပျက်,ပျက်ပြီးပြနေသည်။

ယင်းအပျက်ကိုအနိစ္စ မြင်အောင်ရှု ဝေဒနာကိုကျော်၍ အနိစ္စမြင်အောင်ရှု ဝေဒနာချည်းတွေ့နေသေးရင် အနိစ္စသဘောမှ မလွန်သေးချေ။ အနိစ္စသဘောလက္ခဏာကို တွေ့မှသာ လမ်းမှန်ရောက်မည်။

http://www.dhammadownload.com



"ဝေဒနာနိရောဓာ တဏှာနိရောဓော" ဆိုသဖြင့် တဏှာနိရောဓာဆိုပါက နိဗ္ဗာန်မြင်မည်။ သမုဒယနှင့် ချုပ်သည့် လမ်းပေါ်သို့ ရောက်မည်။

ထို့ကြောင့် လောင်စာသိမ်းတဲ့အလုပ်၊ မီးငြိမ်းတဲ့အလုပ် လုပ်ဖြစ်အောင် ဝေဒနာအနိစ္စကိုမြင်၊ ဝေဒနာအနိစ္စကိုမုန်းပြီး နောက် ဝေဒနာအနိစ္စဆုံးသည့်အထိ ကျင့်ကြံ အားထုတ်ကြပါလျှင် နိစ္စ=နိဗ္ဗာန်၊ ဓုဝ=နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပါကြောင်း --။

မြတ်စွာဘုရားသခင်က "ဝေဒနာနံ ခယော ဘိက္ခာဝေ ပရိနိဗ္ဗုတော" ဟူ၍ ဟောတော်မူသည်။ ဝေဒနာကုန်လျှင် ငြိမ်းအေးသည် (ဝါ) သဉပါဒိသေသ နိဗ္ဗာန်မျက်မှောက်ပြုသည်ဟု ဆိုသည်။

ထို့ကြောင့်ဝေဒနာလိုက်သည့်ယောဂီများ ဝေဒနာအဆုံးမှာ (ဝါ) ဝေဒနာက္ခန္ဓာ အဆုံးမှာ နိဗ္ဗာန်တွေ့ပါလိမ့်မည်။ ကြိုးစားတော်မူကြပါကုန်။

---

http://www.dhammadownload.com

# အပိုင်း (၅)

## ပဋိစ္စသမုပ္ပါဒ် အစက စ၍ လည်ပုံ

အဆင်းရူပါရုံနှင့်မျက်စိ နှစ်ပါးပေါင်းဆုံ တိုက်ခိုက်မိ၍ ပေါ်ပေါက်သော မြင်စိတ်ကလေးကို မသိလိုက်၍ တွေဝေသဖြင့် ဝိပဿနာမရှုမိပါက ထိုနည်းအတူကြားစိတ်ကိုလည်းကောင်း၊ နံစိတ်ကိုလည်းကောင်း၊ စားစိတ်ကိုလည်းကောင်း၊ ကိုယ်ပေါ်၌ ယားယံကောင်းစိတ်ကိုလည်းကောင်း၊ တွေးတောကြံစည်စိတ်ကိုလည်းကောင်း၊ ဒေါသစိတ်ကိုလည်းကောင်း၊ လောဘစိတ်ကိုလည်းကောင်း၊ မောဟစိတ်ကိုလည်းကောင်း၊ လှူချင်တန်းချင်တဲ့စိတ်ကလေးကိုလည်းကောင်း၊ မေတ္တာပို့ချင်တဲ့စိတ်ကလေးကိုလည်းကောင်း၊ ဣဿာမစ္ဆရိယစိတ်ကလေးကိုလည်းကောင်း၊ ယုတ်စွအဆုံး တံတွေး မျိုချသည့်စိတ်ကလေးကိုလည်းကောင်း၊ မသိလိုက်၍ တွေဝေနေသဖြင့် ဖြစ်ပျက် မရှုမိလိုက်သော် အဝိဇ္ဇာကစ၍ လည်သည်။

ဤသို့ ပဋိစ္စသမုပ္ပါဒ်အစက စ၍လည်တော့သည်။ အဝိဇ္ဇာ ဖုံးလွှမ်းနေသဖြင့် ပြုချင်ရာပြုသည်။ သင်္ခါရအလုပ်တွေ လုပ်သည်။ (ရှေ့ပိုင်းမှ ပြခဲ့ပြီ)

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဖြစ်သည်။ သင်္ခါရ ပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ"ဆိုသောကြောင့် ခန္ဓာငါးပါးရသည်။ ဝေဒနာပစ္စယာ တဏှာဘက်သို့ ကူးသည်။ တဏှာမှ

http://www.dhammadownload.com



ဥပါဒါန်သို့ကူးသည်။ ဥပါဒါန်မှ ဘဝသို့ကူးသည်။ ဘဝပစ္စယာ ဇာတိ ရွတ်ကြည့်ပါ။

ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုသဖြင့် အဝိဇ္ဇာကစပြီး ပြန်၍လှည့်သည်။ အဝိဇ္ဇာကစပြီး ပြန်၍လှည့်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် အစကစ၍ လည်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်ဝိပဿနာအလုပ်မလုပ်တော့ပါဘူးဖြစ်-ပျက်မရှုတော့ပါဘူး၊ မအားသေး မလပ်သေး၍ မလုပ်သေးပါဘူးဆိုပါက အဝိဇ္ဇာက ပြန်၍စသည်။ ပဋိစ္စသမုပ္ပါဒ်အတိုင်း အစက ပြန်ပြီးလည်ခြင်းပင်ဖြစ်သည်။ မိစ္ဆာပဋိပဒါဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါရှစ်ပါးကို အခါခပ်သိမ်းရနေသည်။

ရှစ်ပါးဆိုသည်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ၊ ဝေဒနာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တည်းဟူသော ပဋိစ္စသမုပ္ပါဒ်ရှစ်ပါး အမြဲရနေသည် (ပုံစံကိုကြည့်ပါ)။

ဤပဋိစ္စသမုပ္ပါဒ် အင်္ဂါရှစ်ပါးကို သစ္စာဖွဲ့ပြန်သော် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးသာရသည်။ သမုဒယကမီး၊ ခန္ဓာက လောင်စာ၊ လောင်စာနှင့်မီး တွဲလျက်ကြီးဖြစ်တော့သည်။

သံသရာတစ်လျှောက်လုံး ဤလောင်စာနှင့် မီးသာတွဲခဲ့ရသည်။ မီးငြိမ်းလိုက်၊ လောင်စာ ထည့်ပေးလိုက်ချည်းသာ ဖြစ်ခဲ့ရသည်။ လောင်စာသိမ်း မီးငြိမ်းသည်ဟု အားထုတ်ခဲ့ရသည့်ဘဝ မပါရှိခဲ့ချေ။

http://www.dhammadownload.com



ယခုလို အသိဉာဏ် ထိုက်တန်သလောက် ရသည့်ဘဝမှာ လောင်စာသိမ်းပြီး မီးငြိမ်းသည့် အလုပ်ကိုဖြင့် လုပ်ပါတော့ မည်ဟု ဆုံးဖြတ်ချက် အကြီးအကျယ် ချထိုက်ကြသည် မဟုတ်ပါလော ယောဂီအပေါင်းတို့ ---။

http://www.dhammadownload.com

# အပိုင်း (၆)

## ပဋိစ္စသမုပ္ပါဒ် အဆုံးကနေ၍ ပတ်ပုံ

မိမိရန်သူဖြစ်စေ၊ မုန်းတီးသူ တစ်ယောက်ကို ဖြစ်စေ၊ သို့မဟုတ် အနိဋ္ဌာရုံ တစ်ခုကိုဖြစ်စေ၊ တွေ့လိုက် မြင်လိုက်မိသောအခါ ငါသည် ဒီလူ့မျက်နှာကိုကြည့်ကိုမကြည့်ချင်ဘူး၊ မြင်ကို မမြင်ချင်ဘူး။ သူ့အသံလည်း မကြားချင်ဘူးဆိုတဲ့ ဒေါသ ဒေါမနဿတွေ ဖြစ်ပွားပေါ်ပေါက်နေ၏။

ထိုဒေါသ, ဒေါမနဿ ပေါ်ပေါက်ခြင်းကို ပါဠိ ရွတ်ကြည့်ပါ၊ "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿသမုဒယော ဟောတိ" ဆိုသောကြောင့် သောက ပရိဒေဝထဲမှာ အဝိဇ္ဇာမပါဘူးလားမေးလျှင် ပါလျက်နေသောကြောင့် အဝိဇ္ဇာက ပြန်၍ စသည်။

ထို့ကြောင့် ဣဋ္ဌာရုံကို မြင်မြင်၊ အနိဋ္ဌာရုံကို မြင်မြင် ဝိပဿနာ မရှုခဲ့သော်-ဖြစ်- ပျက်မရှုခဲ့သော်- ပဋိစ္စသမုပ္ပါဒ် အစကလျှင်လည်း ပတ်မည်။ အဆုံးကလျှင်လည်း ပြန်၍ပတ်မည်၊ အလယ်ကလျှင်လည်း ဖောက်၍စမည်သာဖြစ်ပါသည်။

http://www.dhammadownload.com

# အပိုင်း (၇)
## ဝိပဿနာမရှုလျှင် ပဋိစ္စသမုပ္ပါဒ် အမြဲလှည့်နေသည်

အိပ်ပျော်နေချိန်(ဘဝင်စိတ်)မှလွဲ၍ ဣဋ္ဌာရုံကို တွေ့ရသည် ဖြစ်စေ၊ သို့မဟုတ် အနိဋ္ဌာရုံ တစ်ခုကိုဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်ကို ဒေါသနှင့် သော်လည်းကောင်း၊ လောဘနှင့်သော်လည်း ကောင်း။ မောဟနှင့်သော်လည်းကောင်း လှည့်လည် လျက်သာ နေသည်။

လောဘ ဒေါသ မောဟနှင့် လှည့်သည့်အခါ အကုသိုလ် တရားတွေဖြစ်ပေါ်သည်။ ဤအကုသိုလ်တရားတွေဖြစ်ပေါ်ခြင်း သည် အပုညာဘိသင်္ခါရတွေပြုလုပ်နေခြင်း ဖြစ်သည်။

(ဆိုလိုရင်းမှာ)သားသမီးနှင့်သာယာနေသည့် အခါလော ဘတဏှာ ဖြစ်ပေါ်နေသည်။ ဤသားသမီးတွေ အသုံးအစွဲက ကြီး၊ ပညာကောင်းကောင်းမသင်ကြ၊ ဘယ်နေရာမှာဖြစ်ဖြစ် အပိုးမသေကြဘူးဆိုပြီး ဒေါသနှင့် လှည့်နေသည့် အခါလည်း ရှိသေးသည်၊ မသိလို့လုပ်မိတဲ့အခါလည်းရှိသေးသည်၊ မောဟ နှင့်လှည့်ခြင်းဖြစ်သည်။

ကုသိုလ်သင်္ခါရ (ပုညာဘိသင်္ခါရ) ဆိုတဲ့ မသိလို့ ပြုမိတဲ့ကုသိုလ်မျိုးကလည်းရှိသေးသည်။ မသိလို့ပြု တဲ့ဝဋ် ကု သိုလ်၊ ဘုံဘဝတောင့်တပြုတဲ့ကုသိုလ်သည် ပုညာဘိသင်္ခါရဖြစ် သည်။

http://www.dhammadownload.com



"အဝိဇ္ဇာ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ။ အပုညာဘိ သင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အာနေဥ္ဇာဘိသင်္ခရမ္ပိ အဘိသင်္ခရောတိ၊ ယတော စ ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ၊ ဝိဇ္ဇာ ဥပ္ပန္နာ၊ သော အဝိဇ္ဇာ ဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝပုညာဘိသင်္ခါရံ အဘိသင်္ခ ရောတိ။"

(သံယုတ်ပါဠိတော်)

အို-ရဟန်းတို့ ပညာမရှိသော အဝိဇ္ဇာနှင့် ပြည့်စုံသော သူသည် ပုညာဘိသင်္ခါရကိုလည်းပြု၏။ အပုညာဘိသင်္ခါရကို လည်းပြု၏။ အာနေဥ္ဇာဘိသင်္ခါရကိုလည်းပြု၏။ ရဟန်းတို့ အဝိဇ္ဇာကိုပယ်ပြီးသည် ဖြစ်ငြားအံ့၊ ထိုအဝိဇ္ဇာကင်း၍ ဝိဇ္ဇာဉာဏ် လင်းသော ရဟန်းသည် အဝိဇ္ဇာကင်း၍ ဝိဇ္ဇာဖြစ်ပေါ်ခြင်းကြောင့် ပုညာဘိသင်္ခါရကို မပြုသည်သာတည်း။

အထက်ပါ ပါဠိတော်အရ အဝိဇ္ဇာကင်းပြီး အဝိဇ္ဇာပယ် ပြီး ရဟန်းဆိုသည်မှာ အာသဝေါကုန်ပြီး ရဟန္တာ ပုဂ္ဂိုလ်သာ ဖြစ်ရကား -ထိုပုဂ္ဂိုလ်များသည် ပုညာဘိသင်္ခါရမပြုလုပ်ချေ။ ပြုလုပ်စရာမလိုတော့ချေ။ အကယ်၍ ပြုလုပ်ပြန်ပါက ပြုကာမျှ ကိရိယာ သက်သက်သာဖြစ်၏။ သောတာပန်၊ သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်များမှာ ဒါန၊ သီလစသော ပုညာဘိသင်္ခါရကို ပို၍ပြုသင့်ကြသည်သာ။ သာမန်ပုထုဇဉ်များအနေဖြင့် ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုများကို အဘယ်မှာသာလျှင် မပြုဘဲ နေအပ်သင့်ပါသနည်း။ များစွာ ပြုအပ်တော့သည်သာ ဖြစ်သည်။ သို့ရာတွင် ဒါနနှင့်တဏှာမရောစေနှင့်။ ဒါနနှင့် ဒိဋ္ဌိ

http://www.dhammadownload.com



မရောစေနှင့်၊ အဝိဇ္ဇာဦးမစီးစေနှင့်။

ဒါနသည်ကုသိုလ်လား၊အကုသိုလ်လားဟု မေးခဲ့ပါလျှင် ကုသိုလ်ဖြစ်ပါသည်ဟု ဖြေရလိမ့်မည်။ လှူချင်တဲ့ စေတနာက ကုသိုလ်၊ ဘုံဘဝတောင့်တတာက တဏှာဖြစ်သဖြင့် ကုသိုလ်နှင့် အကုသိုလ်ကို ရောရောထွေးထွေး ပြုလုပ်ခြင်း ဖြစ်သည်။ နောက်တစ်ဖန် လှူချင်တဲ့ စေတနာသည် ကုသိုလ် စေတနာ၊ နောင်ဘဝငါကောင်းစားအောင်ဆိုပြီး ပြုတဲ့ ကုသိုလ်ကောင်းမှုစေတနာသည် ဒိဋ္ဌိဦးစီးနေသည်။ ဒိဋ္ဌိသည် အကုသိုလ် ဖြစ်သည်။

ဒါကြောင့် ကုသိုလ်နှင့် တဏှာမရောစေနှင့်၊ ကုသိုလ်နှင့် ဒိဋ္ဌိမရောစေနှင့်၊ အဝိဇ္ဇာဦးမစီးပါစေနှင့်၊ ဒါနနောက်က အသိ မလိုက်လျှင်၊ အကျိုးပေးမရွေးချယ်တတ်လျှင် ဝဋ္ဋဒါနဖြစ်၍ သံသရာလည်မည့် ပုညာဘိသင်္ခါရသာဖြစ်သည်။

ဒါကြောင့် ဒါနကသံသရာရှည်တာမဟုတ်၊ အကျိုးပေး မရွေးချယ်တတ် (ဝါ) ဒါနနောက်က အသိမလိုက်လို့-- ဟု ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးဆုံးမတော်မူသည်။

---☸---

http://www.dhammadownload.com

# အပိုင်း (၈)
## ပဋိစ္စသမုပ္ပာဒ် သဘောတရား
## အနုလောမနည်းအားဖြင့် အကျယ် ဝေဖန်ပြသခြင်း

စက်ဝိုင်းပုံစံကိုကြည့်ကြစေလိုပါသည်။ ဤပုံစံစက်ဝိုင်းသည်ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ခန္ဓာသဘောကိုကြည့်၍ ကြံစည်ရေးသားထားခဲ့ခြင်းဖြစ်ရာ ပဋိစ္စသမုပ္ပာဒ် သဘောတရားစစ်မှာ မိမိတို့ခန္ဓာတွေ တစ်ခုပြီးတစ်ခုပေါ် လိုက်ပျက်လိုက်၊ နောက်တစ်ခု အစားထိုးသောကြောင့် ဓမ္မတစ်ခုပေါ် လိုက်-ဆိုတဲ့ ဓမ္မသဘောတွေ အစဉ်ကြီးတန်းနေခြင်းသာ ဖြစ်သည်။

ပဋိစ္စသမုပ္ပာဒ်ဖြစ်ကြောင်း အစ(ဝါ)သံသရာ အစသည် အဝိဇ္ဇာကဟူ၍ မြတ်စွာဘုရားဟောတော်မူသည်။


"အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ"

ဟူ၍သံသရာရှည်လွန်းလို့သတ္တဝါအစကိုတော့ ငါဘုရားရှာ၍ မတွေ့ဘူး၊ သတ္တဝါ တစ်ဦးတစ်ယောက်၏ အစကိုနောက်ဆုတ်ပြန်၍တွေးခဲ့သော် ဘုရားဖြစ်တော်မူသည့် နေ့ကစ၍ ပရိနိဗ္ဗာန် ပြုတော်မူသည့် အချိန်တိုင်အောင် တွေးသော်လည်း သတ္တဝါတစ်ဦး၏ အစ ကုန်နိုင်ဖွယ် မရှိဟု ဟောတော်မူသည်။

မိမိ အသေပေါင်း ထပ်ကာထပ်ကာ အရိုးကို ပုံလိုက်

http://www.dhammadownload.com

ပုံစံစက်ဝိုင်း (၂)



http://www.dhammadownload.com



မည်ဆိုလျှင် လေးရက်တက် လေးရက်ဆင်းမျှရှိသည်။ အဘယ်မျှသေခဲ့သည်ဆိုတာ မတွေးတောဝံ့အောင် ဖြစ်သည်။ ဤမျှပင် သံသရာရှည်သည်။ သံသရာရှည်သည်ဆိုသည်မှာ ဒုက္ခရှည်ခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် အစဉ်ကြီး ရှည်ခြင်းဖြစ်သည်။

သံသရာအစသည် အဝိဇ္ဇာကစသည်ဆိုရာ အဝိဇ္ဇာသည် အဘယ်နည်း။ အဝိဇ္ဇာ ဆိုသည်မှာ သစ္စာလေးပါး မသိမှုဖြစ်သည်။

(၁) သမုဒယသစ္စာကိုသမုဒယသစ္စာဟု ဟုတ်တိုင်း မှန်စွာမသိခြင်း။

(၂) ဒုက္ခသစ္စာကို ဒုက္ခသစ္စာ ဟူ၍ ဟုတ်တိုင်း မှန်စွာမသိခြင်း။

(၃) နိရောဓသစ္စာကို နိရောဓသစ္စာဟူ၍ ဟုတ်တိုင်း မှန်စွာမသိခြင်း။

(၄) မဂ္ဂသစ္စာကို မဂ္ဂသစ္စာ ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိခြင်းပင် ဖြစ်သည်။

ချဲ့၍ ပြပါဦးအံ့ ---

(၁) မိမိတို့ သန္တာန်၌ လောဘဆိုသည့် တရားကလေးရှိသည်။ ထိုလောဘသည် ရွှေလိုချင်၊ ငွေလိုချင်၊ တိုက်လိုချင်၊ ကားလိုချင်၊ အရောင်းအဝယ်ကောင်းတာ လိုချင်၊ ရာထူး ဌာနန္တရကြီးတာကို လိုချင်၊ ဤကဲ့သို့လိုချင်တာသည် ဒုက္ခဖြစ်ကြောင်း သမုဒယဖြစ်၏။ ဤသမုဒယကြီးသည် ဒုက္ခဖြစ်ကြောင်းပင်၊ ဒုက္ခဖြစ်ကြောင်း လောဘဟု မသိခြင်း။

http://www.dhammadownload.com



(၂) မိမိတို့ ခန္ဓာကြီးသည် ဒုက္ခတရား အမှန်စင်စစ်ဟု မသိခြင်း။

(၃) ဒုက္ခချုပ်ငြိမ်းရာသည် နိရောဓသစ္စာနိဗ္ဗာန်ဟု မသိခြင်း။

(၄) မဂ္ဂင်ရှစ်ပါး အကျင့်မှန်တရားသည် နိဗ္ဗာန်သို့ ပို့နိုင်သည်ဟု မသိခြင်း။

(၅) သိသင့်သည်ကို မသိဘဲ မသိသင့်သည်ကို သိခြင်း။

ဤသို့မသိခြင်းသည် အဝိဇ္ဇာဖြစ်၏။ ထိုမသိခြင်းကြောင့် ပြုလုပ်တာမှန်သရွေ့သည် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"။

ဒုက္ခဖြစ်ကြောင်း မသိသောကြောင့် သားရေး သမီးရေး စီးပွားရေးကို ပြုလုပ်သည်။ ကာယကံအားဖြင့်ပြုလုပ်သည်။ ဝစီကံအားဖြင့် ပြောလား ဆိုလား။ ရောင်းကြ ဝယ်ကြပြန် သည်။ စိတ္တသင်္ခါရအားဖြင့် ဘယ်လိုရောင်းမည်၊ ဘယ်လိုဝယ် ရမည်၊ ဘယ်လိုရာထူး ဌာနန္တရတွေရအောင်လုပ်ရမည် စသည် ဖြင့် အမျိုးမျိုး ကြံစည်စိတ်ကူးကြသည်။ ကောင်းသောရောင်းဝယ် ခြင်းပါပဲ။ ကောင်းသောအသက်မွေးခြင်းပါပဲဆိုသော်လည်း ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့အလုပ်ကိုမလုပ်။ ဆက်တဲ့အလုပ် လုပ်ပြန် သည်။ ဘာအပြစ်ရှိသလဲဟု မေးခဲ့လျှင် အပြစ် ရှိ-မရှိတော့ မပြောတတ်၊ ပဋိစ္စသမုပ္ပါဒ်တော့ ဆက်သွားသည် ဟူ၍သာဖြေရ လိမ့်မည်။

http://www.dhammadownload.com



တစ်ဖန် နောက်ဘဝကောင်းစားရေးဟုဆိုအပ်သော လှူမှု တန်းမှု ကုသိုလ်ရေးပြုပြန်၏။ ကုသိုလ်တော့ကုသိုလ်ပင်ဖြစ်၏။ သို့သော် အဝိဇ္ဇာဦးစီးပြီး ပြုလုပ်သောကုသိုလ် ဟူသမျှသည် ဒုက္ခသစ္စာ မသိဘဲ လှူတဲ့အလှူဖြစ်၍ "အဝိဇ္ဇာ ပစ္စယာ ကုသိုလ် သင်္ခါရ"ပင် ဖြစ်သည်။

ဘုံဘဝတောင့်တပြီး ဒါန၊ သီလပြုကြသည်။ တောင့်တ တိုင်း နောက်ဘဝရသည်ဟုဆိုပါဦးတော့ နောက်ဘဝ၏ အစသည် ဇာတိဖြစ်သည်။ ဇာတိသည် ဒုက္ခသစ္စာ အမှန်ဖြစ်၏။

"ဇာတိပိဒုက္ခာ"ဟူ၍လည်း ဓမ္မစကြာ၌ မြတ်စွာဘုရား ဟောတော်မူသည်။

"သင်္ခါရပစ္စယာဝိညာဏံ"ဆိုသည်မှာ ပဋိသန္ဓေဝိညာဏ် ကိုခေါ်သည်။ ဘဝ၏အစသည် ပဋိသန္ဓေ ဝိညာဏ်ကစ၏။ ယခုရရှိထားသည့် ဘဝကြီးသည်ပင် ဒုက္ခသစ္စာကြီး ဖြစ်နေပါ လျက်သားနဲ့ နောက်ခန္ဓာ ရအောင် ဆုတောင်းကောင်း မတောင်းကောင်းဟု စဉ်းစားဝေဖန်ကြပြီးလျှင် ဆရာကောင်း သမားကောင်းများ ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးရန် သင့်ကြပေကြောင်း။

"ဝိညာဏပစ္စယာနာမရူပံ" ဇာတိဟုဆိုသော ပဋိသန္ဓေ ဝိညာဏ်ရသော သူသည် နာမ်-ရုပ်ကိုရ၏။ ဝိညာဏ်ကြောင့် နာမ်-ရုပ်ကိုရသည်။ ၂-အကွက်ကိုကြည့်ပါ။ ဝိညာဏ်ကြောင့် နာမ်၊ ရုပ်ဖြစ်သည်။ ဝိညာဏ်ထဲမှာ ငါပါလား၊ သူပါသလား ယောကျ်ားပါသလား မိန်းမပါသလား။ နာမ်-ရုပ်ထဲမှာလည်း

http://www.dhammadownload.com



ငါပါသလား၊ သူပါသလား၊ ယောက်ျား-မိန်းမပါသလား ပြန်ကြည့်ကြပါ။

ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ် ဖြစ်သောကြောင့်ယခုဘဝအစဖြစ်သည်။ ထိုဝိညာဏ်ထဲမှာငါလည်းမပါ၊ သူလည်းမပါ၊ ယောက်ျား၊ မိန်းမလည်းမပါ။ သင်္ခါရ အကြောင်းခံကြောင့်ဖြစ်သော ဝိညာဏ်သာဖြစ်သည်။ နာမ်-ရုပ်ထဲမှာလည်းကြည့်ပါ၊ငါလည်းမပါ သူလည်းမပါ၊ ယောက်ျားမိန်းမ မပါ၊ ငါ့ဉစ္စာဆိုတာလည်းမပါ၊ နာမ် ရုပ်သာဖြစ်သည်။ ငါမပိုင်၊ သူလည်းမပိုင် အကြောင်းကြောင့်ဖြစ်သော-အကျိုး-ပဋိစ္စသမုပ္ပန္နတရားသာဖြစ်သည်။ "နာမရူပပစ္စယာ သဠာယတနံ" နာမ်-ရုပ်ကိုရပြီးပြီ။ နာမ်ရုပ်ကိုရပြီးရုံနဲ့မပြီးသေးချေ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူ၍ အာယတနခြောက်ပါးသည် နာမ် ရုပ် အကြောင်းခံကြောင့် ဖြစ်ပေါ်ရလေသည်။

မျက်စိသည်လည်း အကြောင်းတရားကိုစွဲ၍ ဖြစ်ပေါ်သော အကျိုးတရားဖြစ်သည်၊ ငါမဟုတ်၊ ငါ့မျက်စိမဟုတ်၊ ငါမပိုင်၊ နားသည်လည်း အကြောင်းတရားကိုမှီ၍ ဖြစ်ပေါ်သောအကျိုးတရားသာ ဖြစ်သည်။ ငါမဟုတ်၊ ငါ့နားမဟုတ်၊ ငါ့အတ္တမဟုတ် ငါမပိုင်ချေ။

နှာခေါင်းသည်လည်းငါမဟုတ်၊ ငါ့နှာခေါင်းမဟုတ်၊ ငါ့အတ္တမဟုတ်၊ ငါမပိုင်။

လျှာသည်လည်း အကြောင်းကိုစွဲ၍ဖြစ်ပေါ်သော အကျိုး တရားမျှသာဖြစ်သည်။ ငါမဟုတ်၊ ငါ့လျှာမဟုတ်၊ ငါ့အတ္တမဟုတ်၊ ငါမပိုင်။

http://www.dhammadownload.com



ကိုယ်သည်လည်း အကြောင်းကိုစွဲ၍ ဖြစ်သောအကျိုးတရားမျှသာဖြစ်၏။ ငါမပိုင်၊ ငါမဟုတ်၊ ကိုယ်မဟုတ်၊ ငါ၏အတ္တမဟုတ်။

မနာယတနခေါ်သောစိတ်သည်လည်း အကြောင်းတရားကိုစွဲ၍ဖြစ်ပေါ်သော အကျိုးတရားမျှသာဖြစ်၏။ ငါ၏စိတ်မဟုတ်၊ ငါ၏အတ္တမဟုတ်၊ ငါမပိုင်။ အကြောင်းကြောင့်ဖြစ်သည့်အကျိုးတရားမျှသာဖြစ်သည်။

သဠာယတနဆိုသည်ကို မြန်မာလိုအဓိပ္ပါယ်ရှင်းရှင်းနားလည်ရန်မှာ သံသရာကိုချဲ့တတ်သော တရားခြောက်ပါးဟု ဆိုလိုသည်။ သံသရာကိုချဲ့သည်မှာ ပဋိစ္စသမုပ္ပါဒ်ကိုချဲ့သော တရားကိုဆိုလိုသည်။ မျက်စိကလည်းသံသရာကိုချဲ့ထွင်သည်။ နားကလည်း သံသရာကိုချဲ့ထွင်သည်။ နှာခေါင်းကလည်းသံသရာကိုချဲ့ထွင်သည်။ လျှာကလည်းသံသရာကိုချဲ့ထွင်သည်။ ကိုယ်ကလည်းသံသရာကိုချဲ့ထွင်သည်။ စိတ်ကလည်းသံသရာကိုချဲ့ထွင်သည်၊ ချဲ့ပုံအပိုင်း (၃)မှာပြခဲ့ပြီး အတိုင်းဖြစ်သည်။ မိမိခန္ဓာနှင့် ဟပ်၍ကြည့်ကြပါကုန်။

"သဠာယတနပစ္စယာ ဖဿော"ဆိုသည်ကား-တည်ရာအာယတနခြောက်ပါး အကြောင်းခံကြောင့် ဖဿတည်း ဟူသော တွေ့ထိခြင်းဖြစ်ပေါ်လာ၏။ မျက်စိကိုစွဲ၍ စက္ခုသမ္ဖဿခေါ်သည်။ မျက်စိ၌တွေ့ထိခြင်းပင်ဖြစ်၏။ ထိုနည်းတူစွာပင် နားကိုစွဲ၍ နား၌တွေ့ထိခြင်း၊ နှာခေါင်း၌တွေ့ထိခြင်း၊ လျှာ၌တွေ့ထိခြင်း၊ ကိုယ်၌ တွေ့ထိခြင်း၊ မနော၌ တွေ့ထိခြင်း တည်း

http://www.dhammadownload.com



ဟူသော ဖဿာယတန ခြောက်ပါး ဖြစ်ပေါ်လာ၏။

"ဖဿပစ္စယာဝေဒနာ" ဖဿတည်း ဟူသော တွေ့ထိမှု အကြောင်းခံကြောင့် ဝေဒနာဖြစ်ပေါ်လာ၏။ မျက်စိကိုစွဲ၍ "စက္ခုသမ္ဖဿဇာဝေဒနာ"၊ နားကိုစွဲ၍ "သောတသမ္ဖဿဇာ ဝေဒနာ"။ နှာခေါင်းကိုစွဲ၍"ဃာနသမ္ဖဿဇာဝေဒနာ"၊ လျှာကို စွဲ၍"ဇိဝှာသမ္ဖဿဇာဝေဒနာ"၊ ကိုယ်ကိုစွဲ၍ "ကာယသမ္ဖဿ ဇာဝေဒနာ"၊ သဘောတရားကိုစွဲ၍ "မနောသမ္ဖဿဇာဝေဒ နာ" ဖြစ်ပေါ်လာ၏။

ထိုဝေဒနာသည် အကျယ်အားဖြင့် "သုခ ဒုက္ခ ဥပေက္ခာ ဟူ၍လည်းကောင်း၊ "သောမနဿ၊ ဒေါမနဿ" ဟူ၍ လည်းကောင်း၊ အများအားဖြင့် ဝေဖန်ပါကကျယ်ဝန်းလှစွာ၏။ ယောဂီအလုပ်သမားများ ခန္ဓာဉာဏ်ရောက် သိရန်မှာ ဒွါရ ခြောက်ပေါက်က ထိရိုက်လာတိုင်း လာတိုင်း ဝေဒနာအခါခပ် သိမ်းပေါ်၏။ ဝေဒနာကိုလိုက်ပြီးရှာနေရန်မလို၊ ဒွါရနှင့် အာရုံ နှစ်ပါးဆုံ၍ တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း ပေါ်လျက်သာ ဖြစ်ပါသည်။ တမင်တကာလိုက်ရှာနေရန် မလိုပါ။

မှတ်ရန်။ ဝေဒနာခြောက်ပါး သုခ၊ ဒုက္ခ၊ ဥပေက္ခာပွား လျှင်(၁၈)ပါးရသည်။ ကာလသုံးပါးနှင့်မြှောက် လျှင် ဝေဒနာ ၅၄-ပါးရသည်။ မိမိသန္တာန်၊ သူတစ်ပါး သန္တာန်နှင့် မြှောက်လျှင် ဝေဒနာ ၁၀၈-ပါးရသည်။

http://www.dhammadownload.com



"ဝေဒနာပစ္စယာ တဏှာ" ဝေဒနာတည်းဟူသောခံစားမှုအကြောင်းခံကြောင့်တဏှာတည်းဟူသောတရားဖြစ်ပေါ်လာ၏။ အဆင်းကိုစွဲ၍ ရူပတဏှာ၊ အသံကိုစွဲ၍ သဒ္ဒတဏှာ၊ အနံ့ကိုစွဲ၍ ဂန္ဓတဏှာ၊ လျှာကိုစွဲ၍ ရသတဏှာ၊ ကိုယ်ကိုစွဲ၍ ဖောဋ္ဌဗ္ဗတဏှာ၊ မနောကိုစွဲ၍ ဓမ္မတဏှာ၊ ဓမ္မတဏှာဆိုသည်မှာ တွေ့ဖူး၊ ကြားဖူး၊ ကြုံဖူး၊ အာရုံခံစားဖူးသည် စသည်ကို စွဲ၍ လောဘဖြစ်ပေါ်ခြင်းပင်၊

မှတ်ရန်။ တဏှာသုံးတန် အရင်းခံ အာ ကာ သန်နှင့်မြှောက်၊ တဏှာအစစ် တစ်ရာ့ရှစ်၊ ဖြစ်၏ မှတ်လေဘိ။

ကာမတဏှာ၊ ဘဝတဏှာ ဝိဘဝတဏှာသုံးပါးကို အာရုံခြောက်ပါးနှင့်မြှောက်(၃×၆=၁၈)၊ ယင်းကိုတစ်ဖန်ကာလသုံးပါးနှင့်မြှောက်(၁၈×၃=၅၄)၊ ယင်းကိုတစ်ဖန် မိမိသန္တာန်သူတစ်ပါးသန္တာန်ဆိုသည့်သန္တာန်နှစ်ပါးနှင့် မြှောက် တစ်ရာ့ရှစ်ဖြစ်၏။ (၅၄×၂=၁၀၈)။

"တဏှာ ပစ္စယာ ဥပါဒါနံ" ဟူသည်ကား တဏှာအကြောင်းခံကြောင့် စွဲလမ်းခြင်း ဥပါဒါန်ဖြစ်ပေါ်၏။ လိုချင်တယ်ဆိုရာက သိပ်လိုချင်တာပဲ ဟူ၍ ဖြစ်ပေါ်လာသော တဏှာအကြီးစားပင်တည်း။

မှတ်ရန်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူ၍ ဥပါဒါန်လေးပါးရှိ၏။

http://www.dhammadownload.com



"ဥပါဒါနပစ္စယာကမ္မဘဝေါ" ဥပါဒါန်ဟူသောပြင်းစွာ စွဲလမ်းမှုအကြောင်းခံကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံသုံးပါးနှင့် အားထုတ်ခြင်းသည် ကမ္မဘဝမည်၏။ ထိုအားထုတ်ကြိုးပမ်းခြင်းကို ပစ္စုပ္ပန်အကြောင်းအခြင်းအရာ အကွက်(၃)၌ ကမ္မဘဝခေါ်သည်။ အတိတ်အကြောင်းအခြင်းအရာ (၁)ကွက်၌ သင်္ခါရခေါ်သည်။ တရားကိုယ် အရမှာ လောကီကုသိုလ်စေတနာ ၂၉-ပါးရသည်။

"ကမ္မဘဝပစ္စယာ ဇာတိ" ကမ္မဘဝတည်းဟူသော ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် အားထုတ်မှု အကြောင်းခံကြောင့် ဇာတိဖြစ်ပေါ်၏။ ဇာတိဖြစ်ပေါ်သည်မှာ နောက်ဘဝ အစဖြစ်သော ပဋိသန္ဓေကိုခေါ်သည်။ မည်သည့် ဘယ်ဇာတိမဆို ပဋိသန္ဓေဝိညာဏ်က စရသည်ပင်၊ မြတ်စွာဘုရားသခင်က "ဇာတိပိဒုက္ခာ" ဟု ဟောတော်မူရာ လူဇာတိရသည်ဖြစ်စေ၊ နတ်ဇာတိရသည်ဖြစ်စေ၊ ဗြဟ္မာဇာတိရသည်ဖြစ်စေ ဇာတိမှန်က ဒုက္ခသစ္စာသာဖြစ်သည်။

ထို့ကြောင့် ဇာတိတစ်ခုကို ဆုတောင်းယူသူများသည် ဒုက္ခကို ဆုတောင်းယူခြင်းသာဖြစ်၏။ ထို့ကြောင့် ဆုတောင်းကောင်း မတောင်းကောင်းကို မိမိတို့ကိုယ်ပိုင်ဉာဏ်နှင့် သာဝေဖန်ကြည့်ကြပါကုန်။

ဇာတိရပြီးနောက်ဘာကိုရမည်နည်းဟူမူကား ပဋိစ္စသမုပ္ပါဒ် ပါဠိကိုပင် ရွတ်ကြည့်ကြပါ။ ဇာတိပစ္စယာ ဇရာ မရဏာ နောက်ကလိုက်သည်။

http://www.dhammadownload.com



"ဇာတိပစ္စယာ ဇရာ မရဏ"ဟူသည်ကားဇာတိဟူသော ပဋိသန္ဓေအကြောင်းခံကြောင့် ဇရာမရဏဖြစ်ပေါ်၏။ ဇာတိဟူသည် ခန္ဓာငါးပါး ထင်ရှားဖြစ်ပေါ်ခြင်းပင် ဖြစ်သည်။

ခန္ဓာငါးပါးရသောသူသည် နောက်ကျောကအိုမှု၊ နာမှု၊ သေမှုတန်းလန်းလိုက်ပါလျက်ရှိရာ မွေးသည့်နေ့ကစ၍ အိုသည့်ဘက်၊ အိုသည့်ဘက်က သေသည့်ဘက်သို့ မိနစ် စက္ကန့်မခြား ပြေးလွှားလျက်ရှိသည်။ ထို့ကြောင့် အိုရာကနာ၊ နာရာက သေရာသို့မုချရောက်မည်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်း ဟူသော ဒုက္ခအစုကြီးသာ ဖြစ်ပေါ်လာရ၏။ (ပုံစံကိုကြည့်ပါ)။ ဒုက္ခသစ္စာအကွက်၌ ပြထားသည်။

ဤသည်ကား--ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ လည်ပုံ ပတ်ပုံ အကျယ်အားဖြင့် ပြခြင်းတည်း။

---
---

http://www.dhammadownload.com

# အပိုင်း (၉)

## အဝိဇ္ဇာတဏှာ အကြောင်းခံ၍ ပဋိစ္စသမုပ္ပာဒ် အဝိုင်းပြေးပုံကို ပြခြင်း

သတ္တဝါတစ်ဦး တစ်ဦး၏ အသေပေါင်းထပ်ကာ ထပ်ကာဖြစ်နေခြင်းဟာ (ဝါ)သံသရာကို အစကစ၍ချာချာလည် အောင် ပတ်နေခြင်းသည် "လက်သည်" တရားခံ ရှာသော် အဝိဇ္ဇာတဏှာကြောင့်ဟု ဟုတ်တိုင်းမှန်စွာ သိရှိရန် အထူးအရေး ကြီးပေသည်။

ပုံစံစက်ဝိုင်းအလယ်တည့်တည့်မှာ ကြည့်ပါ။ အဝိဇ္ဇာနှင့် တဏှာဟု တွေ့ရပါလိမ့်မည်။ အဝိဇ္ဇာဟူသည် သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ မသိခြင်းကိုခေါ်သည်။ တဏှာဟူသည် ရောက်ရာကို ခင်မှုကိုခေါ်သည်။ ထို့ကြောင့် သံသရာ၏ အစ အဝိဇ္ဇာနှင့် တဏှာက (ဝါ) ခန္ဓာ၏ အစ အဝိဇ္ဇာနှင့် တဏှာက ဟု သေသေချာချာ မှတ်ကြပါကုန်။

ခန္ဓာဖြစ်တိုင်းဖြစ်တိုင်း အိုမှု၊ သေမှုရှိသည်။ ခန္ဓာကိုလုပ်သော လက်သည်တရားခံကိုရှာရလိမ့်မည်။ လက်သည်တရားခံသည် အဝိဇ္ဇာနှင့် တဏှာဖြစ်ကြောင်း ယခု မုချပေါ်လာပြီ။ ထို့ကြောင့် အကြောင်းတရားသတ်မှ အကျိုးတရားမဖြစ်ပေါ်ခြင်း ရှိမည်။

http://www.dhammadownload.com



အဝိဇ္ဇာနှင့် တဏှာသည် ဘာတွေလုပ်သလဲဟုပြန်၍ စိစစ်ရန်လိုပေသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း အဝိဇ္ဇာသည် သစ္စာလေးပါးမသိခြင်း၊ တဏှာသည် ရောက်ရာ၌ ခင်တွယ်ခြင်းပင် ဖြစ်သည်။ ဤမျှသာမကသေး။ အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်စေပြန်၍ တဏှာဥပါဒါန်ကိုဖြစ်စေပြန်သည်။ တစ်ဖန်သင်္ခါရ သည် "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ"ဟူသော ပစ္စုပ္ပန် အကျိုးငါးပါးဖြစ်သည့် ခန္ဓာငါးပါးကို ဖြစ်စေပြန်၏။ သစ္စာအားဖြင့် ဒုက္ခသစ္စာကို ဖြစ်စေပြန်သည်။ ဝဋ်အားဖြင့် ဝိပါကဝဋ်ကို ဖြစ်စေပြန်သည်။

ပုံစံကိုပြန်ကြည့်ပါ။ "အဝိဇ္ဇာသင်္ခါရ တဏှာဥပါဒါန် ဘဝ" ဟူ၍ အတိတ်အကြောင်း အခြင်းအရာငါးပါးဟု (၁) အကွက်၌ တွေ့ရှိပါလိမ့်မည်။ တစ်ဖန်(၂)အကွက်ထဲမှာ ပစ္စုပ္ပန်အကျိုးဟူ၍ ခန္ဓာငါးပါး သို့မဟုတ် "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ဝေဒနာဟူ၍ပေါက်ပွားပြန်ရာ (၁)အကွက် အကြောင်းတရားကြောင့် (၂)အကွက်အကျိုးတရား ပေါက်ဖွား ပေါ်ပေါက်ခြင်းဖြစ်သည်၊ (၂)အကွက်အကျိုးတရားသည် အခြား မဟုတ်၊ မိမိခန္ဓာငါးပါးပင် ဖြစ်သည်ဟူ၍ မှတ်ကြပါကုန်။

ယင်းပစ္စုပ္ပန်အကျိုးငါးပါးထဲမှ တစ်ဖန် ဘာတွေ ပေါက်ပွားပြန်သလဲဟု စိစစ်ခဲ့သော် အနာဂတ် အကြောင်းတရားငါးပါး ဟုဆိုသော "တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ" ဆိုသော အခြင်းအရာငါးပါး ပေါက်ပွား ပြန်သည်။ သစ္စာဖွဲ့ ပါလျှင် အကြောင်းဖြစ်၍ သမုဒယသစ္စာ ဖြစ်ပါသည်။

http://www.dhammadownload.com



ယင်းအနာဂတ်အကြောင်းအခြင်းအရာငါးပါးမှ တစ်ဖန် ဘာတွေများပေါက်ပွားပြန်သလဲဟု ပြန်၍စိစစ်ပြန်သော် -- အနာဂတ်အကျိုးအခြင်းအရာငါးပါးကိုရပြန်သည်။ ယင်းကို သစ္စာဖွဲ့ပါက ဒုက္ခသစ္စာသာဖြစ်သည်၊ ထို့ကြောင့် အတိတ် အကြောင်းအခြင်းအရာငါးပါးမှ ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါး ပေါက်ပွားပြန်သည်။ ယင်းပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးမှ တစ်ဖန် အနာဂတ်အကြောင်းအခြင်းအရာ ငါးပါး ပေါက်ပွားသည်။ ယင်းအနာဂတ် အကြောင်းအခြင်းအရာ ငါးပါးမှအနာဂတ်အကျိုးအခြင်းအရာ ငါးပါးပေါက်ပွားပြန်သည်။ ဤသို့အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးဖြင့် လှည့်၍သာ ဖြစ်နေသည်။ သစ္စာအားဖြင့် သမုဒယသစ္စာမှ ဒုက္ခ သစ္စာ ပေါက်ပွားသည်။ ဒုက္ခသစ္စာမှတစ်ဖန် သမုဒယသစ္စာပေါက်ပွား ပြန်၏။

ထို့ကြောင့် သမုဒယနှင့် ဒုက္ခသာလှည့်နေသည်။ သမုဒယ-ဒုက္ခ၊ သမုဒယ-ဒုက္ခဟု အဝိုင်းပြေးပဲလှည့်၍နေ၏။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် တစ်ဖန်အတိတ် ပစ္စုပ္ပန်အနာဂတ် ဤကာလသုံးပါးသာ လှည့်၍နေသည်။

အဝိဇ္ဇာအကြောင်းခံကြောင့် မသိ၍ပြုလုပ်သည်။ ပြုလုပ်၍ ခန္ဓာငါးပါးမှ ဒုက္ခသစ္စာရသည်။ တစ်ဖန် မသိသော အဝိဇ္ဇာဦးစီး ပြီး တဏှာကခိုင်းပြန်သောကြောင့် ဘုံဘဝ ရောက်ရာရောက် ကြောင်း အလုပ်တွေလုပ်ပြန်သည်၊ သားရေး သမီးရေး စီးပွားရေး အတွက် အပါယ်ရောက်ကြောင်း အလုပ်တွေကိုလည်း လုပ်ပြန် သည်။

http://www.dhammadownload.com



တစ်နည်းအားဖြင့်ဆိုသော် မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုသဖြင့် ရရှိတယ်။ ရရှိတယ်ဆိုတာက မည်သည့်ဟာကိုရရှိပါသလဲဟု ဆိုလျှင် ဇာတိကို ရရှိသည်။ ဇာတိရရှိသည်ဆိုကတည်းက အဝိဇ္ဇာ တဏှာ ဦးစီးပြန်သည်။ (၁)အကွက်က(၂)အကွက် ဆက်စပ်ပြန်သည်။ တစ်ဖန် (၂)အကွက်က(၃)အကွက်ဆက်စပ်ပြန်သည်။(၃)အကွက်က (၄)အကွက်ပေါက်ပွားပြန်သည်။ ဤကဲ့သို့သာ ဆက်သွားသည်။ ဤသို့ဆက်သွားသဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းတစ်ပတ်ပြည့်ပြီး နောက်တစ်ပတ် ပြန်ပတ်ပြန်သည်။ ဤသို့သာ တစ်သံသရာလုံး စက်ဝိုင်းပြေးနှင့်သာ နေခဲ့ရသည်။ ထွက်လမ်းကို မမြင်ခဲ့ကြချေ။ အကယ်၍သာ မြင်လို့ရှိခဲ့လျှင် ဒီအခြေအနေရောက်မည်မဟုတ်ဟု ဆုံးဖြတ်သိသာနိုင်သည်။

ယခုစာဖတ်ပရိသတ်များသည် မည်သည့် အကွက်ထဲ၌ ရှိသနည်းဟု မေးခဲ့သော် (၂)အကွက်ထဲမှာရှိပါသည်ဟု ဖြေဆိုရမည်ပင်ဖြစ်ပါသည်။

ယင်း(၂)ကွက်ထဲမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာခန္ဓာဖွဲ့သော် ခန္ဓာငါးပါးဖြစ်၍ ထိုခန္ဓာငါးပါးသည် ဒုက္ခသစ္စာ ခန္ဓာငါးပါးဖြစ်သည်။ (၁)အကွက်ပြန်ကြည့်ပါ။ အတိတ်အကြောင်းအခြင်းအရာငါးပါးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ အစရှိသော အကြောင်းခံကြောင့် (၂)အကွက်၌ ရှိသော ခန္ဓာငါးပါးကိုရရှိသည်။ ထို့ကြောင့် (၁)အကွက်သည် အကြောင်းသစ္စာဖြစ်၏။ (၂)ကွက်သည် အကျိုးဒုက္ခသစ္စာ

http://www.dhammadownload.com



ဖြစ်သည်။ ဒါကြောင့် သမုဒယနှင့် ဒုက္ခသစ္စာနှစ်ပါးသာလှည့်နေသည်၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကွယ်နေသည်၊ တစ်သံသရာလုံး ဆရာကောင်း၊ သမားကောင်း လမ်းညွှန်ကောင်း၊ မိတ်ဆွေကောင်းနှင့် မတွေ့ခဲ့ရသောကြောင့် ထိုသစ္စာနှစ်ပါး တို့သည် မိမိသန္တာန်၌ ကွယ်နေသည်။

ယခုသစ္စာသိသောအချိန်မှာဆရာကောင်း၊ သမားကောင်း၊ လမ်းညွှန်ကောင်းတည်းဟူသော ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော်များကို ဖတ်ကြားတွေ့မြင်ရသော အချိန်အခါမျိုး၌ မဂ္ဂနှင့် နိရောဓသစ္စာနှစ်ပါးကို ဖြင့် မိမိသန္တာန်၌ရအောင် လုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

မဂ္ဂင်နှင့် နိရောဓသစ္စာနှစ်ပါးကို မိမိသန္တာန်၌ရရှိအောင် မဂ္ဂပြဟ္မစရိယအလုပ် (ဝါ) မဂ္ဂင်အလုပ် (ဝါ) ဝိပဿနာအလုပ် (ဝါ) ပဋိစ္စသမုပ္ပါဒ် စက်အကန့်တွေဖြတ်တဲ့အလုပ်ကို လုပ်မိရန် အရေးကြီးပါသည်။ ယင်းစက်အကန့်တွေ ဖြတ်တဲ့နည်းကို နောက်ပိုင်း၌ ဆက်၍ဖတ်ရှုကြပါကုန်။

ဤအပိုင်း(၉)ကို နားမလည်မချင်း ထပ်တလဲလဲပုံစံကို ကြည့်၍ဖတ်ရှုလေ့လာတော်မူကြပါကုန်၊ ယောဂီအပေါင်းသူတော်ကောင်းတို့ ---။

--- ---

http://www.dhammadownload.com

# အပိုင်း (၁၀)
## ပဋိစ္စသမုပ္ပါဒ် အကန့်ချိုး၍ ဒေါက်ဖြုတ်ပြီး ပုံတောင်း (ပဒေါင်း)ဝင်ရိုးချိုးအကွပ်ကို ဖြုတ်နည်းများ

အထက်ပါပုံစံ (၂)ကိုကြည့်ပါ။ ဝင်ရိုး၊ပဒေါင်း၊ ဒေါက် အကွပ်ဟူ၍ပြထားသည်။

လှည်းဘီးကိုမြင်ဖူးကြပါလိမ့်မည်။ အဝိဇ္ဇာ တဏှာသည် ပဒေါင်း၊ ထိုပဒေါင်းပေါ်က ဒေါက်တွေရှိသည်။ ဒေါက်တွေ ပေါ်က အကွပ်ဟူ၍မြင်ရပါလိမ့်မည်။ အလည် တည့်တည့်မှာ ဝင်ရိုးပေါက်ဖြစ်သည်။

ဒေါက်ဆိုသည်မှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရ ဒေါက်တွေဖြစ်သည်၊ ပဒေါင်းဆိုသည်မှာ အဝိဇ္ဇာ၊ တဏှာဖြစ်သည်။ အကွပ်ဆိုသည်မှာ ဇရာ၊ မရဏ အကွပ်ဖြစ်သည်။

အဝိဇ္ဇာ၊ တဏှာသည် ပဒေါင်းဖြစ်သည်။ ထိုအပေါ်၌ ဒေါက်လေးခုထပ်ပြီးလျှင် ခိုင်မြဲစေခြင်းငှာ အပေါ်က အကွပ် ကွပ်ပေးရသည်။ သံပတ်ခွေဖြင့် ချုပ်ပေးရသည်။ ထိုသို့အကွပ် ပါမှ ဒေါက်တွေပြုတ်မည်ကို မစိုးရိမ်ရဘဲ ခိုင်မြဲတည်တံ့ မည် ဖြစ်သည်။ ထို့ကြောင့် ဝင်ရိုး၊ ပဒေါင်း၊ ဘီးပေါ်ကအကွပ် ဆိုသဖြင့် အင်္ဂါငါးပါးပြည့်စုံသွားပြီ။

http://www.dhammadownload.com



ဝင့်တောင့်တပြီး သို့မဟုတ် နတ်ပြည် လူ့ပြည် ဆိုတဲ့ ဘုံဘဝတောင့်တပြီး ပြုလုပ်သော ပုညာဘိသင်္ခါရသည် ဒေါက်တစ်ခု၊ သားရေး၊ သမီးရေး၊ စီးပွားရေး စသည်ကြောင့် ပြုလုပ်သော အကုသိုလ်မှု အပုညာဘိသင်္ခါရသည် ဒေါက်တစ်ခု၊ ရူပဘုံရောက်ကြောင်း ပြုလုပ်သော အာနေဉ္ဇာဘိသင်္ခါရသည် ဒေါက်တစ်ခု၊ အရူပဘုံရောက်ကြောင်း ပြုလုပ်သော သမထအလုပ် အာနေဉ္ဇာဘိသင်္ခါရ ဒေါက်တစ်ခု၊ ပုညာဘိသင်္ခါရပြုသည်ဖြစ်စေ၊ အပုညာဘိသင်္ခါရပြုသည်ဖြစ်စေ၊ အာနေဉ္ဇာဘိသင်္ခါရပြုသည်ဖြစ်စေ၊ ဗြဟ္မာပြည်ရောက်ကြောင်း သမထတွေအားထုတ်သည်ဖြစ်စေ အကွပ်ဟုဆိုအပ်သော ဇရာ၊ မရဏာ၌သာလမ်းဆုံးရသည်။ ဇရာ၊ မရဏာနယ်ထဲ၌သာ လမ်းဆုံးရသည်။ (ဝါ) သင်္ခတနယ်ထဲ၌သာ လမ်းဆုံးရမည်၊ (ဝါ) သုံးဆယ့်တစ်ဘုံအတွင်း၌သာ လမ်းဆုံးရမည်။

ရူပဘုံရောက်ပြန်ပါလျှင်လည်း ဇရာ၊ မရဏာသာလမ်းဆုံးရမည်ဖြစ်သည်။ အရူပဘုံရောက်ပြန်ပါလျှင်လည်း အိုမှု၊ သေမှုမှ မလွတ်နိုင်၊ သင်္ခါရနယ်ပယ်အတွင်းမှာ မည်သည့် အလုပ်ကိုလုပ် လုပ် လုပ်လေသမျှသည် ဇရာ၊ မရဏာအပြင်ဘက်ထွက်လမ်းမရှိချေ။ ဇရာ၊ မရဏာမှာသာလမ်းဆုံး၍ အပါယ်ဘုံ၌ဖြစ်ပြန်ပါကလည်း အိုမှု၊ နာမှုတည်းဟူသော နယ်ပယ်အတွင်း၌သာ တဝဲလည်လည် ဖြစ်ချေမည်။ ဘုံဘဝဆုတောင်းပြီး လုပ်တဲ့ကုသိုလ်ဆိုလျှင် မည်သည့် ကုသိုလ်ဖြစ်ဖြစ် ဇရာ၊ မရဏာဆိုတဲ့အိုမှု၊ သေမှု၌သာ အခွန်ဆက်ရမည်ဖြစ်၏။ ထိုအပြင်ဘက်သို့ မထွက်နိုင်၊

http://www.dhammadownload.com



ယင်းကသာ ချုပ်ထားသဖြင့် ထွက်ပေါက်မရှိတော့ချေ။

ဘုံဘဝတောင့်တပြီး လျှုတ့်ကုသိုလ်သည် ကုသိုလ်ပင်ဖြစ်ငြားသော်လည်း ဇရာ၊ မရဏာ၌သာ လမ်းဆုံးရသည်။ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် မလွဲသာ၍ပြောရတဲ့ ဝစီကံ၊ အကုသိုလ်ဖြစ်သော မုသားအစရှိသော ဝစီဒုစရိုက် အဒိန္နာဒါန အစရှိသော ကာယဒုစရိုက်၊ ဣဿာ၊ မစ္ဆရိယ အစရှိသော မနောဒုစရိုက်တွေကိုလည်း ပြုရသည်။ ထိုသို့ပြုလုပ်ခြင်းသည် အပုညာဘိသင်္ခါရ ဒေါက်တွေဖြစ်သည်။

ဆရာမှား၍သော်လည်းကောင်း၊ အပေါင်းအသင်းမှား၍သော်လည်းကောင်း၊ အဘိညာဉ်လမ်း ဈာန်လမ်းလိုက်ပြီး သမထအားထုတ်၍ စုတိသောအခါ ဗြဟ္မာ့ဘုံရောက်ခြင်းအကြောင်းဟုဆိုအပ်သော အနေဉ္ဇာဘိသင်္ခါရ အမှုတွေသည် ဒေါက်တွေဖြစ်သည်။

ရုပ်သည်ပင်လျှင် ဒုက္ခဖြစ်တာပဲ။ ရုပ်ကြောင့်သာလျှင် ဒုက္ခ အကြောင်းခံပဲ ဟူ၍ ရုပ်ကိုရွံမုန်းပြီး အရူပဘုံရောက်ကြောင်း သမထတွေ အားထုတ်ပြန်သည်။ ဤသည်ပင်ဒေါက်ဟူ၍ဆိုလိုခြင်းဖြစ်သည်။

ထိုဒေါက်ကြီးလေးခုသည် ပဒေါင်းပေါ်၌ တပ်ပေးရသည်၊ ပုံစံ(၂)ကိုကြည့်ပါ။ ထိုပဒေါင်းထဲမှာ ဝင်ရိုး တစ်ဖန် တပ်ရပါဦးမည်။ ပဒေါင်းဝင်ရိုး တပ်မှသာလျှင် ဤဘီးဟုဆိုအပ်သော ပဋိစ္စသမုပ္ပာဒ် စက်ကြီးက လှည့်လည်နိုင်ပါမည်။

ထိုဒေါက်လေးမျိုးကို ဇရာ၊ မရဏ အကွပ်ကြီးကသာ

http://www.dhammadownload.com



အုပ်ချုပ်ထားရာ ပုညာဘိသင်္ခါရတွေ ပြုလုပ်သည်ဖြစ်စေ၊ အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ်တွေ ပြုလုပ်သည်ဖြစ်စေ၊ ရူပဘုံရောက်တဲ့ သမထတွေပြုလုပ်သည်ဖြစ်စေ၊ အရူပဘုံကို ရောက်တဲ့အလုပ်တွေလုပ်သည်ဖြစ်စေ အိုဘေး၊ နာဘေး၊ သေဘေးက မလွတ်နိုင်တော့ချေ။ ထိုဇာတိ၊ ဇရာ၊ မရဏ အပြင်ဘက်ကို ထွက်လို့ မရနိုင်ချေ။

ပုံစံ (၂)ကိုကြည့်ပါ။ ဤဘီးကြီးကို အာသဝဆိုတဲ့ ဝင်ရိုးတပ်ကြပါစို့။ "အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော"ဟုဟောတော်မူသည့်အတိုင်း အာသဝ ဝင်ရိုးဆိုသည်မှာ ပဒေါင်း၌ စွပ်ရမည်။ ထိုပဒေါင်းပေါ်မှာ ဒေါက်လေးခုထပ်ရသည်၊ ထိုဒေါက်လေးခုပေါ်က တစ်ဖန် အကွပ်နှင့် ချုပ်ထားရပြန်သည်။ ပဒေါင်းထဲမှာ အာသဝ ဝင်ရိုးတပ်၍ပြီးပြီ။ လှည့်ရန်လို ပါသေးသည်။ လှည့်သောအခါ၌ ဒေါက်တွေသည် အထက်သို့ ရောက်သောအခါ ရောက်သည်။ အောက်သို့ရောက်သောအခါ၌လည်း ရောက်သည်၊ တစ်ဖက်သောဘေးသို့ ရောက်သောအခါ ၌လည်းရောက်သည်၊ တစ်ဖက်သောဘေးသို့ရောက်သည်ဖြစ်စေ၊ အထက်သို့ရောက်သည်ဖြစ်စေ၊ အောက်သို့ရောက်သည်ဖြစ်စေ၊ မည်သည့်ဘက်သို့ရောက်ရောက် ဇရာ၊ မရဏ ပြင်ဘက်သို့ ထွက်နိုင်ပါရဲ့လားဟု မေးပါက မထွက်နိုင်ပါ ဟူ၍ပင် ဖြေဆိုရ လိမ့်မည်။

ဆိုလိုသည်မှာ ဗြဟ္မာဘုံရောက်သည်ဖြစ်စေ၊ လူ့ပြည်ရောက်သည်ဖြစ်စေ၊ နတ်ပြည်ရောက်သည်ဖြစ်စေ၊ အပါယ်ငရဲစသော ဘုံမှာကျရောက်သည်ဖြစ်စေ၊ ဇရာ မရဏ အကွပ်

http://www.dhammadownload.com



အတွင်းမှ မထွက်နိုင်ဟူ၍သာ မှတ်ရချေသည်။ တစ်သံသရာလုံး ဤကဲ့သို့ချည်းပင် နေခဲ့သည်။ အိုပွဲ၊ နာပွဲ၊ သေပွဲသာ အကြိမ်ကြိမ် နွှဲခဲ့ရသည်။

ဤဘီးကြီးသည် အထက်ရောက်သည်ဖြစ်စေ၊ အောက်ရောက်သည်ဖြစ်စေ၊ အရှေ့ရောက်သည်ဖြစ်စေ၊ အနောက်ဘက်ရောက်သည်ဖြစ်စေ ဘယ်သောအခါ ကာလမှ အန္တရာယ်ကင်းပြီးနေခဲ့ရသည်ဟူ၍မရှိ၊ အိုပွဲ၊ နာပွဲ၊ သေပွဲ မနွှဲရသည်ဟူ၍လည်းမရှိ။ လူ့ပြည် နတ်ပြည်ရောက်သည်ဖြစ်စေ၊ ဗြဟ္မာပြည်ရောက်သည်ဖြစ်စေ အိုပွဲ၊ သေပွဲ၊ ငရဲပြည် ရောက်သည်ဖြစ်စေ အိုပွဲ၊ သေပွဲဆိုသည့် ဇရာ၊ မရဏ လက်တွင်းက ကင်းလွတ်ခဲ့ရသည်ဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိခဲ့ချေ။

ဤဘီးကြီးသည် အမြဲမပြတ်လှည့်လျက်သာရှိသည်။ ရပ်နားသည်ဟူ၍မရှိ။ လည်တိုင်း-လည်တိုင်း ခန္ဓာငါးပါးကိုဆွဲငင်ပြီးသကာလ ယူဆောင်သွားခဲ့သည်။

ထို့ကြောင့် ခန္ဓာငါးပါးသည် အထက်ဗြဟ္မာဘုံရောက်သည်ဖြစ်စေ၊ အိုပွဲ၊ သေပွဲနှင့်သာနွှဲရ၏။ နတ်ပြည်ရောက်သည်ဖြစ်စေကာမူ အိုပွဲ၊ သေပွဲနှင့်သာ နတ်ခန္ဓာနွှဲရ၏။ လူ့ပြည်ရောက်၍ လူ့ခန္ဓာရပါကလည်း အိုပွဲ၊ သေပွဲနဲ့သာ နွှဲခဲ့ရသည်ချည်းပင်ဖြစ်သည်။ အကွပ်အခွေဟူသော ဇရာ၊ မရဏ နယ်အပြင်ဘက်သို့ ထွက်ခွင့်မပြု၊ ထွက်ခွင့်မကြုံခဲ့ချေ။ ဤအတိုင်းသံသရာတစ်လျှောက်လုံးထွက်ခွင့်မရဘဲ တဝဲလည်လည်အထက်ကိုရောက်လိုက်၊ အောက်ကိုရောက်လိုက်၊ ဘေးရောက်

http://www.dhammadownload.com



လိုက်နှင့် လာခဲ့ကြသည်မှာ ကျွတ်ခွင့်လွတ်ခွင့်ဟူ၍ လုံးဝမမြင်ခဲ့ကြချေ။

တစ်ဖန် သစ္စာနယ်ပယ်အတွင်းက ကြည့်ကြပါစို့ အဝိဇ္ဇာနှင့် တဏှာသည် ခန္ဓာကိုဖြစ်စေသောလက်သည်ဖြစ်သည်၊ ဒုက္ခသစ္စာအမှန်တရားဖြစ်သည်။ ဒုက္ခသစ္စာခန္ဓာငါးပါးကို ဖြစ်စေသောကြောင့် အဝိဇ္ဇာနှင့် တဏှာသည် သမုဒယသစ္စာ၊ ယင်းအဝိဇ္ဇာနှင့် တဏှာကြောင့် ခန္ဓာငါးပါးရရှိသည်။ ထို့ကြောင့် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်သည်။ သမုဒယကြောင့် ဒုက္ခဖြစ်ရ၏။ သမုဒယနှင့် ဒုက္ခသာ တစ်သံသရာလုံး အဖော်လုပ်ခဲ့ရ၏။ မဂ္ဂနှင့် နိရောဓဆို၍ မတွေ့မကြုံဘဲ အလွဲကြီးလွဲခဲ့ရ၏။

ထို့ကြောင့် သမုဒယ ဒုက္ခ၊ သမုဒယ ဒုက္ခ၊ သမုဒယ ဒုက္ခနယ်ထဲကပင် မထွက်နိုင်ဘဲ ရှိခဲ့ချေသည်။ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာဆိုသည့် သစ္စာနှစ်ပါးကို သပိတ်မှောက်လာခဲ့ကြသည်။ ထို့ကြောင့် သံသရာရှည်မျောခဲ့ရသည်။ သံသရာ ရှည်မျောခဲ့ရသည်ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ်လည်သော အလုပ်ရှည်ခြင်း (ဝါ) ဒုက္ခတန်းရှည်ခြင်းပင်ဖြစ်သည်။

တစ်ဖန် စက်ဝိုင်းပုံစံ (၁)ကိုပြန်ကြည့်ကြပါဦးစို့--။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ်ဖြစ်သည်။ ထိုကိလေသာဝဋ်တွေကို ကြိုးစားပြန်သည်၊ ထိုကိလေသဝဋ်ထဲမှ တစ်ဖန် သင်္ခါရနှင့် ကမ္မဘဝတွေကို အားထုတ်ပြန်သည်။ ထို့ကြောင့် ကမ္မဘဝကို ရပြန်သည်။ နောက်တစ်ခါ ကမ္မဝဋ်ထဲမှ ခန္ဓာငါးပါးဆိုတဲ့ ဝိပါကဝဋ်တွေ ပေါက်ပွားပြန်သည်။ ဤ

http://www.dhammadownload.com



ကဲ့သို့ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ပြန်သည် ဟူ၍သာ ဝဋ်သုံးပါးတို့ မရပ်မနား တရစပ် လှည့်လည်နေခြင်းကိုဖြစ်စေ တော့၏။

ဝဋ်သုံးပါးလှည့်လည်၍ဖြစ်နေခြင်းဆိုသည်မှာ ကိလေသ ဝဋ်မှကမ္မဝဋ် ကမ္မဝဋ်မှ ဝိပါကဝဋ် ဟူသောအစဉ်မပြတ် လှည့်ကာ၊ လှည့်ကာနေတော့သည်။ ဝဋ်မှ ထွက်မြောက်ကြောင်းကား မရှိချေ။

တစ်နည်းအားဖြင့်ဆိုသော် သေကြောင်းကြံ၍ သေသည် တွေကိုရသည်။ သေကြောင်းနှင့် သေသည် တွေလှည့်နေသည်။ ဤသို့ဆိုသည်မှာ အပြော ဆိုးသလောက် အဖြစ်မှန်သည်။ စဉ်းစားကြည့်ပါ ယောဂီတို့။ သစ္စာနယ်မှ ကြည့်လိုက်ပြန်သော် သမုဒယနှင့် ဒုက္ခသာ လှည့်လည်နေတော့သည်။

ပုံစံကိုကြည့်ပါ။ သမုဒယကြောင့် ဒုက္ခသာလှည့် လည် လျက်ရှိသည်။ ကာလအားဖြင့် ဝေဖန်ခဲ့သော် အတိတ်ဘဝမှာ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ဘဝမှ အနာဂတ်ဘဝသို့သာ ကာလသုံးပါး လှည့် ပြီးနေတော့သည်။ ကရွတ်ကွင်းကင်းလျှောက်ဆိုတာ ဤသို့ အဝိုင်း ပြေးနေခြင်းကို ဆိုခြင်းဖြစ်သည်။ အဝိုင်းပြေးဟုတ်,မဟုတ်ကို မိမိတို့ ခန္ဓာကိုဉာဏ်နှင့် ဝေဖန် စဉ်းစားကြည့်ပါကုန်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ပြတ်မှ ဝဋ်ကျွတ်မည်။ ပဋိစ္စ သမုပ္ပါဒ်ဆက်သမျှ ဒုက္ခဆက်မည်။ ပဋိစ္စသမုပ္ပါဒ်အတိုင်းသွား ခဲ့သော် သံသရာရှည်၍ဒုက္ခရှည်မည်။ သံသရာမရှည်စေလိုက ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းကိုရှာရမည်။ ဝဋ်သုံးပါးမှ ကျွတ်လမ်း

http://www.dhammadownload.com



ထွက်လမ်းကိုရှာရမည်ဖြစ်သည်။ သမုဒယနှင့် ဒုက္ခကို ခြေကန်ရပါလိမ့်မည်၊ သမုဒယနှင့် ဒုက္ခကိုခြေကန်ပြီး ထွက်မြောက်ရာ ထွက်မြောက်ကြောင်း လမ်းကိုလိုက်ရန် ကြိုးစား စိတ်ကူးတော်မူကြပါကုန်။

ယခုဘဝမှာ အသိဉာဏ်ထိုက်တန်သလောက် ရရှိလာ၍အခွင့်ကောင်းအခါကောင်းရသည့်အခါ ဝင်ရိုးကိုသော်လည်းကောင်း၊ ပဒေါင်းကိုသော်လည်းကောင်း ချိုးပါမှ၊ ဒေါက်တွေကိုသော်လည်းကောင်းဖြုတ်ပါမှ၊ ဇရာ၊ မရဏ တည်းဟူသောအကွပ်ကြီးကိုသော်လည်းကောင်း ရိုက်ချိုးနိုင်မှသာ ဇရာ၊ မရဏလက်တွင်းမှ လွတ်ကင်းနိုင်မည်ဖြစ်ရာ ထွက်ပေါက်မရှိ၍ ရှာလိုသောစိတ်ကိုဖြင့် ယနေ့ကစ၍ သန်သန်ထွားထွားကြီး မွေးမြူတော်မူကြပါကုန်။

ထွက်ပေါက်ကို အလိုရှိပါက မင်္ဂဖိုရ ရပါလို၏- ဟုဆုတောင်းနေရုံနှင့်ရမည်မဟုတ်။ မဂ္ဂင်အလုပ်(ဝါ)ဝိပဿနာအလုပ်လုပ်မှသာ၊ အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်အောင် လုပ်မှသာ-(ဝါ) ဝိဇ္ဇာဉဒပါဒိ ဖြစ်အောင်၊ တဏှာမှအလောဘ ဖြစ်အောင်လုပ်ကြမှသာ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ရပါလိမ့်မည်။

နောက်အပိုင်းတွေတွင် ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဆက်လက် ဖတ်ရှုလေ့လာကြပါကုန်။

---❀---

http://www.dhammadownload.com

# အပိုင်း (၁၁)
## ပဋိစ္စသမုပ္ပါဒ်အတိုင်းသွားလျှင် အကန်းလမ်းသွားသည်နှင့် တူပုံ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး ဥပမာပေးပုံ

သစ္စာလေးပါးမသိမှုသည် အဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာဖုံးလွှမ်းခြင်းကြောင့် သစ္စာမသိတဲ့သူကိုပုထုဇဉ်ဟု ခေါ်သည်။

ထိုပုထုဇဉ်မှာလည်း ကလျာဏပုထုဇဉ်၊ အန္ဓပုထုဇဉ်ဟူ၍ ပုထုဇဉ်နှစ်မျိုးရှိရာ သစ္စာမသိသူသည် အန္ဓပုထုဇဉ် (ဝါ) ပုထုဇဉ်ကန်းမည်၏။ ပုထုဇဉ်အကန်းတို့သဘောမှာ အငြိမ်မနေတတ်သောသဘောရှိကြသည်။ ဟိုဟိုသည်သည် လမ်းသွားချင်သည်၊ လမ်းလျှောက်ချင်သည်။

သစ္စာမသိ၊ အမှောင်ထဲလည်းရောက်၊ ချောက်ထဲ၊ ကျင်းထဲလည်း ကျရောက်ပေမည်။ မျက်စိကလည်း အလင်းမရ။ လမ်းကလည်း သွားချင်ပြန်ပါသည်။

ထို့ကြောင့် ပုထုဇဉ်အကန်းသည် နောင်ဘဝ ကောင်းစားလို၍ဟု လူချမ်းသာ၊ နတ်ချမ်းသာဖြစ်စေလိုတဲ့ညာခြေတည်းဟူသော (လက်ယာခြေ) ပုညာဘိသင်္ခါရအမှုကိုလည်း ပြု၍ လမ်းသွားသည်၊ (ဆိုလိုသည်မှာ ဘုံဘဝဆုတောင်းပြီး ဘဝကောင်းစားရေး၊ နောင်ဘဝ ကောင်းစားရေး ရအောင်တောင့်တ၍ ပုညာဘိသင်္ခါရကို ပြု၍ လူချမ်းသာ နတ်ချမ်းသာ

http://www.dhammadownload.com



ဖြစ်ရပါလို၏ဟု ဆုတောင်းသည်။)

ဘယ်ခြေတည်းဟူသော သားရေး၊ သမီးရေး၊ စီးပွားရေး အတွက် ပစ္စည်းဉစ္စာရှာဖွေပြီးသကာလ အကုသိုလ် အမှုတွေ ပြုသည်။ ပုညာဘိသင်္ခါရ အမှုတွေကို ကြိုးစားပြန်သည်။ (ဆိုလိုသည်မှာ ဘယ်ခြေနှင့် လမ်းသွားရသည်ဟု ဆိုသည်)။

ဘာကြောင့် ဤကဲ့သို့ အမှုမျိုးတွေကိုပြုရသနည်း ဆိုသော် သစ္စာမသိမှု အဝိဇ္ဇာကြောင့် ပြုချင်ရာပြုတဲ့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း ဖြစ်သည်။

ဤကဲ့သို့ပြုလုပ်အားထုတ်ခြင်းကို ဘယ်ခြေညာခြေလှမ်း ပြီးမျက်စိကန်းလမ်းလျှောက်သည်ဟုဆိုချင်သည်။ (မျက်စိကန်း တာသည် အဝိဇ္ဇာ၊ လမ်းသွားတာသည် သစ္စာမသိခြင်း၊ ကုသိုလ် အကုသိုလ် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရအမှုတွေပြုခြင်း သည် ဘယ်ခြေညာခြေနဲ့လှမ်း၍သွားခြင်းဟု ဆိုသည်)။

ဤခန္ဓာဝန်ဒုက္ခသစ္စာကြီးကိုရွံခြင်း၊ မုန်းခြင်းငြီးငွေ့ခြင်း ဖြစ်၍ ဤခန္ဓာဝန်ဒုက္ခသစ္စာကြီးမှ လွတ်ရပါလို၏ဟု ကုသိုလ် ကောင်းမှုတွေပြုလုပ်ခြင်းသည် သစ္စာသိပြီး လှူဒါန်းပေးကမ်း ခြင်းဖြစ်ရာ ဝိဝဋ္ဋကုသိုလ်ဖြစ်သဖြင့် အဖြူအမည်း မရောတဲ့ ကုသိုလ်(ဝါ) ကံဖြတ်တဲ့ အလုပ်ဖြစ်သည်။

ဤနေရာ၌အချို့ကို စောဒကဝင်လိုသူများက သံသရာ ကြီးကရှည်ကရှည်သနဲ့ နိဗ္ဗာန်မရခင်စပ်ကြား ဆင်းရဲနေလျှင် အခက်ပဲ၊ ဒါကြောင့် ဘာလှူလှူလူချမ်းသာ၊ နတ်ချမ်းသာရရပါလို

http://www.dhammadownload.com



၏ဆိုတဲ့ဆုကလေးဖြင့် တောင်းဦးမှပဲဆိုတဲ့ လူတွေလည်းဘိုး၊ ဘီ၊ ဘောင်၊ ဘင်လက်ထက်ကစပြီး မိရိုးဖလာအတိုင်းအရိုးစွဲပြီး လာခဲ့ကြရာ အထက်တန်းကျသော အယူအဆဆိုလျှင် လက်ခံသင့်၍ အောက်တန်းကျလျှင် ပယ်ကြရှောင်ကြသင့်ပေသည်။

လက်ခံထိုက်၊ ပယ်ထိုက်ဆိုခြင်းကို အောက်ပါအတိုင်း စိစစ်သင့်ကြပေသည်။

လှူမှု၊ ပေးမှုသည် ဒါနကုသိုလ်ဖြစ်သည်။ နတ်စည်းစိမ်၊ လူ့စည်းစိမ်ရရပါလို၏ ဆိုခြင်းသည် တဏှာ ဦးစီးသည်။ ထို့ကြောင့် ရောပြွမ်းသောကံဖြစ်နေသည်။ လှူတာတန်းတာက အဖြူကံ၊ လူ့စည်းစိမ်နတ်စည်းစိမ်တောင့်တတာက တဏှာဆိုသောကြောင့် အကုသိုလ်ဖြစ်၍ အမည်းကံဖြစ်သည်။ ထို့ကြောင့် အမည်းအဖြူ ရောသောကံဖြစ်သည်ဟု ဆိုရမည်။

အကျိုးပေးကိုပြရလျှင် အဖြူအမည်း ရောသောကံသည် နဂါးမင်းကြီး၊ မင်္ဂလာဆင်ဖြူတော် စသော အကျိုးမျိုးကိုပေးနိုင်သည်။ ထို့ကြောင့် အမည်းအဖြူရောသောကံကိုလုပ်ကောင်း၊ မလုပ်ကောင်း မိမိတို့ကိုယ်ပိုင်ဉာဏ်နှင့် ဝေဖန်ကြရာသည်။

မျက်စိကန်းလမ်းသွားသည်ကို ဆက်ကြပါဦးစို့။ မျက်စိစုံလုံးကန်းသည် အဝိဇ္ဇာ၊ ဘယ်ခြေညာခြေလှမ်း၍ သွားခြင်းသည် ပုညာဘိသင်္ခါရနှင့် အပုညာဘိသင်္ခါရဖြစ်သဖြင့် ညာခြေဆိုတာနှင့် လှမ်းလျှင် လူ့ခန္ဓာ၊ နတ်ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာပင်ရသည်။ ဘယ်ခြေဆိုတာနှင့်လှမ်းသည် ဆိုရာ၌လည်း ဒုဂ္ဂတိရောက်ကြောင်း အမှုတွေကို ကြိုးပမ်းအားထုတ်သည်။ အပါယ်ဇာတိ၊ အပါယ်အကျိုး

http://www.dhammadownload.com



ပင် ပေးသည်။

ထို့ကြောင့် စုံလုံးကန်းလမ်းသွားခြင်းသည် သွားမိသွားရာ ရောက်မိရောက်ရာကိုသွားသည်။ ပြုမိပြုရာကိုပြုသည်။ ပြုမိပြုရာပြုခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အတိုင်း သင်္ခါရ ပစ္စယာ ဝိညာဏံဖြစ်သည်။

ဝိညာဏံဆိုသည်မှာ ပဋိသန္ဓေဝိညာဏ် ဖြစ်သဖြင့် စုံလုံးကန်းလမ်းသွားသည်။ လမ်းသွားသဖြင့် ချော်လဲ၊ ချောက်ထဲကျသည်။ ချော်လဲချောက်ထဲကျသည်ဆိုသည်မှာ ဇာတိဖြစ်ရခြင်းကိုဆိုပါသည်။ ထို့ကြောင့် "ဇာတိပိဒုက္ခာ" ဆိုသောကြောင့် ပဋိသန္ဓေ ဆိုတဲ့ဒုက္ခကို လှလှကြီးရတော့သည်။

ထိုပဋိသန္ဓေဆိုတဲ့အဖြစ်သို့ စဉ်းစား ကြည့်ကြပါလျှင် အမိ၏ အစာဟောင်းအိမ်နှင့် အစာသစ်အိမ်ကြားထဲမှာ ကျင်ကြီး ကျင်ငယ် အညစ်အကြေးမျိုးစုံတဲ့နေရာ၌သွား၍ စုံလုံးကန်းသည်။ ချော်ပြီးလဲသည်။ ဒါကြောင့်မသိတဲ့လူ စုံလုံးကန်းလမ်းသွားသည်၊ သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်သောကြောင့် ချော်လဲသည်။ ချော်လဲသည်ဆိုသည်မှာ အမိဝမ်းထဲ ကျဉ်းမြောင်းလှသောနေရာ၌ ချော်လဲခြင်း၊ ပဋိသန္ဓေ နေရခြင်းဖြစ်သည်။ 'ဇာတိပိ ဒုက္ခာ" ဖြစ်သည်။

အဝိဇ္ဇာပစ္စယာသင်္ခါရာဟု ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ဟောတော်မူသည့်အတိုင်း ယခုဘဝ၏ အစသည်ဇာတိဖြစ်သည်။

ဇာတိသည် ပဋိသန္ဓေဝိညာဏ်က အစဖြစ်သည်။ တစ်ခါ ဝိညာဏပစ္စယာနာမရူပံဆိုသည့်အတိုင်း ချော်လဲသည်။ အနာ

http://www.dhammadownload.com



ရသည်။ အနာဆိုသည်ကား နာမ်-ရုပ်ကို ရခြင်းဖြစ်၍ ယခုဘဝရ ရှိနေတဲ့ နာမ်နှင့် ရုပ်ပင်တည်း။

စုံလုံးကန်းလမ်းသွားတော့ ရိုးရိုးလဲခြင်းလော၊ ကျွမ်းထိုးမှောက်ခုံလဲခြင်းလောဟု မေးသော် ကျွမ်းထိုးမှောက်ခုံလဲခြင်းဖြစ်၍ အနာဆိုတဲ့ ရုပ်နာ၊ နာမ်နာတွေရသည်။ ဤရုပ်နာ၊ နာမ်နာတွေသည် ဒုက္ခလား၊ သုခလားမေးသော် ဒုက္ခအမှန်ဖြစ်သည်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုသော တရားအားလုံးသည် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ"ဆိုသည့်အတိုင်း ဒုက္ခသစ္စာသာအမှန်ဖြစ်သည်။

ရှေ့ဆက်သွားပြန်သော် နာမရူပပစ္စယာသဠာယတနံ ဆိုသည့်အတိုင်း အနာတွေပေါ်၍ ပြည်တွေ၊ မန်းတွေ၊ ငန်းတွေထ သည်။ မျက်စိအနာ၊ နားအနာ၊ နှာခေါင်းအနာ၊ လျှာအနာ၊ ကိုယ် အနာ၊ စိတ်အနာတွေမှာ ပြည်တွေထသည်။ ငန်းတွေ မန်းတွေ ထသည်။

မြတ်စွာဘုရားသခင်ကလည်း ခန္ဓာငါးပါးကိုဂဏ္ဍတော အနာဟုဟောတော်မူ၏။ မျက်စိက ရှိနေတော့ ကြည့်မိသည်။ နားကရှိနေတော့ကြားမိသည်။ နှာခေါင်းကရှိနေတော့ နမ်းမိသည်။ ရှူမိသည်။ လျှာကရှိနေတော့ စားမိလျက်မိသည်။ ကိုယ်ကရှိနေတော့ တွေ့ထိမိသည်။ စိတ်ဆိုတဲ့ မနာယတနရှိ

---

၁။ ရောဂတော၊ဂဏ္ဍတော၊အဃတော၊သလ္လတော၊ဟူ၍ ဟောတော်မူသည်။

http://www.dhammadownload.com



နေသောကြောင့် ကြံစည်တွေးတောမိသည်။

ဤသို့ဖြစ်သောကြောင့် အာရုံနှင့် ဒွါရ တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်း လောဘသော်လည်းကောင်း၊ ဒေါသသော် လည်းကောင်း၊ ဒေါမနဿသော်လည်းကောင်း ဖြစ်ရသည်။

ဒါကြောင့် စုံလုံးကန်းသည်လမ်းမှားသွားသဖြင့် ချော်၍ လည်းလဲသည်။ လဲ၍လည်းနာသေးသည်။ အနာကလည်း ဖြစ် သေးသည်။ ငန်းတွေ၊ မန်းတွေ၊ တစ်ကိုယ်လုံးထကြွသည်။ ဤကဲ့သို့ တစ်ကိုယ်လုံး ငန်း၊ မန်း၊ ကြွနေတုန်းမှာ သဋ္ဌာယတန ပစ္စယာဖဿောဆိုသည့်အတိုင်း ဆူး အထိုးခံရပြန်လေသည်။ မြတ်စွာဘုရားက သလ္လတော=ငြောင့်ဟူ၍ ဟောတော်မူသည်။ ဆူးအမျိုးစုံ အထိုးခံရသည်။ အနာရပြီးကတည်းက တစ်ကွက်မျှ သက်သာခွင့်မရရှိခဲ့ချေ။ အနာရ၊ ငန်းမန်းထ၊ ဆူးထိုးခံရ သဖြင့်နာချက်က ပြင်းထန်လှသည်။ ဒုက္ခဒဏ်ချက်ဆိုးလှသည်။ အနာပေါ် တုတ်ကျ ဆိုသည်ပင်တည်း။

ထိုသို့ လဲချက်ပြင်းထန်၊ နာချက်ကလဲပြင်းထန်၊ ဒုက္ခက လဲပြင်းထန်၊ ဤသို့ပြင်းထန်ခြင်းသည် အဝိဇ္ဇာဆိုတဲ့ မသိမှုဒဏ် ချက် ပြင်းပြင်းထန်ထန် ခံရခြင်း ဖြစ်သည်။

ဤအဝိဇ္ဇာဦးစီးပြီး တဏှာကလဲ အဖော်သဟဲအဖြစ်နှင့် ဒုက္ခအမျိုးစုံ စုံသည်ထက်စုံအောင် လက်ညှိုးညွှန်၍ ခိုင်းချင် တိုင်းခိုင်းသေးသည်။ (သမုဒယကြောင့်ဒုက္ခ)။

ပဋိစ္စသမုပ္ပာဒ် ဒေသနာရွတ်ကြည့်ပါ။ "ဧဝ မေတဿ

http://www.dhammadownload.com



ကေဝလဿ,ဒုက္ခက္ခန္ဓဿ,သမုဒယော ဟောတိ"ဟူ၍ ဒုက္ခအစု အပုံကြီးမှတစ်ပါး ဘာမျှမရှိဘူး။ ဒုက္ခသက်သက်ကြီးသာဖြစ်သည်ဟူ၍ဆိုသည်။

ရှေ့သို့ဆက်ပြန်လျှင် ဖဿပစ္စယာ ဝေဒနာ ဟုဆိုသောကြောင့် ဆူးထိုးခံရသည်။ ဆူးထိုးခံရသောကြောင့် ဝေဒနာရပြန်သည်၊ နာသည်၊ ကျင်သည်၊ ကိုက်သည်၊ ခဲသည်ဆိုတဲ့ ဝေဒနာတွေပေါ်သည်၊မြင်သောအခါဝေဒနာပေါ်သည်၊ကြားသောအခါ ဝေဒနာပေါ်သည်၊ နံသောအခါ ဝေဒနာပေါ်သည်၊ မြင်လိုက်တိုင်း၊ ကြားလိုက်တိုင်း၊ လျက်လိုက်တိုင်း၊ စားလိုက်တိုင်း တွေ့ထိလိုက်တိုင်း ဝေဒနာပေါ်သည်။

ကိုယ်ပေါ်မှာ သုခနဲ့ဒုက္ခဝေဒနာတွေပေါ်သည်။ ပူလိုက်တာ၊ အိုက်လိုက်တာစသည်ဖြင့် ဝေဒနာအမျိုးမျိုး ပေါ်သည်။ မိမိခန္ဓာနှင့်ဟပ်၍ကြည့်ကြပါ၊ မြတ်စွာဘုရားသခင်သည်လည်း ခန္ဓာကိုယ်ကြည့်ပြီးဟောတော်မူခြင်းဖြစ်သည်။

ဝေဒနာက္ခန္ဓာတွေ အမျိုးမျိုး ပေါ်တာတွေ့လိမ့်မည်။ ဒါကြောင့် စုံလုံးကန်း ဝေဒနာရသည်။ ချော်လဲသည်။ အနာရသည်၊ ငန်းတွေ၊ မန်းတွေ၊ ပြည်တွေ ထသည်။ ဆူးထိုးခံရသည်။ (၉၆)ပါးသော ရောဂါဝေဒနာရရှိသည်။ ဝေဒနာနှင့်ကင်းပြီးနေရတဲ့အခါမျိုး မရှိ။ အခါခပ်သိမ်း ဝေဒနာခံစားလျက်ရှိသည်။ ပုံစံကိုကြည့်ပါ။ (၂)အကွက်တစ်ကွက်လုံးဟာ ဒုက္ခသစ္စာသာဖြစ်သည်။ ဒုက္ခသစ္စာဟု မသိခြင်းကြောင့် မသိခြင်းဟူသော အဝိဇ္ဇာအမှောင်ထု ဖုံးနေသည်၊ အဝိဇ္ဇာက ဝိဇ္ဇာ

http://www.dhammadownload.com



ဖြစ်မှသာလျှင် ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း သိမြင်နိုင်မည်။ "ဝိဇ္ဇာဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ" ဖြစ်သည်။

ဝေဒနာခံရသူသည် သက်သာရာ သက်သာကြောင်းဖြစ်သော ဆေးကိုရှာရလိမ့်မည်။ မျက်စိမြင်တဲ့သူကရှာခြင်းမဟုတ်၊ စုံလုံးကန်းကရှာခြင်းဖြစ်သောကြောင့် ကောင်းသောဆေးကိုဖြင့် ရနိုင်ရန် အကြောင်းမရှိ။ ဆေးမှားနဲ့သာ တွေ့မည်။

ဒါ့ကြောင့် ဝေဒနာပစ္စယာ တဏှာဟု ဆိုသောကြောင့် နောက်ဘဝ ကောင်းစားရေးဆိုပြီးတဏှာဒိဋ္ဌိဦးစီးပြီး ဆေးရှာသောအားဖြင့် ပုညာဘိသင်္ခါရ ပြုလိုက်ပြန်တော့ ဇာတိဒုက္ခပဲပြန်ရသည်။

ထို့ကြောင့် အဝိဇ္ဇာဖုံးလွှမ်းသော သစ္စာမသိသော၊ စုံလုံးကန်း ရှာသောဆေးသည် မှန်စွာရရှိဖို့ မဖြစ်နိုင်ချေ။

ဤကဲ့သို့ပင် တစ်သံသရာလုံး ဆေးရှာလာခဲ့ကြသည်မှာ ယခုဘဝကျပြန်တော့လည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်။

နောက်နောက်သော ဘဝက ငါသည် ဘာတွေများ ဖြစ်ခဲ့သလဲ သိကြားများဖြစ်ခဲ့လေသလား၊ နတ်များဖြစ်ခဲ့လေသလား ဟု မေးစရာမလို။ အမှန်ဖြစ်ခဲ့သည်မှာ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာနှစ်ပါးသာ လှည့်ပြီး လာခဲ့ရသည်၊ ဟုတ် မဟုတ် မိမိတို့ဖြစ်စဉ် ကိုက် မကိုက် ဝေဖန်ကြည့်ကြပါကုန်။

ထို့ကြောင့် အတိတ်ဘဝ သမုဒယသစ္စာကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ ဒုက္ခရောက်သည်။ ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုးတွေ ဆက်၍သာ နေသည်။ သုခဝေဒနာ ဆိုပြန်ပါလျှင်

http://www.dhammadownload.com



လည်း မိမိတို့ အကျိုးပေးကလေးက စီးပွားရေးကလေးက အဆင် ပြေသည်။ ဒီသား၊ ဒီသမီးကလေးတွေကလည်း လိမ္မာရေးခြား ကလေးရှိ ကိုယ့်အိမ်ကလေး ကိုယ့်တိုက်ကလေးနဲ့ ကားကလေးနဲ့ လည်းဆိုတော့ သူများထက်စာလျှင် တော်ပါသေးရဲ့ ဆိုသော အသွားမျိုးနဲ့ သုခဝေဒနာဘက် သာယာပြီးသွားသည်။ သာယာ တော့ တဏှာဘက် သွားပြန်သည်။ သုခဝေဒနာ ပစ္စယာ တဏှာ ဖြစ်သည်။ ပုံစံကိုကြည့်ပါ။ (၂)အကွက်ကနေပြီး (၃)အကွက် အနာဂတ်အကြောင်းထဲ ရောက်သွားသည်။ ဝေဒနာ နှင့် တဏှာ စပ်သွားပြီ။

ဒါကြောင့် စုံလုံးကန်း ဆေးရှာခြင်းသည် မှန်ကန်သော ဆေးကိုမရနိုင်။ ဆေးမှားသာ ရနိုင်မည်ဖြစ်သည်။ ထိုရသော ဆေးမှာ ဆေးမှားသာဖြစ်ရာ ထိုဆေးမှားကို သောက်သော် လည်းကောင်း၊ လိမ်းသော်လည်းကောင်း လုပ်လိမ့်မည်။ ထိုသို့ ဆေးမှားကို လိမ်းမိ၊ သောက်မိခဲ့သော် ပျောက်ဖို့ နေနေသာသာ နောက်ထပ် အနာတစ်ခု ထပ်ပြီးပေါ်ပါလိမ့်ဦးမည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဥပါဒါနပစ္စယာ ကမ္မ ဘဝေါဆိုသည့်အတိုင်း ကာယကံ၊ ဝစီကံအားဖြင့် ပြုချင်ရာ ပြုပြန်သည်။ နတ်ပြည်ရောက်ကြောင်း လူ့ပြည်ရောက်ကြောင်း ဆုတောင်းပြန်သည်။ ဒီသား၊ ဒီသမီး၊ ဒီခင်ပွန်းနှင့် ဘဝတိုင်း ဘဝတိုင်း ငှက်ဖြစ်တော့ တစ်ကိုင်းတည်း နားပါရစေ စသည်ဖြင့် နဂိုရှိသည့် အနာမပျောက်သေးခင် နောက်ထပ်အနာတွေ

http://www.dhammadownload.com



ထပ်၍, ထပ်၍ တိုးပြန်သည်။ သစ္စမသိဘဲပြုလုပ်ခြင်းမှန်သရွေ့ ဤအတိုင်းပင် ဖြစ်တော့သည်။ စုံလုံးကန်းလမ်းသွား၍ အနာရသည်။ ပြည်တည်သည်။ ငန်းတွေ၊ မန်းတွေကြွသည်။ ဆူးထိုးခံရသည်။ ဆေးရှာသည်။ ဆေးမှန်မတွေ့ဘဲဆေးမှားနှင့်တွေ့သည်။

ဤသည်မှာ သံသရာ တစ်ခွင်လုံးက သစ္စာမသိ၍ တစ်ဖန်လဲလဲ တဝဲလည်လည် ဖြစ်ခဲ့ကြရသော ဖြစ်စဉ်ပင်တည်း။ မဂ္ဂသစ္စာဆိုသော သမ္မာဒိဋ္ဌိစသော မဂ္ဂလမ်းကို မတွေ့ခဲ့၊ မမြင်ခဲ့ရ၊ မဂ္ဂင်ဆို၍ လုံးဝမတွေ့ခဲ့ရသော ဖြစ်အင်ပေတည်း။

ယခုဘဝ ဟောပြောဆုံးမပြသတော်မူရှာသော ပုဂ္ဂိုလ်ထွန်းကားပေါ်ပေါက်လာပြန်တော့လည်း အသက်တော်ကတို၍ သွားရပြန်သည်။ သို့သော်အားမငယ်ကြပါနဲ့ အားပေးလိုပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားပြသတော်မူသောတရားများကို ကံကောင်းထောက်မ၍ အသံသွင်းယူထားခဲ့ကြရာ တရားအပုဒ်ပေါင်းတော်တော်များများ ကျန်ရစ်ပါသည်။ ယင်းမှတစ်ဆင့် စာအုပ်စာတမ်း ထုတ်ဝေနိုင်သမျှ ထုတ်ဝေဆဲ ဖြန့်ဖြူးဆဲဖြစ်ပါသည်။ နောက်ထပ်လည်း အကြောင်းညီညွတ်တိုင်း ဆက်လက်၍ ထုတ်ဝေသွားမည်ဖြစ်၍ကြိုးစားနာယူဖတ်ကြားကြည့်ရှုကြပါကုန်။

ရှေ့အပိုဒ်များ၌ ပြဆိုခဲ့သည့်အတိုင်းပင် တစ်သံသရာလုံးက မဂ္ဂင်ဆေးတော်ကြီးနှင့် မတွေ့ခဲ့ရဘဲ စုံလုံးကန်း ဘဝနှင့် သာနေခဲ့ရတဲ့ ဘဝတွေ၊ ချော်လဲတဲ့ ဘဝတွေ၊ ကျွမ်းထိုးမှောက်ကျခဲ့ရတဲ့ ဘဝတွေ၊ အနာရတဲ့ဘဝတွေ၊ ငန်းမန်းတွေ ထတဲ့

http://www.dhammadownload.com



ဘဝတွေ၊ ဆူးထိုးခံရတဲ့ဘဝတွေ၊ ဆေးရှာပြီး ဆေးမှားနဲ့ တွေ့ရတဲ့ ဘဝတွေဖြင့်သာ နေလာခဲ့ကြတာ ယခုလို ထောင်နိုင်တဲ့နားရှိတဲ့ ဘဝ။ သစ္စာကို ကြားနိုင်တဲ့ (ဖတ်ကြားနိုင်တဲ့) ဘဝကိုရ လာခဲ့ကြရာ ယခုဘဝဖြင့် ငါတို့သည် စုံလုံးကန်း ဘဝကလွတ် အောင် ကြိုးစားမည်ဆိုသော စိတ်တွေ သန်သန်ထွားထွားကြီး မွေးမြူကြပါကုန်ဟု တိုက်တွန်းအပ်ပါသတည်း။

---

http://www.dhammadownload.com

# အပိုင်း (၁၂)
## ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ဒေသနာ
## (နောက်ဆုတ်တွေးတရား)

ဝိပဿီမြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ဘုရားလောင်းဘဝ၌ရှိစဉ်ပင်ဆင်ခြင်တွေးတောတော်မူသည်။အဘယ်သို့ဆင်ခြေ တွေးတောတော်မူသနည်းဆိုလျှင် သတ္တလောက (သတ္တဝါတွေ) သည် ဆင်းရဲလေစွတကား၊ ဆင်းရဲခြင်းသို့ရောက်လေစွတကား၊ ပဋိသန္ဓေနေလည်းနေရ၏။ အိုလည်းအိုရ၏။ နာလည်းနာရ၏။ စုတေလည်းစုတေရ၏။ တစ်ဖန် ပဋိပန္ဓေလည်းနေရ၏။ ဤသို့အားဖြင့် အိုလက်စမသတ်၊ နာခြင်း လက်စမသတ်၊ သေလက်စမသတ်၊ တစ်ဖန် ပဋိသန္ဓေနေရခြင်းလက်စမသတ် ဟုဆိုသော သဘောတရားသည်ကား ရဟတ်ချားပမာ တချာချာပတ်၍ တစ်ဖြစ်တည်းဖြစ်၊ တစ်ပျက်တည်း ပျက်လျက်နေသော တရားဖြစ်ချေ၏တကား။

ဤသို့ အိုမှု၊ နာမှု၊ သေမှု တစ်ဖန်ပြန်၍ ပဋိသန္ဓေနေရမှုတည်းဟူသော ဆင်းရဲအစုမှ အဘယ်သော အခါမှသာလျှင် ဤသတ္တလောကကြီး (သတ္တဝါတွေ) သည် ထွက်မြောက်ရာကို ရပါအံ့နည်း။ ဤထွက်မြောက်ရာဖြစ်သော တရားသည် ငါ၏သန္တာန်၌လည်း ဘယ်သောအခါ၌ ထင်မြင်နိုင်ပါအံ့နည်းဟု ဆင်ခြင်တော်မူ၏။

ဤသို့အားဖြင့် ဇာတိ၊ ဇရာ၊ မရဏစသော တရားတို့သည် အဘယ်အကြောင်းရှိသော် ဖြစ်ပေါ်လာသနည်းဟူ၍ နောက်ဆုတ်နောက်ဆုတ်တွေးတောတော်မူ၏။ တစ်ဖန်အဘယ်တရား

http://www.dhammadownload.com



မရှိသော် ဇာတိ၊ ဇရာ၊ မရဏတို့သည်မဖြစ်သနည်းဟူ၍ နောက်ဆုတ်၊ နောက်ဆုတ် တွေးတော်မူပြီးလျှင် ပဋိလောမနည်းအားဖြင့် အစဉ်အတိုင်း ဆင်ခြင်တော်မူရာ ဆင်ခြင်တော်မူသည့်အဆုံး၌ ပဋိစ္စသမုပ္ပာဒ် သဘောတရားကို ထိုးထွင်း၍ သိမြင်တော်မူသည်။

ဤသို့ဆိုအပ်သောအတိုင်း တစ်ဖန် အဝိဇ္ဇာကစ၍အနုလောမနည်းအားဖြင့် ဆင်ခြင်တော်မူပြန်သည်။ ဤသို့သောအားဖြင့် ပဋိစ္စသမုပ္ပာဒ် သဘောတရားကို အနုလောမနည်း၊ ပဋိလောမနည်းအားဖြင့် အကြိမ်ပေါင်းများစွာ ဆင်ခြင်တော်မူသည်၏ အဆုံး၌ အာသဝေါတရားလေးပါးတို့၏ကုန်ဆုံးရာဖြစ်သော အာသဝက္ခယဉာဏ်တော်ကို ရရှိတော်မူပြီးလျှင် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်းပင် ဝိပဿီမြတ်စွာဘုရားရှင်ကဲ့သို့ပင် အကျွန်ုပ်တို့၏ဂေါတမမြတ်စွာဘုရားသည်လည်းဤနည်းနှင်နှင်ပင် ဘုရားမဖြစ်မီ ဘုရားလောင်းဘဝ၌ ဤသို့ပင် ပဋိစ္စသမုပ္ပာဒ်သဘောတရားကို အကြိမ်ပေါင်းများစွာ ပဋိလောမနည်း အနုလောမနည်းအားဖြင့် ဆင်ခြင်တော်မူသည်၏ အဆုံး၌ သဗ္ဗညု ဘုရားရှင် ဖြစ်တော်မူ၏။

ဤပဋိစ္စသမုပ္ပာဒ် သဘောတရားသည် ဘုရားရှင်တို့ ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့်တော်မူသည်ဖြစ်စေ ရှိသည်သာလျှင်တည်း။ သို့ရာတွင် ဘုရားရှင်တစ်ဆူတစ်ဆူ ပွင့်တော်မူမှသာလျှင် ဤတရားသည်ကား ဇာတိ၊ ဇရာ၊ မရဏတည်း၊ ဤသည်တို့ကား-ကမ္မဘဝတည်း။ ဤသည်တို့ကား ဥပါဒါန်တည်း၊ဤ

http://www.dhammadownload.com



သည်တို့ကား တဏှာတည်း၊ ဝေဒနာတည်း၊ ဖဿတည်း စသည်ဖြင့် အကြောင်းအကျိုး ဆက်စပ်ပုံကို ဖော်ပြတော်မူခြင်း၊ ထင်ရှားအောင် ပြတော်မူခြင်း ဟောတော်မူခြင်း ဖြစ်၏။

(၁) ဤအကြောင်းတရားရှိခဲ့သော်- ဤအကျိုးတရား ပေါ်ပေါက်၏။

(၂) ဤအကြောင်းတရားမရှိခဲ့သော်- ဤအကျိုး တရား မဖြစ်။

(၃) ဤအကြောင်းတရား ဖြစ်ပေါ်ခြင်းကြောင့် ဤ အကျိုးတရား ဖြစ်၏။

(၄) ဤအကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုး တရားချုပ်၏။

ဟူ၍ အကြောင်းတရား အကျိုးတရား ဆက်သွယ်ခြင်းကို ထင်ရှားပေါ်လွင်အောင်ပြသတော်မူ၏။ သိတော်မူ၏။

**ပုံစံစက်ဝိုင်းကိုကြည့်ကြပါကုန်။** ။ အမှတ်(၄) အကွက်ထဲမှ ဇရာ၊ မရဏ ဆိုတာတွေ့ကြပါလိမ့်မည်။ ထိုဇရာ၊ မရဏ ဆိုသည်ကား အကြောင်းမရှိဘဲ မဖြစ်ပေါ်ချေ။ အကြောင်းရှိသောကြောင့်ပေါ်သောတရားဖြစ်သည်။ ဇာတိက အကြောင်း ဇရာ၊ မရဏ ကအကျိုးတရားဖြစ်သည်။ ထိုဇာတိ ဇရာ မရဏသည် အလွန်ပင် ကြောက်စရာကောင်းလှ၏။ အိုလိုက်၊ နာလိုက်၊ သေလိုက်ဆိုသော ကိစ္စသည် သတ္တဝါတွေ သန္တာန်မှာ အမိဝမ်းကဖွားသည်မှစ၍ နောက်ကျောသို့ တန်းလန်းထပ်၍ပါ ပြီးလာသောတရားဖြစ်ရာသတ္တဝါတိုင်းသတ္တဝါတိုင်းအိုရပြန်သည်။

http://www.dhammadownload.com



အိုသည်ဆိုသည်ကား ငယ်မူတွေ ဆုတ်ယုတ်ဖောက်ပြန်ပြီး ဆံပင်ကဖြူ၊ အရေတွေကတွန့်၊ နားကထိုင်း၊ ခါးကကိုင်း၊ မျက်စိက မှုန်မှုန်မွှားမွှားဖြစ်၊ သတိက လစ်ဟင်း စားချင်တာကလေးမှ ကြေညက်အောင်ဝါးမစားနိုင်၊ သွားဖုံးနှင့်သာ ကြိတ်ဝါးနေရပြီး တောင်ဝှေးအဖော်ပြုလုပ်ကာ သားသမီးကလည်း မုန်း အများက လည်းမုန်းပြီး ရွံ့စရာကြီးဖြစ်ရ၏။ အာရုံ ၆ပါးသည်လည်း အာရုံ ၆ ပါး စလုံး ဆုတ်ယုတ်ကုန်၏။ မိမိတို့ကိုယ်ကိုပြန်၍ ကြည့်ကြပါကုန်။ တစ်နေ့ထက်တစ်နေ့ ဇိရဏတေဇော ဟူသော ဒဏ်ချက်ခံရပြီး ဆွေးမြည့်ကာ မွေးတဲ့နေ့ကစ၍ အိုဒုက္ခဆီသို့ ဒုန်းစိုင်း၍ ပြေးလျက်ရှိသည်။

ဤအိုမှုသည်ကားရပ်နား၍ရပါ၏လား။ ခေတ္တရပ်ပါဦးဆို၍ရပါ၏လား မေးခဲ့သော်မရနိုင်ချေ။ ဇိရဏတေဇော ဆိုသော အိုမင်းရင့်ရော်စေတတ်သော သဘောတရားက အိုသည်ထက်အိုအောင်၊ ဆွေးမြည့်ရင့်ရော်သည်ထက်ဆွေးမြည့်ရင့်ရော်အောင် အမြဲနှိပ်စက်လျက်ရှိပေသည်။ တစ်စက္ကန့်မျှ ရပ်နားသည် ဟူ၍မရှိ။ နံနက်ပိုင်းထက် နေ့လယ်ပိုင်းကပို၍ အိုသည်၊ နေ့လယ်ပိုင်းထက် ညနေပိုင်းကပို၍အိုသည်။ ဟိုလထက် ဒီလကပို၍ အိုသည်။ ဟိုနှစ်ထက် ဒီနှစ်ကပို၍ အိုသည်။ တော်တော်ကြာ ခါးကကိုင်းလာပြီ၊ အတန်ကြာမျက်စိ တွေမှုန်၍လာပြန်ပြီ။ နံနက်တိုင်း၊ နံနက်တိုင်း၊ သွားတိုက်ဆေး အမျိုးမျိုးနဲ့ တိုက်လိုက်ရ၍ သွားဖြူစင်အောင်ဆိုပြီးတော့ တိုက်ကြရပြန်သည်။ သို့သော် သွားကတော့ မဖြူ။

http://www.dhammadownload.com



ဆံပင်ကတော့ဖြူလာသည်။ မိမိတို့ကိုယ်နှင့် နှိုင်းယှဉ်၍ ခန္ဓာဉာဏ်ရောက်စဉ်းစားဝေဖန်ကြပါ။ စဉ်းစားကြည့် လေလေ ဤအိုဘေးကဖြင့် ကြောက်စရာကောင်း လေလေဖြစ် သည်။

ဤဘဝသာမဟုတ်၊ အနမတဂ္ဂသံသရာတစ်လျှောက်လုံးက ဤအိုဘေးဆိုးနဲ့ အဖော်လုပ်ခဲ့ရပါကလား။ ဤဘေးဆိုးကြီးမှ လွတ်ရာလမ်းခွဲကို ရှာဖွေမှပါကလားဆိုသော စိတ်များပေါ် ပေါက်သင့်ကြလှပါပြီ မဟုတ်ပါလော။ ဤအိုဘေးဆိုးကြီးမှ လွတ်ရာ၊ ကျွတ်ရာကိုဖြင့်ရှာမှပဲ ဆိုရသောစိတ်ကို ဆုံးဖြတ်ချက် ချသင့်ပြီမဟုတ်ပါလော။

ယောဂီအပေါင်းတို့-အိုရာကနေပြီး အဘယ်သို့ သွား သနည်း။ စဉ်းစားကြည့်ကြပါဦးစို့။ အိုရာကနေပြီး မိနစ်မခြား စက္ကန့်မခြား သေရာသို့သာ အပြေးသွားနေသည်၊ အိုလာပြီ၊ အိုလာပြီ သေတော့မည်ကား မလွဲချေ။ မြတ်စွာဘုရားသည် မရဏမ္ပိဒုက္ခံသစ္စံ ဟူ၍ဟောတော်မူ၏။ သေတဲ့ ဒုက္ခလောက် ကြီးတာမရှိချေ။ စဉ်းစားကြည့်ကြပါကုန်။

ယောဂီအပေါင်းတို့-ယခုအိုမှုနှင့်ရင်ဆိုင်နေရပြီ။ နေ့၊ ရက်၊ လ၊ နှစ် ဆိုသလို သေမှုနှင့် မလွဲတမ်းရင်ဆိုင်ရတော့မည်။ ဤသေမည့်လမ်းကရှောင်စရာ၊ ရှားစရာ၊ လွတ်စရာအခွင့်အရေး မြင်တွေ့ကြပါ၏လော။ ဤသေမည့်လမ်းက လွတ်စရာ၊ ရှောင် စရာလမ်းရှိနေ၍ ဤမျှ မိမိတို့သည် လောဘတရား, ဒေါသ တရား၊ မောဟတရားတွေ၊ ငါတည်းဟူသော မာန်မာနတွေ၊ ငါ၏ဥစ္စာဆိုတဲ့ တဏှာတွေ၊ ဤမျှလောက်ကြီးမားနေကြပါ

http://www.dhammadownload.com



သလော။ သေမင်းအား တစ်စုံတစ်ရာ တံစိုး လက်ဆောင်များ ပေး၍လွတ်ရာလွတ်ကြောင်းများ မြင်ကြပါ၏လော။ ရက်ချိန်းပေးစရာ အခွင့်အလမ်းများရှိကြပါ၍သာ ဤမျှ တဏှာ မာနဒိဋ္ဌိတရားတွေ လွှမ်းမိုး၍ နေခြင်းပါလောဟူ၍ မိမိကိုယ်ကို မိမိတို့ ပြန်၍မေးခွန်းထုတ်ကြပါကုန်။

လူတိုင်း၊ လူတိုင်း လူသတ်သမား လေးဦးနှင့် အတူ နေရသည်။ ပထဝီဆိုတဲ့ လူသတ်သမားသည်လည်း သတ်ဖို့ ချောင်းနေသည်။ သူလွန်ကဲပြန်လျှင် သူ့လက်တွင်းမှာ ခေါင်းစင်း၍သေရမည်။ သူငုတ်ပြန်လျှင်လည်း သူကသတ်၍ သူ့လက်ချက်နှင့်သေပွဲဝင်ရဦးမည်။ နောက် အာပေါဆိုသော လူသတ်သမားကလည်း သတ်ဖို့ချောင်းနေသေးသည်။ သူလွန်ကဲသော် ဝမ်းတွေတရပေါလျှော၊ ဆီးတွေကလွန်ပြီးနေလျှင်လည်း သေပွဲဝင်ရဦးမည်။ သူယုတ်ပြန်လျှင်လည်း သေပွဲနွှဲရဦးမည်။ ဝါယောဆိုသော လူသတ်သမားသည်လည်း မိမိတို့အလစ်ကိုချောင်းနေသည်။ တေဇောဟုဆိုအပ်သော လူသတ်သမားကလည်း အလစ်ကိုချောင်းလျက်ပင်။ အပူလွန်ပြီး အဖျားဒီကရီ ၁၀၅-၁၀၆ ဆိုလျှင်စိုးရိမ်ရသည်။ ကယောင်ကတမ်းတွေ ဖြစ်ကုန်ပြီးနောက် အပူတဖြည်းဖြည်းဆုတ်ယုတ်ပြီး ခြေတွေ၊ လက်တွေ အေးလာပြီဆိုလျှင် သူ့လက်တွင်း ခေါင်းစင်းပြီး သေရတော့မည် မလွဲတော့ချေ။

ဤမျှမကသေး မိမိတို့ရထားသည့်ခန္ဓာငါးပါးသည်လည်း

---

၁။ ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။

http://www.dhammadownload.com



လူသတ်သမားကြီးပင် ဖြစ်သည်။ မြတ်စွာဘုရား သခင်ကို "ရာဓ"ဆိုသောရဟန်းက အရှင်ဘုရား သေမင်း၊ သေမင်းဟူသည်အဘယ်ကို သေမင်းခေါ်ပါသလဲဘုရားဟု လျှောက်ထားရာမြတ်စွာဘုရားသခင်က "ရူပံ ခေါ ရာဓ မာရောတိ ဝုစ္စတိ၊ ဝေဒနာ ခေါ ရာဓ မာရောတိ ဝုစ္စတိ၊ (ပ)ဝိညာဏံ ခေါရာဓ မာရောတိ ဝုစ္စတိ"ဟူ၍ ရုပ်သည်လည်းသေမင်း၊ ဝေဒနာသည်လည်းသေမင်းပဲ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူ သောခန္ဓာငါးပါးသည်လည်း သေမင်းတွေပဲဟူ၍ မြတ်စွာဘုရားရှင်ဟောကြားတော်မူသည်။

ထို့ကြောင့် မိမိတို့သည် သေမင်းငါးဦးနှင့်လည်း အတူနေကြရသည်။ ဤသေမင်းငါးဦးတို့ကလည်း အလစ်သမားတွေချည်းသာဖြစ်ကြသည်။ ပထမပြောခဲ့သည့်လူသတ်သမားလေးဦးလက်တွင်း ကျဆင်းပြီးသော် နောက်သေမင်း ၅ဦးလက်တွင်း သက်ဆင်းကျရောက်သော်လည်းကောင်း၊ သားလည်း မခွဲချင်၊ သမီးလည်းမခွဲချင်၊ ချစ်လှစွာသောဇနီး၊ ခင်ပွန်းကိုလည်း မခွဲချင်၊ ပစ္စည်းဥစ္စာတွေကိုလည်းမခွဲချင်၊ သေရာညောင်စောင်း၌ မျက်ရည်တွေတတွေတွေစီးဆင်းပြီး သကာလ လူသတ်သမားများခေါ်ရာ၊ မရဏမင်းခေါ်ရာ ဇွတ်တရွတ်ပါ ရရှာတော့သည်။

ပုံစံစက်ဝိုင်းကိုကြည့်ပါဦး၊ "ဇာတိ ပစ္စယာ ဇရာမရဏ ဟုဟောတော်မူသဖြင့် ဇရာမရဏ၏ လက်သည်သည်ဇာတိဖြစ်သောကြောင့် ဇာတိသည်လည်း အလွန်ပင်ကြောက်စရာ

http://www.dhammadownload.com



ကောင်းလှတော့သည်။

ဇာတိဆိုသည်မှာ လူ့ဘဝအစသည် ဇာတိ၊ နတ်ဘဝအစသည် ဇာတိ၊ ဗြဟ္မာဘဝအစသည် ဇာတိဖြစ်သည်။ မြတ်စွာဘုရားသခင်သည် "ဇာတိပိ ဒုက္ခာ" ဟူ၍ဟောတော်မူ သည်။ လူဇာတိရသည်ဖြစ်စေ၊ နတ်ဇာတိရသည်ဖြစ်စေ၊ ဒုက္ခသစ္စာသာရသည်။ အို၊ နာ၊ သေနှင့်သာ အဖော်လုပ်ရသည်။ ဒုက္ခသစ္စာနှင့်သာ ရင်ဆိုင်ရသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ် သဘောတရား နားမလည်ပါကလူမင်းချမ်းသာ၊ နတ်မင်းချမ်းသာ၊ စကြဝတေးမင်းချမ်းသာ ဤချမ်းသာတွေကို ကောင်းနိုးနိုးထင်ပြီး ဆုတောင်းယူကြသည်။ ဒုက္ခသစ္စာကို ဆုတောင်းယူခြင်းပင်ဖြစ်၍ အမှားတော်ပုံကြီးလှပေသည်။

"တယော ဘဝေ အဒ္ဒိုယရဲဝိယ" ဘုံသုံးပါးဟာ နှောင်အိမ်နှင့်တူသည် ဟူ၍လည်းကောင်း၊ မီးပုံကြီးနှင့်တူသည် ဟူ၍လည်းကောင်း၊ မြတ်စွာဘုရားသခင် ဟောတော်မူသည်။

လှူဒါန်းပေးကမ်းပြီး လူစည်းစိမ်၊ နတ်စည်းစိမ် အကြိမ်ကြိမ်ခံစား စံစား၍ အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်ရရပါ လို၏ဟူ၍ ဆုတောင်းခြင်းသည် ဒုက္ခအကြိမ်ကြိမ် ခံစားရပါလို၏။ ထောင်ကျအကြိမ်ကြိမ် ခံရပါလို၏။ မီးပုံထဲ အကြိမ်ကြိမ် အဆင်းခံရပါလို၏ မဆိုသော်လည်း ဆိုဘိသကဲ့သို့ ငွေထိုးပြီး သကာလ ထောင်ကျခိုင်းခြင်းနှင့်တူလှစွာ၏ဟူ၍ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး အကြိမ်ကြိမ် ဟောပြောဆုံးမ

http://www.dhammadownload.com



တော်မူခဲ့ပါသည်။

ဇာတိဆုတောင်းယူသောသူသည် အကြိမ်ကြိမ်ချောက်ကျ ရပါလို၏ဟူ၍မဆိုသော်လည်း ဆိုဘိသကဲ့သို့ဖြစ်သည်။ ဤသို့ မတောင်းကောင်းသည်ကို ဆုတောင်းယူခြင်းသည် ဇာတိယူသည့် ပဋိသန္ဓေဖြစ်သည်။ ပဋိသန္ဓေနေမှုထက် ဆင်းရဲခြင်း မည်သည်မရှိ၊ စဉ်းစားကြပါကုန်။ မိမိတို့မမှတ်မိနိုင်၍သာ ကိုးလကျော် ဆယ်လနီး ပါး အလွန်တစ်ရာကျဉ်းမြောင်းလှစွာသော နေရာ ဌာနသွ ကြီးစွာသော ဝမ်းဆင်းရဲကို ခံရနေရခြင်းဖြစ်ရာ လူမင်းချမ်းသာ၊ စကြဝတေးမင်း ချမ်းသာ ဖြစ်ငြားသော်လည်း ဇာတိကစ၍ ရမည်ပင်ဖြစ်၍ ဒုက္ခ သစ္စာကြီးကို ဆုတောင်းယူသည်ပင်တည်း။

ထို့ကြောင့် ဤခန္ဓာဝန်ဒုက္ခသစ္စာကြီးကို ရွံခြင်း၊ မုန်းခြင်း ကြောင့် ဒုက္ခသစ္စာကိုမလိုချင်၍ လျှုပါ၏။ တန်းပါ၏ဆိုလျှင်၊ မိမိတို့ကိုယ်ကို ရောင်းလျှုကြ၊ ဘုန်းကြီး ကျေနပ် သာဓုခေါ်သည် ဟု ဆရာတော်ဘုရားကြီး မကြာခဏ ဆုံးမတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာအား "ဤ ခန္ဓာ စွန့်ပြီး နောက်ခန္ဓာရတာ အကြီးဆုံးအပြစ်သင့်တာကွ အာ နန္ဒာရ"ဟု မိန့်တော်မူသည်။

ထို့ကြောင့်ခန္ဓာအသစ်ရခြင်းသည်ဇာတိရခြင်းပင်တည်း၊ ဇာတိရခြင်းသည် ဒုက္ခသစ္စာ ရခြင်းပင်တည်း။ ထို့ကြောင့် မည်သည့်ခန္ဓာ ဆုတောင်း၊ ဆုတောင်း၊ အသေဆုတောင်း၊ အအိုဆုတောင်း၊ အနာဆုတောင်းခြင်းသာဖြစ်သည်။ မည်သည့် ခန္ဓာရရ အသေရမည်ပင်ဖြစ်သည်။ အိုသေနှင့် အဖော်လုပ်ရ

http://www.dhammadownload.com



မည်ပင်ဖြစ်သည်။ ဇာတိမှန်သမျှ ဇရာ၊ မရဏာနှင့် ရင်ဆိုင်ရမည်သာဖြစ်သည်။

နိဗ္ဗာန်မရမီစပ်ကြား အကြိမ်ကြိမ်လူမင်း၊ နတ်မင်းစည်းစိမ်ခံစားရပါလို၏ဟုဆိုခြင်းသည် အဘိုအကြိမ်ကြိမ် ခံစားရပါလို၏။ အနာအကြိမ်ကြိမ်ခံစားရပါလို၏။ အသေအကြိမ်ကြိမ်ခံစားရပါလို၏ဟု ဆုတောင်းယူခြင်းပင်ဖြစ်သည်။ စဉ်းစားကြည့်ကြပါကုန် ယောဂီအပေါင်းတို့။

ပဋိစ္စသမုပ္ပါဒ် နားမလည်၍ သစ္စာမသိသောသူတို့၏ အသွားအလာမျိုးသည် ဤသို့သာဖြစ်ရချေသည်။

အဘိုဒုက္ခ၊ အနာဒုက္ခ၊ အသေဒုက္ခ-ဟူသည် ဇာတိအကြောင်းခံ ဖြစ်သောကြောင့် ဒုက္ခအစသည် ဇာတိက နေ၍စရမည်ဖြစ်ရာ ဇာတိရရှိသည့် အချိန်မှစ၍ ဒုက္ခအမျိုးမျိုးရင်ဆိုင်ရတော့မည်သာဖြစ်၏။ ပုံစံ(၂)ကို ကြည့်ကြပါ။

ဇာတိသည် မိမိအလိုလို ဖြစ်ခြင်းပင်လော၊ အကြောင်းတရားကြောင့် ဖြစ်ရခြင်းပင်လောဟူ၍ လက်သည်ရှာသော် ကမ္မဘဝပစ္စယာ ဇာတိဟူ၍ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်လာသည့်အတိုင်း ဇာတိ၏ လက်သည်သည် အခြားမဟုတ်ကမ္မဘဝပင်ဖြစ်သည်။ ဤ ကမ္မဘဝသည် ဇာတိထက်ပို၍ကြောက်စရာကောင်းပြန်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္မဘဝသည် ပစ္စုပ္ပန်ဖြစ်သော (၃)အကွက်နှင့် အနာဂတ်ဖြစ်သော (၄)အကွက်ကိုစပ်သည်။ (ဝါ) ဘဝသစ်ကို ဖြစ်ပေါ်စေသည်။ ဇာတိကို ဖြစ်ပေါ်စေသည်။ ဒုက္ခအမျိုးမျိုးတို့၏ အစကိုဖြစ်

http://www.dhammadownload.com



စေသည်။ ပဋိစ္စသမုပ္ပါဒ်ကိုဆက်စေသည်။ ထို့ကြောင့် ကမ္မဘဝသည် ဇာတိထက် ပို၍ကြောက်စရာကောင်းသည်။

ပဋိစ္စသမုပ္ပါဒ်ကို ရှုကြည့်ပါ။ "ကမ္မဘဝပစ္စယာဇာတိ" ဟုဆိုသည်။ ကမ္မဘဝဆိုသည်မှာ အခြားမဟုတ်။ မိမိတို့- ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ပြုလုပ်သမျှ ပြုပြင်သမျှ တစ်နည်းဆိုသော် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ ဖြစ်သည်။ (လိုရင်းဆိုသော်) ကုသိုလ်၊ အကုသိုလ် စေတနာပင်တည်း။ အတိတ်ကပြုသည်ကို သင်္ခါရ။ ပစ္စုပ္ပန်မှာ ပြုသည်ကို ကမ္မဘဝဆိုသည်။ သဒ္ဒါကွဲ၍ အနက်အတူတူပင် ဖြစ်သည်။

နံနက်လင်းသည်မှစ၍ မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် အကြိမ်ပေါင်း မည်မျှပြုလုပ်သည်ဆိုတာ စဉ်းစားသာကြည့်ကြပါကုန်။ "သဗ္ဗမ္ပိဘဝဂါမိကမ္မံကမ္မဘဝေါ" ဟုဆိုသောကြောင့် နောင်ဘဝအသစ်ကိုဖြစ်စေသည် အမှန်မုချတည်း၊ ကာယကံဝစီကံအားဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေးတွေကိုကြိုးကမ်းကြသည်။ မနောကံအားဖြင့်လည်း ကြံစည်ကြသည်။ ကုသိုလ်တွေလည်း ပြုပြီး ဝစီကံနှင့်လည်း ဘုံဘဝတောင့်တပြီးဆုတောင်းသည်။ မိမိတို့ဖြစ်စဉ်နှင့် ကိုက်မကိုက် ဝေဖန်ကြည့်ကြပါကုန်။ တောင်းတိုင်းပင် ပြည့်စုံရပါလို၏ဟု ဆက်ပြီး အညွှန့်ပင်တက်ကြသေးသည်။ ထို့ကြောင့် ကမ္မဘဝသည် အကြောင်းသမုဒယသစ္စာ၊ ဇာတိသည် အကျိုး ဒုက္ခသစ္စာဖြစ်သည်။

နောက်တစ်ထပ် နောက်ပြန်ဆုတ်၍ စဉ်းစားကြပါစို့၊

http://www.dhammadownload.com



ကမ္မဘဝသည် အလိုလိုဖြစ်ခြင်းပင်လော။ ယင်း၏လက်သည် တရားခံကြောင့်ပင် ဖြစ်ခြင်းလောဟု ပြန်၍ကြည့်ကြပါ။ ပုံစံမှာ "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဟု တွေ့ရှိရပါလိမ့်မည်။ ဒါကြောင့် ကမ္မဘဝသည် အလိုလိုဖြစ်ခြင်းမဟုတ်။ ဥပါဒါန်ဆိုသော အကြောင်းခံကြောင့်ဖြစ်သည်။ ကာယကံ။ ဝစီကံ။ မနောကံ အားဖြင့် အားထုတ် ပြုလုပ်ခြင်းတည်း။ ဥပါဒါန် ကြောင့်ဖြစ်သည်။ ဥပါဒါန်ဟူသောအကြောင်းမရှိက ကမ္မ ဘဝတည်းဟူသော အကျိုးတရားမပေါ်နိုင်ချေ။ ထို့ကြောင့် ကမ္မဘဝထက် ဥပါဒါန်က ပို၍ကြောက်စရာကောင်းလှသည်။ ယင်းဥပါဒါန်သည် အကြောင်းတရားဖြစ်၍ သမုဒယသစ္စာ၊ ကမ္မဘဝသည် အကျိုးဒုက္ခသစ္စာ၊ (ပဋိသမ္ဘိဒါမဂ် နည်းအရ ဖြစ်သည်)။

ဥပါဒါန်သည်အလိုလိုဖြစ်ခြင်းပင်လော၊အကြောင်းတရား ကြောင့်ဖြစ်သော အကျိုးပင်လော၊ ပဋိစ္စသမုပ္ပာဒ်ကို ပြန်၍ ကြည့်ပါက "တဏှာ ပစ္စယာ ဥပါဒါနံ"ဆိုသောကြောင့် ဥပါဒါန်၏ လက်သည်သည်ကား တဏှာပင်တည်း။ တဏှာကြီး ထွားလာလျှင် ဥပါဒါန်ဖြစ်သည်။ ထို့ကြောင့် တဏှာသည် ဥပါဒါန်ထက် ပို၍ ကြောက်စရာကောင်းတော့သည်။

နံနက်မိုးလင်းစကစ၍ မိုးချုပ်သည် အထိ သွားကြ။ လာကြ၊ လုပ်ကြ ကိုင်ကြ၊ ရှာကြ ဖွေကြနှင့် ဟိုမြို့ ကနေ ဒီမြို့၊ ဒီမြို့ကနေ ဟိုမြို့၊ တောင်အရပ်ကနေ မြောက်အရပ်၊ မြောက်အရပ်ကနေပြီး တောင်အရပ်၊ လေယာဉ်ပျံနှင့်တစ်မျိုး၊ မီးရထားနှင့် တစ်ဖုံ၊ ကားနှင့်တစ်နည်း သင်္ဘောနှင့်တစ်မျိုး

http://www.dhammadownload.com



အစရှိသည်ဖြင့် တစ်တိုင်းပြည်မှတစ်တိုင်းပြည် ပင်လယ်ရပ်ခြား သက်စွန့်ကြိုးပမ်းသွားကြလာကြ၊ ကူးသန်းကြတာတွေသည် တဏှာခိုင်းသမျှ၊ တဏှာကျွန်အဖြစ်နှင့် အမှုထမ်းနေရခြင်း ဖြစ်သည်။

တဏှာကခိုင်းလျှင် ညဥ့်နက်သန်းခေါင်ကြီးပင် ဖြစ်လင့်ကစား၊ သူခိုး, ဓားပြ, သောင်းကျန်းသူများ ရှိလင့်ကစား၊ ရေထဲ၊ မိုးထဲ၊ လှိုင်းထဲ၊ လေထဲဖြစ်လင့်ကစား၊ တဏှာက လက်ညှိုးညွှန်ပြရာသို့ ဒုန်းစိုင်းပြီး ပြေးကြသည်ချည်းပင်ဖြစ်သည်။ ငြင်းဆန်၍များ ရရဲ့လား ယောဂီတို့။

လမ်းလျှောက်မတတ်သေးသော ကလေးကလေးပင်လျှင် ယင်းအား အစားပြလျှင် အစာရှိရာမရောက်မနေ တဏှာကခိုင်းလျှင် မနေသာဘဲ လိမ့်၍၊ လိမ့်၍ သွားရချေသည်။ အသက် ၇၀-ကျော်၊ ၈၀-အဘိုးအို၊ အဘွားအိုတို့မှာလည်း ကိုယ့်တာဝန်က ရှိနေတော့ ဒီမြေးတွေ၊ ဒီမြစ်တွေကိုမှ မစောင့်ရှောက်လျှင် မဖြစ်ဘူးဆိုပြီး ကျီးစောင့် ကြက်စောင့် အလုပ်ကလေးနှင့် တဏှာအမှုတော်ကို ထမ်းကြသည်။ အဘစောင့်ရှောက်လိုက်မယ် စိတ်ချသွား,စသည်ဖြင့် အခိုင်းမခံရမှာစိုးရလွန်းလို့ လေပြည်ထိုးလိုက်ကြသေးသည်။ တဏှာ၏ စွမ်းရည်သတ္တိထက်လေစွ။ မိမိတို့ဖြစ်စဉ် ကိုက်-မကိုက် ဝေဖန်၍ ကြည့်ကြပါကုန်။

ပဋိစ္စသမုပ္ပါဒ်ကို ရွတ်ကြည့်ကြပါ။ တဏှာသည် မိမိ အလိုလိုဖြစ်ပေါ်ခြင်းလော၊ ယင်းလက်သည်ရှိသလောဟုဆိုသော် တဏှာသည် အလိုလိုဖြစ်ပေါ်ခြင်းမဟုတ်။ "ဝေဒနာပစ္စယာ

http://www.dhammadownload.com



တဏှာ"ဟုဆိုသောကြောင့် ဝေဒနာအကြောင်းအခံကြောင့် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဝေဒနာသည် အကြောင်း၊ တဏှာသည် အကျိုးဖြစ်၏။

သို့ဖြစ်၍ ဝေဒနာသည် တဏှာထက် ပို၍ဆိုးသည်။ ပုံစံ (၁)ကိုကြည့်ပါ။ (၂)အကွက်နှင့် (၃)အကွက်စပ်သွားလျှင် ပဋိစ္စသမုပ္ပါဒ် ဆက်သွားသည်။ အစဉ် တန်းသွားသည်။ ဝေဒနာမှ တဏှာသို့ ကူးသည်။

ထို့ကြောင့် "ဝေဒနာပစ္စယာ တဏှာ" မဖြစ်စေဘဲ "ဝေဒနာပစ္စယာ ပညာ" ဖြစ်အောင် ဝေဒနာနဲ့ တဏှာ ကြားမှာ မဂ်ကိုသွင်းရလိမ့်မည်။ မဂ်သွင်းသည်ဆိုသည်မှာ မဂ္ဂင်ငါးပါးနှင့် ဝိပဿနာရှုရမည်၊ "အဝိဇ္ဇာမှ ဝိဇ္ဇာဥဒပါဒိ" ဖြစ်အောင် လုပ်ရမည်။

"ဝေဒနာပစ္စယာ တဏှာမှ ဝေဒနာပစ္စယာ ပညာ" ဖြစ်အောင် လုပ်နည်း (ဝါ) ဝေဒနာသတ်နည်းကို နောက်ပိုင်းများမှာ ကြည့်ကြပါကုန်။

---☸---

http://www.dhammadownload.com

# အပိုင်း (၁၃)
## သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်ခြင်း အကြောင်းနှင့် အပြစ်ကြီးပုံ

သက္ကာယဒိဋ္ဌိဆိုသည်မှာ "သန္တော ကာယော သက္ကာယော" ပရမတ္ထ သဘောအားဖြင့် ထင်ရှားရှိနေသော ခန္ဓာငါးပါးအပေါင်းအစုဟူ၍ ဆိုလိုသည်။ ဒိဋ္ဌိ-မှားသောအယူဟု ဆိုသည်။ မည်သို့ မှားသောအယူဖြစ်သနည်း။ ခန္ဓာငါးပါး အပေါင်းအစုပေါ်၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟူ၍ မှားသောအယူဖြင့် စွဲယူခြင်းဖြစ်သည်။

ပရမတ္ထအားဖြင့် ငါ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမမရှိပါဘဲလျက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမဟူ၍ အသိမှား အမြင်မှား အယူမှားခြင်းဖြစ်သည်။

မိစ္ဆာဒိဋ္ဌိသည် သုံးဆယ့်တစ်ဘုံ၌ အလွန်ဆိုးရွားလှသော တရားဖြစ်သည်။ မြတ်စွာဘုရားသခင်သည် "ဝဇ္ဇာနံဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ ပရမာနိ" အပြစ်တကာ အပြစ်ထဲတွင် မိစ္ဆာဒိဋ္ဌိသည် အပြစ်အကြီးဆုံးဟူ၍ ဟောတော်မူခဲ့၏။ ပဲနောက်စေ့ခန့်မျှရှိသော ကျောက်စရစ်ခဲတို့ကို ရေပေါ်၌ ချအပ်သည်ရှိသော် အထက်သို့ ပေါ်ခြင်း မည်သည် မရှိကုန်ဘိသကဲ့သို့ ယုတ်သောအပိုင်းအခြား အားဖြင့် နှစ်ဆယ်သော သက္ကာယဒိဋ္ဌိတို့သည် နတ်ရွာသုဂတိသို့

http://www.dhammadownload.com



ပို့စွမ်းနိုင်သည်မရှိ။ ဒုဂ္ဂတိ၌သာ ငုပ်ရ၏ဟု အင်္ဂုတ္တိုရ်၌ ဟော တော်မူသည်။

ဤသဒ္ဓါယဒြေမှ အစပြု၍ ၆၂-ပါးသော ဒိဋ္ဌိများ ပေါက်ပွားပြန်သည်။ ထို့ကြောင့် အတ္တဒိဋ္ဌိ (ဝါ) သက္ကာယ ဒိဋ္ဌိအရင်းခံလျှင် အမျိုးမျိုးသော ဒိဋ္ဌိတို့ ပေါ်ပေါက်ရာ ပေါ် ပေါက်ကြောင်း အခြေခံဖြစ်လေသည်၊ ထို့ကြောင့် မြတ်စွာ ဘုရားသည် --

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။

သက္ကာယဒိဋ္ဌိ ပဟာနာယ။ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဟူ၍ ဟောတော်မူ၏။ သက္ကာယဒိဋ္ဌိ ရှိခဲ့သော် ရင်ဝ လှံစူးထိပ်ဦး မီးလောင်သော သူသည် ရင်ဝကစူးနေသော လှံကို အလျင်မနုတ်ပါနဲ့ဦး၊ ထိပ်ဦး မီးလောင်သည်ကို အလျင် မငြိမ်း ပါနှင့်ဦး၊ သက္ကာယဒိဋ္ဌိအလျင်သတ်ပါဦး၊ သက္ကာယဒိဋ္ဌိ ကို သတ်ပြီးမှ ရင်ဝလှံ စူးခြင်း၊ ထိပ်ဦး မီးလောင်ခြင်းတို့ကို ငြိမ်းပါ နုတ်ပါ-ဟူ၍ ဟောတော်မူသည်။

သက္ကာယဒိဋ္ဌိရှိခဲ့လျှင် မည်သည့်အလှူကို လှူလှူ တန်းတန်း သုဂတိတော့မရောက်ဟူ၍မဆို၊ရောက်နိုင်၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်မရနိုင်၊ သက္ကာယဒိဋ္ဌိ ရရှိသူသည် အမိကိုလည်း သတ်စွမ်းနိုင်သည်။ အဘကိုလည်း သတ်စွမ်းနိုင်သည်။ ဘုရားကို လည်း သွေးစိမ်းတည်အောင် ပြုစွမ်းနိုင်ပေသည်။ မပြုရဲသော ဒုစရိုက် အကုသိုလ်ဟူ၍ မရှိတော့ချေ။

http://www.dhammadownload.com



မြတ်စွာဘုရားအား အမျိုးမျိုးသောနည်းဖြင့် ဒေဝဒတ်သည် သေကြောင်းကြံစည်ခြင်းသည် ဘုရားကိုသတ်ပြီး ငါဘုရားလုပ်မည်ဟူသော အတ္တဒိဋ္ဌိ (ဝါ) သက္ကာယဒိဋ္ဌိက သတ်စေခြင်းဖြစ်သည်။

အဇာတသတ်မင်းသားသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအားသတ်ခြင်းသည် ခမည်းတော် တည်ရှိနေသရွေ့ ကာလပတ်လုံး ငါရှင်ဘုရင်လုပ်ရမှာမဟုတ်ဘူး၊ ငါငယ်စဉ် ပျိုမျစ်တုန်းမှာ ရှင်ဘုရင်လုပ်မှကောင်းမည်။ ဖခင်ကြီးရှိနေခဲ့သော် ငါရှင်ဘုရင်လုပ်ရမှာ မဟုတ်ဘူးဆို၍ အတ္တဒိဋ္ဌိက ငါရှင်ဘုရင်ဖြစ်အောင်ဆိုပြီး အတ္တဒိဋ္ဌိက သတ်လိုက်ခြင်းဖြစ်သည်။

သူဌေးသမီး ပဋာစာရီကို အရူးဘဝသို့ပို့လိုက်ခြင်းသည် ဒိဋ္ဌိဝိပလ္လာသ(ဝါ)သက္ကာယဒိဋ္ဌိကပို့လိုက်ခြင်းဖြစ်သည်။

ခန္ဓာငါးပါးကို ငါ့ခင်ပွန်း၊ ငါ့သား၊ ငါ့သမီး ဆိုပြီး ဒိဋ္ဌိဟူသော အမှတ်မှား၊ အယူမှား၊ အသိမှားက နေပြီးတော့ ဒိဋ္ဌုပ္ပတ္တိကဖြစ်အောင် အရူးဘဝ ရောက်အောင် ပို့လိုက်ပြီး နောက် တစ်ဖန် ဒိဋ္ဌုပ္ပတ္တိကက သွက်သွက်ခါရူးအောင်လုပ်လိုက် ခြင်းပင်ဖြစ်သည်။

ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟူ၍ မမြင်ဘဲ ငါ့လင်၊ ငါ့ခင်ပွန်း၊ ငါ့သား၊ ငါ့သမီးဟု အမြင်မှားသော သက္ကာယ ဒိဋ္ဌိ (ဝါ) အတ္တဒိဋ္ဌိက အရူးဘဝသို့ရောက်အောင် ပို့လိုက်ခြင်း ဖြစ်သည်။

သက္ကာယဒိဋ္ဌိ (ဝါ) အတ္တဒိဋ္ဌိသည် အဘယ့်ကြောင့်ဤမျှ အပြစ်ကြီးသည်ဟူ၍ ဟောတော်မူသနည်းဆိုသော် သက္ကာယဒိဋ္ဌိအရင်းခံရှိသူသည်ကောင်းမှုကုသိုလ်ကိုပြုလုပ်သော်လည်း

http://www.dhammadownload.com



အပါယ်မျိုးစေ့တည်းဟူသော ဒိဋ္ဌိက ပါသွားခဲ့ပါလျှင် မြဟ္မပြည် ရောက်သည်ဖြစ်စေ၊ နတ်ပြည်ရောက်သည်ဖြစ်စေ၊ စကြဝတေး၊ မန္ဓာတ်မင်း ဘဝရောက်သည်ဖြစ်စေ စွန်လွှတ်သလို ကြိုးအဆုံး မျှသာ တက်၍ ကြိုးဆုံးသောအခါ မြေပြင်သို့ ပြန်ကျရ သလို ---

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊ ပုနာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဟူ၍ ဟောတော်မူရာ ကုသိုလ်ကောင်းမှု အရှိန်အစော် ကြောင့် ရူပြဟ္မာဘုံအထိ တက်သွားနိုင်သော်လည်း အောက်သို့ ပြန်၍ ကျစမြဲဖြစ်တော့သည်။

ယင်းပြင် သက္ကာယဒိဋ္ဌိမှ ပေါက်ပွားသော အကိရိယဒိဋ္ဌိ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဟူ၍ အလွန်ကြောက်စရာကောင်း သောနိယတမိစ္ဆာဒိဋ္ဌိ အယူကြီးများလည်း ရှိပါသေးသည်။ ယင်း ဒိဋ္ဌိတို့သည် ပဋ္ဌနန္တရိယ ကံထက် အပြစ်ကြီးကြောင်း ကျမ်းဂန်များ၌ လာရှိသည်။

ကောင်းမှု, မကောင်းမှုပြုသော်လည်း ပြုကျိုးမရှိ ဟူ သော အကိရိယဒိဋ္ဌိ၊ အကြောင်းမရှိ အကြောင်းကင်းပြီးဖြစ် သည်ဟုယူသော အဟေတုကဒိဋ္ဌိ၊ အကြောင်းရော အကျိုးရော နှစ်မျိုးစုံ ပယ်ပြီဟုယူသော နတ္ထိကဒိဋ္ဌိတို့ပင် ဖြစ်သည်။

အကြောင်းကို ပယ်ခြင်းသည် အဟေတုကဒိဋ္ဌိ အကျိုး ကို ပယ်ခြင်းသည် အကိရိယဒိဋ္ဌိ အကြောင်းနှင့် အကျိုး

http://www.dhammadownload.com



နှစ်ပါးလုံးကို ပယ်ခြင်းသည် နတ္ထိကဒိဋ္ဌိ။

အကြောင်းပယ်သူသည် အကျိုးကိုလည်း ပယ်ရာရောက်၏၊ အကျိုးကိုပယ်သူသည် အကြောင်းကိုလည်း ပယ်ရာ ရောက်၏။ သို့ဖြစ်၍ တစ်ခုပယ်လျှင် အကျိုးရော အကြောင်းရော နှစ်မျိုးလုံး ပယ်ရာရောက်၍ ထိုဒိဋ္ဌိတစ်မျိုးမျိုးယူလျှင် အနန္တရိယ ကံကြီး ထိုက်တော့သည်ပင် ဖြစ်ပါသည်။

ယင်းဒိဋ္ဌိရှိသောသူသည် ပဉ္စာနန္တရိယကံကို ကျူးလွန်သူထက် အပြစ်ကြီး၏။ ဥပမာအားဖြင့် ယနေ့ ပဉ္စာနန္တရိယကံကို ပြစ်မှား ကျူးလွန်ခဲ့သော် နက်ဖြန် ကမ္ဘာပျက်မည်ဆိုပါက လွတ်ကင်းနိုင်သေး၏။ အဆိုပါ - ဒိဋ္ဌိကြီးသုံးမျိုးတို့သည် တစ်ကမ္ဘာကြာအောင် ခံရသဖြင့် ဤကမ္ဘာ ပျက်စေကာမူ ကြွင်းကျန်သော ကာလအပိုင်းအခြားအတွက် မပျက်သော ကမ္ဘာသို့ ပြောင်းရွှေ့၍ ခံရသည်ဟု ကျမ်းဂန်တို့မှာ ဖော်ပြကြပါသည်။ အင်မတန် ကြောက်စရာ ကောင်းလှတော့၏။ အထူးသတိပြု၍ ရှောင်ရှား ဆင်ခြင်တော် မူကြပါကုန်။

---

http://www.dhammadownload.com

# စူဠဝေဒလ္လသုတ်တော်လာ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ

မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်၌ သက္ကာယ ဒိဋ္ဌိဖြစ်ကြောင်း ပြပါသည်။

မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူသောအခါ ဝိသာခအမည်ရှိသောသူဌေး, ဓမ္မဒိန္နာအမည် ရှိသော သူဌေးကတော်တို့ ရှိကြသည်။

ဝိသာခသူဌေး၏ ဇနီး ဓမ္မဒိန္နာ သူဌေးကတော်သည် ဘိက္ခုနီမ ပြုသွားသည်။ ဘိက္ခုနီရဟန္တာဖြစ်၍ မိမိ၏ ဇနီး ဖြစ်ခဲ့ဖူးသူ ထိုရဟန္တာ ဘိက္ခုနီမအား ဝိသာခသူဌေးသည် ဤသို့ မေးလျှောက်၏။ အရှင်မ အဘယ်တရားကို သက္ကာယဟု မြတ်စွာ ဘုရား ဟောတော်မူသနည်း။ ဓမ္မဒိန္နာထေရီမက ဥပါဒါနက္ခန္ဓာ ငါးပါးကို သက္ကာယဟု ဟောတော်မူကြောင်းဖြေသည်။

အဘယ်သို့ယူခြင်းသည် သက္ကာယဒိဋ္ဌိဖြစ်ပါသနည်းဟု နောက်ထပ်မေးလျှောက်ပြန်ရာ ဥပါဒါနက္ခန္ဓာငါးပါးကို ငါသူတစ်ပါး၊ ပုဂ္ဂိုလ်သတ္တဝါ၊ ယောက်ျား၊ မိန်းမဟူ၍ စွဲယူခြင်း သည် သက္ကာယဒိဋ္ဌိ အယူဟူ၍ ဖြေကြားတော်မူ၏။

အရှင်မ--အဘယ်သို့သောအကြောင်းကြောင့် သက္ကာယ ဒိဋ္ဌိဖြစ်သနည်းဟု တစ်ဖန်ထပ်၍ မေးလျှောက်ပြန်သည်။ "ဒါယကာ ဝိသာခ-ဤသာသနာတော်၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် အရိယာတို့ကို မဖူးမြင်သည်ဖြစ်၍ အရိယာ တရားတော်၌ မလိမ္မာသည်ဖြစ်၍ (ဝါ)မနာကြားဘူးသည်ဖြစ် ၍ အရိယာတရား၌ ဉာဏ်မသက်ဝင်သည်ဖြစ်၍ သူတော်

http://www.dhammadownload.com



ကောင်းတို့ကို မဖူးမြင်သည်ဖြစ်၍ သူတော်ကောင်းတရား၌ မလိမ္မာသည်ဖြစ်၍ သူတော်ကောင်းတရား၌ ဉာဏ်မသက်ဝင်သည်ဖြစ်၍ ရုပ်ကို ငါဟူ၍ ရှု၏၊ မြင်၏၊ စွဲယူ၏။ ငါ၌ ရုပ်ရှိသည်ဟူ၍ရှု၏၊ မြင်၏၊ စွဲယူ၏။ ရုပ်၌ ငါရှိသည်ဟူ၍ ရှု၏။ မြင်၏။ စွဲ၏။ ငါရှိသော ရုပ်ဟု မြင်၏၊ ရှု၏၊ စွဲယူ၏။"

ဝေဒနာကို-သညာကို-သင်္ခါရကို-ဝိညာဏ်ကို-ငါဟူ၍ ရှု၏၊ မြင်၏၊ စွဲယူ၏။ ငါ၌ဝိညာဏ်ရှိသည်ဟူ၍ ရှု၏၊ မြင်၏၊ စွဲယူ၏။ ဝိညာဏ်၌ ငါဟူ၍ရှု၏၊ မြင်၏၊ စွဲယူ၏။ ငါရှိသော ဝိညာဏ်ဖြစ်၏ ဟူ၍ ရှု၏၊ မြင်၏၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်သည်ဟု ဖြေကြားတော်မူသည်။

ဥပမာ-မည်သည်ကား တထိန်ထိန်တောက်လောင်လျက်ရှိသော ဆီမီး၏ မီးလျှံသည် အဆင်းပင်တည်း။ ထိုအဆင်းသည်ပင် မီးလျှံပင်တည်းဟု မီးလျှံကိုလည်းကောင်း၊ အဆင်းကိုလည်းကောင်း၊ မကွဲမပြား တစ်သားတည်း မီးလျှံနှင့် အဆင်းကို အပြားမရှိ တစ်သားတည်း ရှုမြင်သလို ဤသာသနာတော်၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကိုပင် ငါ၏ ကိုယ်တည်း ထိုရုပ်သည် ငါတည်း။ ထိုငါသည်ပင် ရုပ်ဖြစ်၏။ ဤသို့ရုပ်ကို လည်းကောင်း၊ အနတ္တကိုလည်းကောင်း၊ မကွဲမပြား တစ်သားတည်း ရှုသည်ဖြစ်၍ ရုပ်ကို ငါ ဟူ၍- အတ္တဟူ၍-ကိုယ်ဟူ၍ ရှုကြည့်ပါ။

ဤကား -- မူလပဏ္ဏာသ ပါဠိတော် စူဠဝေဒလ္လသုတ်၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ ပြခြင်းတည်း။

---

http://www.dhammadownload.com

# ယမကသုတ် (သံယုတ်ပါဠိတော်)
# ယမက ရဟန်း၏ ဥစ္ဆေဒဒိဋ္ဌိအယူမှားပုံ ပြသခြင်း

မြတ်စွာဘုရား သခင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ယမက အမည်ရှိသော ရဟန်းတစ်ပါး အား ယုတ်မာသော အယူသည် ဖြစ်ပေါ်၏။

ထိုရဟန်းသည် ရဟန္တာသေလျှင် ပျောက်၏ ပျက်၏ နောက် ဘာမှမဖြစ်ဟု မြတ်စွာဘုရား ဟောတော်မူသည်ကို သူသိ၏ဟု အယူဖြစ်ပေါ်၏၊ ထိုသို့လည်း အခြားသော ရဟန်း များအား ပြောကြား၏။

ရဟန်းတို့က ငါ့ရှင်- ယမက၊ မြတ်စွာဘုရား သခင် ဟောတော်မူသည်မှာ ဤသို့ဟောတော်မူသည်မဟုတ်ပါ၊ မြတ်စွာ ဘုရားအား မစွပ်စွဲနှင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါဟုပြောကြားကုန်၏။ ပြောကြားကုန်သော်လည်း ယမကသည် မိမိအယူဆိုးကို မစွန့်မူ၍ ပြောမြဲတိုင်းပင် ပြောဆို နေရာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးထံ သွား၍ လျှောက်ထားကြကုန်၏။

အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည်လည်း ညနေစောင်းအချိန် အရှင်ယမကထံသို့ သနားသဖြင့် ကြွလာတော် မူပြီးလျှင် ငါ့ရှင်-ယမက၊ သင်သည် ဤသို့ သဘောရှိသော အယူဆိုးရှိသည်မှန်ပေသလောဟုမေးတော်မူရာ ယမက-က မှန် ပါသည်ဘုရားဟု ပြန်၍ လျှောက်ထား၏။

http://www.dhammadownload.com



ထိုအခါ အရှင်သာရိပုတ္တရာက၊ ငါ့ရှင်ယမက ဤတရားကို အသင် အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလော (မမြဲပါဘုရား)၊ ဝေဒနာသည် သညာသည် သင်္ခါရသည် ဝိညာဏ်သည် မြဲသလော၊ မမြဲသလော (မမြဲပါဘုရား)

ငါ့ရှင်-သင်သည် ထိုကြောင့် အလုံးစုံသောရုပ်ကို ဤရုပ်သည် ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ၏ကိုယ် အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ရှုရမည်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အားလုံးကို ထိုအတိုင်းပင် ဟုတ်တိုင်းမှန်စွာ ရှုရမည်ဟု မိန့်တော်မူ၏။

ငါ့ရှင်-ယမက၊ ငါထပ်၍မေးဦးမည်။ သင် သဘောကျသလိုဖြေပါ။ သင်သည် ရုပ်ကို ရဟန္တာ(သတ္တဝါ)ဟု ရှုသလော မရှုသလော (မရှုပါဘုရား)ဝေဒနာကို ရဟန္တာ(သတ္တဝါ)ဟုရှုသလော၊ သညာကိုသင်္ခါရကိုဝိညာဏ်ကိုရဟန္တာ(သတ္တဝါ)ဟုရှုသလော (မရှုပါဘုရား) ရုပ်၌ ရဟန္တာ (သတ္တဝါ)ဟုရှုသလော(မရှုပါဘုရား) ရုပ်မှတခြား ရဟန္တာ (သတ္တဝါ)ဟူ၍ရှုသလော(မရှုပါဘုရား)ဝေဒနာ၌ရဟန္တာ(သတ္တဝါ)ဟူ၍ရှုသလော (မရှုပါဘုရား) ဝေဒနာမှ အခြား၌၊ သညာ၌၊ သင်္ခါရ၌ ဝိညာဏ်၌၊ ဝိညာဏ်မှ တခြား၌ ရဟန္တာ(သတ္တဝါ)ဟု ရှုသလော (မရှုပါဘုရား)။

ငါ့ရှင်၊ ယမက၊ ထိုသို့ဖြစ်ခဲ့သော် မုချအားဖြင့် စင်စစ်ကေန် ရဟန္တာ(သတ္တဝါ)ဟုမရပါဘဲ၊ မရှိပါဘဲလျက် အာသဝေါကုန်ပြီးသော ရဟန္တာသည် ခန္ဓာကိုယ် ပျက်စီးပြီးနောက်

http://www.dhammadownload.com



ပြတ်၏။ ပျောက်၏။ နောက် ဘာမှမဖြစ်တော့ဘူးဟု မြတ်စွာဘုရားဤသို့ဟောကြားသည်ကို ငါသိ၏ဟုပြောခြင်းသည် သင့်လျော်ပါအံ့လောဟု ရှင်သာရိပုတ္တရာ အမိန့်တော်ရှိတော်မူသောအခါ ယမက,က အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရား၏ တရားကို မနာရမီ ထိုယုတ်မာသော အယူသည် ဖြစ်ပေါ်ခဲ့ပါသည်။ ယခု အရှင်ဘုရား၏ တရားဒေသနာကို နာကြားရသဖြင့် ထိုယုတ်မာသော အယူသည်မရှိတော့ပါဘုရား။

ကောင်းပြီ။ သင့်ကို အခြားတစ်ပါးသော ရဟန်းများက ငါ့ရှင်၊ ယမက၊ အာသဝေါကုန်ပြီးသော ရဟန္တာသည် ခန္ဓာကိုယ်ပျက်စီး၍သေသည်၏ နောက်၌ အဘယ်သို့ဖြစ်သေးသနည်းဟု အကယ်၍သင့်အား မေးမြန်းကြပါက သင်သည် မည်သို့ဖြေကြားမည်နည်း။

အရှင်ဘုရား, တပည့်တော်သည်ငါ့ရှင်တို့ ရုပ်သည်မမြဲ၊ မမြဲသောရုပ်သည် ဆင်းရဲ၏။ ဆင်းရဲသော ရုပ်သည် ချုပ်၏။ ပျောက်၏။ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရသည်၊ ဝိညာဏ်သည် မမြဲ၊ ဆင်းရဲ၏။ ဆင်းရဲသော ဝိညာဏ်သည်ချုပ်၏၊ ပျောက်၏၊ ထိုသို့ အကျွန်ုပ် ဖြေကြားပါအံ့ဟု ဖြေတော်မူသည်။ ဤသို့အရှင်သာရိပုတ္တရာ အဆုံးအမကို နာကြားရသဖြင့် အမြင်မှန် သမ္မာဒိဋ္ဌိကို ရရှိလေသည်။

ထိုယမက ရဟန်းသည် ဒိဋ္ဌိရှိနေသောကြောင့် ရဟန္တာသေလျှင်ပျောက်တာပဲ။ ဘာမှ နောက်မဖြစ်ဘူးဟု နှစ်ပါးသောဒိဋ္ဌိဖြင့် အယူမှားခြင်းဖြစ်သည် ရဟန္တာကို ပုဂ္ဂိုလ်

http://www.dhammadownload.com



သတ္တဝါ အားဖြင့် ယူသော သက္ကာယဒိဋ္ဌိ။ ယင်းပြင် ရဟန္တာ သေလျှင် ပျောက်သွားတာပဲ၊ ပြတ်သွားတာပဲဟု ယူသော ဥစ္ဆေဒဒိဋ္ဌိကိုယူလိုက်သေးသည်။ ထိုမှတစ်ပါး နိဗ္ဗာန်၌လည်း ဘာမှမရှိဘူး ဆိုတာကိုလည်း ယူလိုက်သေးသည်။

ထို့ကြောင့်သက္ကာယဒိဋ္ဌိရှိသူသည်နိဗ္ဗာန်ကိုလည်း သဘော မကျနိုင်၊ ရဟန္တာသေလျှင် ချုပ်ပျောက်သွားတာပဲဟု ယူသဖြင့် နိဗ္ဗာန်သည် ဘာမျှမရှိသော အဓိပ္ပာယ်သို့ သက်ရောက်သည်။

ထို့ကြောင့် သက္ကာယဒိဋ္ဌိရှိသူများသည် အလွန်ကြောက် စရာကောင်းလှသည်။ ဝိပဿနာအလုပ်ကိုမည်မျှပင် အားထုတ် ငြားသော်လည်း ဒိဋ္ဌိအပင်း ခံနေပါက ပင်ပန်းရုံမျှသာရှိမည်၊ နိဗ္ဗာန်ကိုတော့ မရနိုင်။

---☸---

http://www.dhammadownload.com

# အရှင်ဆန္နဖြစ်ထွေ

အရှင်ဆန္န၏ အတ္တုပ္ပတ္တိကိုဖော်ပြပါဦးအံ့ ။ မြတ်စွာဘုရား၏ ဖွားဖက်တော်ဖြစ်သော အရှင်ဆန္နသည် တရားကို အားထုတ်သည်။ ဖြစ်ပျက်ကိုလည်း ရှုသည်။ ဖြစ်ပျက်ကိုလည်း မြင်သည်။ သို့သော် ပထမမဂ်မျှပင် မရချေ။

အခြားသော ရဟန်းတွေထံ သွား၍ မိမိသည် ဝိပဿနာ အလုပ် အားထုတ်ကြောင်း ဖြစ်,ပျက်ကိုလည်း မြင်ကြောင်း ပြောကြားသည်။ ၄၅-နှစ်ကာလပတ်လုံး အားထုတ်ပင် အားထုတ်ငြားသော်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရချေ။ (ဝါ) ဥပမိလေးပါး ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်၌ သက်ဝင်သော ဉာဏ်သည် မဖြစ်ပေါ်ချေ။

ရုပ်တရားသည် မမြဲ၊ (ပ) ဝိညာဏ်သည် မမြဲ၊ ရုပ်တရားသည် အတ္တမဟုတ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တရားတို့သည် အတ္တမဟုတ်ဟု ဆိုသည်။ အတ္တမဟုတ်လျှင် ငါသည် အဘယ်ကို အားကိုးစရာရှိတော့အံ့နည်းဟု ချောက်ကမ်းပါးစောက်များမှ ကျသလို ထိတ်လန့်တုန်လှုပ်ပြီးလျှင် အတ္တကို သိပ်အားကိုးသည်။ ဤသို့အားဖြင့် ၄၅-နှစ်ကြာသွားတော့သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသွားလေသည်။

သို့ဖြင့် တစ်နေ့သောခါ ရှင်အာနန္ဒာထံသွားရန် အကြံဖြစ်ပေါ်ပြီးနောက် မိမိကျောင်းသင်္ခမ်းကို သော့ခတ်ပြီးလျှင် ရှင်အာနန္ဒာ သီတင်းသုံးနေရာ ကောသမ္ဗီပြည်ဃောသိတာရုံ

http://www.dhammadownload.com



ကျောင်းသို့ သွားပြီးနောက် မိမိ၏ ဖြစ်ထွေကို အကြောင်းစုံ ပြောပြရာ ရှင်အာနန္ဒာက ရှင်ဆန္နအား နှစ်သိမ့်စေပြီး ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကို ဟောကြားပြသမှသာလျှင် သဘော ပေါက်ပြီး တရားအားထုတ်သဖြင့် အကျွတ်တရားများကို ရရှိလေသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောတရားကို နားမလည်လျှင် ဘယ်သောအခါမှ မိမိတို့သန္တာန်၌ရှိသော ဒိဋ္ဌိသည်မပြုတ်နိုင်၊ ဒိဋ္ဌိမပြုတ်လျှင် သောတပန် အဆင့်သို့ပင် မရောက်နိုင်။ အရဟတ္တမဂ် ရောက်ဖို့ကား ဝေးလေစွ။

ထိုမှတစ်ပါး မိစ္ဆာဒိဋ္ဌိသည် တဏှာထက်လည်းကောင်း၊ အဝိဇ္ဇာထက် လည်းကောင်း၊ ကြောက်စရာ ကောင်းလှ၏။ အဘယ်ကြောင့်ဆိုသော် ယင်းတရားသည် မဂ်တား၊ ဖိုလ်တား ဖြစ်ရုံမျှမက အပါယ်ငရဲ၏ မျိုးစေ့လည်းဖြစ်သည်။ တဏှာသည် သုဂတိသို့ ရောက်စေနိုင်သေး၏။ နတ်ပြည် ဗြဟ္မာပြည်သို့ တက်စွမ်းနိုင်သေး၏။

ဒိဋ္ဌိသည် အဝိဇ္ဇာထက်လည်း ပို၍ကြောက်စရာကောင်း လှသည်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿမှာ အဝိဇ္ဇာပါ သည်။ သို့သော် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဖြစ်တိုင်း ပင် အပါယ်သို့မကျနိုင်။ အဝိဇ္ဇာသည် ဒိဋ္ဌိလောက်မကြမ်းတမ်း သောကြောင့် ဒိဋ္ဌိလောက် ကြောက်စရာ မကောင်းလှချေ။ အဝိဇ္ဇာကို အထက်မဂ်ရောက်မှသာ အကြွင်းမဲ့ ပယ်နိုင်သည်။ အောက်မဂ်များမှာ အဝိဇ္ဇာမကုန် မပယ်သေးသော်လည်း သောတာပန် တည်နိုင်သေးသည်။

http://www.dhammadownload.com



ဝိသာခါကျောင်းအမကြီးသည် အဝိဇ္ဇာမပယ်နိုင်သေး၊ အဝိဇ္ဇာရှိနေသောကြောင့် သူ၏မြေးကလေး သေဆုံးသည့်အခါ ငိုကြွေးမည်တမ်းခြင်းရှိသော်လည်း အပါယ ဂမနီယ=အပါယ်သို့ ကျရောက်စေနိုင်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ အဝိဇ္ဇာမဟုတ်ချေ။

http://www.dhammadownload.com

# အပိုင်း (၁၄)
## သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိအကြောင်း

မြန်မာနိုင်ငံတစ်ဝန်းလုံး၌လည်း သက္ကာယဒိဋ္ဌိမှ ပေါက်ဖွားလာသော သဿတဒိဋ္ဌိ အလွန်ပင်အရိုးခိုက်အောင်အထိ အစွဲကြီး နေကြပါသည်။

ဥပမာအားဖြင့် ပြဆိုရသော်--ဦးဖြူတစ်ယောက်သည် မကျန်းမမာဖြစ်နေရာ မြောသွား၏။ ယင်းမြောလျက်နေရာ ယခုထက်ထိ အသက်မထွက်ရသေးဟု ပြောကြသည်၊ "ဓမ္မာနိယာမတ္တာ နိဗ္ဗာ သဘာဝါ" အသက်မဟုတ်၊ လိပ်ပြာမဟုတ်၊ ခန္ဓာငါးပါးသာ ရှိသည်ကို အသက်လုပ်၍နေကြသည်။ မိဘဘိုး ဘွား လက်ထက်ကစ၍ ထုထည်ကြီးသော အစွဲတွေ ဖြစ်သည်။

တစ်ဖန် အသုဘပို့၍ အပြန် သချိုင်းမှမြေခဲကလေးကို ယူခဲ့ပြီး လိပ်ပြာခေါ်သည်။ လိပ်ပြာခွဲသည်။ ဘဝတစ်ပါး ပြောင်းသွားသည်။ ကူးတို့ခဟု ပါးစပ်ထဲသို့ ထည့်လိုက်ရသည်။ စသည်တို့သည်လည်း ဒိဋ္ဌိအလုပ်တွေချည်းသာ ဖြစ်ပေသည်။

ဘဝတစ်ပါး ပြောင်းသွားလေပြီသော ဦးဖြူဟု ရေစက်ချ၍ပါပြန်ပါသည်။ အမှန်အားဖြင့် ပရမတ္ထ သဘောအတိုင်း ဆိုပါလျှင် ဒီဘဝက ရုပ်နာမ်သည် ဒီဘဝမှာပင် ချုပ်သည်။ နောက်ဘဝသို့ တစ်တိုတစ်စလိုက်သည်မည်သည် မရှိ။ ဝိညာဏ်သည်လည်းမပြောင်းပါ။ လောက်လန်းသဖွယ် ဝိညာဏ်တွယ်ဟု ပြောရိုးဆိုရိုးရှိကြသည်။ တွယ်စရာမရှိသေး၍ ဝိညာဏ်မထွက်

http://www.dhammadownload.com



သေး စသည်ဖြင့် ပြောကြဆိုကြ ယုံကြည်ကြသည်။ ဒီဘဝက ခန္ဓာစွန့်၍နောက်ဘဝခန္ဓာသစ်ကို ဝိညာဏ်ပြောင်းရွှေ့ခြင်းမည်သည်မရှိ။ သို့သော် သဿတအစွဲ အားကြီးလှ၍ တစ်တိုင်းတစ်ပြည်လုံး ဤသို့ ဝိညာဏ်ပြောင်းသည်ဟု ပြောဆိုစွဲလမ်းလျက်ရှိချေသည်။

ဘုရားဟော ဒေသနာတော်သည် "နီတတ္ထ"ဟူ၍လည်းကောင်း၊ "နေယျတ္ထ"ဟူ၍ လည်းကောင်း နှစ်မျိုးရှိသည်။ "နီတတ္ထ"က တိုက်ရိုက်ဟောတော်မူတိုင်းယူရသောတရားဖြစ်၍"နေယျတ္ထ"မှာ ဆောင်ပြီး ဟောတော်မူသော တရားဖြစ်ရာ ညှိ၍မယူတတ်လျှင် မညှိတတ်လျှင် သဿတနှင့် ဥစ္ဆေဒဘက်သို့ ပြေးဝင်သည်။ ယိုင်သွားသည်။ အလယ်လမ်း (မဇ္ဈိမပဋိပဒါ) ပေါ်မှ တိမ်းချော်သွားသည်။

တစ်နိုင်ငံလုံးလိုလို မိဘဘိုးဘွား လက်ထက်ကစပြီး သဿတဒိဋ္ဌိနှင့်သာ များသောအားဖြင့် လှူကြ၊ တန်းကြ၊ ပေးကြ၊ ကမ်းကြသည်သာများကြသည်။ နောက်ဘဝကောင်းစားရေးဆိုပြီး နောင်ဘဝလူချမ်းသာ၊ နတ်ချမ်းသာ ခံစား၊ စံစားရအောင်ဆိုပြီး လှူကြ၊ တန်းကြသည်လည်း ဖြစ်သည်။ ကုသိုလ်ကောင်းမှုပြုပြီး အလှူရေစက်ချသည်ကိုပင် လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ် အကြိမ်ကြိမ်ခံစား စံစား၍ဆိုတာပါမှ သဘောကျသူများသည်။ အလှူရှင်များကလည်း ဤသို့မှ ကျေ

http://www.dhammadownload.com



နပ်ကြသည်။ ရေစက်ချဘုန်းတော်ကြီးကိုလည်း ဤသို့မျှကြည်ညိုသည်။ သိပ်ရေစက်ချကောင်းတဲ့ ကိုယ်တော်ကြီးပဲဆိုပြီး နောက်လည်း ဒီကိုယ်တော်ကြီးပဲ ပင့်ကြပေါ့ကွာ စသည်ဖြင့် ရေစက်ချရှည်မှ အကြိမ်ကြိမ် ခံစားစံစား၍ ဆိုပြီး အဆုံးစွန်သောဘဝဆိုသည် ဆုံးနိုင်စရာများမြင်ကြရင်ဖြင့် တော်ပါသေး၏။ ဘယ်ဘဝဘယ်ကမ္ဘာကျမှ အဆုံးသတ်မည်ဆိုတာ အဆုံးအစမရှိ။ ကမ်းမမြင် လမ်းမမြင် ဖြစ်ကြပြီးလျှင် သူများပါးစပ်လမ်းဆုံးကြသည်သာဖြစ်သည်။ သံသရာရှည်လိုသောသူများ၏ဖြစ်ထွေပဲဟုသာဆိုရမည်။ ဤသို့ဆိုလျှင် မှားမည်မဟုတ်ချေ။

ရှေ့ပိုင်းတွေမှာလည်း များစွာဖော်ပြပြီးဖြစ်သည့်အတိုင်း လူမင်းစည်းစိမ်သည် လည်းကောင်း၊ နတ်မင်းစည်းစိမ်သည် လည်းကောင်း၊ သစ္စာဖွဲ့လိုက်လေလျှင် ဒုက္ခသစ္စာထိုက်သောကြောင့် မည်သည့်ဘဝကိုရရ အိုနာ၊ သေနာနှင့် လမ်းဆုံးကြရမည်သာဖြစ်ရာ သံသရာကို မလည်ရအောင် ပဋိစ္စသမုပ္ပါဒ်ကို မဂ္ဂင်အလုပ်ဖြင့် ဖြတ်ကြမှသာလျှင် သံသရာစခန်းသတ်ကြမည်ဖြစ်သည်။

---

၁။ ကမ္ဗသာကာတသမ္မာဒိဋ္ဌိဖြစ်သည်၊ ယင်းကိုလည်း ပယ်၍မရသေးဘဲ နုလောမိကာသမ္မာဒိဋ္ဌိဦးစီး၍ ဘာလှုလှု ဘာတန်းတန်း ဤဒုက္ခသစ္စာ ခန္ဓာကြီးကို နောင်မရလို၍ လှူပါ၏ဟု နှလုံးသွင်း၍ လှူပါတန်းပါဟု ဆိုလိုခြင်းဖြစ်သည်။

http://www.dhammadownload.com



မြန်မာလူမျိုးတို့၌ သဿတဒိဋ္ဌိအားကြီးပုံသာဓကတစ်ခု ပြသအံ့။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဗုဒ္ဓဘာသာအခေါ်ခံကြသော မြန်မာများမှာ များသောအားဖြင့် သဿတဒိဋ္ဌိ အကြီးအကျယ်ရှိနေသည်။ ဥပမာအားဖြင့် ပြရသော် ရန်ကုန်မြို့တွင် ဘာသာရေး ထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦးသည် မိမိရှိသော ပစ္စည်းများကိုလည်း အတော်များများ လှူဒါန်းခဲ့လေသည်။

တစ်ချိန်၌ ၎င်း၏ မိတ်ဆွေနှင့် စကားပြောကြရာတွင် ဒီမှာ ကျုပ်တော့ နတ်ပြည်မှာ (A/C) ဖွင့်ပြီးပြီ (ဆိုလိုသည်မှာ နတ်ပြည်၌ ဘဏ်စာရင်းဖွင့်ပြီးပြီ ငွေသွင်းပြီးပြီ ဆိုလိုသည်)၊ ဒီတော့ ကျုပ်အဖို့မှာ နောက်ဘဝ ဆင်းရဲမှာလည်း ပူစရာမလိုတော့ဘူး။ ဒီဘဝကနေပြီး အားလုံးစီစဉ်ပြီးဖြစ်တယ်ဟု ပြောဆိုသည်ကို ကြားဖူးပါသည်။

ထို ဘာသာရေး ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးသည် သူ ဒီဘဝက ကုသိုလ်ကောင်းမှုတွေပြုပြီး နောက်ဘဝ ၌ ကုသိုလ်တွေကို သူပဲခံစားရမှာပဲဟူ၍ စွဲယူထားသော သဿတဒိဋ္ဌိ အကြီးအကျယ် စွဲယူထားကြောင်း ထင်ရှားသည်။ ဒီဘဝ လှူဒါန်းသမျှတွေ သူသည်ပင် နောက်ဘဝခံစားရမှာပဲ။ ဆင်းဆင်းရဲရဲမဖြစ်တော့ဘူး။ တောင့်တောင့်တတ မနေရတော့ဘူး၊ နောင်ဘဝ မျက်နှာမငယ်ရတော့ဘူး။ နောက်ဘဝ ထိုထို တို့၌လည်း အထက်တန်းစား ဘဝမှာပဲနေရမှာပဲဟု သဿတနှင့်ယူ၍ ကုသိုလ်ကောင်းမှု ပြုခြင်းဖြစ်၍ သဿတဒိဋ္ဌိအစွဲ

http://www.dhammadownload.com



အလမ်းအလွန်ကြီးကျယ်သည်ဟု သိရပေမည်။ ဒီဘဝမိမိပြု လုပ်သည်ကို နောက်ဘဝ မိမိပဲခံစားရမည်ဖြစ်၍ ဒီဘဝပြုတာ သည်လည်း မိမိ နောက်ဘဝခံစားရသူသည်လည်း မိမိ ဖြစ် နေသောကြောင့် ဤသူပြုသည်၊ ဤသူခံစားရသည် ဆိုသဖြင့် သဿတဒိဋ္ဌိသာဖြစ်သည်။ ဒီဘဝက ရုပ်နာမ်၊ ဟိုဘဝသို့တိုင် အောင်ပါနေသည့် အထင်ရှိနေကြသူ တစ်ပြည်လုံး လိုလိုပင် ဤသို့စွဲယူကြသည်ဖြစ်သည်။ နတ်ဘဝကိုလည်း အကောင်း ထင်ကြသေးသည်။ နတ်စည်းစိမ်ကိုလည်း သုခဟူ၍ထင်ကြ ပြန်သေးသည်။

လူ့ရွာနတ်ပြေမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ
အထင်ငြိလျက်၊ ဂတိနောင်ကို ကောင်းစေလို၍
ကုသိုလ်အရိုးအမျိုးမျိုးကို၊ ကြိုးကြိုးစားစား ပြုတုံ့
ငြားက ဆယ်ပါးပုည အာနဥ္စဟု၊ ဘဝနှီးရင်း
ပွားတုံလျှင်းသည် ဝဋ်မခင်း ဝဋ်နွယ် ရှည်သတည်း။

-ဟု ကျေးရူးရှင်လယ်တီဆရာတော်ဘုရားကြီးက စပ်ဆိုတော် မူသည်။

ထို့ကြောင့် နတ်စည်းစိမ် လူစည်းစိမ် တောင့်တ၍ လှူကောင်း၊ မလှူကောင်း ဆုံးဖြတ်ကြပါရန် ဤလက်ာဖြင့် ပေါ်လွင်ပါလိမ့်မည်။ ယောဂီအပေါင်းတို့ မိမိတို့ ကိုယ်ပိုင်ဉာဏ် ဖြင့်သာ ဝေဖန်ကြပါတော့။ ယခုဘဝက ရုပ်နာမ်သည် ယခု ဘဝမှာပင် ချုပ်သည်။ နောက်ဘဝသို့ တစ်တိုတစ်စ လိုက်

http://www.dhammadownload.com



ခြင်းမည်သည်မရှိ။ ယခုဘဝက ရုပ်နာမ်လိုက်သည်ဟူ၍ စွဲယူလျှင် သဿတဒိဋ္ဌိဖြစ်သည်။ အကြောင်းအကျိုးသာ ဆက်သည်။ ဤဘဝ စုတိဝိညာဏ်သည် အကြောင်း ဖြစ်သည်။ နောက်ဘဝ ပဋိသန္ဓေ ဝိညာဏ်သည် အကျိုးဖြစ်သည်။ ဥပမာ-ရန်ကုန်မြို့မှ နေ၍ ငွေ ၁၀၀၊ မန္တလေးသို့ မန်နီအော်ဒါနှင့်ပို့သည်။ ပို့သောငွေသည် မန္တလေးသို့မသွား၊ သို့သော် အကြောင်းကင်းသလားဆိုပါက အကြောင်းကင်းသည်မဆိုနိုင်။ သူ၏သတ္တိ။ သူ၏အကြောင်းကြောင့်ငွေ ၁၀၀ မန္တလေးသို့ ရောက်ခြင်းဖြစ်သည်။

လူတစ်ယောက်မြွေကိုက်ခံရသည်။အခြားသူတစ်ယောက်ကမြွေဆရာထံသွား၍ပင့်သည်။ ဆရာကအကြောင်းမညီညွတ်၍မလိုက်နိုင်သဖြင့် လာပင့်သူကို မြွေဆိပ်ကျစေသော မန္တာန်မန်း၍ရေမန်းတိုက်သည်။ မြွေကိုက်ခံရသူသည်မြွေဆိပ်ကျသည်။ ဆရာလည်းမလိုက်၊ ရေလည်းမရောက်၊ သူ့သတ္တိကြောင့် မြွေဆိပ်ကျရသလို ဆရာ၏မန္တာန်ဟူသောအကြောင်း မကင်း။ အကြောင်းမကင်း၍ မြွေဆိပ်ကျသည်။ ဤဥပမာကိုထောက်၍ သဘောပေါက် နားလည်ကြပါကုန်။

---❀---

http://www.dhammadownload.com

# သာတိရဟန်းဝတ္ထု
## နိဒါနဝဂ္ဂသံယုတ်လာ သာတိရဟန်း သဿတဒိဋ္ဌိဖြစ်ပုံ

မြတ်စွာဘုရားသခင် လက်ထက်တော်က သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သာတိမည်ရှိသော ရဟန်းတစ်ပါးသည် မြတ်စွာဘုရား ဟောတော်မူသော ဇာတ်ကြီးဆယ်ဘွဲ့ကို ကြားနာရသည့်အခါ အလောင်းတော် တေမိမင်း၊ ဇနကမင်း၊ သုဝဏ္ဏသျှံသတို့သား၊ တေမိမင်းကြီး အစရှိသဖြင့် ဝေဿန္တရာမင်းကြီး ဖြစ်၍ နောက်ဆုံး နတ်ပြည်၌ နတ်သားဖြစ်ပြီး ယခုဘုရား ဖြစ်လာသည်ဟု ဟောကြားတော်မူသည်များကို သဿတဒိဋ္ဌိ အယူဘက်လှည့်ပြီးနောက် တေမိမင်းလက်ထက်ကလည်း ဤဝိညာဏ်ပဲ ဇနကမင်းကြီးလက်ထက်၌လည်း ဤဝိညာဏ် ဖြစ်သည်။ သုဝဏ္ဏသျှံ, ဝေဿန္တရာမင်းကြီးစသည်ဖြင့် ဖြစ်ရာဘဝမှာလည်း ဤဝိညာဏ်တစ်ခုတည်းပင် ဘဝအမျိုးမျိုးပြောင်း ခန္ဓာ အမျိုးမျိုး၊ အမိဝမ်းအမျိုးမျိုးမှာ သွား ဖြစ်နေသည်။ ဤသို့ဘဝအမျိုးမျိုးပြောင်းပြီးမှ ယခုဘုရား ဖြစ်လာသည်ဟု မှားသောအယူဖြစ်ပြီးလျှင် မြတ်စွာဘုရားက ဒီအတိုင်း ဟောသည်ကိုသူသည် ဒီအတိုင်းနားလည်ပါသည်ဟု ပြောဆို၏။

ရဟန်းများက ငါ့ရှင်။ သင်သည် ဤကဲ့သို့မပြောပါနှင့်။ သင်သည် ဤကဲ့သို့ပြောလျှင် မြတ်စွာဘုရားအား စွပ်စွဲရာရောက်ပါသည်။ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါဟု

http://www.dhammadownload.com



အကြိမ်ကြိမ် အဖန်ဖန်ပြောသော်လည်း ၎င်း၏ အယူဝါဒ ကိုမစွန့်သောကြောင့် မြတ်စွာဘုရားသခင်ထံသွား၍ ရဟန်း များကလျှောက်ထားကြသည်။ မြတ်စွာဘုရားသခင်သည် သာတိ ကိုအခေါ်ခိုင်းတော်မူ၍ သာတိ,ဝိညာဏ်သည် ဟိုဘဝသို့ ပြောင်းသွား၏။ ဟိုဘဝက ဒီဘဝ ကျင်လည်၏။ ခန္ဓာသာ အသစ်ပြောင်းသည်ဟု ငါဘုရား ဤကဲ့သို့ဟောသည်ဟု ယုတ်မာ သောအယူဖြစ်သည်ဆိုသည် မှန်သလောဟု မေးတော်မူ၏။

မှန်ပါကြောင်း သာတိရဟန်းက ပြန်ကြား လျှောက်တင် ရာ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျား၊ ငါဘုရားသည် မည်သည့်အခါ မည်သူအား ဤသို့ပြောကြားသည်ကို သင်သိ ဘိသနည်း၊ ငါသည်အကြောင်းနှစ်ခုကိုစွဲ၍ ဝိညာဏ်ဖြစ်ပေါ် သည်။ အကြောင်းနှင့်ကင်း၍ ဝိညာဏ်ဖြစ်ခြင်းမည်သည် မရှိဟု များစွာသော ပရိယာယ်အားဖြင့် ဟောကြားတော်မူသည် မဟုတ်တုံလော ---။

ရဟန်းတို့ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျား သာတိသည် မိမိ၏မှားသောအဖို့ဖြင့်လည်း ငါဘုရားကို စွပ် စွဲပြီးလျှင် မိမိကိုယ်ကိုလည်း တူးဖြိုစေလျက် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေ၏။ သင်ရဟန်းတို့သည်ငါဘုရား ထိုကဲ့သို့ ဟောကြားတော်မူသည်ကို ကြားဖူးကြပါသလောဟုမေး တော်မူရာ ဤသို့ဟောကြားတော်မူသည်ကိုမသိပါ၊ဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်၏။ အကြောင်းမရှိဘဲ ဝိညာဏ်ဖြစ်ပေါ်ခြင်း မရှိဟု များစွာသော ပရိယာယ်တို့ဖြင့် မြတ်စွာဘုရားသည်

http://www.dhammadownload.com



တပည့်သား ရဟန်းတော်တို့အား ဟောကြားတော်မူသည်ကို တပည့်တော်တို့ကြားသိရပါသည်ဘုရားဟု အခြားသောရဟန်း များကတင်လျှောက်ကြကုန်၏။

"ရဟန်းတို့အကြောင်းကိုစွဲ၍ ဝိညာဏ်ဖြစ်ပေါ်၏။ မျက်စိနှင့်အဆင်းကိုစွဲ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်၏။ နားနှင့် အသံကို စွဲ၍ ကြားစိတ် သောတဝိညာဏ်ဖြစ်ပေါ်၏။ နှာခေါင်းနှင့်အနံ့ကို စွဲ၍ နံစိတ် ဃာနဝိညာဏ် ဖြစ်ပေါ်၏။ လျှာနှင့် အရသာကို စွဲ၍ စားစိတ် ဇိဝှာဝိညာဏ်ဖြစ်ပေါ်၏။ ကိုယ်နှင့်အတွေ့အထိကို စွဲ၍ ကာယဝိညာဏ်ဖြစ်ပေါ်၏။ သဘောတရားနှင့် ဟဒယ ဝတ္ထုကိုစွဲ၍ မနောဝိညာဏ်ဖြစ်ပေါ်၏"။

"ဥပမာအားဖြင့်ဆိုသော် ဝါးကိုစွဲ၍လောင်သောမီးဖြစ်ခဲ့ပါ မူ ဝါးမီး၊ နောက်ချေးကိုစွဲ၍ လောင်သောမီးဖြစ်ခဲ့ပါမူ နောက် ချေးမီး၊ ဖွဲကိုစွဲ၍ လောင်သောမီးဖြစ်ခဲ့ပါမူ ဖွဲမီးဟု ခေါ်ဝေါ်ခြင်း ဟု ရောက်သကဲ့သို့ စက္ခုနှင့် ရူပါရုံကိုစွဲ၍ဖြစ်ပေါ်လျှင် မြင် စိတ်၊ ထို့အတူ သောတနှင့် သဒ္ဒါရုံ စွဲ၍ဖြစ်လျှင် ကြားစိတ်၊ ဃာနနှင့် အနံ့စွဲ၍ ဖြစ်ပေါ်လျှင်နံစိတ်၊ ဇိဝှာနှင့် ရသာရုံစွဲ၍ ဖြစ်ပေါ်လျှင် စားစိတ်၊ လျက်စိတ်၊ ကာယနှင့် ဖောဋ္ဌဗ္ဗစွဲ၍ ဖြစ်ပေါ်လျှင် တွေ့ထိစိတ်၊ ဓမ္မာရုံနှင့် ဟဒယဝတ္ထုကိုစွဲ၍ ဖြစ်ပေါ်လျှင် ကြံစည်တွေးတောစိတ်ဟု ခေါ်ဝေါ်ခြင်းသို့သာ ရောက်၏" ဟု ဟောတော်မူ၏။ အကြောင်းနှစ်ခုတို့ တိုက်ဆိုင် ၍ မနာယတန (ဝါ)မနော၊ (ဝါ)စိတ်၊ သို့မဟုတ် ဝိညာဏ် ဖြစ်ပေါ်သည်။ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုး

http://www.dhammadownload.com



တရားချုပ်သည်။ အကြောင်းတရားချုပ်လျှင် အကျိုးတရား ချုပ်ခြင်းကြောင့် ယခုဘဝမှ ဝိညာဏ်သည် နောက်ဘဝသို့ လိုက်သည်မရှိ။ ယခုဘဝ ဝိညာဏ်သည် ယခုဘဝမှာပင် ချုပ်သည်။ နောက်ဘဝသို့မလိုက်ချေ။ တေမိမင်းဘဝက ဝိညာဏ်သည် တေမိမင်းဘဝမှာပင် စုတိဝိညာဏ်အားဖြင့် နောက်ဆုံးချုပ်ဆုံးသည်။ နောက်ဘဝ၌ ပဋိသန္ဓေဝိညာဏ်အသစ် ထပ်မံပေါ်လေသည်။ ဝေဿန္တရာဘဝက ဝိညာဏ်သည်လည်း ယင်းဘဝ၌ စုတိဝိညာဏ်ချုပ်ဆုံး၍နောက်ဘဝ၌ ပဋိသန္ဓေ ဝိညာဏ်အသစ် ထပ်မံပေါ်သည်။

ဥပမာအားဖြင့် မြတ်စွာဘုရားသခင်သည် ဟောကြားတော်မူသောတရားတော်ကို တရားတော်ဟူ၍မသိသော်လည်း အသံ၌ နားထောင်ကောင်း၍နားထောင်နေသော ဖားသူငယ်အား နွားကျောင်းသား၏ တုတ်နှင့်ထောက်မိ၍ သေဆုံးသွား လေရာ နတ်သားဖြစ်သွားသည်ဟု ဆိုသည်။

ဖားဘဝတုန်းက ဝိညာဏ်သည် နတ်သားဘဝခန္ဓာထဲမှာ လိုက်လာပြီးနတ်သားဖြစ်သည်မဟုတ်ပါ။ ဖားဘဝက ဝိညာဏ်သည်လည်းနတ်သားဘဝသို့လိုက်၍မသွားချေ။ သို့သော်ဖားဘဝတုန်းက ဝိညာဏ်၏အကြောင်းကင်းပါသလားဆိုပါကလည်း ဖားဘဝက အကြောင်းမကင်းချေ။ ဝိညာဏ်ကတော့ မလိုက် သတ္တိလိုက်သည်။

ထိုနည်းတူစွာ ဝိသာခါကျောင်းအစ်မကြီးသည်လည်း ခန္ဓာပျက်ကြွေသေသောအခါ နိမ္မာနရတိနတ်ပြည်၌ သုနိမ္မိတာ

http://www.dhammadownload.com



နတ်မိဖုရားဖြစ်သည်ဆိုရာ ဝိသာခါ ကျောင်းအစ်မကြီး၏ ဝိညာဏ်သည် နတ်မိဖုရားခန္ဓာကိုယ်ထဲရောက်အောင်လိုက်ပြီး ဝင်ခြင်းမဟုတ်ချေ။ ကမ္မဘဝပစ္စယာဇာတိ ဆိုသည့်အတိုင်း ကမ္မဘဝ အကြောင်းခံကြောင့် ဇာတိဖြစ်ပေါ်ခြင်းဖြစ်သည်။ ဝိသာခါဘဝက ဝိညာဏ် တစ်တိုတစ်စ လိုက်ခြင်း မည်သည် မရှိ။ သို့သော် အကြောင်းကင်းသလားဆိုပါက အကြောင်း မကင်းချေ။ ပစ္စယာဆိုသည့်အတိုင်း ယခုဘဝ အကြောင်း တရားကြောင့် နောင်ဘဝဖြစ်လတ္တံ့သော ဇာတိက အကျိုး တရားဖြစ်ပေါ်ခြင်းတည်း။

ထို့ကြောင့် ယခုဘဝ ဝိညာဏ်နှင့်နောင်ဘဝ ဝိညာဏ် တစ်ဆက်တည်းဟု ယူလျှင် သဿတဒိဋ္ဌိ ဖြစ်သည်။ နောင် ဘဝမှမဖြစ်တော့ဘူး ပြတ်သွားသည်ဟု ယူဆလျှင်လည်း ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ သဿတ ဥစ္ဆေဒ အစွန်းနှစ်ဘက်မှလွတ် ပြီးလျှင် မဇ္ဈိမပဋိပဒါလမ်းပေါ်ရောက်မှသာလျှင် မဂ်ဖိုလ် နိဗ္ဗာန် ရောက်နိုင်သည်။ ဤသို့ ဒိဋ္ဌိ အပင်းများ ခံနေပါက မည်မျှပင် ဝိပဿနာ အားထုတ်သော်လည်း မဂ် ဖိုလ် နိဗ္ဗာန်၊ မရနိုင်ဟု တစ်ထစ်ချ မှတ်ကြပါကုန်။

---

http://www.dhammadownload.com

# အပိုင်း (၁၅)
## သတိပဋ္ဌာန် ၄-ပါး

မြတ်စွာဘုရားသခင်သည် သတိပဋ္ဌာန်လေးပါးကို ဟော တော်မူခဲ့သည်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူ၍ ခန္ဓာငါးပါးရှိရာတွင် ယင်းကို အကျဉ်းချုံးလိုက်သော် ရုပ်-နာမ် နှစ်ပါးသာရှိသည်။ ယင်းတို့ကို တစ်ဖန် ပြန်လိုက် ပြန်သော် သတိပဋ္ဌာန် လေးပါးရ၏။

အားလုံးသိပြီးဖြစ်သည့်အတိုင်း ကာယာနုပဿနာသည် ရုပ်ကိုရှုခြင်း၊ ဝေဒနာနုပဿနာသည်ဝေဒနာကိုရှုခြင်း၊ စိတ္တာနုပ ဿနာသည် စိတ်ကိုရှုခြင်း၊ ဓမ္မာနုပဿနာသည်သစ္စာကိုရှုခြင်း၊ ဟူ၍သတိပဋ္ဌာန်လေးပါးရှိရာ ကြိုက်နှစ်သက်ရာတစ်ပါးပါးကို ရှုကြရမည်ဖြစ်၏၊ မည်သည့် အနုပဿနာကိုမဆို ပွားများအား ထုတ်လျှင် နိဗ္ဗာန် မဂ် ဖိုလ် ရောက်နိုင်၏။

ဥပမာအားဖြင့် ရွှေတိဂုံစေတီတော်၌ စောင်းတန်းလေး သွယ်ရှိရာ မည်သည့်စောင်းတန်းကဖြစ်စေ တက်လျှင် ရောက်သ လိုပင်ဖြစ်သည်။ ဥပမာအားဖြင့် စိတ္တာနုပဿနာကိုရှုလျှင် ဝေဒ နာမပါဘူးဟူ၍ပြောစရာမလို၊ ဝေဒနာနုပဿနာကိုရှုသော် စိတ္တာ နုပဿနာကျန်နေသည်ဟုပြောစရာမလို။ ကာယာနုပဿနာကို ရှုသော်စိတ္တာနုပဿနာ မပါဘူးဟူ၍ ပြောစရာမလို။ စိတ္တာနုပ ဿနာကိုရှုသော် ကာယာနုပဿနာမပါဘူးဟူ၍ ပြောစရာမလို။ နောက်ဆုံး မည်သည့်အနုပဿနာမဆို ဓမ္မာနုပဿနာ၌လမ်းဆုံး ရမည် ဖြစ်သည်။

---

http://www.dhammadownload.com



## သတိပဋ္ဌာန် သုံးမျိုးခွဲ စရာ

သတိပဋ္ဌာန်တရားတော်၌လည်း သုံးမျိုးခွဲ၍ ဆရာတော်ဘုရားကြီး ဟောတော်မူပါသည်။ သတိပဋ္ဌာန်ဟူ၍ တစ်ပါး၊ သတိပဋ္ဌာနဘာဝနာဟူ၍ တစ်ပါး၊ သတိပဋ္ဌာနဘာဝနာလမ်းဆုံးဟူ၍ တစ်ပါး ဤသို့သုံးမျိုး ဟောတော်မူ၏။

ရုပ်အပေါ်မှာ ရှုမှတ်ရှုရှုမှတ်နေခြင်းသည် သတိပဋ္ဌာန်သာဖြစ်သည်။ (၁)ဧင်း၏ရုပ်ကလေးပေါ်ပြီးနောက်ပျက်သွားသည်။ အနိစ္စရောက်သွားသည်လို့ ရှုနေခြင်းသည် သတိပဋ္ဌာနဘာဝနာဖြစ်သည်။ (၂)ဥပမာ - ဝေဒနာဟု ရှုမှတ်နေခြင်းသည် သတိပဋ္ဌာန်ဖြစ်သည်။ ဝေဒနာ၏ အနိစ္စကိုရှုခြင်းသည် သတိပဋ္ဌာနဘာဝနာဖြစ်သည်။ စိတ်ကလေးတွေပေါ်နေသည်ကိုရှုမှတ်၍နေခြင်းသည် စိတ္တာသတိပဋ္ဌာန်ဖြစ်သည်။ စိတ်ကလေးတွေပေါ်သည်ကိုလည်းကောင်း၊ ပျက်သွားသည်ကိုလည်းကောင်း အနိစ္စဟူ၍ ရှုခြင်းသည် စိတ္တာနုပဿနာဘာဝနာဖြစ်သည်။

ထိုနည်းအတူပင် ဓမ္မာနုပဿနာသည်လည်း လမ်းဆုံးရောက်မှပင် အပျက်ရောက်မှသာလျှင် အနုပဿနာဘာဝနာဖြစ်သည်။ သတိပဋ္ဌာန ဘာဝနာဖြစ်သည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်လမ်းဆုံးရောက်အောင် ရှုရမည်ဟူ၍ ဟောတော်မူ၏။ အနိစ္စကိုမြင်၊ အနိစ္စကိုမုန်း၊ အနိစ္စဆုံးသောနေရာသို့ရောက်မှ သတိပဋ္ဌာန်လမ်း ဆုံး-ဟူ၍ဟောတော်မူသည်။[၁] အနိစ္စဆုံးသည်

၁။ အနိစ္စမြင်မှုသည် ဥဒယဗ္ဗယဉာဏ်၊ အနိစ္စကိုမုန်းမှုသည် နိဗ္ဗိန္ဒာဉာဏ်၊ အနိစ္စဆုံးမှုသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့၏ အာရုံပြုရာ အသင်္ခတ နိဗ္ဗာန်ဟု ခေါ်သည်။

http://www.dhammadownload.com



ဆိုသည်မှာ သင်္ခတအဆုံးခေါ်သည်။ သင်္ခတ အဆုံးသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံပြုရာ အသင်္ခတနိဗ္ဗာန်ပင်တည်း။

---

http://www.dhammadownload.com

# အပိုင်း (၁၆)

## စိတ္တာနုပဿနာကို ဖိ၍ အရေးတကြီး အမိကထား၍ ဟောတော်မူခြင်း အကြောင်းရင်း

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် စိတ္တာနုပဿနာကို ဖိ၍ ဟောကြားဆုံးမတော်မူလေ့ရှိရာ စာရေးသူသည် ဆရာတော်ဘုရားကြီး အဘယ်ကြောင့် အထူးသဖြင့် ဤမျှ စိတ္တာနုပဿနာကိုဖိ၍ ဟောတော်မူပါသနည်းဟု ပိဋကတ် ပါဠိတော်များနှင့်တကွ အဋ္ဌကထာများကို အပင်ပန်းခံ၍ ရှာဖွေသော် အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် အကမ္မနိယ ဝဂ်၌ အောက်ပါ အတိုင်း တွေ့ရှိရပါသည်။

(၁) ရဟန်းတို့-မပွားများအပ်သေးသော စိတ်သည် ပြုပြင်ခြင်းငှာ မလွယ်ကူ သကဲ့သို့ ထို့ အတူ ပြင်ခြင်းငှာမသင့်မလျော် မလွယ်ကူသောအခြားသော တစ်ခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့-မပွားအပ်သေးသော စိတ်သည် ပြုခြင်းငှာ မလွယ်ကူဟု ဟောတော်မူ၏။

(၂) ရဟန်းတို့-ပွားများအပ်ပြီးသော စိတ်သည် ပြုပြင်ခြင်းငှာ သင့်လျော်လွယ်ကူသကဲ့သို့ ထို့အတူပြုပြင်ခြင်းငှာ သင့်လျော်လွယ်ကူသော အခြား

http://www.dhammadownload.com



တစ်ခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့-ပွားများအပ်ပြီးသော စိတ်သည် ပြုပြင်ခြင်းငှာ သင့်လျော်လွယ်ကူ၏ဟု ဟောတော်မူ၏။

(၃) ရဟန်းတို့-မပွားများအပ်သေးသော ဤစိတ်သည်များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ထို့အတူများစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သောအခြားတစ်ခုသောတရားကိုမျှလည်းငါမမြင်။ ရဟန်းတို့-မပွားများအပ်သေးသော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှာဖြစ်၏ဟု ဟောတော်မူ၏။

(၄) ရဟန်းတို့-ပွားများအပ်ပြီးသော ဤစိတ်သည်များစွာအကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူများစွာအကျိုးရှိခြင်းငှာဖြစ်သော အခြားတစ်ခုသောတရားကိုမျှလည်းငါမမြင်။ ရဟန်းတို့ ပွားများပြီးသောစိတ်သည်များစွာအကျိုးရှိခြင်းငှာဖြစ်၏ဟု ဟောတော်မူ၏။

(၅) ရဟန်းတို့-မပွားများအပ်သေးသော ထင်ရှားမဖြစ်ပေါ်သေးသော ဤစိတ်သည်များစွာအကျိုးမဲ့ခြင်းငှာဖြစ်သကဲ့သို့ ဤအတူများစွာအကျိုးမဲ့ခြင်းငှာဖြစ်သော အခြား တစ်ခုသောတရားများကိုမျှလည်း ငါမမြင်။ ရဟန်းတို့-

http://www.dhammadownload.com



မပွားများအပ်သေးသော ထင်ရှားမဖြစ်ပေါ်သေးသော စိတ်သည်များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏။

(၆) ရဟန်းတို့-ပွားများအပ်ပြီးသော ထင်ရှားဖြစ်ပေါ်ပြီးသော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူများစွာ အကျိုးရှိခြင်းငှာ ဖြစ်သော အခြားတစ်ခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့-ပွားများအပ်ပြီးသော ထင်ရှားဖြစ်ပေါ်ပြီးသော စိတ်သည် များစွာအကျိုးရှိခြင်းငှာ ဖြစ်၏ဟု ဟောတော်မူ၏။

(၇) ရဟန်းတို့-မပွားများအပ်သေးသော အဖန်ဖန် မလေ့လာအပ်သေးသော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ဤ အတူများစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သော အခြား တစ်ခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့-မပွားများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏။

http://www.dhammadownload.com



(၈) ရဟန်းတို့ -ပွားများအပ်ပြီးသော အဖန်ဖန် အလေ့အလာ ပြုအပ်ပြီးသော စိတ်သည်များစွာ အကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှာ ဖြစ်သော အခြား တစ်ခုသော တရားကိုမျှလည်းငါမမြင်၊ ရဟန်းတို့-ပွားများ အပ်ပြီးသောအဖန်ဖန် အလေ့အလာ ပြုအပ်ပြီး သောစိတ်သည်များစွာ အကျိုးရှိခြင်းငှာဖြစ်၏။

(၉) ရဟန်းတို့-မပွားများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသောဤစိတ်သည် ဆင်းရဲ ဒုက္ခကိုဆောင်သကဲ့သို့ ဤအတူဆင်းရဲ ဒုက္ခကိုဆောင်သောအခြားတစ်ခုသောတရားကို မျှလည်းငါမမြင်။ ရဟန်းတို့မပွားများအပ်သေး သောစိတ်သည် ဆင်းရဲဒုက္ခကိုဆောင်၏။

(၁၀) ရဟန်းတို့-ပွားများအပ်သော အဖန်ဖန် အလေ့ အလာပြုအပ်ပြီးသော စိတ်သည် ချမ်းသာသုခ ကို ဆောင်သကဲ့သို့ စိတ်သည် ချမ်းသာသုခ ကိုဆောင်သော အခြားတစ်ခုသော တရားမျှကို လည်းငါမမြင်။ ရဟန်းတို့-ပွားများအပ်ပြီးသော အဖန်ဖန် အလေ့အလာပြုအပ်ပြီးသော စိတ်သည် ချမ်းသာသုခကိုဆောင်၏ဟု ဟောတော်မူ၏။

http://www.dhammadownload.com



ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ်၌ပင်လျှင် သမ္မာပဏိဟိတဝဂ်၌ ---

ရဟန်းတို့-ရဟန်းသည် ကောင်းစွာထားအပ်သော စိတ်ဖြင့် အဝိဇ္ဇာကို စင်စစ်ခွဲဖျက်လတ္တံ့။ ဝိဇ္ဇာကိုဖြစ်စေလတ္တံ့။ နိဗ္ဗာန်ကိုမျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် ရှိ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့- စိတ်ကိုကောင်းစွာထားအပ်သောကြောင့်ပေတည်းဟု ဟောတော်မူ၏။

## ထိုဝဂ်၌ပင်လျှင်

ရဟန်းတို့-အဖန်ဖန် အလေ့ အလာပြုအပ်ပြီးသော စိတ်သည် နူးညံ့သည်လည်း ဖြစ်သကဲ့သို့ ပြုပြင်ခြင်းငှာ သင့်လျော် လွယ်ကူသည်လည်း ဖြစ်သကဲ့သို့ ဤအတူ နူးညံ့ သည်လည်းဖြစ်သော အခြားတစ်ခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပွားများအပ်ပြီးသော အဖန်ဖန် အလေ့ အလာ ပြုအပ်ပြီးသော စိတ်သည် နူးညံ့သည်လည်းဖြစ်၏။ ပြုပြင်ခြင်းငှာ သင့်လျော်လွယ်ကူသည်လည်းဖြစ်၏ ဟု ဟော တော်မူ၏။

## ယင်းပြင် ထိုဝဂ်၌

ရဟန်းတို့ အကုသိုလ်ကိုမှီ၍ ဖြစ်ကုန်သော အကုသိုလ် အသင်းဝင်ဖြစ်ကုန်သော အကုသိုလ်ဟူသမျှ အားလုံးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏။ ထိုတရားတို့တွင် စိတ်သည် ရှေးဦး စွာ ဖြစ်၏။ အကုသိုလ် တရားတို့သည် အတူတကွ လိုက်၍ ဖြစ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့-ကုသိုလ်ကို့မှီ၍ ဖြစ်ကုန်သောကုသိုလ်အသင်းဝင်ဖြစ်ကုန်သော ကုသိုလ်ဟူသမျှ အားလုံးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏။ ထိုတရားတို့တွင် စိတ်သည် ရှေးဦးစွာဖြစ်၏။ ကုသိုလ်တရားတို့သည် အတူတကွလိုက်၍သာလျှင် ဖြစ်ကုန်၏။

ယင်းပြင် အားလုံးသိပြီးဖြစ်သော ဓမ္မပဒပါဠိတော်စိတ္တဝဂ်၌လည်း --

မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနော သေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊
ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ ဒုက္ခမန္ဝေတိ။
စက္ကံ ဝ ဝဟတော ပဒံ။ ဟူ၍လည်းကောင်း။
စိတ္တေန နီယတေ လောကော၊
စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ။
သဗ္ဗေဝ ဝသ မန္ဝဂူ-ဟူ၍လည်းကောင်း။

မြတ်စွာဘုရားသည် ဟောကြားတော်မူသည်မှာလည်း စိတ်သည် အဓိကဖြစ်ကြောင်းသိရှိနိုင်ကြပါသည်။ပါဠိတော်များ၌ ညွှန်းစရာများစွာရှိပါသည်။ ကျယ်မည်စိုး၍ ဤမျှသာရှင်းပြလိုက်ပါကြောင်း။

သစိတ္တပရိယာယ သုတ်၌ ရှင်သာရိပုတ္တရာကိုယ်တော်

http://www.dhammadownload.com



ကြီးသည် သူတစ်ပါးစိတ်ကို အကဲခတ်ရသည်မှာ မှားသည်ရှိ၊ မှန်သည်ရှိ၊ မိမိစိတ်ကိုအကဲခတ်ရသည်မှာ အမှန်ဆုံးဟု ဟောတော်မူပါသည်။ ထို့ကြောင့် မိမိစိတ်ဖြစ်ပုံ,ပျက်ပုံ အကဲခတ်ရသောအလုပ်သည် မည်သည့်အခါမှ မမှားနိုင်။ အခါ ခပ်သိမ်းမှန်သည်ဟူ၍သာ ဆုံးဖြတ်ကြပြီးလျှင် အကဲခတ်၍ လွယ် ကူသောမိမိစိတ်ကို မိမိအကဲခတ်သည့်အလုပ်ဖြင့် လုပ်ဖြစ်အောင် လုပ်ကြပါဟု တိုက်တွန်းပါကြောင်း။

ယင်းပြင်စူဠဝေဒလ္လသုတ်၌လည်းသညာနှင့်ဝေဒနာသည် စိတ္တသင်္ခါရဟု ဟောတော်မူသည့်အတိုင်း ဝေဒနာနှင့်စိတ်သည် သမ္ပယုတ္တဓမ္မ ဖြစ်သည့်အားလျော်စွာ စိတ်ရှုလျှင်ဝေဒနာပါပြီး သားဖြစ်တော့သည်။ ရှာလပတ်ရည် အဖျော်ရည် ကဲ့သို့ပင် သကြား၊ ဆား၊ သံပရာ အားလုံးပါသလို စိတ်ရှုလျှင်လည်းဝေဒနာ၊ ဝေဒနာရှုလျှင်လည်း စိတ်ပါသည်ချည်းပင်တည်း။ ကာယ နုပဿနာမပါဘူးဟူ၍လည်း ပြောစရာမလိုချေ။ အလုံးစုံပါသည် ချည်းသာဖြစ်သည်။

ယင်းပြင် သမ္မောဟဝိနောဒနီစသော အဋ္ဌကထာများ၌လည်း ဉာဏ်နုံ့သော ဒိဋ္ဌိစရိုက် အားကြီးသော သူများသည် စိတ္တာနုပဿနာရှုလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်သည်။ (အံ့ဝင်ခွင်ကျ ဖြစ်သည်) ဖြေတော်မူသည်။

---

၁။ စိတ္တာနုပဿနာ၌ရှိမည့် အခြင်းအရာ ၁၆မျိုးတို့အနက် လူတိုင်း နားလည် ဉာဏ်သက်ဝင်နိုင်သည့် ၁၃မျိုးကို ကြံစည် နည်းလမ်း ပေးခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



"ဒိဋ္ဌိစရိတဿပိ မန္ဒဿ နာတိပ္ပဘေဒဂတံ စိတ္တာနုပဿနာ သတိပဋ္ဌာနာ ဝိသုဒ္ဓိမဂ္ဂေါ"ဟုလာရှိသည့်အတိုင်း ဒိဋ္ဌိစရိုက်အားကြီးကြသည်။ ဤသို့ရှိနေသည်မှာ ဝိညာဏ်၏ အနိစ္စမသိမှုကြောင့် ဖြစ်ပြီး ဉာဏ်နုံ့သော ပုဂ္ဂိုလ်များအတွက် အလွန်တရာ အပြားအားဖြင့် ကွဲပြားခြင်းမရှိသော (ဝါ) အစိတ်အပြားမများသော စိတ္တာနုပဿနာသည် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်းဟုဆိုပါသောကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် စိတ္တာနုပဿနာကို အကျဉ်းအားဖြင့် အပြင်ညှော်သည်စိတ်၊ အတွင်းညှော်သည်စိတ်၊ အိမ်သည်စိတ်ဆိုတဲ့ စိတ်ဆယ့်သုံးမျိုး ခွဲခြားပြီး ဆုံးမနည်းပေးတော်မူပါသည်။

ယင်းနည်းသည် သုခပဋိပဒါခိပ္ပါဘိညာနည်း ဖြစ်နိုင်သဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ယခုဘဝတွင်ရရှိနိုင်ကြောင်း ကောင်းမြတ်သော မနသိကာရဖြင့် ဖော်ပြအပ်ပါသည်။

သတိပဋ္ဌာန်ကို (၁)သတိပဋ္ဌာန် (၂)သတိပဋ္ဌာန်ဘာဝနာ (၃) သတိပဋ္ဌာန်လမ်းဆုံးဟု သုံးမျိုးခွဲပြတော်မူရာ -

(၁) ထိုင်တယ်၊ ထတယ်၊ သွားတယ်၊ စားတယ် ဟူ၍မှတ်နေခြင်းသည်သတိပဋ္ဌာန်အလုပ်မည်၏။

(၂) ထိုင်လိုသောစိတ်၊သွားလိုသောစိတ်ပေါ်သည်၊ယင်းပေါ်သည်ကို အနိစ္စဟူ၍လည်းကောင်း၊ ဖြစ်ပျက်ဟူ၍လည်းကောင်း၊ ပေါ်လာသောစိတ်ကို ဖြစ်ပျက်ရှုခြင်းသည်သတိပဋ္ဌာန်ဘာဝနာမည်၏။

(၃) ဤသို့ပေါ်လာသောစိတ်၊ သို့မဟုတ် ဝေဒနာရုပ်စသည်တို့ အနိစ္စတွေပဲဟု ရှုပြီးလျှင် အနိစ္စ

http://www.dhammadownload.com



တွေပဲဟု မုန်းဉာဏ်ဝင်ပြီးနောက် အနိစ္စတွေ၏
အဆုံး (ဝါ) ဖြစ်ပျက်တွေ၏ အဆုံးကိုမြင်သော
ဉာဏ်သည် သတိပဋ္ဌာနလမ်းဆုံးမည်၏။

ဆရာတော်ကြီးသည် ဝေနေယျတို့အား အပါယ်ဘေး စိတ်ချရအောင်ဆိုပြီး ဝိနိပါတိကဘေးက လွတ်စေချင်လွန်းလို့ ကရုဏာတော်အားကြီးတော်မူလှသဖြင့် သောတာပန်ဖြစ်ချင်ရင် ဒိဋ္ဌိအလျှင် ဖြုတ်ရမယ်ဟော့ဟု အမိန့်ရှိတော်မူသည်။

ဒိဋ္ဌိကလည်း စိတ်မှာအစွဲဆုံး ဖြစ်နေရာစိတ်ဆိုတာလည်း ဝိညာဏ်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာတွေမှာ များသောအားဖြင့် ဝိညာဏ်ပြောင်းတယ်၊ ဝိညာဏ်ပြောင်းတယ် အယူရှိကြသည်။

အသက်ထွက်သွားပြီ ဟူ၍လည်းကောင်း၊ တွယ်စရာ မရှိသေး၍ ဝိညာဏ်မထွက်သေးဘူးဟူ၍လည်းကောင်း၊ လောက် လမ်းသဖွယ် ဝိညာဏ်တွယ်သည်ဟူ၍လည်းကောင်း ရှေးစာ တွေကရှိနေတာကို နောက်လူတွေကလိုက်ပြီး ယူနေကြသည်။

ဤသို့ ဝိညာဏ်ပြောင်းသည်။ ဘဝကူးသည် ဆိုတာက အားလုံး သဿတဒိဋ္ဌိတွေသာ ဖြစ်သည်။ ဗုဒ္ဓဘာသာတွေမှာ ဖြစ်ကြသည်။ ထို့ကြောင့် မြတ်စွာဘုရားက "ဝိညာဏံ အနိစ္စံ"ဟူ၍ဟောတော်မူသည်။ ဝိညာဏ်ပေါ်လျှင် ပေါ်နေတဲ့နေရာ မှာပဲချုပ်သည်။ ဘယ်မှမရွှေ့နိုင်၊ မပြောင်းနိုင်ပါ။

ဆရာတော်ကြီးသည် ဤသို့ အရိုးစွဲနေသော သဿတ ဒိဋ္ဌိအယူကြီးကို ဗုဒ္ဓဘာသာ အမည်ခံနေသူ မြန်မာလူမျိုးတွေ အား ဖြုတ်ပေးတော်မူလိုသည်။ ထို့ကြောင့် စိတ္တာနုပဿနာကို ဖိ၍ဟောတော်မူခြင်း ဖြစ်သည်။

---✿---

http://www.dhammadownload.com

# အပိုင်း (၁၇)
## ဒိဋ္ဌိဖြုတ်နည်း နိဿရည်း
## (ပထမအဆင့်)

မြတ်စွာဘုရားသခင်သည် ငရဲရေသောက်မြစ်ကို ဖြုတ်ရမည်ဟု အရေးတကြီးဟောတော်မူသည်။

ငရဲရေသောက်မြစ်ဆိုသည်မှာ ဒိဋ္ဌိရှိသော သူသည် လိမ်လည်ကောက်ကျစ်သည်။ သူ့အသက်ကိုလည်း သတ်သည်။ သူ့ဥစ္စာကိုလည်း ခိုးနိုင်သည်။ အမိကိုလည်း သတ်သည်။ အဖကိုလည်းသတ်နိုင်သည်။ တိုင်းပြည်ကိုလည်း ပုန်ကန်နိုင်သည်။ ဘုရားကိုပင် သတ်နိုင်သည်အထိ ဒိဋ္ဌိကပြုစေနိုင်သည်။ အကုသိုလ် အမျိုးမျိုးကို ပွားစေနိုင်သည်။

သို့ဖြစ်၍ အကုသိုလ် ကြီးကြီးကျယ်ကျယ်ပြုနိုင်စွမ်းသတ္တိမှာ ဒိဋ္ဌိကြောင့် ဖြစ်၏။ ဒိဋ္ဌိသည် အပါယ်ငရဲ၏ ရေသောက်မြစ်ကြီးဖြစ်သည်။ ထို့ကြောင့် ငရဲရေသောက်မြစ်ကို ဖြုတ်ရမည်ဟု ဟောတော်မူခြင်းဖြစ်သည်။

တစ်တိုင်းတစ်ပြည်လုံး အထင်ရှိကြသည်။ ငရဲကျသည်မှာ အကုသိုလ်ကံက ချလိုက်သည်ဟု ထင်မြင်ယုံကြည်နေကြသည်။ သို့သော် လက်သည် အရင်းကျကျ စိစစ်ခဲ့သော် ငရဲသို့ ပို့နေသော လက်သည်ကား ဒိဋ္ဌိပင် ဖြစ်သည်။

http://www.dhammadownload.com



ကြိုးမိန့်ကျသောသူကြိုးစင်ရောက်သောအခါ ဒေါက်ဖြုတ်သူမှာ ဒေါက်ဖြုတ်ရုံမျှသာဖြစ်သည်။ သေစေဟူသော ကြိုးမိန့်ကို ပေးသူကား တရားသူကြီးကသာ ဖြစ်သည်။

ထို့အတူ ကံက ငရဲချသည် ဆိုရာတွင် ကံက ပစ်ချရုံမျှ ပစ်ချခြင်းဖြစ်သည်။ အမှန်အားဖြင့် ငရဲ ပို့လိုက်သည်မှာ ဒိဋ္ဌိ လက်သည်ပင်ဖြစ်သည်။ ထို့ကြောင့် ဒိဋ္ဌိသည် အလွန်ပင် ကြောက်စရာကောင်းသော လက်သည်ဖြစ်သည်။

အပါယ်ငရဲသို့ ရောက်စေတတ်သော ရေသောက်မြစ်ဆိုသည်မှာ အခြားမဟုတ်။ စားချင်သောစိတ်ကလေးတွေ ပေါ်လာသည်။ အိပ်ချင်တဲ့စိတ်ကလေးတွေပေါ်လာသည်။ ပြောချင်တဲ့ စိတ်ကလေးတွေ ပေါ်လာသည်။ ထိုစားချင်တဲ့ စိတ်ကို ငါလုပ်ခြင်း၊ ငါ့စိတ်လုပ်ခြင်း၊ အိပ်ချင်တဲ့စိတ် ပေါ်လာသည်ကို ငါလုပ်ခြင်း၊ ငါ့စိတ်လုပ်ခြင်း၊ ပြောချင်တဲ့စိတ် ပေါ်လာသည်ကို ငါလုပ်ခြင်း၊ ငါ့စိတ်ဟူ၍ လုပ်ခြင်းပင်ဖြစ်သည်။

စိတ်သည် အာရုံနှင့်ဒွါရ တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်း တစ်စိတ်ပြီးလျှင် တစ်စိတ် ပေါ်သည်ချည်းပင်ဖြစ်ရာ၊ ထိုသို့ ပေါ်သောစိတ်ကို ငါမလုပ်ပါနှင့်။ ငါ့စိတ်ဟူ၍ မလုပ်ပါနှင့် ဒေါသစိတ်ကလေး ပေါ်လာသည်။ တစ်ဖန် လောဘစိတ်ကလေး ပေါ်လာပြန်သည်။ ဤစိတ်ကလေးတွေသည် တစ်မျိုးပဲ ဤစိတ်ကလေးတွေသည် တစ်မျိုးပဲဟု သိ,သိပြီးနေပါ။ သို့မှ မပေါင်းပါနှင့်ဦး၊ ပေါ်သောစိတ်ကလေးတွေသည်သူ့ဆိုင်ရာ

http://www.dhammadownload.com



ကိစ္စလေးတွေနှင့် သူပေါ်နေခြင်းဖြစ်သည်။ (ဝါ) သူ့ကိစ္စနှင့်သူ ပေါ်လာတာပဲဟု သိ-သိပြီးနေပါလျှင် ဤသို့ သိနေခြင်းဖြင့် အလေ့အလာ ကြာလာသည့်အခါ ဤသည်တို့ကား စိတ်ကလေးတွေပဲ၊ ဤသည်တို့ကား စိတ်ကလေးတွေပဲဟု သိသိနေပါ။ငါလည်းမဟုတ်၊ ငါ့ဥစ္စာလည်းမလုပ်ပါနှင့် ဤစိတ်ကလေးတွေသည် စိတ်ဟုသာဖြစ်၏။ ငါလည်းမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ် ဟု ပေါ်လာလိမ့်မည်။ ဤစိတ်ထဲမှာ ငါမပါ၊ ငါ့ဥစ္စာမဟုတ်၊ ထိုပေါ်လာသော စိတ်မှာလည်း ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်ဟု အသိဉာဏ် ပေါ်လာပါလိမ့်မည်။

အရေးကြီးသည်မှာ ဒိဋ္ဌိပြုတ်မှု အရေးကြီးပါသည်။ ဣဿာမစ္ဆရိယ စိတ်ကလေးတွေလည်း ပေါ်လာပါလိမ့်မည်။ လှူချင်တန်းချင်တဲ့စိတ်ကလေးတွေပေါ်လာပါလိမ့်မည်။ မည်သည့်စိတ်ပေါ်ပေါ် ဤသည်တို့ကား စိတ်ကလေးတွေပင်တည်း တစ်စိတ်ပြီးတစ်စိတ် ပေါ်နေသည်ဟု သိ-သိပေးပါ။ စိတ်တွေကတော့ အမျိုးမျိုးစုံနေအောင်ပေါ်မည်ဖြစ်သည်။ ပေါ်လာသော စိတ်ကိုစိတ်ပဲဟု အမှတ်ပြုပြီး သိ-သိနေပါ။

ဆေးလိပ်သောက်ချင်တဲ့ စိတ်ကလေးပေါ်လာရင်လည်း ဩော်-ဒါဟာ ဆေးလိပ်သောက်ချင်တဲ့စိတ် ပေါ်တာပဲ။ ငါမဟုတ်ဘူး။ ပေါ်လာတဲ့စိတ်ဟာ သူ့ကိစ္စနှင့်သူ ပေါ်လာတာပဲဖြစ်တယ်။ အကြောင်းတိုက်ဆိုင် ၍ ပေါ်လာသောစိတ်ကလေးပဲဟု သိ-သိနေပါသည်။

ဤသို့သိ-သိနေပါ၊ လေကိုရှူချင်တဲ့စိတ်ကလေးပေါ်လာ

http://www.dhammadownload.com



ရင် လေကိုရှူချင်တဲ့စိတ်ကလေးပဲဟု သိနေပါ၊ လေကိုရှိုက်ချင်တဲ့ စိတ်ကလေးပေါ်လာရင် လေကိုရှိုက်ချင်တဲ့ စိတ်ကလေးပဲဟု သိနေပါ၊ ငါမဟုတ်ဘူး။ ငါ့ဥစ္စာမဟုတ်ဘူးဟု သိ-သိနေလျှင် ငါပြုတ်သည်။ ငါပြုတ်သည် ဆိုသည်မှာ ဒိဋ္ဌိပြုတ်ခြင်းဖြစ်သည်။ ငါ့ဥစ္စာ ပြုတ်သည်ဆိုလျှင် တဏှာပြုတ်သည်။

ပေါ်တိုင်းပေါ်တိုင်းဟာ စိတ်ကလေးပဲ၊ လောဘစိတ်ကလေးပဲ၊ ဒေါသစိတ်ကလေးပဲ။ ဤသည်ကား လောဘစိတ်၊ ဤသည်ကား ဒေါသစိတ်ကလေးပဲ၊ ဤသည်ကား မစ္ဆရိယစိတ်ကလေးပဲဟုသာ ပေါ်တိုင်းပေါ်တိုင်း သိ-သိနေလျှင် အလေ့အလာများသောအခါ၌ ဒိဋ္ဌိပြုတ်သည်။

ဘာ့ကြောင့် ဤဒိဋ္ဌိပြုတ်ပါသလဲဆိုရင် နဂိုကစိတ်ကို ငါလုပ်ထားသည် ပေါ်လာသောစိတ်ကိုပေါ်တိုင်း၊ ပေါ်တိုင်း ဒါဟာစိတ်ကလေးပဲ။ စားချင်တဲ့စိတ်ကလေးပဲ၊ အိပ်ချင်တဲ့စိတ်ကလေးပဲ။ ပြောချင်တဲ့စိတ်ကလေးပဲဟုသာ သိ သိနေလျှင် စိတ်နှင့်ငါမရောတော့ဘဲ ကွဲသွားပြီး ဒိဋ္ဌိပြုတ်သည်။

စာဖတ်ရသည်မှာ လွယ်ကူသည်ဟု ထင်ရသော်လည်း မိမိတို့က အများကြီး လစ်နေသည်ကို အထူးသတိပြုပါ။ အလစ်များလျှင် ဒိဋ္ဌိပြုတ်မှု ကြာပါလိမ့်မည်။ အလစ်များခဲ့သော် ပေါ်လာသော စိတ်ကို စိတ်ပဲ၊ သူ့စိတ်နှင့်သူ ပေါ်လာ၍ စိတ်ကလေးပဲဟု သိသော အသိစိတ်လျှင် ဒိဋ္ဌိပြုတ်မှု မြန်ပါလိမ့်မည်။

http://www.dhammadownload.com



မိမိတို့သန္တာန်မှာ တစ်စိတ်ပြီးတစ်စိတ်ပေါ်နေသည်ဟု ဩော်-တစ်စိတ်ပြီးတစ်စိတ် ပေါ်နေတာပဲ၊ စိတ် အစဉ်အတိုင်း ပေါ်နေတာပါကလားဟု ခန္ဓာကို ဉာဏ်လှည့်ပေးပါ။ ခန္ဓာနဲ့ ဉာဏ်နဲ့ တည်နေပါစေ။ ဤသို့ သိနေခဲ့ပါလျှင် ဒိဋ္ဌိပြုတ် ဝိပဿနာဖြစ်သည်။ သို့သော် အနိစ္စမြင်သော ဝိပဿနာ ဒုက္ခမြင်သော ဝိပဿနာ မဟုတ်သေးပါ။ ဒိဋ္ဌိပြုတ်မှုသာရှိပါ သေးသည်။

ဤအဆင့်မှာ ရုပ်နာမ်ကို ငါ,သူတစ်ပါးမဟုတ်။ ရုပ်နာမ် ဓမ္မသက်သက်မျှသာဖြစ်သည်ဟု ပိုင်းခြားသိမြင်သော နာမရူပ ပရိစ္ဆေဒဉာဏ် အဆင့်မျှသာ ရှိပါသေးသည်။ ထိုအဆင့် စင်ကြယ်ပါမှ ဒိဋ္ဌိပြုတ်ပါသည်။ နောက်အဆင့်ဆင့်တက်ရန် လိုပါသေးသည်။

ဒိဋ္ဌိကို အထူးတလည် ဖြုတ်နေရမှာလားဟုမေးလျှင် အထူးဖြုတ်နေရမည်မဟုတ်၊ မိမိတို့သန္တာန်မှာ ပေါ်လာသော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ကိုယ်ပေါ်မှာ ယားယံကောင်း စိတ်စသည်ကို သိနေရမည်ဖြစ်သည်။ ယုတ်စွအဆုံး တံတွေး မျိုချင်တဲ့စိတ်ကို စိတ်ပဲဟု သိပေးပါ။

ဤကဲ့သို့ သိ, သိနေ၍ အလေ့အလာ များနေလျှင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမပျောက်ကွယ် သွားသည်။ ဤကဲ့သို့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ပျောက်ထွက်သွားလျှင် ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ စိတ်ကလေးပဲ၊ စိတ်ကလေးပေါ်ခြင်းဟု သိသိနေလျှင် ဒိဋ္ဌိ

http://www.dhammadownload.com



ပြုတ်ခြင်းပင် ဖြစ်သည်။

ဒိဋ္ဌိသည် ပရိယုဋ္ဌာနဒိဋ္ဌိ[၁]ခေါ် သောင်းကျန်းနေသော ဒိဋ္ဌိနှင့် မိမိတို့သန္တာန်မှာ ကိန်းနေသော အနုသယဒိဋ္ဌိ[၂]နှစ်မျိုး အနက် ပရိယုဋ္ဌာနဒိဋ္ဌိမှာ ဤသို့အလေ့အလာ ပြုနေပါက မုချပြုတ်မည်ဟု ရဲဝံ့စွာ ပြောဆိုနိုင်ပါသည်။ ရှေ့ဆက်၍ အနိစ္စာနုပဿနာကို ပွားများပါက အနုသယဒိဋ္ဌိပါ အမြစ်နှင့် တကွ ပြုတ်နိုင်သည်။

ဤသည်ကား ဒိဋ္ဌိပြုတ်နည်း နိဿရည်းကို ဆရာတော် ဘုရားကြီး အရင်းကျကျ သင်ကြားပြသတော်မူခဲ့သော ငရဲရေ သောက်မြစ်ဖြတ်နည်း နိဿရည်းပင်တည်း။

---

(၁) ပရိယုဋ္ဌာန ဒိဋ္ဌိပြုတ်လျှင် တစ်ဘဝနှင့် တစ်ဘဝ အပါယ်မကျ နိုင်။

(၂) အနုသယ ဒိဋ္ဌိပြုတ်လျှင် စတုဟာပါယေဟိစ ဝိပ္ပမုတ္တော ဆိုသည့်အတိုင်း အပါယ်ရေသောက်မြစ် ပြတ်တော့သည်။

http://www.dhammadownload.com

# အပိုင်း (၁၈)
## သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဖြုတ်နည်း

ထမင်းပွဲကိုမြင်တယ်၊ မြင်လျှင်စားချင်တဲ့စိတ်ပေါ်သည်။ နောက် မစားရ မနေနိုင်ဘူးဆိုတဲ့စိတ် ပေါ်သည်။ စားတော့မည်ဟု အားထုတ်တဲ့စိတ် ကာယကံ နောက်က လိုက်သည်။ တစ်နည်းအားဖြင့်ဆိုသော် စားချင်တဲ့စိတ် တဏှာ၊ နောက် မစားရ မနေနိုင်တဲ့ ဥပါဒါန်၊ နောက်မစား စားရအောင် အားထုတ်တဲ့ အလုပ်၊ ဒါကြောင့် စားချင်တဲ့တဏှာ၊ မစားရ မနေနိုင်သော တဏှာ၊ မစားရ စားရအောင် အားထုတ်သော တရား၊ တစ်နည်းအားဖြင့် ခင်မင်သောတဏှာ၊ စွဲလမ်းသောတဏှာ မရရင်မနေနိုင်ဘူးဆိုတဲ့အလုပ်၊ ထို့ကြောင့် စာထဲက အတိုင်းဆိုလျှင် တဏှာပစ္စယာ ဥပါဒါန်ဆိုသဖြင့် ပစ္စယာဆိုတာ တဏှာနှင့် ဥပါဒါန်ကြားထဲမှာရှိသည်။ အကြောင်းနှင့်အကျိုး ဆက်သည်။ ပစ္စယာမရှိခဲ့သော် အကြောင်း အကျိုးပြတ်သည်။ ဥပါဒါန်ဆိုတဲ့တရားမရှိနိုင်ချေ။

နောက်တစ်ဖန် "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဟုဆိုသောကြောင့်လည်း ဥပါဒါန်နှင့် ကမ္မဘဝေါ ဆက်သည်ကိုပြသည်။ ကမ္မဘဝေါသည် အလိုလိုပေါ်တာ မဟုတ်သည်ကို ပြသည်။ ဥပါဒါန်သည်လည်း ချုပ်ရုံမျှ ချုပ်သွားခဲ့သည်မဟုတ်။ နောက်အစားထိုးသည့် ဓမ္မတစ်ခုကို ဖြစ်ခွင့်ပေးခဲ့သည်။

http://www.dhammadownload.com



ပစ္စယာကြောင့် ဉပါဒါန်နှင့် ကမ္မဘဝ ဆက်သွယ်ခြင်း ဖြစ်သည်။

မိမိတို့ ယခုဘဝမှာ တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝဤတရား သုံးမျိုးသာလှည့်လည်နေကြသည်။ မိမိတို့ကိုယ်နှင့် မိမိတို့ ဟပ်၍ကြည့်ကြပါကုန်။ တစ်ခုသောပစ္စည်းကိုမြင်သည်။ မြင်လျှင် လိုချင်သည်။ လိုချင်တာက တဏှာ၊ မြင်ပြီးလျှင် စွဲလမ်းတာက လာမည်ပင်ဖြစ်သည်။ စွဲလမ်းလျှင် အားထုတ်တော့မည်ဇကန် ပင်တည်း။ ဟုတ်,မဟုတ် ခန္ဓာနှင့် လှည့်၍ ပြန်စဉ်းစား ကြည့်ကြပါကုန်။

ပဋိစ္စသမုပ္ပါဒ်ကိုရွတ်ကြည့်ပါ။တဏှာ၊ပစ္စယာ၊ ဉပါဒါနံ တဏှာနှင့် ဉပါဒါန်ကြားမှာ ပစ္စယာဆိုတဲ့ ဓမ္မသဘောတစ်ခု အသီး အခြားမဟုတ်၊ အကြောင်းအကျိုး ဆက်သည်ဟုပြသော သဘောမျှသာဖြစ်သည်။ တဏှာပစ္စယာဉပါဒါနံ၊ ထို့ကြောင့် တဏှာဆိုသော လိုချင်တဲ့စိတ်ကလေးသည် ပေါ်ပြီး ချုပ်သွားသည်။ ပစ္စယာကြောင့် ဉပါဒါန်ပေါ်သည်။ အဘယ့်ကြောင့် ပေါ်သနည်း ဆိုလျှင် ပစ္စယာကြောင့် ပေါ်သည်။ ပစ္စယာ ဆိုသည်မှာ မည်သူ့အကြောင်းလဲ၊ မည်သည့်ကို ပြုလုပ်တဲ့ အကြောင်းလဲဟု ဆိုခဲ့ပါလျှင် ရှေ့ချုပ်သွားသော တရား၏ အကြောင်း တဏှာပစ္စယာ၊ ပစ္စယာကြောင့် ဉပါဒါန်။ တဏှာက အကြောင်းပြုလိုက်သောကြောင့် ဉပါဒါန်ဖြစ်သည်။ တဏှာ၏ စွမ်းရည်သတ္တိက အကြောင်းပြု၍ ဉပါဒါန် ပေါက်ပွားသည်။ တဏှာသည် ချုပ်သွားသော်လည်း ပစ္စယာက မချုပ်ဘဲ ကျန်

http://www.dhammadownload.com



ရှိနေသောကြောင့် ဥပါဒါန်ကို ပေါ်ပေါက်စေသည်။ ထို့ကြောင့် တဏှာပစ္စယာဥပါဒါနံ ။

စာထဲက တဏှာပစ္စယာ ဥပါဒါနံလို့မိမိတို့ရထားတာတွေနဲ့တခြားစီလို့မှတ်ပြီးလျှင် စာထဲကရတာရွတ်တော့ တဏှာပစ္စယာ ဥပါဒါနံလို့ရွတ်နေတာပဲ၊ သဒ္ဒါလည်း မသိ၊ အနက်လည်းမသိ၊ သဘောကိုလည်းနားမလည်၊ ခန္ဓာဉာဏ်ရောက်ဆိုတာကတော့ ကွာလှမ်းကြသည်။ ယခုတရားစာကို ပေါ့ပေါ့ဆဆ မဖတ်ကြစေလိုပါ။ လေးလေးနက်နက် အထပ်ထပ် ဖတ်ပါ၊ အများနားလည်အောင် မြန်မာလို သက်သက် သဘောသွား တွေချည်း ရေးသားထားခြင်း ဖြစ်ပါသည်။ နားမလည်မချင်း ဖတ်ပါ၊ အပါယ်ရေသောက်မြစ် ဖြတ်နေခြင်းဖြစ်သည်။

တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါန်အလိုလိုပေါ်ခြင်းလော။ တဏှာကအကြောင်းပြုလို့ပေါ်ခြင်းလောဟုဆိုခဲ့လျှင် တဏှာကအကြောင်းပြုလို့ပေါ်ခြင်းဖြစ်သည်ဟု မိမိတို့ စိတ်ထဲမှာ ပေါ်စပြုလာပါလိမ့်မည်။ တဏှာအကြောင်းကလေးနှင့် ဆက်သွားသည် မသွားသည်ကို ဥပါဒါန်နှင့်ဆက်သည် မဆက်သည်ကို ပြန်ပြီးစဉ်းစားကြည့်ကြပါ။ တဏှာကြောင့် ဥပါဒါန်ပေါ်သည်။ အလိုလိုပေါ်ခြင်းလော ဆိုသော သံသယ တစ်စ တစ်စ ပျောက်ပါလိမ့်မည်။ ဥပါဒါန်ကို ရှေ့ချုပ်သွားသော ဓမ္မက ပေါ်ခွင့်ပေးခဲ့သည်။ ရှင်းလင်းစွာပြောရလျှင် တဏှာကပေါ်ခွင့်ပေးခဲ့၍ ပစ္စယာကြောင့် ပေါ်သည်။ စဉ်းစားကြည့်ပါ။

http://www.dhammadownload.com



ထိုသို့မိမိတို့၏စိတ်ထဲမှာ ပေါ်ကြပါ၏လား- မပေါ်ဘူးလား ဆိုတာ စဉ်းစားကြည့်ကြပါ။

အကယ်၍ ထိုသို့ပေါ်သည်ဟု ဆိုခဲ့လျှင် မိမိသန္တာန်မှာ ထိုသို့ပေါ်နေသည် ဆိုတာ သိသဖြင့် ရှေ့ချုပ်သွားသော အကြောင်း၊ နောက်ပေါ်သောအကျိုးတရား ဆက်သွားသည်။ ဤသို့သိသဖြင့်အကြောင်းနှင့်အကျိုးမပြတ်ပါကလားဆိုသော အသိဉာဏ် မိမိသန္တာန်ဝင်လာသည်။

အကြောင်းနှင့်အကျိုး မဆက်ဘဲ ပြတ်သည်ဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိရှိသေးသည်။ ဤအမြင် ရှိနေသေးပါကနောက်ထပ် စဉ်းစားပါ။ ရှေ့အကြောင်းတည်းဟူသောတရား ချုပ်သွားပြီး နောက်တရားတစ်ခု ပေါ်သည်။ ပေါ်သင့်မပေါ်သင့်၊ ပေါ်ထိုက် မပေါ်ထိုက် စဉ်းစားကြည့်ပါ။ ပစ္စယာဆိုသော အကြောင်းတရားရှိသဖြင့် နောက်အကျိုးတရားပေါ်သည်။ ဤအတိုင်း မိမိတို့စိတ်မှာ ရှင်းနေရမည် ဖြစ်သည်။

ရှေ့ကအကြောင်းမရှိဘဲနှင့် နောက်ကအကျိုး ပေါ်နိုင်ပါ့မလား။ ရှေ့ကအကြောင်းနှင့် နောက်ကအကျိုးမပြတ်ဘူး။ စိတ်စဉ်တွေပဲ တန်းသွားခြင်းပါကလားဟု အကြောင်းအကျိုး ဆက်နေခြင်းပါကလားဟု အသိဉာဏ်ရှင်းသွားလျှင် ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားတော့သည်။ ဤ ဒိဋ္ဌိခံနေလျှင် ဘယ်နည်းနှင့်မျှ သောတာပန်စခန်း တက်လှမ်းနိုင်လိမ့်မည် မဟုတ်ရကား ဤကဲ့သို့ အသိဉာဏ်မရှင်းလျှင် ဘယ်လိုပင်အားထုတ်သော်လည်း

http://www.dhammadownload.com



မရနိုင်ပါ။ ဤသို့ရှင်းမှ တစ်ဆင့်ထက်တစ်ဆင့် တက်လှမ်းနိုင်မည် ဖြစ်သည်။ ရှင်းသည်ထက်ရှင်းအောင် ရေးသား ဖော်ပြပါဦးအံ့။

စားချင်တဲ့ စိတ်ကလေး ပေါ်သည်။ ထိုစားချင်တဲ့ စိတ်ကြောင့် မစားရ မနေနိုင်ဘူးဆိုတဲ့စိတ်က နောက်ကလိုက်လာသည်။

သိပ်စားချင်တယ်၊ ဆာလှပြီကွ-ကိုယ်တိုင်သွားဝယ်ဦးမယ်ကွဆိုပြီး ကာယကံ၊ ဝစီကံနှင့် အားထုတ်သော စိတ်လာပြန်လေသည်။

ထို့ကြောင့် တဏှာ ပစ္စယာ ဥပါဒါန် ဆိုသောအတိုင်း စိတ်စဉ်တွေ ဆက်လာသည်။ စားချင်တဲ့ တဏှာက အလျင်ပေါ်နှင့်သည်။ နောက်ချုပ်လည်း ချုပ်သည်။ သူချုပ်သွားသော်လည်း ပစ္စယာကျန်နေသည်။ ပစ္စယာကိုလုပ်ပြီး ချုပ်သွားသောကြောင့် ဥပါဒါန်ဖြစ်ပေါ်ခွင့်ရသည်။ ဥပါဒါန်သည် အလိုလိုအကြောင်းမဲ့ ဖြစ်ပေါ်ခြင်းမဟုတ်။ ပစ္စယာကအကြောင်းအကျိုးဆက်သွားစေသည်။ တဏှာကချုပ်၍ဥပါဒါန်ပေါ်ရန်ပစ္စယာကဖြစ်ခွင့်ပေးခဲ့သည်။ တဏှာချုပ်သည်။ ယင်းတဏှာချုပ်သွားသော်လည်း ပစ္စယာက ဥပါဒါန်ကို အစားထိုးစေသည်။ နောက် ဥပါဒါနပစ္စယာကမ္မဘဝ ဆိုသဖြင့် ကမ္မဘဝကိုအစားထိုးစေပြန်သည်။

ဤသို့စိတ်ကလေးတွေတစ်ခုပေါ်သည်၊ တစ်ခုချုပ်သည် နောက်စိတ်ကလေးတစ်ခုပေါ်ပြန်သည်။ ချုပ်လည်းချုပ်ပြန်သည်

http://www.dhammadownload.com



ဆိုသော ဓမ္မအစဉ် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သိသဖြင့် သဿတဒိဋ္ဌိ စင်ပြန်သည်။

ရှေ့က ဖြစ်နှင့်သောတဏှာသည် ဖြစ်လည်း ဖြစ်သည်။ ချုပ်လည်းချုပ်သည်ဟု သိသဖြင့် ဓမ္မသဘောသာဖြစ်ပေါ်ပြီး ချုပ်ပျက်နေပါကလား၊ မခိုင်မြဲပါကလားဟု မိမိတို့သန္တာန်၌ အသိဉာဏ်ပေါ်သဖြင့် လည်းကောင်း၊ ပစ္စယာဆိုသော သဘောကလေးကို မြင်လိုက်သဖြင့် သူက ကျေးဇူးပြုသည်ကို သိသဖြင့် နောက်ဥပါဒါန်ကို ဖြစ်ခွင့်ပေးခဲ့သည်ဟု သိသဖြင့် အကြောင်းအကျိုး မပြတ်ဟု သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိစင်သည်။ ပေါ်တိုင်း၊ ပေါ်တိုင်း သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ စင်ပြီးလျှင် ပျက်တိုင်း ပျက်တိုင်းသိသဖြင့် မခိုင်ဘူးမမြဲဘူးဟု မိမိသန္တာန်မှာ အသိဉာဏ် ထင်လင်းသဖြင့် သဿတဒိဋ္ဌိ စင်သည်။

ဤအဆင့်မှာ စိတ်ကလေးတွေ ပေါ်တိုင်း ပေါ်တိုင်းသိ၊ ပျက်တိုင်း ပျက်တိုင်း သိနေလျှင် အတော်အတန် နေရာကျသွားပြီး ရှေ့တစ်ဆင့်တက်၍ သက္ကာယဒိဋ္ဌိကို ဖြုတ်ရဦးမည်။

နောက်ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေးတွေပဲ၊ ငါမဟုတ် ပုဂ္ဂိုလ်သတ္တဝါမဟုတ်မှန်းသိ၍ တစ်စိတ်ပြီး တစ်စိတ်ပေါ် နေခြင်းပင်ဖြစ်သည်။ ငါမဟုတ်ဘူး၊ သူမဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးဟု သိ၍နေပါ။ စိတ်တွေကတော့ တစ်ခုပြီး တစ်ခုပေါ်မည်ဖြစ်သည်။ လောဘစိတ်လည်းပေါ်မည်၊ ဒေါသစိတ် လည်းပေါ်မည်။ မောဟစိတ်လည်းပေါ်မည်။အလောဘ-အဒေါသ ဆိုတဲ့ စိတ်တွေလည်းပေါ်မည်။

(အကျယ်ကို နောက်ပိုင်းတွင် ဖော်ပြပါဦးမည်။)

http://www.dhammadownload.com



ဤကဲ့သို့ ပေါ်တိုင်းပေါ်တိုင်း ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမ မပါဘူးဟု သိနေသဖြင့် ခန္ဓာကို သိနေခြင်းဖြစ်သည်။ ခန္ဓာကို သိနေခြင်းကြောင့် သက္ကာယ ကိုသိနေခြင်းဖြစ်သည်။ သက္ကာယကို သိနေခြင်းကြောင့် သက္ကာယသာဖြစ်၍ ဒိဋ္ဌိမဖြစ်တော့ချေ။ သက္ကာယဆိုသည် ခန္ဓာငါးပါး အပေါင်းအစုသာ ဖြစ်သည်။ စိတ်ကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း သိသိနေခြင်းသည် သက္ကာယကိုသိနေခြင်း သည် ခန္ဓာငါးပါး အပေါ်၌ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ထင်နေ၍သာ သက္ကာယဒိဋ္ဌိ ဖြစ်နေရခြင်းဖြစ်သည်။ သက္ကာယကို "ငါ"နှင့်မရောလျှင် ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်ဟု သိနေလျှင် သက္ကာယဒိဋ္ဌိ ပြုတ်၏။

ယခုမိမိတို့ စဉ်းစားကြည့်ကြပါ--။ ကိုယ်သိနေကြတာ ကသက္ကာယဒိဋ္ဌိကို သိနေကြသည်သာဖြစ်သည်။ ငါမြင်တယ် ငါကြားတယ်၊ ငါနံတယ်၊ ငါစားတယ် ဆိုပြီး ဒိဋ္ဌိနှင့် "ငါ" သွား၍ ရောတော့ သက္ကာယက၊ သက္ကာယ ခန္ဓာငါးပါး အပေါင်းအစု၊ ဒိဋ္ဌိ၊ အမြင်မှား ဆိုသောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်သည်။

မြင်သည်ကိုမြင်စိတ်ပေါ်သည်ဟူ၍ ကြားသည်ကိုကြား စိတ်ပေါ်သည်ဟုသိနေလျှင် သက္ကာယနှင့် သမ္မာဒိဋ္ဌိသွားပြီး ရောသဖြင့် သက္ကာယဒိဋ္ဌိပြုတ်ပြီး သက္ကာယနှင့် သမ္မာဒိဋ္ဌိသာဖြစ် သည်။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ ယံစိတ်

http://www.dhammadownload.com



ယားနာကောင်းစိတ်၊ ကြံစည်တွေးတောစိတ် - အပြင်ဧည့်သည်ခြောက်ယောက်၊ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အတွင်းဧည့်သည်ငါးယောက်၊ လေကိုရှူသောစိတ်၊ လေကိုထုတ်သောစိတ် အိမ်သည်နှစ်ယောက်ပေါင်းဆယ့်သုံးမျိုးတို့ဖြစ်သည်။ စိတ်ဆယ့်သုံးမျိုးသည် သက္ကာယဖြစ်သည်။ ဤစိတ်တွေကို ပေါ်တိုင်း ပေါ်တိုင်း မည်သည့်စိတ် မည်သည့်စိတ်ဆိုတာ သူ့ကိစ္စနှင့်သူ သိသိပေးပါ။ မြင်တာကိုလည်း "ငါ"နှင့်သွားမရောနှင့်၊ ကြားတာကိုလည်း "ငါ"နှင့်သွား မရောနှင့်၊ နံတာကိုလည်း "ငါ"နှင့်သွားမရောနှင့်၊ စားတာကို လည်း "ငါ"နှင့်သွားမရောနှင့်၊ ယားယံကောင်းစိတ်ကိုလည်း "ငါ"နှင့်သွားမရောနှင့်။

မြင်စိတ်ကို "ငါ"နှင့် သွားရောလျှင် သက္ကာယ ကျန်ရစ်ခဲ့ပြီး ဒိဋ္ဌိကပြုတ်သွားသည်။ သက္ကာယဖြစ်၍ ဒိဋ္ဌိမဖြစ်ချေ။ ပုထုဇဉ်သည် သက္ကာယနှင့် မိစ္ဆာဒိဋ္ဌိသွား၍ သွား၍ရောသည်။ မိမိတို့လုပ်ရမည့်အလုပ်သည်ကား သက္ကာယနှင့် သမ္မာဒိဋ္ဌိသွား၍ တွဲရမည့်အလုပ်ဖြစ်သည်။ တစ်သံသရာလုံးက သက္ကာယဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိသာရောခဲ့သည်။ သက္ကာယကို သက္ကာယဟုသိလျှင်

---

၁။ သက္ကာယရှိ၍သာ ငါကောင်းစားဖို့၊ ငါ့သားသမီး ကောင်းစားဖို့ဆိုပြီး အမျိုးမျိုးသော ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေ ကျူးလွန်ကြသည်။ သက္ကာယဒိဋ္ဌိက မည်သည့်ဒုစရိုက်ကို မဆို ပြုလုပ်ရသည်။

http://www.dhammadownload.com



အပါယ်သို့မလားနိုင်။ သက္ကာယနှင့်ဒိဋ္ဌိ သွားပြီးတွဲ၍သာ အပါယ်ရောက်ကြသည်။

ယခုအသိဉာဏ်ထိုက်သည့်အားလျော်စွာရသဖြင့် သက္ကာယနှင့် သမ္မာဒိဋ္ဌိတွဲတတ်ကြပြီဟုဆိုနိုင်ကြလေပြီ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ကျေးဇူးတော်ပင် ဖြစ်သည်။ ထို့ကြောင့် မတွဲကောင်းသောတရားနှင့် မတွဲကြပါနှင့်။ တွဲကောင်းသောတရားနှင့်သာ တွဲကြပါ။ သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပ္ပ စသောတရားများနှင့် တွဲကြပါကုန်။

လောဘစိတ်ဖြစ်ပေါ်လျှင် လောဘစိတ်ကလေးပဲ၊ဒေါသစိတ် ဖြစ်ပေါ်လျှင် ဒေါသစိတ်ကလေးပဲဟု သိ သိနေလျှင် သမ္မာဒိဋ္ဌိဖြစ်ခြင်းပင်။

သမ္မာ ဆိုတာ အမှန်၊ ဒိဋ္ဌိကမြင်တာ၊ အမှန်မြင်တာဖြစ်သည်။

လေကလေးကို ရှူချင်တဲ့စိတ်ပေါ်လာပြန်သည်။ နောက်ကအသိပေးလိုက်ပါ။ တစ်ဖန် လေကလေးကို ထုတ်ချင်တဲ့စိတ် ပေါ်လာပြန်သည်၊ နောက်က အသိပေးလိုက်ပါ၊ ဤသို့ပေါ်လာတဲ့စိတ်ကလေးတွေနောက်ကဒါစိတ်ကလေးတွေပဲ၊ စိတ်ကလေးတွေပဲဟုအကြောင်း တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်းပေါ်တဲ့ ပေါ်တဲ့ စိတ်ကလေးတွေပဲဟု အသိ လိုက်ပေးပါကအကြောင်း

---

၁။ ဝိပဿနာအလုပ် ဝိပဿနာအလုပ် ဆိုသည်မှာ အခြေခံသဘောတရား ပိုင်ရန်အလွန်အရေးကြီးသည်။ ကျေးဇူးရှင် ဆရာတော်ကြီးသည် မည်သည့်အခါမှ ခရီးရောက်မဆိုက် ယောဂီများအား ရောက်လာလာချင်း တရားထိုင်ခိုင်းတော်မမူချေ။

http://www.dhammadownload.com



ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားကလေးတွေပဲဟု ဤမြင်စိတ်ထဲမှာလည်း ငါမပါ။ သူမပါ၊ ပုဂ္ဂိုလ် သတ္တဝါ မပါ "ဒွိယံ ဘိက္ခဝေ ပဋိစ္စဝိညာဏံ" ဟု သဠာယတနသံယုတ် ပါဠိတော်၌ လာသည့်အတိုင်း အကြောင်း နှစ်ခုကြောင့် ဖြစ်တဲ့ အကျိုးတရားသာ ဖြစ်သည်ဟု သိသဖြင့် သမ္မာဒိဋ္ဌိနှင့် တွဲ၍ သက္ကာယပေါ်၌ အမြင်မှန်ပြီးလျှင်သက္ကာယ၌ မိစ္ဆာဒိဋ္ဌိ ပြုတ်သွားသောကြောင့် စူဠသောတာပန်အဆင့်သို့တက်လှမ်းမိပြီဖြစ်သည်။

ထို့ကြောင့် ဤသိသော အချိန်ကစ၍ တစ်ဘဝ နှစ်ဘဝ အပါယ်သို့လားရန် အကြောင်းမရှိတော့ချေ။

ယခု ဤမျှလောက် ထပ်တလဲလဲ ရှင်းပြပြီးပြသနေခြင်းသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်းအခြေမှကိုင်၍ ရှင်းလင်းဖော်ပြနေခြင်းဖြစ်ရာ၊ ဤတရားသည် အပါယ်ရေသောက်မြစ် ဖြတ်နေပါကလား၊ အသေးစိတ်၊ စိတ်ချရသော တရားပါကလားဟူ၍လည်းကောင်း၊ အလွန့်အလွန် အရေးကြီးသော တရားပါကလားဟူ၍ လေးလေးနက်နက် လေ့လာကျင့်ကြံ အားထုတ်နိုင်ကြပါစေဟုအထူးတိုက်တွန်းအပ်ပါသတည်း။

ပထမအဆင့်အနေနှင့် ရုပ်နာမ်ကွဲအောင် ဟောကြားပြသတော်မူသည်၊ ရုပ်နာမ်ကွဲပြီးနောက် ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုးဆက်သွယ်ပုံကို သစ္စာနှင့်ဟပ်ပြီး ဤသဘောတရားများ နားလည်မှသာ ဝိပဿနာအလုပ်² ခွင်ကို ဝင်စေတော်မူသည်။

http://www.dhammadownload.com



ပထမသိမှုနှင့် ဒိဋ္ဌိကိုဖြုတ်သည်။ နောက်မှ ပွားမှုလိုက်စေသည်။ ထို့ကြောင့်တရားအားထုတ်လိုကြသော ယောဂီတို့သည် ပထမအခြေပိုင်ပိုင်ကြီးနားလည်ကြစေလိုသည်။ ဝိပဿနာနောက်ထားကြပါ။ ဒိဋ္ဌိပြုတ်မှုကိုရှေ့ထားပါဟု ဆရာတော်ကြီး ခဏခဏ ဟောကြား ဆုံးမတော်မူသည်။[၁]

---

၁။ ဝိပဿနာအလုပ် ဝိပဿနာအလုပ် ဆိုသည်မှာ အခြေခံသဘောတရား ပိုင်ရန်အလွန်အရေးကြီးသည်။ ကျေးဇူးရှင် ဆရာတော်ကြီးသည် မည်သည့်အခါမှ ခရီးရောက်မဆိုက် ယောဂီများအား ရောက်လာလာချင်း တရားထိုင်ခိုင်းတော်မမူချေ။

http://www.dhammadownload.com

# အပိုင်း (၁၉)

## စိတ္တာနုပဿနာ

## စိတ်ဆယ့်သုံးမျိုးရှုနည်း

ခန္ဓာငါးပါးကို သတိပဋ္ဌာန်နှင့်ဝေဖန်လိုက်သော် ရုပ်ကို ရှုလျှင်ကာယာနုပဿနာ၊ဝေဒနာကိုရှုလျှင် ဝေဒနာနုပဿနာ၊ စိတ်ကိုရှုလျှင်စိတ္တာနုပဿနာ၊ သစ္စာရှုလျှင် ဓမ္မာနုပဿနာဖြစ်၍ သတိပဋ္ဌာန် လေးပါးတွင် တစ်ပါးပါး ရှုသော် မည်သည့် ဝိပဿနာမဆို နိဗ္ဗာန်ရောက်တရားချည်းသာဖြစ်သည်။ သို့သော် နိဗ္ဗာန်ရောက်လိုသော ပုဂ္ဂိုလ်သည် သောတာပန်မှစ၍ တက်ရမည်ဖြစ်ရာ သောတာပန်စခန်းတက်လှမ်းရမည်မှာလည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ဖြုတ်ရမည်ဖြစ်သဖြင့် ဒိဋ္ဌိဖြုတ်မှုကို နိုင်နင်းစွာ ဆောင်ရွက်နိုင်သည်မှာလည်း စိတ္တာနုပဿနာ ဖြစ်သည်ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌---

"ဒိဋ္ဌိစရိတဿပိ မန္ဒဿ နာတိပ္ပဘေဒဂတံ၊ တံစိတ္တာနုပဿနာ သတိပဋ္ဌာနာ ဝိသုဒ္ဓိမဂ္ဂေါ"ဟုလာရှိရာ ဉာဏ်နုံ၍ ဒိဋ္ဌိစရိုက် အားကြီးသော ပုဂ္ဂိုလ်များအား အပြားအားဖြင့် လွန်စွာမများသောစိတ္တာနုပဿနာသည် သင့်လျော်စွာလျောက်ပတ်၏။ (ဝါ)မဂ်ဖိုရောက်ကြောင်းဖြစ်၏ဟု လာရှိပါသည်။ ကျေးဇူးရှင်ဆရာတော်ကြီးသည် အပြားအားဖြင့်မများဘဲ စိတ်ဆယ့်သုံး

http://www.dhammadownload.com



မျိုးဆယ့်သုံးနည်း ခွဲဝေကြံစည်တော်မူ၍ထင်လွယ်၊ မြင်လွယ် နိုင်ရန် စိတ္တာနုပဿနာကို ဖိပြီး သင်ကြားဆုံးမတော်မူ၏။

ပုထုဇဉ်မည်သည် မည်သည့်စိတ်ပေါ်ပေါ် ပုထုဇဉ်စိတ် သာပေါ်မည်ဖြစ်သည်။ ပုထုဇဉ်စိတ်သည်လည်း ယင်းဆယ့်သုံး မျိုးအတွင်း၌သာ အသုံးဝင်သည် ချည်းပင် ဖြစ်သည်။

ဝေဒနာနုပဿနာကိုလည်း ဒုတိယအနေဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် အဓိကထား၍ ဟောကြား လမ်း ညွှန်တော်မူ၏။ စိတ်နှင့်ဝေဒနာသည် သဟဇာတဖြစ်သည့်အား လျော်စွာ စိတ်ရှုလျှင် ဝေဒနာ၊ ဝေဒနာရှုလျှင် စိတ်ပါမြဲသာ ဖြစ်ပါသည်။

ယင်းအပြင် ဝေဒနာသညာနှစ်ပါးကို စိတ္တသင်္ခါရ အတွင်း၌သာ သွင်း၍ ဟောကြားတော်မူသည်။ ဤစိတ္တသင်္ခါရ သည်လည်း ဝင်သက်,ထွက်သက် ပင်ဖြစ်ရာ တစ်ပါးနှင့် တစ်ပါး သဟဇာတသဘောပင်ဖြစ်သည်။

နာမ်ခန္ဓာ ရှုသော် ရုပ်ကျန်ရှိနေသေးသလော မေးခဲ့ပါ လျှင် နာမ်ခန္ဓာရှုလျှင် ရုပ်ခန္ဓာပါဝင်ပြီးဖြစ်သည်။ ရုပ်ခန္ဓာရှုလျှင် နာမ်ခန္ဓာပါဝင်ပြီးဖြစ်သည်။ ယင်းတို့သည် သမ္ပယုတ္တ ဓမ္မများ သာဖြစ်ရာ ချဉ်ရည်ဟင်းချက်ရာ၌ ငရုတ်၊ ဆား၊ ငံပြာရည်၊ ရှောက်သီး၊ မန်းကျည်းသီး စသည်ဖြင့် အမျိုးစုံပါဝင်သလို သဟ ဇာတသဘောနှင့် အားလုံးပါဝင်ကြသည်။ စိတ္တာနုပဿနာ ရှု သော်လည်းကာယာနုပဿနာပါသည်ပင်တည်း။ ဝင်လေ၊ ထွက်လေ ကိုဖြစ်စေသောစိတ်သည် အိမ်သည်စိတ်ဟုခေါ် ဆိုရာ ယင်းစိတ်

http://www.dhammadownload.com



နှစ်မျိုးရှိသော် ကာယာနုပဿနာမပါဘူး၊ ရုပ်မပါဘူးဟူ၍မဆို နိုင်သလို စိတ်ရှိပါလျှင် ရုပ်ပါသည်။ ရုပ်ရှိခဲ့ပါလျှင် စိတ်ပါ သည်ချည်းဖြစ်သည်။ သို့ရာတွင် ပြဋ္ဌာန်းရာကို ဆိုလိုသဖြင့် ဤ နေရာ၌ စိတ္တာနုပဿနာဟူ၍ပင် ခေါ်ဆိုခြင်းဖြစ်ပါသည်။

စိတ်ဆယ့်သုံးမျိုးရှိရာ (ပုံစံစာရွက်ကိုကြည့်ပါ)၊ ဤဆယ့် သုံးမျိုးသာ အကျဉ်းချုံး၍ပြထားသော်လည်း ဤဆယ့်သုံး မျိုးထဲ၌ပင်လျှင် အတွင်းဝင်သည်သာများပါသည်။

သမ္မောဟဝိနောဒနီအဋ္ဌကထာ စသည်၌လည်း အပြား အားဖြင့် မများသော "နာတိပ္ပဘေဒဂတံ"ဟု ဆိုထားသဖြင့် ကျဉ်းနိုင်သလောက်ကျဉ်းထား၏။ သို့သော်တရားကိုယ်အားဖြင့် ကောက်သော် လောဘ၊ ဒေါသ၊ မောဟတရားများ၌ အကျုံး ဝင်၏။ ထို့ကြောင့် စိတ်ဆယ့်သုံးမျိုးသာပြခြင်း ဖြစ်ပေသည်။

အိပ်ချင်သောစိတ်ပေါ်ရာ ယင်းစိတ်သည် ထိနမိဒ္ဓတရား ကိုယ်ဖြစ်သည်။ စားချင်စိတ်ပေါ်သည်။ တရားကိုယ်မှာလောဘ ပင်ဖြစ်သည်။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စသည် တရားကိုယ် ဒေါသတရားတွေပင်ဖြစ်သည်။ သရာဂစိတ် ဆိုသည်မှာလည်း တရားကိုယ်လောဘတွေပင်ဖြစ်သည်။ လှူချင်၊ တန်းချင်၊ ပေး ကမ်းချင်သည့် စိတ်သည်လည်း အလောဘစိတ် (ဝီတရာဂ စိတ်)ဖြစ်သည်၊ ပျံ့လွင့်စိတ်လည်း မောဟပင်ဖြစ်သည်။

အမောဟဆိုသောစိတ်သည် ဤအရှုခံ စိတ်ဆယ့်သုံးမျိုး ထဲ၌မပါဝင်ချေ။ အဘယ်ကြောင့် မပါဝင်သနည်း ဆိုသော် အမောဟဆိုသည်မှာ ပညာ (ဝါ) သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်သည်။

http://www.dhammadownload.com



ယင်းသည် သူကရှုကြည့်ရသောတရား ဖြစ်သောကြောင့် အရှုခံစိတ်ထဲ၌မပါဝင်ချေ။ ကျန်စိတ်ဆယ့်သုံးမျိုးက အရှုခံ တရားဖြစ်သည်။ (ဝါ)အရှုခံတရားနှင့် အမောဟက ရှုတဲ့စိတ်ဖြစ်သည်။

အရှုခံစိတ်သည် (ရှုစရာစိတ်သည်) အကျဉ်းအားဖြင့် ဆယ့်သုံးမျိုး၊ ယင်းဆယ့်သုံးမျိုးတို့သည် တစ်ခုပြီးတစ်ခုလှည့်ပြီးပေါ်နေခြင်းဖြစ်သည်။ ထပ်ပြန်တလဲလဲ ပေါ်နေခြင်းဖြစ်၍ များသည်ဟု ထင်နေခြင်းဖြစ်သည်။ မိမိသန္တာန်မှာ ထိုသို့ ထပ်ကာတလဲလဲ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသောစိတ်ကို စောင့်ပြီးအကဲခတ်ရခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မိမိသန္တာန်မှာ ပေါ်တဲ့စိတ်ကိုစောင့်ပြီး အကဲခတ်ရမှာ (ဝါ) ရှုရသည်ကို စိတ္တာနုပဿနာဟု ခေါ်ပါသည်။

"ဒွိယံ ဘိက္ခဝေ ပဋိစ္စဝိညာဏံ" ဟု မြတ်စွာဘုရားက ဟောတော်မူသည့်အတိုင်း အကြောင်းနှစ်ခု တိုက်ဆိုင်တိုင်း ဝိညာဏ်ပေါ်သည်။ (ဝါ) စိတ်ပေါ်သည်။ စိတ်သည်တစ်မျိုးမဟုတ်တစ်မျိုး ခဏခဏ တဖျတ်ဖျတ်နှင့် တစ်ခုပြီးတစ်ခု ပေါ်နေခြင်း၊ တစ်ခုပြီးတစ်ခု ပျက်နေခြင်းကို ကိုယ်ကမသိ၍သာ နိဗ္ဗာန်ရောက်ကြောင်း တရားနှင့် မိမိတို့ ဝေးခဲ့ကြရသည်ဟုအောက်မေ့ကြပါ။ မိမိစိတ်ဖြစ်တာကို မိမိသိပြီး မိမိစိတ်ပျက်တာကိုမိမိသိလျှင် နိဗ္ဗာန်ရောက်နိုင်သည်ဆိုတာကို ယုံယုံကြည်ကြည်နှင့် မှတ်ကြစေလိုပါသည်။

မည်သို့မျှသံသယမရှိကြပါနှင့်။ မိမိတို့စိတ်စဉ်ခဏခဏပေါ်၊ ခဏခဏပျက်နေတာကိုသိရင် သောတာပန်၊ သကဒါ

http://www.dhammadownload.com



ဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်ထိအောင် ပို့စွမ်းနိုင်ပါသည်။

မျက်စိဖွင့်လိုက်သောအခါ မိမိတို့ရှေ့ရှိတာကို အလုံးစုံ မြင်သည်။ မြင်စိတ်ကလေးဖျတ်ဆိုပေါ်ခြင်းဖြစ်သည်။ (အကန်း နှင့်သူသေကလွဲရင် မြင်သည်ချည်းပင်) ယင်းမြင်စိတ်နောက်က ဉာဏ်နှင့်ပေါ်သည်ဟု သိပေးပါ။

အသံကြားလိုက်သောအခါ ကြားစိတ် ဖြစ်ပေါ်သည်။ ကြားစိတ်ပေါ်သည်ဟုသိပေးပါ။ ဤသို့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တို့ကို ပေါ်တိုင်း, ပေါ်တိုင်း သိပေးပါ။

တစ်ဖန် စားစိတ်ပေါ်သည်၊ ယင်းပေါ်ခြင်းကိုလည်းသိ ပေးပါ။ ကိုယ်ပေါ်မှာ ယားယံကောင်းစိတ်ပေါ်သည်။ ကိုက်ခဲတဲ့စိတ်ပေါ်သည်။ ပေါ်တိုင်း ပေါ်တိုင်း ဝမ်းထဲကသိပေးပါ။ ပေါ်ချင်ရာပေါ်၊ တစ်ကြိမ်ပေါ်လျှင် တစ်စိတ်ပေါ်ခြင်း ဖြစ်ရာ နှစ်စိတ်ပြိုင်၍ မပေါ်ကောင်းချေ။

ထို့နောက် အသိစိတ်ပေါ်လာလျှင် ပေါ်လာခဲ့သော် တစ်ဆင့်တက်ပေးပါ။ ထိုအရှုခံစိတ်ကို ရှုဉာဏ်စိတ်နှင့်ရှိ-မရှိ တွေးလိုက်သည့်အခါမှာ အရှုခံစိတ်မရှိတော့ဘူး ပျက်သွားပြီ။ ပျက်သွားပြီဟူ၍ ဉာဏ်ထဲ၌ မြင်ပါလိမ့်မည်။ ဥပမာ ဒေါသ စိတ်ပေါ်သည်။ နောက်ကဉာဏ်နှင့် ရှိ-မရှိ တွေးကြည့်လိုက်၊ အကဲခတ်လိုက်သည့်အခါ ဒေါသစိတ်ကလေး ရှိနိုင်သေးသ လား၊ မရှိနိုင်တော့ဘူး၊ စဉ်းစားကြည့်ပါ။ တစ်စိတ်ပေါ်ရင် တစ်စိတ်ပျက်ရမည်ဖြစ်သည်။ သတ္တဝါ တစ်ယောက်ယောက် ၏သက်တမ်းသည် စိတ္တက္ခဏတစ်ခုသာရှိသည်။

http://www.dhammadownload.com



ဧကစိတ္တက္ခဏိကံ သတ္တာနံ ဇီဝိတံ။
တသ္မိံ စိတ္တနိရုဒ္ဓမတ္တေ သတ္တော၊
နိရုဒ္ဓေါတိ ဝုစ္စတိ။

သတ္တဝါတစ်ယောက်၏ အသက်သည် စိတ္တက္ခဏ တစ်ခု ဥပါဒ်၊ ဌီ၊ ဘင် ဆိုသည့်အတိုင်း စိတ်သည် ၁-၂ ဆိုလျှင် ချုပ်သွားတော့၏။ ထို့ကြောင့် ဒေါသစိတ် ပေါ်ရာတွင်နောက် ဉာဏ်နှင့် ရှု-မရှုတွေးလိုက်သောအခါ ဒေါသစိတ်က ချုပ်နှင့်လေပြီ။ လောဘစိတ်ကလေးပေါ်လာပြန်ပြီ။ နောက်ဉာဏ်နှင့် ရှု-မရှု တွေးလိုက်သောအခါ ရှေ့က ဖြစ်သွားသည့် လောဘစိတ်သည် ချုပ်သွားနှင့်လေပြီ။

ထို့ကြောင့် မည်သည့်စိတ်ပေါ်ပေါ် ပေါ်တဲ့စိတ်ကိုရှု-မရှု တွေးလိုက်သည့်အခါ စိတ်တွေ့သလား--။ စိတ်၏ ပျက်စီးချုပ်ဆုံးသွားသည်ကို တွေ့သလား ဆိုသော် စိတ်၏ မရှိမှုသာ တွေ့ရမည်ဖြစ်သည်။ လုံးဝမရှိတာမဟုတ်။ ရှိရာက ပျက်စီးချုပ်သွားခြင်းဖြစ်သည်။ "အဘာဝတ္တေန အနိစ္စံ" ဆိုပါသည်။ (မရှိမှု ချုပ်သွားသည်ကို တွေ့မှသာလမ်းမှန်သို့ရောက်သည်) သို့မှသာ အနိစ္စာနုပဿီ ဖြစ်သည်။ အနိစ္စမြင်မှ ဒုက္ခမြင်မည်၊ ဒုက္ခမြင်မှ အနတ္တမြင်သည်။ အနိစ္စပဲ--အနိစ္စပဲဟု ကိုယ်က လုပ်၍ ရှုနေရမည်မဟုတ်၊ မြွေက ပျက်သွားသည်ဟု ပြတာကို မိမိဉာဏ်က မိမိသန္တာန်မှာ တကယ်ရှိကိုမြင်အောင်ကြည့်ရခြင်းဖြစ်သည်။ တကယ်ရှိတာက ဖြစ်ပြီးပျက်တဲ့မြွေသာ ရှိသည်။

http://www.dhammadownload.com



ပါးစပ်က အနိစ္စ၊ အနိစ္စဟု ရွတ်ပြီး ပါးစပ်ထဲက ဖြစ်တဲ့ အနိစ္စကိုမယူပါနှင့်။ ကိုယ်ကလုပ်တဲ့ အနိစ္စကိုမယူပါနှင့်။ ပေါ်တဲ့စိတ်ကလေးက မရှိတော့ဘူး၊ မရှိတော့ဘူး၊ ချုပ်သွားပြီ၊ ချုပ်သွားပြီဟု သူ့သဘောနှင့်သူချုပ်သွားတာကို မိမိဉာဏ်နှင့် ချုပ်ပျက်သွားတဲ့ သဘောတွေကို အကဲခတ်ပြီး တကယ်ပျက်ပြီးပြနေတာကို တွေ့အောင် ဉာဏ်ဖြင့်ရှုရမည် ဖြစ်သည်။

ဤသို့ ပျက်သွားတာကို လည်းကောင်း၊ ချုပ်သွားတာကိုလည်းကောင်း၊ ဉာဏ်မျက်စိဖြင့် မြင်ခြင်းသည်သာလျှင် ဓမ္မက ပြတာကိုမြင်သည်၊ သိသည်၊ ဉာဏ်နှင့်သိသည် (ဝါ) အကဲခတ်သည်ဟုခေါ်သည်။ ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ် (ဝါ) ယထာဘူတဉာဏ်ခေါ်သည်။

လိုရင်း အချက်မှာ စိတ်ပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ်၊ ပေါ်တဲ့ တရား၏သက်တမ်းသည် ၁-၂-၃ မျှသာဖြစ်သည် (ဝါ) အများသိကြတဲ့အတိုင်း ဥပါဒ်၊ ဌီ၊ ဘင် မျှသာဖြစ်သည်။ စိတ္တက္ခဏတစ်ခုသည် မပြောနိုင်လောက်အောင် ဥပမာ မပြနိုင်လောက်အောင်မြန်ပါသည်။ သို့သော် ဝီထိလိုက်နေစရာမလိုပါ။ ဖြစ်တာနှင့် ပျက်တာသာ သိဖို့လိုရင်း ဖြစ်သည်။

ထို့ကြောင့် မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တာကိုလည်းသိပါ၊ ပျက်တာကိုလည်းသိပါ။ လေကိုရှူတဲ့စိတ်နှင့် လေကိုထုတ်တဲ့စိတ်ဟာ အများဆုံးဟု တွေ့ပါလိမ့်မည်။ မည်သည့်စိတ်မျှမပေါ်လျှင် သူတို့နှစ်စိတ်ပေါ်သည်။ အပြင်ခြေ့သည် စိတ်

http://www.dhammadownload.com



နှင့် အတွင်းညှော့သည်စိတ်ဆိုသည်မှာ သူတို့က အမြဲမနေ၊ ပေါ်ပြီး ပျက်သွားသည်။ ရံဖန်ရံခါသာပေါ်ခြင်းဖြစ်၍ ညှော့သည် အာဂန္တု ဟုအမည်ပေးထားခြင်းဖြစ်သည်။

ဤစိတ္တာနုပဿနာကို ဘယ်အခါ ဘယ်နေရာ၌ရှုရမလဲ။ ရိပ်သာမှာရှုရမလား၊ ကမ္မဋ္ဌာန်းကျောင်းတွေမှာ သွားရှုရမှာလားဆိုသော် ဘယ်နေရာမှာပေါ်သလဲ၊ ပေါ်တဲ့နေရာမှာ ရှုရမည်ဖြစ်သည်။[၁] စားရင်းသောက်ရင်းပေါ်လျှင် စားရင်းသောက်ရင်း စားစိတ်ကလေးပေါ်တယ်။ ပျက်တယ်ဟု ရှုရမည်။ အလုပ်ခွင်၌ပေါ်လျှင်လည်း ပေါ်စိတ်ကိုအလုပ်ခွင်၌ရှုရမည်။ အရှုစိပ်လေ အကျိုးများလေ ဟုမှတ်ပါ။ ဝိတက်များ၍ အရှုကျဲလျှင် ကိလေသာ ကြားဝင်၍ခိုမည်။ ကိလေသာကြားဝင်လျှင် အရှုကျဲ၍ ပျံ့လွင့်မည်။ (ပျံ့လွင့် ဖန်များလျှင် အစက စပြီး လုပ်ရလိမ့်မည်)။

ရှေ့ဖြစ်ပြီး ပျက်သွားသော စိတ်က အနိစ္စ၊ နောက်က အသိစိတ်ကလေးက မဂ္ဂ၊ အနိစ္စနှင့်မဂ္ဂ၊ အနိစ္စနှင့် မဂ္ဂဟုကိုက်နေအောင်သာကြိုးစားပါ။ မည်သည့်စိတ် ပေါ်ပေါ်၊ ပေါ်ရာကို ရှုပါ။ ယခုလိုရှုနေတုန်း ရှုနေဆဲမှာ မဆိုင်တဲ့စိတ်တွေလည်း အများကြီး ထပ်တလဲလဲ ပေါ်ပါလိမ့်မည်။ ယင်းစိတ်တွေကို မဆိုင်တဲ့စိတ်တွေ ဝင်လာသည်ဟု စိတ်မပျက်ပါနှင့်။ ယင်းတို့ကိုလည်း အရှုခံတရားတွေဟုသာ ရှုပစ်ပါ။ ဖြစ်ပြီး ပျက်တဲ့ တရားတွေပဲဟု ရှုပစ်ကြပါ။ အနှောင့်အယှက်ဟု မမှတ်နှင့်။

---

၁။ ချပျက်ချပျက်ဟု ရှုပါ။ ခြေချတာနှင့် ပျက်တာကိုဉာဏ်မြင်ဖြင့်ရှုပါ။

http://www.dhammadownload.com



အရှုခံတရားဟု ဖြစ်ပျက်သာရှုပါ။ ရန်သူကို မိတ်ဆွေ ပြုလုပ်ခြင်းပင်ဖြစ်သည်။

မည်သည့်စိတ်မဆို ပေါ်မည်ပင်ဖြစ်သည်။ တရားက ခေါ်နေသည်ဟုမှတ်ပါ။ "ဇာတိ ပဿိကော"တရား ဂုဏ်တော် ခြောက်ပါး၌ပြပါသည်။ ဇာတိ၊ လာခဲ့၊ ပဿ၊ ရှုပါဟု ပေါ်တဲ့ စိတ်ကလေးတွေကခေါ်နေသည်။ ဤသို့ခေါ်နေသည်ကို ရှုဖြစ်အောင်ရှုလိုက်ပါ။ မရှုရင် ကိလေသာ ကြားခိုမည်။

ဇာတိ၊ လာခဲ့၊ ပဿ၊ ရှုပါဆိုသည့်အတိုင်း စိတ်ကလေးတွေကတစ်ခုပြီးတစ်ခုပေါ်နေသည်။ ဤသို့ပေါ်နေခြင်းသည်တရားက ခေါ်ပြီး ရှုပါ,ရှုပါဟု မခိုင်းသော်လည်း ခိုင်းဘိသကဲ့သို့ ဖြစ်ပါသည်။

မည်သည့်စိတ်မဆိုမလွတ်အောင် မလွတ်တမ်း ရှုနိုင်ပြီး ကိလေသာ ကြားမခိုလျှင် ဖြစ်ပျက်နှင့် မဂ်သာ ကိုက်သွား လျှင် မျက်မှောက်ဘဝ၌ပင် အာသဝေါတရား ကုန်မည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ --

က္ခ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီ ဝိဟရတိ အနိစ္စသညီ အနိစ္စပဋိသံဝေဒီ-သတတံ သမိတံ အဗ္ဗောကိဏ္ဏံစေတသာအဓိမုစ္စမာနော ပညာယ ပရိယောဂါဠှမာနော။ သော အာသဝါနံ ယော အနာသဝံ စေတော ဝိမုတ္တိ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။

http://www.dhammadownload.com



ရဟန်းတို့တစ်ဦးတစ်ယောက်ပုဂ္ဂိုလ်သည် ခပ်သိမ်းသော သင်္ခါရတရား (လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်) ကို အနိစ္စဟု ရှု၍ အနိစ္စဟု မှတ်၍ထင်စွာသိ၍ အမြဲမပြတ် တစ်ပါးသောစိတ်နှင့် မရောမူ၍ အနိစ္စဟု နှလုံးသွင်းလျက် ပညာဖြင့် အနိစ္စပဲ၊ အနိစ္စပဲဟု ဉာဏ်ဖြင့် သက်ဝင်ပြီးလျှင်နေ၏။ ထိုသို့နေသော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင်လျှင် ကိလေသာမှ လွတ်၍ အာသဝေါတရား လေးပါးတို့မှ ကုန်သော "ပညာဝိမုတ္တိ" ရဟန္တာဖြစ်ပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက် ပြု၏ဟု အတိအလင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

ထို့ကြောင့် အနိစ္စဟူ၍ လည်းကောင်း၊ ဖြစ်ပျက် ဟူ၍ လည်းကောင်း၊ အမြဲမပြတ် အခြားတစ်ပါးသောစိတ် မဝင်စေမူ၍ (ဝါ) ကိလေသာ ကြားမခိုဘဲ မိမိဉာဏ်၌ မြင်အောင်ဝိပဿနာ ဉာဏ် မဂ်ဉာဏ်ဖြင့် ဖြစ်ပျက်ပဲဟု ထင်မြင်လာအောင် အသိဉာဏ်ရှင်းလာအောင် (ဝါ) ခန္ဓာ ဖြစ်, ပျက် နေသည်ကို ယထာဘူတဉာဏ်ဖြင့် မြင်အောင်ရှုပါ။ ဤသို့ ဖြစ်, ပျက်တွေ့မြင်အောင်ရှုခဲ့လျှင် ဘာကျေးဇူးများသလဲဟုဆိုလျှင် ဥပမာ-လောဘစိတ်ကလေးပေါ်သည်။ ဝိပဿနာမဂ်ဖြင့် ဖြစ်,ပျက် ရှုသော် ပဋိစ္စသမုပ္ပါဒ် အလယ်မှပြတ်မည်။ ဖြစ်,ပျက်ကို မရှုခဲ့သော် လောဘ နောက်က ဥပါဒါန် လာသည်။ ဥပါဒါန်လာလျှင် ကမ္မဘဝ လာသည်။ ကမ္မဘဝလာခဲ့သော် ဇာတိရမည်မှာ မလွဲတော့ချေ။ ဇာတိရလျှင် ဒုက္ခသာရသည်ဖြစ်သည်။

http://www.dhammadownload.com



အပါယ်ဇာတိသာ အဖြစ်များသည်။[၁] ပဋိစ္စသမုပ္ပါဒ် ဆက်တော့သည်။ ဒုက္ခ ဆက်တော့သည်။ သံသရာဆက်သည်။ လည်သည်။

ဖြစ်,ပျက်ရှုသည့် အလုပ်သည်သံသရာစခန်းသတ်ဇာတိ သိမ်းသောအလုပ်ဖြစ်သည်။ သံသရာစက်ရဟတ်၏ အကန့်တွေ ဒေါက်တွေ ချိုးနေသောအလုပ်၊ ပဒေါင်း ဝင်ရိုးတွေချိုးနေသော အလုပ်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ဖြတ်နေသောအလုပ်ဖြစ်လေသည်။

တစ်နည်းဆိုသော် ဖြစ်ပျက်နေသော ခန္ဓာ၏ပင်ကိုမမြဲ သဘောတရားတွေသည် ဖောက်ပြန် ပျက်စီးနေသောကြောင့် ဒုက္ခအစစ်ပါကလားဟူ၍လည်းကောင်း၊ ဖြစ်-ပျက် "ဥဒယ ဝယ" သဘောမျှကိုလည်း ယထာဘူတဉာဏ်အားဖြင့် ဝိပဿ နာ မျက်စိဖြင့်မမြင်ခြင်း၊ ဤသို့ ဖြစ်-ပျက် ဟုမမြင်ခြင်း၊ ဒုက္ခသစ္စာဟူ၍မသိမြင်ခြင်းသည် အဝိဇ္ဇာအမှောင်ထု ပိတ်ဖုံး နေသောကြောင့်ဖြစ်ရာ ခန္ဓာပင်ကိုတကယ်အရှိကို (ဝါ)ပင်ကိုရှိ နေသော ဖြစ်-ပျက် မမြဲသဘောကိုလည်းကောင်း ထို ဖြစ်ပြီး ပျက်နေသော မမြဲသဘောသည်ပင်လျှင် ဒုက္ခသစ္စာဟူ၍ အသိ ဉာဏ် မိမိသန္တာန်၌ ဝင်ရောက်ရှင်းလင်းထင်ပေါ်လာခြင်းသည် အဝိဇ္ဇာပျောက် ဝိဇ္ဇာအလင်းရောက်သည်ဟုဆိုပါသည်။ (ဝါ) "ဝိဇ္ဇာဥဒပါဒိ၊ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ"ဖြစ်လေတော့သည်။

ပဋိစ္စသမုပ္ပါဒ် အလိုအားဖြင့်ဆိုသော် အဝိဇ္ဇာမှ ဝိဇ္ဇာ

---

၁။ မြတ်စွာဘုရားသခင်သည် လူတစ်သိန်းသော်၍ သုဂတိတစ်ယောက် ရောက်တာ ငါဘုရား မတွေ့ဘူးဟု ဟောတော်မူသည်။

http://www.dhammadownload.com



ဖြစ်သောကြောင့် ဝိညာဏ်သို့ မကူးတော့ချေ။ (ဝါ)၁-ကွက်မှ ၂-ကွက်သို့မဆက်တော့ချေ။ ပဋိစ္စသမုပ္ပာဒ် အစကပြတ်သည်။ မကူးတော့ဘူးဟု ဆိုသည့်သဘောမှာ အပါယ်အကျိုးပေးမည့် ဇာတိတွေကို မတည်ဆောက်တော့ဘူးဟု ဆိုသည်။ အဝိဇ္ဇာမှ ဝိဇ္ဇာမဖြစ်သေးလျှင် နောင်ဘဝဖြစ်စေမည့် ခန္ဓာတွေကို တည်ဆောက်နေသည်ဟုဆိုသည်။ အဝိဇ္ဇာ သင်္ခါရတို့၏ ပြုခြင်းအမှုကိုဆိုသည်။ အဝိဇ္ဇာမှဝိဇ္ဇာဖြစ်သွားလျှင် နောင်အပါယ်ဘဝခန္ဓာဖြစ်စေမည့်အမှု နောက်အပါယ်အကျိုးပေးမည့် ဇာတိတွေ ဒီဘဝကနေပြီး မဆက်တော့ဘူးဟု ဆိုလိုသည်။ အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်သည့် အချိန်မှစ၍ သူနှင့်ပတ်သက်သမျှ အပါယ်ခန္ဓာ မတည်ဆောက်တော့ချေ။ ရပ်ပြီ။ ပဋိစ္စသမုပ္ပာဒ်ပြတ်ပြီဟု ဆိုနိုင်ပြီ။

ဒိဋ္ဌိပြတ်ပြီးလျှင် ဒိဋ္ဌိအကြောင်းခံပြီး နောက်ဘဝပေါ်မည့် ဒိဋ္ဌိနှင့်ပတ်သက်သမျှ ခန္ဓာတွေချုပ်သည်။ ဝိစိကိစ္ဆာ ပြုတ်ပြီးလျှင် ထိုဝိစိကိစ္ဆာအကြောင်းခံကြောင့် နောင်ဘဝ ဖြစ်ပေါ်မည့် ခန္ဓာတွေချုပ်နှင့်သည်။ ဤသို့တစ်ဆင့်တစ်ဆင့် နောက်တည်ဆောက်မည့် ဆိုင်ရာ ဆိုင်ရာ ခန္ဓာတွေ ချုပ်စေသည်။ ချုပ်သည်ဆိုသည်မှာ မဖြစ်ပေါ်ဘဲ ချုပ်သည်ကို ဆိုသည်။ ပေါ်ပြီးချုပ်သည်မဟုတ်။ ပေါ်ခြင်းမရှိ ချုပ်ခြင်းကိုခေါ်သည်။

ထို့ကြောင့်ဖြစ်ပျက်ရှုပါ။ ဖြစ်ပျက်ရှုပါဟု ကျေးဇူးရှင်ဆရာတော်ကြီး တဖွဖွဟောကြားတော်မူခြင်းဖြစ်ရာ ဖြစ်ပျက်ရှု၍ ဖြစ်ပျက်မြင်တာက ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းတာက နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်အဆုံးသို့ ရောက်တာက မဂ်ဉာဏ်၊

http://www.dhammadownload.com



ဤဉာဏ်သုံးဆင့်က ပထမမဂ်တည်းဟူသော သောတာပတ္တိမဂ်အဆင့်သို့ တက်လှမ်းပြီး မဟာသောတာပန်ကြီး ဖြစ်ခဲ့သော် သိကြားမင်းစည်းစိမ်၊ စကြဝတေးမင်းစည်းစိမ်ထက်လည်း မြတ်သည်။ အထက်တန်းကျသည်။ အဘယ့်ကြောင့်ဆိုသော် သောတာပန်ပုဂ္ဂိုလ်သည် "စတူဟာ ပါယေဟိ စ ဝိပ္ပမုတ္တော" ဟုဆိုသည့်အတိုင်း အပါယ်လေးပါးမှလွတ်ပြီး "ဆစ္စာဘိဌာ နာနိ အဘဗ္ဗကာတုံ" အကျိုး၊ အကန်း၊ အပင်း၊ အ,အ၊ အနူ၊ အဝဲစသော ဘဝမျိုးသို့လည်း ရောက်ခြင်းငှာ မထိုက်တော့ချေ။

အလွန်အားဖြင့် သုဂတိဘဝတွင် ၇-ကြိမ်သာ နေပြီးလျှင် တစ်ဆင့်ထက်တစ်ဆင့် အထက်မဂ်သို့တက်၍ နိဗ္ဗာန်မျက်မှောက်ပြုရမည်သာ ဖြစ်တော့သည်။

ထိုကြောင့် ယောဂီပုဂ္ဂိုလ်သည် ဤသို့ဖြစ်ပျက်တွေချည်း မြင်ပြီးနေပြီဆိုသော် ဖြစ်ပျက်က ဒုက္ခ၊ ဖြစ်ပျက် မြင်တဲ့ဉာဏ်က မဂ္ဂ၊ မဂ် ဆိုသော်လည်း ဝိဇ္ဇာမဂ် ဖြစ် သော ကြောင့် ပဋိစ္စသမုပ္ပါဒ် အစကလည်း ပြတ်သည်။ အလယ်က တဏှာ မာန၊ ဒိဋ္ဌိတွေကလည်း ပြတ်သည်။ အဆုံးကလည်း ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ မလာသဖြင့် ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြတ်သည်။

သစ္စာအားဖြင့်ဆိုသော်-ဖြစ်ပျက် ဒုက္ခသစ္စာ၊ ဖြစ်ပျက် မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ တဏှာ၊ မာန သေတာကသမုဒယသစ္စာ၊ ဇာတိ၊ ဇရာ၊ မရဏ မလာတာက နိရောဓသစ္စာ။

http://www.dhammadownload.com



ထို့ကြောင့် ဒုက္ခနှင့် မဂ္ဂသစ္စာ နှစ်ခုတည်း ကြိုးစား အားထုတ်ပွားများရုံမျှနှင့် သမုဒယနှင့် နိရောဓသစ္စာ ပွားများ အားထုတ်ပြီး ဖြစ်တော့သည်။ သစ္စာ ၄-ပါးစလုံး ပိုင်သွား တော့သည်။

ထို့ကြောင့် ဖြစ်ပျက်အလုပ်ကို(ဝါ)ဝိပဿနာအလုပ်ကို ဖြင့် အလွန်ပင် လုပ်သင့်တော့သည်သာတည်း။ တစ်နေ့နောက် ကျလျှင် နစ်နာကြပါလိမ့်မည်။ တစ်ရက်နောက်ကျလျှင် တစ် ရက် နစ်နာကြပါလိမ့်မည်။ အနာ မဦးခင်၊ အအို မဦးခင်၊ အသေမဦးခင် ဉာဏ်ကဦးအောင်အားထုတ်တော်မူကြပါကုန်။

မှတ်ချက် ။ ။ စာရေးသူဟောကြားချက် စိတ္တာ နုပဿနာ
ရှုနည်း၊ ပွားနည်း စာအုပ်ငယ်နှင့်တွဲ၍လည်း
ဖတ်ရှုနိုင်ကြပါသည်။

---✲---

http://www.dhammadownload.com

# အပိုင်း (၂၀)
## ရဟန္တာကြီးလေးပါးနှင့် ပုထုဇဉ်ရဟန်းအကြောင်း

မြတ်စွာဘုရား လက်ထက်တော်၌ ပုထုဇဉ် ရဟန်း တစ်ပါးသည် နိဗ္ဗာန်အမြင်ကို သိလိုရေးနှင့် ရဟန္တာကြီးလေးပါး အားတစ်ပါးစီ တစ်ပါးစီ မေးမြန်း လျှောက်ထားရာ ပထမ ရဟန္တာကြီးအား ---

ကိတ္တာဝတာ နုခေါ အာဝုသော ယထာဘူတံ၊
ဉာဏဒဿနံ သုဝိသုဒ္ဓံ ဟောတိ။

အဓိပ္ပာယ်မှာ ငါ့ရှင်-နိဗ္ဗာန်အမြင်သည် အဘယ်မျှနှင့် အမြင်မှန်ရနိုင်ပါသနည်းဟုမေးရာ ပထမရဟန္တာကြီးသည်-

ယတော ခေါ အာဝုသော ဆန္နံ အာယတနာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ဉာဏဒဿနံ
သုဝိသုဒ္ဓံ ဟောတိ။

ဟု အာယတန ခြောက်ပါးရှိ၏။ ထိုအာယတနခြောက်ပါး၌ မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်-ရုပ်ဘက်ကငါးပါး၊ မနာယတနဆိုသောစိတ်-နာမ်တစ်ပါး၊ ပေါင်းခြောက်ပါး တို့၏ပင်ကိုယ်သဘောဖြစ်တဲ့(ဝါ)ဟုတ်တိုင်းမှန်စွာတကယ်ရှိ တာကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ရမည်။ တကယ်ရှိတာက လည်း ရုပ်ကလည်းဖြစ်မှုပျက်မှုမှတစ်ပါး ဘာမျှမရှိ။ နာမ်က

http://www.dhammadownload.com



လည်းဖြစ်မှု ပျက်မှုကလွဲ၍ ဘာမှမရှိဘူး။ ဒါသိလျှင် ရဟန္တာ အမြင်ဖြစ်သည်။ ဤသို့မြင်လျှင် အမှန်မြင် ရခြင်းဖြစ်သည်။ (ဝါ) နိဗ္ဗာန်အမြင်မှန်ရခြင်း ဖြစ်သည်ဟု ဖြေတော်မူသည်။ လိုရင်းအရေးကြီးသည်မှာ ဖြစ်ပျက်မြင်ဖို့ အရေးကြီးသည်။ ခြောက်ပါးမြင်ရမှာလား၊ ဖြစ်ပျက်မြင်ရမှာလားဆိုရင် ဖြစ်ပျက် မြင်ဖို့သာ အရေးကြီးသည်။

ထိုသို့ဖြေတော်မူသည်ကို ပုထုဇဉ်ရဟန်းသည် မကျေနပ် ချေ။ အဘယ့်ကြောင့်ဆိုသော် အာယတနခြောက်ပါး ရှုရမှာများ လှ၏ ထင်ပြီး မကျေနပ်ခြင်းဖြစ်သည်။ ဖြစ်ပျက် ရှုဖို့ပဓာနဖြစ် သည်ကို သူသဘောမပေါက်မိချေ။

ထို့ကြောင့် ငါ့ရှင် သင်ကဲ့သို့ နိဗ္ဗာန်အမြင်ရတဲ့ အခြား သောရဟန်းများ ရှိပါသေးလားဟုမေးရာ ရှိပါသေးသည်ဟု ညွှန်ကြားသဖြင့် ဒုတိယရဟန္တာထံ နိဗ္ဗာန်အမြင်ကို သွား၍ မေးမြန်းပြန်သည်။ ထိုမထေရ်မြတ်က "ပဉ္စန္နံ ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ"စသည်ဖြင့် ငါ့ရှင်-ခန္ဓာငါးပါးရှိသည်။ ထို ခန္ဓာငါးပါး၏ ဖြစ်မှုပျက်မှု မြင်၊ ဖြစ်မှုပျက်မှု မုန်းပြီး၊ ဖြစ်မှု ပျက်မှုဆုံးလျှင် နိဗ္ဗာန် အမြင် ရတာပါပဲ။ ဒီဟာအမြင်မှန်ပါပဲ ငါ့ရှင်ဟု ဖြေတော်မူရာ ဒုတိယရဟန္တာကြီး ဖြေသည်ကိုလည်း မကျေနပ်ချေ။

ပထမရဟန္တာကြီးက ခြောက်ပါး ရှုရမည်။ ခြောက်ပါးကို ရှုရမည်ဟုပြောသည်။ နောက်ဒုတိယရဟန္တာက ငါးပါးရှုရမည် ပြောသည်။ ငါးပါးတောင်ရှုရမှာတဲ့-ဟုသူထင်ပြီး မကျေနပ်ချေ။

http://www.dhammadownload.com



အမှန်မှာ ခြောက်ပါးရှုသည်ဖြစ်စေ၊ ငါးပါးရှုသည်ဖြစ်စေအရေးကြီးသည်မှာ ဖြစ်မှု၊ ပျက်မှု၊ မြင်မှုသာဖြစ်သည်။ ဤဖြစ်မှုပျက်မှုကို ရှုရမည်ဆိုတာ ပုထုဇဉ်တို့ သဘာဝအတိုင်း ဂဏန်း(အရေအတွက်)နှင့် လိုက်နေ၍ များသည်ထင်ပြီး မကျေနပ် ခြင်းဖြစ်သည်။

"သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ"ဟုဆိုရာ ဖြစ်ပြီးပျက်တာသည် အမြင်မှန်ပါပဲ။ အရေအတွက်နှင့်သော်လည်းကောင်း၊ ယောကျ်ား မိန်းမ သော်လည်းကောင်း၊ ပုဂ္ဂိုလ်၊ သတ္တဝါ သော်လည်း ကောင်း မြင်နေသေးရင် အမြင်မှန် မဟုတ်သေးပါ။

ဤသို့မကျေနပ်၍ နောက် တတိယရဟန္တာကြီးအား မေး လျှောက်ပြန်သည်။ ထိုအခါ ရဟန္တာကြီးက ငါ့ရှင်-"စတုန္နံ မဟာဘူတာနံ သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ"စသည်ဖြင့် မဟာဘုတ် လေးပါးကို ဖြစ်မှုပျက်မှုအဆုံးမှာ နိဗ္ဗာန်အမြင်ရတာပါပဲ။ ဒါ ရဟန္တာ အမြင်ပါပဲ-ဟု ဖြေဆိုရာ ဤသို့ဖြေဆိုသော်လည်း လေးပါးတောင်ရှုရမှာပဲ-ဟု ဂဏန်းလိုက်နေသောကြောင့် မကျေ နပ်သေးချေ။ ဖြစ်ပျက်အဓိကဟူ၍ သူမရိပ်မိသေးချေ။ အရေ အတွက်ကိုသာ သူအရေးထားနေသေးသည်။

သို့သော် ပထမ ရဟန်း၊ ဒုတိယရဟန်းနှင့် စာလျှင် ဖြင့်တော်ပါသေးရဲ့-ဟုအောက်မေ့ပြီးလျှင် ပုထုဇဉ်ရဟန်းသည် သချာကိုအဓိကထားသူဖြစ်ရာ မိမိစိတ်၌မကျေနပ်ဘဲ နောက် တစ်ပါးထံသွားဦးမှပဲ ဟု အကြံဖြစ်၍နောက်တစ်ပါးကိုထပ်၍ မေးမြန်းရာ ထိုရဟန်း ကြီးက ငါ့ရှင်- "ယံကိဉ္စိသမုဒယ

http://www.dhammadownload.com



ခမ္မံ။ သဗ္ဗံ တံ နိရောဓမ္မန္တိ”ဟုဆိုသဖြင့် ဖြစ်တတ်တဲ့တရား မှန်သရွေ့ပျက်တတ်တဲ့ သဘောရှိတယ်။ ဒီနှစ်ပါးပဲကွ ငါ့ရှင်။ ဒါကိုမြင်အောင် ကြည့်ကွ။ ဒါမြင်ရင် အမြင်မှန်ရတာပဲဟု ဖြေကြားရာ ပုထုဇဉ် ရဟန်းသည် စတုတ္ထရဟန်း၏အဖြေကို လည်း သူ သဘောမကျသေး။ ဘယ်သူဖြေတာမှသူမကျေနပ်ချေ။ တစ်ပါးက.အာယတန ခြောက်ပါးဖြစ်ပျက်ရှုရမှာလို့ဖြေသည်။ တစ်ပါးက ခန္ဓာငါးပါး ဖြစ်ပျက်ရှုရမှာလို့ဖြေသည်။ တစ်ပါးက မဟာဘုတ်လေးပါး ဖြစ်ပျက် ရှုရမှာလို့ဖြေသည်။ တစ်ပါးက သင်္ခါရတရား အားလုံးရှုရမှာဆို၍ တစ်ပါးနှင့်တစ်ပါး သူတစ်မျိုး ငါတစ်ဖုံ ဖြစ်နေသည်ဆိုပြီး ယင်း၏စိတ်၌ မကျေနပ်ချေ။

ထိုပုဂ္ဂိုလ်သည် သင်္ချာ၌သာ အဓိကထားနေသည်။ အရေအတွက်ပေါ်မှာကြည့်၍ သူသည် ဝေဖန်နေသည်။ အမှန်မှာ “သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ” ဖြစ်ပြီး ပျက်တဲ့တရား တွေကိုကြည့်ရမှာ ဆိုတာကို သူသည် သဘောမပေါက်ချေ။ အဓိကမထားမိချေ။

ထို့ကြောင့် သူ သဘောပေါက်ခြင်းသည် “သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ”ကို သဘောပေါက်ခြင်း မဟုတ်ဘဲ သင်္ချာဂဏန်း ပေါ်၌သာ သဘောပေါက်ခြင်းဖြစ်သည်။

နောက်ဆုံး ရဟန္တာကြီးပြောသောအဖြေမှာလည်း “သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ”ဖြစ်ပြီး ပျက်တတ်တဲ့တရား (ဝါ) ဖြစ်-ပျက်ရှုရမှာချည်းပင်ဖြစ်သည်။ လိုရင်းမှာ အတူတူပင်ဖြစ် သည်။ သူသည် သင်္ချာအနည်းအများအပေါ် သွားကြည့်၍

http://www.dhammadownload.com



မတူဘူးဟု ယူဆနေခြင်း မကျေနပ်ခြင်းဖြစ်သည်။ ပင်ကိုဖြစ်မှု ပျက်မှုကို မလိုက်ဘဲ။ သဘောမပေါက်ဘဲ ခြောက်ပါးရယ်၊ ငါးပါးရယ်၊ လေးပါးရယ် နှစ်ပါးရယ် စသည်ကိုသာ သူက သင်္ချာကို လိုရင်းထားနေသည်။ လိုရင်းတော့ ဖြစ်မှု-ပျက်မှု ဟူ၍ သူက သဘောပေါက်မထားမိချေ။ ပုထုဇဉ် သဘာဝ အတိုင်း လျှာရှည်ခြင်းဖြစ်သည်။

သို့ဖြင့်မကျေနပ်ဖြစ်ပြီး ဘုရားထံသွား၍ သူသည်ရဟန္တာ ကြီးလေးပါးနှင့်တွေ့ခဲ့ပြီး နိဗ္ဗာန်အမြင်ကို ဘယ်သို့မြင်သနည်းမေး ခဲ့ရာ ရဟန္တာကြီးလေးပါးက ဖြေကြားကြပုံ အလုံးစုံကို ဘုရားအား ပြန်ကြား လျှောက်ထားလေသည်။

မြတ်စွာဘုရားသခင်ကလည်း ရဟန်း-လူတစ်ယောက်ရှိ တယ်ကွာ-တဲ့။ ထိုလူတစ်ယေက်ဟာ ပေါက်ပင် မမြင်ဘူး တော့ ပေါက်ပင် မြင်ဖူးသူများထံ လိုက်ပြီးမေးတယ်-တဲ့။ ပထမ လူက မီးလောင်ထားတဲ့အခါ တွေ့တော့ ပေါက်ပင် ဟာကွာ မည်းမည်းကြီးလို့ပြောတယ်။ နောက်တစ်ယောက် ကိုမေးပြန်တယ်။ ထိုလူကပေါက်ပင်ပွင့်နေတဲ့အခါ တွေ့ဖူး တော့ ပေါက်ပင်ဟာကွာ သားတစ်များလိုပဲ နီနီရဲရဲကြီးလို့ ပြောလိုက်တယ်။ တတိယလူကို တစ်ဖန် မေးကြည့်ပြန်သည်။ တတိယလူက အသီးသီးတဲ့အခါ မြင်ဖူးတော့ ပေါက်ပင်ဟာကွာ သန်လျက်အိမ်များလိုပဲ ချွန်ချွန်ပါပဲဟုအဖြေပေးလိုက်တယ်။ ဒါနဲ့မကျေနပ်တာနဲ့စတုတ္ထလူကိုမေးပြန်ရာစတုတ္ထလူကပေါက်ပင်ကို မိုးဦးကျ အခက်တွေ ဝေဝေဆာဆာဖြစ်တဲ့အချိန်မှာမြင်ဖူးလေ

http://www.dhammadownload.com



တော့ပေါက်ပင်တွေဟာ ပညောင်ပင်များလိုပဲ အရွက်တွေ ဝေဝေဆာဆာ အရိပ်လည်း အတော်ကောင်းတယ်ကွာလို့ ဖြေကြားလိုက်သည်။

ဤကဲ့သို့ပဲ ရဟန်းကြီးလေးပါးတို့သည် သူတို့အမြင်မှန် ရပြီး အမြင်စင်ကြယ်ပြီး ပုဂ္ဂိုလ်တို့သာဖြစ်သည်။ သူတို့အမြင် တွေဟာနောက်ဆုံးမှာ "သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ" ဖြစ်မှု-ပျက် မှုမှာ လမ်းဆုံးတာချည်းပင်ဖြစ်၍ အားလုံး၊ သူတို့ အမြင်နှင့် သူတို့ကိစ္စပြီးတာပဲကွာ-ဟု ဘုရားသခင်က ဖြေတော်မူသည်။

ထို့ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရချင်တဲ့ ပုဂ္ဂိုလ်မည်သူက ဟောဟော၊ မိမိတို့အဓိကထားပြီးကြည့်ရမှာသည် လိုရင်းသည် အာယတန ခြောက်ပါးလည်း မဟုတ်။ ခန္ဓာငါးပါးလည်းမဟုတ်၊ မဟာဘုတ်လေးပါးလည်းမဟုတ်။ ယင်းတို့၏ပင်ကို အဆုံး ကိုကြည့်ရမည် ဖြစ်သည်။ ပင်ကို အမှန်ရှိသည်ကိုသာ ကြည့်ရမည်ဖြစ်သည်။ ပင်ကို တကယ်ရှိ အဟုတ်ရှိတာသည်ကား ဖြစ်မှုပျက်မှုပဲရှိသည်၊ ကြည့်ရသည်မှာယင်းဖြစ်မှုပျက်မှုကိုပင် ဖြစ်သည်။ ယင်းအထိလိုက်မှ အနိစ္စကိုမြင်သည်။ အနိစ္စမြင်မှ ဒုက္ခကိုမြင်သည်။ ဒုက္ခမြင်မှ ဒုက္ခသစ္စာကိုမြင်ပြီး နိဗ္ဗိန္ဒဉာဏ်ရ၍ ငြီးငွေ့မှုဖြစ်ပေါ်မည်။ သစ္စာနုလောမိကဉာဏ်သို့ တက်နိုင်မည်။

မိမိတို့ အရေးကြီးသည်မှာဖြစ်မှု၊ ပျက်မှုကိုပေးပြီး ကိုင် ထားရမည် ဖြစ်သည်။ ဆရာတွေက မည်သို့ပင် ဟောဟော မိမိတို့ဉာဏ်မှာ တစ်ခါတည်း ဆုံးဖြတ်ချက် ထားကြရန်မှာ

http://www.dhammadownload.com



ဖြစ်မှု ပျက်မှု မတွေ့သေးသရွေ့ အလုပ်မှန် မရောက်သေး။ ဖြစ်မှု၊ ပျက်မှုတွေ့မှသာ အမှန်ရောက်ပြီဟုပင် ဖြစ်သည်။ ဆရာတွေကိုလည်း မစွပ်စွဲပါနှင့်။ မိမိတို့က ဖြစ်ပျက် တစ်ခုတည်း ပေကိုင်မထားလို့ တရားက များတယ် ထင်နေခြင်းဖြစ်သည်။ (ဖြစ်ပျက်ပါတဲ့ တရားဆိုခဲ့လျှင် တရားမှန်ပဲဟု ဆုံးဖြတ်ချက်ချပါ။ ဖြစ်ပျက်မပါလျှင် တရားစောင်း တရားရွဲ့ လိုရင်းတရား မဟုတ်ဟုသာ ဆုံးဖြတ်ချက်ချပါ) ဟု ဆရာတော်ဘုရားကြီးက မကြာခဏ သတိပေးတော်မူသည်ကို အထူးသတိပြုပါ။

အလုပ်စခန်းမှစ၍ တက်ရသည်မှာ ဥဒယဗ္ဗယမှစ၍ တက်ရမှာဖြစ်၏-သို့သော်လည်း စာနှင့် ပေနှင့် ပုဂ္ဂိုလ်၊ ပိဋကတ်သုံးပုံချောက်ချားနိုင်တဲ့ပုဂ္ဂိုလ်သာတရားပြလျှင် ဖြစ်မှု ပျက်မှုမပါရှိမရှိ ပါမည်ပင် ဖြစ်မည်ချည်းပင်။ တတ်ယောင်ကား ဆရာဆိုလျှင်မှတ်စုကြည့်ပြီးတော့ ဟောမည်ဖြစ်သည်။ယင်းမှတ်စုမှာ လမ်းမဆုံးကြရန် သတိပြုပါ။ ဘုရားသခင်သည် ----

> သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
> အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဟုဟောတော်မူရာ ဆိုလိုရင်းမှာ အားလုံးသောပြုပြင်အပ်သည့်တရားတို့သည် ဖြစ်ပေါ်ပြီးပျက်စီးချုပ်ဆုံးကုန်၏။ ထိုသို့ဖြစ်ပေါ်ပြီး ချုပ်ဆုံးသောတရားကို ဝိပဿနာဖြင့် မဂ်ပညာဖြင့် မြင်သော သူသည် ခန္ဓာငါးပါး ဒုက္ခသစ္စာအပေါ်၌ ငြီးငွေ့သော

http://www.dhammadownload.com



သူသည် မဂ်ဖိုလ်၊ နိဗ္ဗာန်ကို ရောက်သည်ဟူ၍ပင် ဖြစ်၏။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ=ပြုပြင်အပ်သည့် တရားဟူသမျှသည် စင်စစ်ဖြစ်ပျက်နေတဲ့ အနိစ္စတရားပင်တည်း။ နောက်တစ်ဖန် ဘုရားသခင်က လေးနက်အောင်ထပ်ပြီးတော့ ဟောတော်မူပြန်သည်။ ဖြစ်ပြီးပျက်တတ်သည့် သဘောတရားပင်တည်း၊ နောက်တစ်ကြိမ် ထိုဖြစ်ပြီးချုပ်ပျက်တဲ့ တရားပင်ဖြစ်၏။ ထိုဖြစ်ပျက်နှစ်ပါးတို့၏ ငြိမ်းအေးခြင်းသည်ပင် ချမ်းသာခြင်းတည်း။ (ဝါ) နိဗ္ဗာန်တည်းဟု ဒီသုတ်ဒီဂါထာထဲမှာပင် သုံးကြိမ်သုံးခါထပ်ကာတလဲလဲ ဟောတော်မူသည်။

သတိပဋ္ဌာန်ပါဠိတော်၌လည်း ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဟူ၍လေးပါးရှိရာ အပိုင်းတိုင်း၊ အပိုင်းတိုင်းမှာ သမုဒယဓမ္မာဖြစ်ကြောင်း တရားကိုလည်း အဖန်တလဲလဲ ရှုသဖြင့် ဝယဓမ္မာပျက်ခြင်း သဘောတရားကိုလည်း အဖန်ဖန်ရှုလျက်ဟု နောက်သမုဒယဝယဓမ္မာနုပဿီဝါ ဖြစ်ကြောင်းသဘော၊ ပျက်ကြောင်းသဘောကို အဖန်ဖန်ရှုလျက်ဟု အဖန်ဖန်အထပ်ထပ် ဟောတော်မူသည်။

ထို့ကြောင့် ဝိပဿနာအလုပ်မှာ ဖြစ်ပျက်သည်

http://www.dhammadownload.com



အရေးကြီး ဆုံးဖြစ်သည်။[၁] ဝိပဿနာအလုပ်စခန်းတွင် ဖြစ်ပျက်မပါသော နည်းဆိုပါက လိုသေးသည်ဟူ၍သာ ဆုံးဖြတ်ချက်ချရန် ဖြစ်သည်။

---

၁။ ဖြစ်ပျက်မမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ခြင်းသည် မမြတ်၊ ဖြစ်ပျက်တစ်နေ့မြင်ခြင်းသည် မြတ်၏။ (ဓမ္မပဒ)

http://www.dhammadownload.com

# သာဝကကြီးနှစ်ပါး အမေးအဖြေ ပြုလုပ်ခြင်း

မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝကကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအား တစ်နေ့သ၌ မဟာသာဝကကြီး တစ်ပါးဖြစ်တော်မူသော ရှင်မဟာကောဋ္ဌိက က ငါ့ရှင်သာရိပုတ္တရာ၊ သီလဖြူစင်ပြီး နှလုံးသွင်းမှန်သော သောတာပန်တည်လိုသော ပုထုဇဉ် ပုဂ္ဂိုလ်သည် အဘယ်တရားကို အားထုတ်ပါက သောတာပန် တည်နိုင်ပါသလဲဟုမေးတော်မူသည်။ ငါ့ရှင် ကောဋ္ဌိက၊ သောတာပန် တည်လိုသော ပုထုဇဉ်ပုဂ္ဂိုလ်သည် သီလဖြူစင်ပြီးလျှင် နှလုံးသွင်းမှန်ပြီးလျှင် ဖြစ်-ပျက်က စပြီး လုပ်လျှင် သောတာပန် တည်တာပဲဟု ဖြေကြားတော်မူသည်။

ရှင်မဟာကောဋ္ဌိက က တစ်ဖန် ကောင်းပြီ ငါ့ရှင် သာရိပုတ္တရာ သောတာပန်တည်ပြီးသော ပုဂ္ဂိုလ်သည် သကဒါဂါမ်တည်လိုသော် အဘယ်တရားကို ထပ်မံ အားထုတ်ရမည်နည်းဟု တစ်ဖန် မေးပြန်သည်။ ရှင်သာရိပုတ္တရာက တစ်ဖန် နှလုံးသွင်းမှန်ပြီး ဖြစ်ပျက်ကစပြီး လုပ်ရမှာပဲငါ့ရှင်-ဟု တစ်ဖန် ဖြေကြားတော်မူသည်။

နောက်တစ်ဖန် ရှင်မဟာကောဋ္ဌိက, က ငါ့ရှင်-သကဒါဂါမ်တည်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ကရော ဘယ်လိုအားထုတ်မှ အနာဂါမ်တည်မှာပါလဲ-ဟုမေးပြန်သည်။ ငါ့ရှင်-နှလုံးသွင်း

http://www.dhammadownload.com



မှန်ပြီးလျှင် ဥဒယဝယကနေပြီး စပြီး လုပ်ရမှာပဲ ငါ့ရှင်၊ ဤကဲ့သို့လုပ်သွားလျှင် အနာဂါမ်တည်မှာပဲ ငါ့ရှင်။ ထိုအခါ ရှင်မဟာကောဋ္ဌိက က ထပ်ပြီးမေးပြန်သည်။ မေးသည်မှာ သူကိုယ်တိုင်က ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ် ဖြစ်ငြားသော်လည်း နောင်လာနောင်သားများ အကျိုးငှာ မေးနေခြင်းဖြစ်သည်။

ငါ့ရှင်-အနာဂါမ်တည်ပြီးသော ပုဂ္ဂိုလ်ကရော ရဟန္တာ ဖြစ်အောင် အဘယ်သို့သောတရားများကို အားထုတ်ရမှာလဲ။ ငါ့ရှင်-ကောဋ္ဌိက အနာဂါမ်တည်ပြီးသော ပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်လိုပါက နှလုံးသွင်းမှန်၍ ဥဒယဝယကပဲ အလုပ်လုပ်ရမှာ ပဲ ဟုအမိန့်ရှိပါသည်။

ထို့ကြောင့် သီလစင်ကြယ်သည်ဆိုသည်မှာ မကျိုးမပေါက် မပြောက် မကျားသော သီလရှိလျှင် ရုပ်ကို ရုပ်ပဲ၊ ဝေဒနာကို ဝေဒနာပဲဟုသိပြီး ဒိဋ္ဌိ ဝိစိကိစ္ဆာကို ဉာတပရိညာနှင့်ပြုတ်ပြီး သည်ကို ဆိုလိုပါသည်။ ဤကဲ့သို့ပြုတ်ပြီးမှ ဥဒယဝယဆိုသော ဖြစ်မှုပျက်မှုကို အားထုတ်ရမည် ဆိုလိုသည်။

ထို့ကြောင့် မည်သို့မျှ ဇဝေဇဝါမဖြစ်ဘဲ ရှေ့ကဖြစ်ပျက်၊ နောက်က မင်္ဂလိုက်နေရမည်။ ခန္ဓာအရှိကို ဉာဏ်အသိနှင့် လိုက်နေရမည်ဖြစ်သည်။ ဖြစ်ပျက် မင်္ဂ၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက် မင်္ဂ၊ ဤသို့ အရှိနှင့် အသိ ကိုက်နေရမည်။ ခန္ဓာရှိလျှင် ဖြစ်ပျက်ရှိသည်ပင်။ ဖြစ်ပျက်မလိုက်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိဆို သော ပပဉ္စတရားသုံးမျိုး ဝင်လာမည် အမှန်ဖြစ်သည်။ ထို ဖြစ်ပျက်တရားက ဟေ့-လာခဲ့။ ပဿ-ရှုပါဟု ခေါ်နေသည်။

http://www.dhammadownload.com



မိမိတို့က မသိ၍သာ မလိုက်တတ်၊ မသွားတတ်၍သာ ဖြစ်သည်။ ဖောက်ပြန်ပျက်စီးနေတဲ့ ဝိပရိဏာမ သဘောက အမြဲပြနေသည်။ ဗေဟိပဿိကောနှင့်ခေါ်နေသည်။ ပျက်နေသည်။ ပျက်နေသည်။ လာကြည့်ပါ။ လာကြည့်ပါဟု ခေါ်နေသည်။ ထို့ကြောင့် တရားကခေါ်ရာကို မိမိတို့က လိုက်ရမည်။ လိုက်တတ်ရမည်။ သန္ဒိဋ္ဌိကောနှင့် လိုက်ရမည်။ လိုက်တတ်ရမည်။ သန္ဒိဋ္ဌိကောဆိုသည် သာမံ ပဿိတဗ္ဗော မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် မြင်အောင်လိုက်ရမည်။ ခန္ဓာငါးပါး တစ်ပါးပါးကခေါ်နေသည်။ ရုပ်ကလေးတွေကလည်း ခေါ်သည်။ ဝေဒနာကလေးတွေကလည်း ခေါ်နေသည်။ စိတ်ကလေးတွေကလည်း ခေါ်နေပါသည်။ ပေါ်နေသည်၊ စိတ်က ခေါ်သည်ဆိုသည်မှာ မိမိသန္တာန်၌ ပေါ်နေခြင်းကို ဆိုပါသည်။ ပေါ်သည် ဆိုသည်မှာ တစ်စိတ်ပြီးတစ်စိတ် အမြဲတမ်းပေါ်နေသည်။

ပေါ်နေတဲ့တရား (ဝါ)ခေါ်နေတဲ့ တရားကလေးတွေကို ကိုယ်တိုင် လိုက်ကြည့်တော့ ရှိတာတွေသလား မရှိတာတွေ့သလားဆိုလျှင် မရှိဘဲ ချုပ်သွားသည်ကိုပဲတွေ့သည်။ ၎င်းတို့က ခေါ်လည်းခေါ်သည်။ ပျောက်လည်းပျောက်သွားသည်။ လုံးဝမရှိတာမဟုတ်။ ရှိတာကပျောက်သွားခြင်း၊ ချုပ်သွားခြင်းဖြစ်သည် "အဘာဝတ္တေန အနိစ္စံ"ဟုဆိုသည်။ ရှိရာက ပျောက်ပျက်ချုပ်ဆုံးသွားခြင်းဖြစ်သည်။

ဝေဒနာရှုတဲ့သူကိုလည်း ဝေဒနာက ခေါ်လိမ့်မည်။ စိတ်

http://www.dhammadownload.com



ရှုတဲ့သူကို ထိုစိတ်က ခေါ်လိမ့်မည်။ ခေါ်သောစိတ်ကို အသွား တတ်ဖို့ အရေးကြီးသည်၊ တဏှာနှင့် မသွားနှင့် ဒေါသနှင့် မသွားနှင့်၊ ဉာဏ်နှင့်သာသွားရမည်ဖြစ်သည်။ မိမိသန္တာန်မှာ ဖြစ်ပျက် မမြင်သေး မတွေ့သေးရင် အကြည့်မမှန်သေး။ အလုပ်မမှန်သေးဟု ဆုံးဖြတ်ချက်ချပါ။

အချို့အချို့က မိမိတို့ တရားရှာနေတာ ကြာလှပါပြီ။ ဟိုလိုက်ဒီလိုက်နှင့် သုံးနှစ်သုံးမိုး ရှိပြီ-စသည်ဖြင့် ပြောတတ်ကြသည်၊ တရားစစ်တရားမှန်မတွေ့သေးဘူး အစရှိသည်ဖြင့် ပြောတတ်ကြသည်။ ၎င်းတို့သည် မလိုက်တတ်ကြ၍ ဖြစ်ပါသည်။ တရားကတော့ ဧဟိပဿိကော=လာပါ၊ ရှုပါဟု အမြဲခေါ်လျက် ရှိသည်။ မိမိတို့ခန္ဓာတစ်ခုလုံး ရှုစရာ တရားချည်းဖြစ်သည်။ ရေထဲကနေပြီး ရေရှာနေသကဲ့သို့ပင်ဖြစ်နေသည်။ ရေထဲရေရှိနေတာမသိလို့ခက်သည်ဟု ဆိုသကဲ့သို့ပင် ခန္ဓာရှိလျှင် ဖြစ်ပျက်ရှိသည်၊ ဖြစ်ပျက်ရှိလျှင် အနိစ္စ,ဒုက္ခရှိသည်။ အနိစ္စ, ဒုက္ခရှိ လျှင် အနတ္တ မြင်နိုင်ပြီ။ အနတ္တမြင်လျှင် ဒုက္ခသစ္စာ မြင်ပြီ။

ဒါကြောင့် ခန္ဓာရှိသည်ကိုခန္ဓာလည်းမမြင်။ခန္ဓာရှိလျှင်ဖြစ်ပျက်ရှိပါလျက် ဒုက္ခကိုလည်း သုခထင်နေသောသူသည် မြင်တတ်တဲ့ ဉာဏ်မျက်လုံးမပါလို့၊ သို့မဟုတ် မြင်တတ်တဲ့ဉာဏ်မျက်လုံးတပ်ပေးသော ဆရာမရှိလို့ဟုသာဆိုရပေလိမ့်မည်။ မိမိတို့ရိုးရာမျက်လုံးနှင့်တော့ မမြင်နိုင်ချေ။ သမ္မာဒိဋ္ဌိမျက်လုံး တပ်ပေးမည့် ဆရာ အရေးကြီးပါသည်။ ထိုဆရာမျိုးကိုရှာရပါလိမ့်မည်။

http://www.dhammadownload.com



ဆရာရှာရမည် ဆိုသည်မှာ တခြားမဟုတ်ပါ။ ဝေးလံစွာ လိုက်ရှာနေဖို့မလို။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတရားများကို လက်လှမ်းမီသောသူများကနာကြပါ။ လက်လှမ်းမမီသော သူများက ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ဝိပဿနာ တရားစာအုပ်များကို အမြဲမပြတ် ဖတ်ရှုလေ့လာ ပွားများ ကျင့်ကြံအားထုတ်ကြပါ ဓမ္မမိတ်ဆွေ အပေါင်းတို့ ။

http://www.dhammadownload.com

# အပိုင်း (၂၁)

## ဝေဒနာနုပဿနာ ရှုပွားပုံ ရှုပွားနည်း

ယခုစာဖတ်နေကြသည်မှာ မည်သူ့မည် ဝါတွေ ဖတ်နေကြတာလဲ။ သူဖတ်နေကြတာလား၊ ငါဖတ်နေကြတာလား၊ မိန်းမတွေဖတ်နေကြတာလား။ ယောကျ်ားတွေ ဖတ်နေကြတာလား-ဝေဒနာသည်တွေ ဖတ်နေကြတာလားမေးရင် မည်သို့ ဖြေကြားမည်နည်း။ မိမိတို့သန္တာန်မှာလည်း ခန္ဓာငါးပါးသာရှိသောကြောင့် ဝေဒနာသည်လည်း ဝေဒနာက္ခန္ဓာဟု ခန္ဓာငါးပါး၌ တစ်ပါး အပါအဝင်ဖြစ်လေသောကြောင့် ဝေဒနာက္ခခန္ဓာတွေ တရားစာဖတ်နေသည်ဟု ဆိုရပေလိမ့်မည်။ ဦးဖြူ ဦးမဲတရားစာဖတ်နေခြင်းမဟုတ်။ ငါကောင်သူကောင် တရားစာဖတ်နေခြင်း မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ တရားစာဖတ်နေခြင်း မဟုတ်ဟု မှန်မှန်ကန်ကန် ဖြေဆိုလိုခဲ့သော် ပရမတ် သဘောတရားအားဖြင့် ဤသို့ပင် ဖြေဆိုရမည် ဖြစ်ပေသည်။

ဝေဒနာပေါ်သည်မှာ ပဋိစ္စသမုပ္ပာဒ်ကြောင့် ပေါ်သည်။ ပါဠိရွတ်ကြည့်ပါ။ ဖဿ ပစ္စယာ ဝေဒနာ၊ ဖဿအကြောင်းခံကြောင့် ဝေဒနာပေါ်သည်။ အကြောင်းကြောင့် ဖြစ်သောအကျိုးတရားပင်ဖြစ်သည်။

ဝေဒနာသည် ဘယ်နေရာ၌ ပေါ်သနည်း။ ဘယ်အခါ၌ ပေါ်သနည်းဆိုသော် ဖဿ ပေါ်တိုင်း၊ ပေါ်တိုင်း ဝေဒနာပေါ်

http://www.dhammadownload.com



သည်။ ဘယ်နေရာပေါ်သလဲဆိုလျှင် မျက်လုံးမှာလည်းပေါ်သည်။ ယင်းကို စက္ခုသမ္ဖဿဇာ ဝေဒနာဟုခေါ်သည်။ နားမှာလည်း ပေါ်သည်။ ယင်းကို သောတသမ္ဖဿဇာ ဝေဒနာ ဟုခေါ်သည်။ နှာခေါင်းမှာလည်းပေါ်သည်။ ယင်းကို ဃာနသမ္ဖဿဇာ ဝေဒနာ ဟုခေါ်သည်။ လျှာမှာလည်းပေါ်သည်။ ယင်းကို ဇိဝှါသမ္ဖဿဇာ ဝေဒနာဟုခေါ်သည်။ ကိုယ်ပေါ်မှာလည်းပေါ်သည်။ ယင်းကိုကာယ သမ္ဖဿဇာဝေဒနာဟုခေါ်သည်။ စိတ်မှာလည်းပေါ်သည်။ ယင်းကို မနောသမ္ဖဿဇာ ဝေဒနာဟု ခေါ်သည်။

ယခု ဘယ်သူနှင့်အတူနေသလဲဆိုလျှင် ဝေဒနာနှင့်အတူ နေသည်ဟု ဆိုရပေလိမ့်မည်။ ဝေဒနာသည် ကောင်းကင်နှင့် တူ၏။ ဘယ်အရပ်မှာမဆို လက်ညှိုးထိုးထိုး ကောင်းကင်ဆီပဲ ထိုးနေသည်။ ကောင်းကင်နှင့်ကင်းပြီး နေသည်ဟူ၍မရှိ၊ ဝေဒနာသည် တစ်မျိုးမရှိ တစ်မျိုးရှိနေသည်။ သတိ ပညာဖြင့် မိမိတို့ကိုယ်ကို မိမိတို့ အကဲခတ်ကြည့်ကြပါ။

မြတ်စွာဘုရားသခင်သည်လည်း ခန္ဓဝဂ္ဂသံယုတ်နကုလ ပိတာသုတ်၌ ခန္ဓာရှိလျှင် ဝေဒနာနှင့် ကင်းသူဟု မိမိကိုယ်ကို ဝန်ခံလျှင် မိုက်တာမှတစ်ပါး ဘာမှ အဓိပ္ပာယ်မရှိဟု ဟော တော်မူ၏။[၁] ဝေဒနာသည် ဘယ်အခါ ဘယ်ဌာနမဆိုရှိသည်။ ရှိမှန်းမသိ၍ ဖြစ်သည်။ ဝေဒနာရှိမှန်း မသိ၍ ဝေဒနာရှာပြီး

---

၁။ ကော ဟိ ဂဟပတိ ဣမံ ကာယံ ပရိဟရန္တော မုဟုတ္တမ္ပိ အာရောဂျံ ပဋိဇာနေယျ အညတြ ဗာလျာ (ခန္ဓ ဝဂ္ဂသံယုတ်အဋ္ဌကထာ နကုလပိတာသုတ်)။

http://www.dhammadownload.com



လိုက်နေကြသည်။ တစ်ခုနှင့်တစ်ခု ထိခိုက်မိမှုပေါ်သည်ဟု ထင်ကြသည်။ နာမှ၊ ကျင်မှ၊ ဝေဒနာပေါ်သည်ထင်ကြသည်။ ဝေဒနာကို တမင်ရှာပြီးရှုနေရမှာလား။ ဉာဏ်နှင့်ထည့်တိုင်း ရှုရမှာလားဆိုခဲ့သော် ဉာဏ်နှင့်ထည့်တိုင်း ဝေဒနာရှိသည်ဟု သိရမည်။ ဝေဒနာရှာတဲ့ အလုပ်သည် မိမိဉာဏ်တိမ်၍သာဖြစ်သည်ဟု ကျေးဇူးရှင် ဆရာတော်ကြီး ဆုံးမမိန့်ကြားတော်မူခဲ့သည်။

တစ်ခါတစ်လေ သုခ ဝေဒနာပေါ်သည်။ တစ်ခါတလေ ဒုက္ခဝေဒနာပေါ်သည်။ တစ်ခါတလေ ဥပေက္ခာဝေဒနာ ပေါ်သည်။ (ဝေဒနာသုံးမျိုးရှုလျှင် မဂ်ရနိုင်၏။ ပထမအဆင့် နာမပရိစ္ဆေဒဉာဏ်နှင့်သိ၍ နောက် မဂ်ပညာနှင့် အသိဆိုလိုသည်)။

ရိုးရိုးသိတာတစ်မျိုးဆိုလျှင် လူတိုင်းသိကြသည်။ ဝေဒနာရှုလျှင် ဝေဒနာတွေ့နေသေးလျှင် လိုရင်းသို့ မရောက်သေး။ အဘယ့်ကြောင့်ဆိုသော် ဝေဒနာတွေ့နေသေးလျှင် နိစ္စပဲတွေ့နေသေးသည်။[၁] ဝေဒနာမရှိမှု တွေ့မှသာလျှင် လမ်းမှန်ရောက်သည်။ ဥပမာ-ယားသည်၊ နာသည်ဆိုသည်မှာ ဒုက္ခဝေဒနာဖြစ်သည်။ ထိုဝေဒနာကိုရှုလျှင် ပထမအကြိမ် မရှိတော့။ ပျက်နှင့်နေပြီ။ နောက် ဒုတိယ အယားလတ်သာ ရှိသည်။ ယင်းကိုတစ်ဖန် ရှုဉာဏ်နှင့် ရှုလိုက်ပြန်သော်မရှိဘူး။ ချုပ်ပျက်

---

၁။ ဤနေရာ ပါဠိုထည့်၍သုံးသည်မှာ နာမှ၊ ကျင်မှ၊ တစ်စုံတစ်ခုနှင့် ထိခိုက်မိမှုသာ ဝေဒနာထင်နေသော အစွဲကိုပျောက်စေခြင်းငှာ ရည်ရွယ်၍ ထည့်ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



နှင့်လေပြီ။ နောက်ဆုံး အယားကလေးပေါ်သည်။ တစ်ခါရှုဉာဏ်နှင့်ရှုလိုက်ပြန်သော် အယားကလေးလည်းပျောက်ဆုံးချုပ်ကွယ်သွားသည်ကို တွေ့မြင်ရပါမည်။ ဤသို့ဝေဒနာ အဆင့်ဆင့်ပေါ်လည်းပေါ်သည်။ အဆင့်ဆင့်ပျက်လည်းပျက်သည်။ မိမိတို့ကသာ ယားတာ တပြင်တည်း တစ်ဆက်တည်းပဲ ယားနေတာပဲဟု သန္တတိ အစဉ်အားဖြင့် ဖုံးနေ၍ တစ်ဆက်တည်းပဲ တစ်ပြင်တည်းပဲထင်နေခြင်းဖြစ်သည်။ အမှန်စင်စစ် အယားကြီး အယားလတ်၊ အယားကလေး ဖြစ်သည်။

ဤသို့ပင် နာကျင်တယ်ဆိုလျှင် နာကျင်ကြီး၊ နာကျင်လတ်၊ နာကျင်လေးဟူ၍ အဆင့်ဆင့် ချုပ်သွားသည်။ အဆင့်ဆင့်ပျက်သွားသည်ဟု ဉာဏ်၌ထင်မြင်ပါလေ။ ထင်မြင်သည်ဆိုသည်မှာ လုပ်ပြီးမြင်တဲ့ အမြင်မျိုး မဟုတ်ပါ။ ဝေဒနာကပြတာကိုမြင်အောင် ဉာဏ်နှင့် ကြည့်ပေးရမည် ဖြစ်သည်။ အကဲခတ်ရမည်ဖြစ်သည်။

ဝေဒနာရှုလျှင် ပဋိစ္စသမုပ္ပာဒ်ကို လက်လွှတ်၍ မဖြစ်ချေ။ ပဋိစ္စသမုပ္ပာဒ်လက်လွှတ်ခဲ့သော် တရားမှန်သို့မရောက်နိုင်ချေ။ ဥပမာ-သုခဝေဒနာပေါ်သည်။ သုခဝေဒနာကို အနိစ္စ ဟူ၍လည်းကောင်း၊ ဖြစ်ပျက်ဟူ၍ လည်းကောင်း၊ ဖမ်း၍မရှုလျှင် သူ့နောက်က တဏှာ လာတော့မည်။ တဏှာနောက်က ဥပါဒါန်လာမည်။ ဥပါဒါန်လာလျှင် ကမ္မဘဝလာမည်။ ဥပမာ-ဒုက္ခဝေဒနာ ပေါ်သည်။ မရှုခဲ့သော် ဒုက္ခဝေဒနာ နောက်ဒေါသ၊ သောက ပေါ်လိမ့်မည်။ ဒုက္ခ ဒေါမနဿ ဥပါယာသ

http://www.dhammadownload.com



နောက်ကလိုက်လာပါလိမ့်မည်။ ဥပေက္ခာ ဝေဒနာပေါ်သည်။ မရှုလိုက်လျှင် အဝိဇ္ဇာလာမည်။ ဖြစ်ပျက်ရှုမြင်အောင် ရှုပါ။ ဖြစ်ပျက်ရှုသော် အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်၍ ပဋိစ္စသမုပ္ပါဒ် အစကစ၍ ပြတ်သည်။ ဤသို့ ဝေဒနာသုံးပါးမရှုမိခဲ့သော် တဏှာဥပါဒါန်၊ ကံစသည် လာမည်။ ပဋိစ္စသမုပ္ပါဒ်အလယ်ကပတ်မည်။ အဆုံးက ပတ်မည်။ အစ,ကပတ်မည်။ ဝေဒနာသုံးပါး ပေါ်ရာ ရှုပါ။ ရှုလျှင် အစကပြတ်မည်၊ အလယ်ကပြတ်မည်၊ အဆုံးမှ ပြတ်မည်။

ရှင်းလင်း၍ ပြပါဦးအံ့။ သုခ ဝေဒနာကို မရှုခဲ့သော် သုခနောက် သာယာခဲ့သော် တဏှာလာမည်။ တဏှာလာလျှင် စွဲလမ်းတာလာမည်။ ဥပါဒါန်လာလျှင် မရမနေ ကြိုးစားတော့မည်ဖြစ်သည်။ ကမ္မဘဝလာတော့မည်။ ကမ္မဘဝလာခဲ့သော် ပဋိစ္စသမုပ္ပါဒ်အလယ်ကစ၍ ပတ်တော့၏။ သုခဝေဒနာပေါ်လျှင် ဖြစ်ပျက်ရှုပစ်ပါ၊ ဖြစ်ပျက်ရှုလျှင် နောက်က တဏှာသေပါလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရားက သုခဝေဒနာ နောက်က တဏှာလာလျှင် နိဗ္ဗာန်ရောက်လိမ့်မည်ဟု ငါဘုရား ဘယ်တော့မှ မဟောဟု မိန့်တော်မူ၏။ ထို့ကြောင့် သုခဝေဒနာကို ဖြစ်ပျက် ရှုမိအောင် ရှုပါ။ ဖြစ်ပျက်ရှုလိုက်သော် နောက်က တဏှာမလာသောကြောင့် ပဋိစ္စသမုပ္ပါဒ် အလယ်ကပြတ်မည်။

ဒုက္ခဝေဒနာရှုခဲ့သော် ဒုက္ခဝေဒနာနောက်က ဒေါသ၊ မောဟ၊ ပရိဒေဝ၊ ဥပါယာသ စသည်ဖြင့် လိုက်လာမည်။

http://www.dhammadownload.com



လိုက်လာလျှင် အဆုံးကစ၍ပြန်ပတ်၏။ ထို့ကြောင့် ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုဖြစ်အောင်ရှုပါ။ ရှုလျှင် ပဋိစ္စသမုပ္ပါဒ် အဆုံးမှပြတ်မည်။

မြတ်စွာဘုရားသခင်ကလည်း ဒုက္ခဝေဒနာ နောက်က ဒေါသ လိုက်ခဲ့သော် နိဗ္ဗာန်ရောက်လိမ့်မည်ဟု ဘယ်တော့မှ ငါဘုရား မဟောဟု မိန့်တော်မူ၏။

ဥပေက္ခာဝေဒနာကို မရှုခဲ့သော် (မောဟ) အဝိဇ္ဇာနောက် ကလိုက်သည်။ ပဋိစ္စသမုပ္ပါဒ် အစကနေ၍ စမည်။ (အပိုင်း၆-၌လည်းပြခဲ့သည်)။ ဥပေက္ခာဝေဒနာပေါ်လျှင်လည်း ဖြစ်ပျက်ရှုပစ်ပါ။ ရှုလျှင် အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော ဆိုသောကြောင့် အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်သဖြင့် ပဋိစ္စသမုပ္ပါဒ် အစက ပြတ်သည်။

ဝေဒနာသုံးမျိုးပေါ်လျှင် ပေါ်တိုင်း၊ ပေါ်တိုင်း ရှုမှသာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပြတ်မည်။ သို့မဟုတ် မရှုမိခဲ့သော် အလယ် ကလည်းစ၍ပတ်မည်။ အဆုံးကလည်းပြန်ပတ်မည်။ အစက လည်းပြန်စမည်။ သုခ၊ ဒုက္ခ၊ ဥပေက္ခာ သုံးမျိုးစလုံး အလှည့်နှင့် ပေါ်နေကြသည်။ ပေါ်တိုင်း, ပေါ်တိုင်းမသိလျှင် အဝိဇ္ဇာ လာမည်။ အဝိဇ္ဇာလာလျှင် သင်္ခါရလာမည်။ သင်္ခါရလာလျှင် ဝိညာဏ်လာမည်။ ဝိညာဏ် ဆိုသည်မှာ ပဋိသန္ဓေ ဝိညာဏ် ခေါ်သည်။ ပဋိသန္ဓေဝိညာဏ် ဆိုသည်မှာ အပါယ်ပဋိသန္ဓေ သာ အဖြစ်များသည်။

ဒုက္ခဝေဒနာ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ် ဆိုရာ

http://www.dhammadownload.com



၌ အနိစ္စမရှိဘူးဆိုလျှင် ဒုက္ခနောက်က ဒေါမနဿ လိုက်သည်။ ဒေါမနဿလိုက်လျှင် ဥပါယာသလာမည်၊ နောက် ပဋိစ္စသမုပ္ပါဒ် တစ်ပတ် ပတ်သွားမည်။

သုခဝေဒနာ ပေါ်သော် နောက်က တဏှာလာသည်။ ထို့ကြောင့် သုခဝေဒနာကို ဖြစ်ပျက်မရှုခဲ့သော် ပဋိစ္စသမုပ္ပါဒ် အလယ်ကစဖောက်သည်။ ဒုက္ခဝေဒနာ မရှုခဲ့သော် ပဋိစ္စသမုပ္ပါဒ် အဆုံးကပြန်ပတ်သည်။ ဥပေက္ခာဝေဒနာမရှုခဲ့သော် ပဋိစ္စသမုပ္ပါဒ် အစက စသည်။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုသော် အလယ်မှ ပြတ်မည်။ ဒုက္ခဝေဒနာကိုရှုသော် အဆုံးမှ ပြတ်မည်။

---☸---

၁။ "စတ္တာရော အပါယာ သကဂေဟာသဒိသာ" အပါယ်လေးပါးသည် မိမိတို့အမြဲနေရာအိမ်ဟု မြတ်စွာဘုရားသခင် ဟောတော်မူသည်။ လက်သည်းဖျားပေါ်၌ရှိသော မြေမှုန့်နှင့် မဟာပထဝီ မြေကြီးကို နှိုင်းယှဉ်၍ သုဂတိသွားတဲ့လူက လက်သည်းဖျားပေါ်၌ ရှိသော မြေမှုန့်မျှသာဟု ဟောတော်မူသည်။

http://www.dhammadownload.com

# ရှုပုံရှုနည်း

ရှုပုံရှုနည်းကို ပြဆိုပါဦးမည်။ မျက်လုံးပေါ်၌ ဘာပေါ်ပေါ် ဥပေက္ခာဝေဒနာဖြစ်သည်။ နှာပေါက်၌ ဘာပေါ်ပေါ် ဥပေက္ခာဝေဒနာဖြစ်သည်။ နားခေါင်းပေါ်၌ ဘာပေါ်ပေါ် ဥပေက္ခာဝေဒနာဖြစ်သည်။ လျှာပေါ်၌ ဘာပေါ်ပေါ် ဥပေက္ခာဝေဒနာဖြစ်သည်။

ကိုယ်ပေါ်မှာ သုခဝေဒနာဖြစ်သည်။ ဒုက္ခဝေဒနာဖြစ်သည်။ ယင်းတို့ကို အပြင်ဧည့်သည်ခြောက်ယောက်ဟုအမည်ပေးထားပါသည်။

အထက်ပါ ခြောက်မျိုး၌ပေါ်လျှင် ပေါ်တဲ့နေရာမှာဖြစ်ပျက်ရှုရမည်။

ဝမ်းထဲမှာ တစ်ခါတစ်လေ မိမိစိတ်ကူးနှင့် မိမိတွေးပြီး ဝမ်းသာလုံးရှိနေတဲ့အခါလည်းရှိသည်။ ဝမ်းသာလုံး ဖြစ်နေတဲ့အခါ သောမနဿ ဝေဒနာဖြစ်သည်။ တစ်ခါတစ်လေ ကြံတိုင်းစည်တိုင်းအပေါက်အလန်းမတည့်။ သားသမီးများကလည်း ပြောတိုင်းဆိုတိုင်း နားမထောင်။ မိမိဘာသာမိမိ တွေးပြီးတော့ ကိုယ်တစ်ယောက်တည်းဒေါသဖြစ်တဲ့အခါမျိုးလည်းရှိသည်။ အဲဒါ ကို ဒေါမနဿဝေဒနာဟု ခေါ်သည်။

တစ်ခါတစ်ရံ မတတ်နိုင်ပါဘူး ကမ္မသကာပဲဆိုပြီးတော့ ထားတာမျိုးလည်းရှိသေးသည်။ ယင်းကို ဥပေက္ခာဝေဒနာခေါ်သည်။ ဝမ်းထဲမှာ ဝေဒနာသုံးမျိုးရှိသည့်အတွက် အတွင်းဧည့်သည် ၃-ယောက်ဟု ခေါ်သည်။

http://www.dhammadownload.com



အိမ်သည်က သုံးယောက်ရှိသည်။

(၁) တစ်ခါတလေ သက်ပြင်းကြီးချပြီး ရှူနေတဲ့အခါမျိုး မောပြီးရှူနေတဲ့အခါမျိုးရှိသည် ဒေါမနဿနှင့် ရှူနေတာခေါ် သည်။

(၂) တစ်ခါတလေ ပြုံးပြုံးရွှင်ရွှင်နဲ့ ရှူနေတာလည်း သောမနဿဝေဒနာခေါ် သည်။

(၃) တစ်ခါတလေ မှန်မှန်ပဲ ရှူမှန်းမသိ ရှူနေတာလည်း ရှိသည်။ ဥပေက္ခာ ဝေဒနာခေါ် သည်။ ပေါင်းဝေဒ နာ ဆယ့်နှစ်မျိုးရှိသည်။ ယင်းတို့ကို သူ့နေရာနှင့် သူ ရှုရမည် ဖြစ်သည်။ နေရာလွဲ၍ မရချေ။

အထူးသတိပြုရန်မှာ ဝေဒနာကကိုယ်ပေါ် မှာပေါ် သည်။ မိမိစိုက်ထားသည်မှာ ရင်ချိုင့်စိုက်ထားသည်။ ထိုသို့ ရင်ချိုင့် ၌ စိုက်ထားလျှင် ရှုကွက်နှင့် ရှုဉာဏ်နှင့် တခြားစီဖြစ်နေသည်။ မိမိက ငယ်ထိပ်မှာ ဉာဏ်စိုက်ထားသည်။ ငယ်ထပ်မှာစိုက်ပြီး ရှုနေသည်။ ဝေဒနာက ရင်မှာပေါ် နေသည်။ ဤသို့ဆိုလျှင် ပေါ် တဲ့နေရာကတစ်မျိုး၊ ရှုတဲ့နေရာကတစ်မျိုး ဖြစ်၍ ရှုဉာဏ်လိုက်ပုံမှားသည်ဟုဆိုရမည် ဖြစ်သည်။ ပေါ် လျှင် ပေါ် တဲ့ နေရာကိုသာ ရှုရမည်ဖြစ်သည်။

ဝေဒနာက မိမိတို့နှင့် နားလည်မှု ရထားသည်ဟူ၍ မဆိုနိုင်။ စာချုပ်ထားသည်လည်းမဟုတ်။ သူပေါ် ချင်တဲ့ နေရာမှာ ပေါ် မည်ဖြစ်သည်။ အကြောင်း တိုက်ဆိုင်ရာမှာ ပေါ် သည်။

http://www.dhammadownload.com



ပေါ်တဲ့နေရာမှာ လိုက်ပြီးရှုရမည် ဖြစ်သည်။ မျက်လုံးပေါ်မှာ ပေါ်လျှင် မျက်လုံးပေါ်မှာ ရှုရမည်။ နားပေါက်မှာ ပေါ်လျှင် နားပေါက်မှာရှုရမည်။ လျှာပေါ်မှာပေါ်လျှင် လျှာပေါ်မှာ ရှုရပေမည်။

ရှုသောအခါဝေဒနာကိုတွေ့နေသေးလျှင်လိုရင်းမရောက်သေး၊ ဝေဒနာ၏ ဖြစ်ပျက်မှုတွေ့မှ အမှန်လိုရင်းရောက်သည်။ ဝေဒနာဟုဆိုသော်လည်း "ဝေဒနာ ဘိက္ခဝေ အနိစ္စတော ဉာနတော ပဿတော" ဟုဆိုသဖြင့် အနိစ္စဟု ရှုကွက်ဆို သဖြင့် အနိစ္စလို့ ဝေဒနာကပြတာကို မြင်အောင် ကြည့်ပါ။ အနိစ္စဟု မမြင်သေးလျှင် လမ်းမှန်မရောက်သေးဘူးဟု ဆုံးဖြတ်ချက်ချကြပါ။

ဝေဒနာကတော့ သူ့ဟာဟူ ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်၊ အမြဲပြနေသည်။ မိမိတို့က မကြည့်တတ်၍သာ မမြင်ခြင်းဖြစ်သည်။ ဝေဒနာကတော့ တစ်-နှစ်ဆိုလျှင် မရှိဘူး ပျက်သွားပြီ။

သတိပဋ္ဌာန် ဒေသနာတော်၌လည်း ဝေဒနာ နုပဿနာခန်း၌ "သမုဒယဓမ္မာနုပဿီဝါဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ" ဟုဟောတော်မူရာ ဝေဒနာ၏ အဖြစ်ကိုလည်းရှုပါ။ အပျက်ကိုလည်းရှုပါ၊ အဖြစ်နှင့်အပျက်-နှစ်ပါးကိုလည်း ရှုပါဟု ဟောတော်မူသည်။

http://www.dhammadownload.com



ဆိုလိုသည်မှာ ဝေဒနာသည် တမင်တကာ လိုက်ရှာပြီး ရှုနေရမည့် တရားမဟုတ်။ နာကျင်ကိုက်ခဲမှ ဝေဒနာမဟုတ်၊ အမြဲတမ်း မိမိသန္တာန်မှာပေါ်နေသည်။ မည်သည့်အခါမှ ဝေဒနာ ကင်းသည်ဟူ၍မရှိ။ ပေါ်နေတာကို မိမိတို့က မသိ၍ မမြင်၍ လိုက်ရှာနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဝေဒနာ၏ အပျက်ကိုမြင်အောင်ရှုပါ။ အပျက် နှင့် မင်နှင့်ကိုက်လျှင် ပျက်တာ အနိစ္စ၊ နောက်သိတာက မဂ္ဂဖြစ်ပြီး၊ ယင်းဖြစ်ပျက်နှင့် မင်ကြားမှာ ကိလေသာကြားမခိုလျှင် မျက်မှောက်ဘဝ၌ပင် သောတာပန် ဖြစ်နိုင်ပါသည်။ နံနက်အားထုတ် ညနေ၊ ညနေ အားထုတ်လျှင် နံနက်ရနိုင်သည်ဟူ၍ မြတ်စွာဘုရားသခင်သည် ဟောတော်မူပါသည်။

ထို့ကြောင့် ဝေဒနာပေါ်တိုင်း-ပေါ်တိုင်း အပျက်ကို မြင်မှ အနိစ္စာနုပဿနာ ဖြစ်သည်။ ဝေဒနာပေါ်တာကို ပေါ်တိုင်း ပေါ်တိုင်း သိနေလျှင် နာမရူပပရိစ္ဆေဒဉာဏ်သာလျှင် ဖြစ်သေးသည်။ အထက်ဉာဏ်ဟု မခေါ်နိုင်သေး၊ ထို့ကြောင့် ဝေဒနာကပြတဲ့ အပျက်ကိုမြင်အောင် လိုက်ရမည်။ ဝေဒနာ၏ ဖြစ်ပေါ်မှုကို ချုပ်ပျက်မှုကိုမြင်မှ အထက်ဉာဏ်ရောက်ပါမည်။

---☸---

http://www.dhammadownload.com

# အကြားအမြင် မရှိသော အသုတဝါပုထုဇ္ဇနော ပုထုဇဉ် ဝေဒနာ ပေါ်ပုံနှင့် ဘုရား ရဟန္တာ ဝေဒနာ ပေါ်ပုံ ထူးခြားမှု

ဝေဒနာသည် အမြဲတမ်းပေါ်နေသည်။ တစ်ကိုယ်လုံး၌ ပေါ်နေသည်။ မပေါ်သည့်နေရာမှာ အရေခြောက်နှင့် ဆံပင် ခြေသည်း၊ လက်သည်းမှတစ်ပါး နေရာတိုင်းမှာ ပေါ်သည်။ ပေါ်တဲ့နေရာမှာ ရှုရန်ဖြစ်သည်။

ဝေဒနာနှင့် စိတ်သည် သဟဇာတဖြစ်သည်။ ဝေဒနာဆို သော်လည်း စိတ်နှင့်အတူတူပင်ဖြစ်သည်။ ဖြစ်ဖော် ဖြစ်ဖက် ပင်တည်း။

အကြားအမြင်မရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည် ခြေထောက် ၌ ခလုတ်ထိမိ၍ နာကျင်သည်။ နာကျင်သော ဒုက္ခဝေဒနာ ကို ကိုယ်ပေါ်မှာလည်း ခံရသည်။ နာသည့်အတွက် မခံချင် သည့် ဒေါမနဿဝေဒနာ ဝမ်းထဲ၌ပေါ်လာသည်။ နောက်အနာ ပျောက်ရင် ကောင်းမှာပဲ ဆိုပြီးတော့ ပျောက်ချင်တဲ့ တဏှာ ပေါ်လာပြန်သည်။ ဒေါမနဿပေါ်မှန်းလည်း သူမသိလိုက်၊ တဏှာပေါ်မှန်းကိုလည်းသူမသိလိုက်၍အဝိဇ္ဇာ(မောဟ)ဖြစ်ပြန်သည်။

ထို့ကြောင့် အကြားအမြင်မရှိသော ပုထုဇဉ် ဝေဒနာပေါ် ခဲ့သော် ဝေဒနာခံရသော် မူလဝေဒနာနှင့် ဒေါမနဿ တဏှာ အဝိဇ္ဇာဟူ၍ လုံချက်လေးချက်အထိုးခံရသည်။ ပုထုဇဉ်တိုင်း ဤအတိုင်း လေးချက်၊ လေးချက် အထိုးခံရသည်။

http://www.dhammadownload.com



ဒုက္ခ တစ်ချက်၊ ဒေါမနဿ တစ်ချက်၊ တဏှာတစ်ချက်၊ အဝိဇ္ဇာ တစ်ချက် ဖြစ်သည်။

အရိယာသည်လည်းကောင်း၊ အရိယာ၏တပည့်သည်လည်းကောင်း(ဝါ)ဝိပဿနာယောဂီသည်လည်းကောင်း၊ ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုလိုက်ခဲ့သော် ဝေဒနာအနိစ္စ ဖြစ်၍ ဝေဒနာပစ္စယာ တဏှာမဖြစ်ချေ။ ဝေဒနာပစ္စယာ ဒေါမနဿလည်း မဖြစ်ချေ။ တဏှာလည်း မဖြစ်ချေ။ အဝိဇ္ဇာလည်းမဖြစ်ချေ။ ဝေဒနာအနိစ္စပဲ ဖြစ်သည်။ ဝေဒနာသညာသာ ဖြစ်သည်။

ဝေဒနာတစ်တန်းတည်း တစ်ပြင်တည်း ဖြစ်နေသည် ဆိုခြင်းမှာ(ဝါ)မြင်နေခြင်းမှာ မရှုတတ်၍ဖြစ်သည်။ ရှုတတ်လျှင် လောဘ၊ ဒေါသ၊ အဝိဇ္ဇာ အကုန်ပြတ်သည်။

မိမိတို့ တရားအားထုတ်စဉ် ဒုက္ခ ဝေဒနာ ပေါ်မည်၊ သို့သော် သူတစ်ချက်လာလျှင် ကိုယ်က တစ်ချက် ပြန်ထိုးရမည်။ တစ်ချက်ပြန်ထိုးဆိုတာ ဖြစ်-ပျက်ကို ရှုပစ်ပါဟု ဆိုလိုသည်။ ဖြစ်-ပျက် ရှုခဲ့သော် ဒေါမနဿ မလာ၊ ဒေါမနဿ မလာခဲ့သော် သောက၊ ပရိဒေဝ၊ ဒုက္ခပြုတ်မည်။ လောဘ ပြုတ်သည်။ ပဋိစ္စသမုပ္ပါဒ် အလယ်ကာစပြီးတော့ ပြတ်သည်။ အဝိဇ္ဇာလည်း မပေါ်နိုင်ချေ။ ဖြစ်-ပျက်အလုပ် (ဝါ)ချုပ်ရာ ချုပ်ကြောင်း အလုပ်ကို သိသောကြောင့် ဒေါမနဿ တဏှာ ချုပ် အဝိဇ္ဇာချုပ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်အစမှစ၍ချုပ်သည်။ အလယ်မှစ၍ ချုပ်သည်။ အဆုံးမှစ၍ချုပ်သည်။ ပဋိစ္စသမုပ္ပါဒ် အစ၊ အလယ်၊ အဆုံး အကုန်ပြတ်သည်။

http://www.dhammadownload.com



ဖြစ်ပျက်မရှုမိခဲ့သော်ဒုက္ခလာလျှင်ဒေါမနဿလာသည်။ ပျောက်ချင်တဲ့ တဏှာလာသည်။ ဤတဏှာ ချုပ်အောင်မလုပ်တတ်။ ချုပ်နည်းကို မသိသောကြောင့် အဝိဇ္ဇာ (မောဟ) လာသည်၊ ဤသည်ကား ပုထုဇဉ်တို့ ဝေဒနာခံစားပုံဖြစ်သည်။

ထို့ကြောင့် အလုပ်ဝင်လိုက်သည့်အချိန် သူက တစ်ချက်ထိုးလျှင် ကိုယ်က တစ်ချက်ပြန်၍ ထိုးဖြစ်အောင်ထိုးရမည်။ ထိုးနိုင်ရမည်၊ ဒုက္ခဝေဒနာ တစ်ချက်လာလျှင် ကိုယ်ကဉာဏ်နှင့် တစ်ချက်ပြန်၍ ထိုးနိုင်ရမည်။

ဒါကြောင့် အလုပ်ခွင်မှာ အလုပ်-လုပ်တဲ့ အချိန်မှာ ကိုယ်ပေါ်မှာ ယားတဲ့အခါ ယားသည်ကို ဖြစ်ပျက်ရှုရမည်။ မရှုဘဲမနေပါနှင့်၊ မရှုလျှင် မနောပေါက်က လောဘ၊ ဒေါသ မောဟလိုက်သည်။ ကိုယ်ပေါ်မှာ နာတယ်၊ ဖြစ်ပျက် ရှုဖြစ်အောင်ရှုကြပါ၊ မရှုလျှင် လောဘ၊ ဒေါသ၊ မောဟ မလာပါနှင့် ဆို၍မရပါ။ လာမှာ အမှန် ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်ကိုကြည့်ပါ၊ ဝေဒနာပစ္စယာ တဏှာလာသည်၊ ဝေဒနာနှင့် တဏှာကြားမှာ မဂ်ဝင်ရမည်။ မဂ်ဝင်ရသည် ဆိုသည်မှာ ဝေဒနာနှင့် တဏှာ မဆက်ရအောင် ဝေဒနာကို ဘာဝေဒနာပေါ် ပေါ် ဖြစ်ပျက် မဂ်ဟူ၍ ရှုရမည်။ ထိုမှဝေဒနာက တဏှာသို့မကူးနိုင်ချေ။ ၂-အကွက်က ၃-အကွက်သို့မကူးနိုင်ချေ။ပဋိစ္စသမုပ္ပါဒ်မဆက်နိုင်ချေ။ ပဋိစ္စသမုပ္ပါဒ် မဆက်နိုင်ဘဲ သံသရာ စခန်းသတ်နိုင်သည်၊ ပဋိစ္စသမုပ္ပါဒ် အလယ်က နေ၍ ဖြတ်ခြင်း ဖြစ်သည်။

သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာဖြစ်သည်မှာ

http://www.dhammadownload.com



ဝေဒနာနှင့် တဏှာကြားမှာ ဖြစ်သည်။ ဝေဒနာနှင့် တဏှာကို အဆက်ဖြတ်သောကြောင့် ဖြစ်သည်။

ဤသို့ဆိုသည်ကို စကားဆန်းသည်ဟု မမှတ်ကြပါနှင့်။ မအောက်မေ့ကြပါနှင့်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဤအတိုင်း ပြသဆုံးမတော်မူ၏။ ဟုတ်-မဟုတ် စဉ်းစားကြည့်ကြပါ။ ဝေဒနာနောက်က တဏှာလာသော် ဥပါဒါန်ဆက်-မဆက်၊ ဝေဒနာနောက်က ဒေါမနဿ လာသော်လည်းကောင်း၊ ဒေါသလာသော်လည်းကောင်း၊ ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆက်-မဆက် မိမိတို့ ကိုယ်တိုင် မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဟပ်ပြီးကြည့်ကြပါကုန်။

ဆရာတော်ဘုရားကြီးက-ဘုရားသည်ဝေဒနာနှင့်တဏှာ ကြားမှာ ဘုရားဖြစ်သည်။ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားဖြစ်သည်ဆိုတာက သဏ္ဌာန်တော် ဘုရား၊ ပညတ်ဘုရားသာ ဖြစ်သည်။ ဘုရားစင်စစ် ဉာဏ်တော် ဘုရားမှာ ဝေဒနာနှင့် တဏှာကြားမှာ ဖြစ်သည်ဟု ဟောတော်မူ၏။

အကြောင်းတရားကို သတ်လျှင် အကျိုးတရားပေါ်စရာ မရှိ။ မလာနိုင်ချေ။ တဏှာ အလိုလို သေသည်။ "တဏှာ နိရောဓာ ဝေါ မဂ္ဂေါ" ဆိုသောကြောင့် တဏှာသေလျှင် မဂ်ရသည်။ ဝေဒနာကိုသတ်လျှင် တဏှာ အလိုလို သေသည်။

ထို့ကြောင့် ဝေဒနာသည် အလွန်အရေးပါသော တရား ဖြစ်ရကား ဝေဒနာ နုပဿနာကို မြတ်စွာဘုရားသခင်သည် တသီးတခြား သတိပဋ္ဌာန်၌ ဟောတော်မူခြင်း ဖြစ်သည်။

http://www.dhammadownload.com

# အရိယာ ပုဂ္ဂိုလ်တို့ ဝေဒနာ ခံစားပုံ

ပုထုဇဉ်သည်လည်း ဝေဒနာ ခံစားသည်။ ဘုရား ရဟန္တာ များသည်လည်း ဝေဒနာခံစားသည်။ ခံစားပုံခြင်း မည်သို့ ထူးခြားသနည်းဆိုသော် - ပုထုဇဉ်သည် ဝေဒနာခံစားသော် အပြင်မှာ ဒုက္ခဝေဒနာပေါ်သည်။ ဝမ်းထဲ၌ မခံသာဘူးဆိုသော ဒေါမနဿဝေဒနာကပေါ်သည်။ ကိုယ်ပေါ်၌တစ်ချက် ဝမ်းထဲ၌ တစ်ချက် လှံ့ချက်အထိုးခံရသည်၊ ယင်းဝေဒနာပျောက်လျှင် ကောင်းမှာပဲ ဆိုသော ပျောက်လိုသော တဏှာ နောက်ကလာ ပြန်သည်။ နောက်တစ်ချက်အထိုးခံရပြန်သည်။ ဒီတဏှာ ပေါ်သည်ကိုမသိလိုက်။ ချုပ်တဲ့မဂ္ဂင်နည်းကိုလည်း မသိလိုက် သောကြောင့် မောဟ (အဝိဇ္ဇာ) ကလည်း ဝင်ပြန်သေးသည်။ လှံ့ချက်သုံးချက်အထိုးခံရသည်။ (မူလဒုက္ခဝေဒနာနှင့် ဆိုလျှင် လေးချက်)။

ပြဆိုခဲ့သည့်အတိုင်း ဒုက္ခဝေဒနာပေါ်သော် ပုထုဇဉ်မှာ ဝမ်းထဲ၌ ဒေါမနဿပေါ်သည်။ ပျောက်လိုတဲ့တဏှာပေါ်သည်။ တဏှာပေါ်သည်ကိုမသိတဲ့ မောဟ (အဝိဇ္ဇာ)ပေါ်သည်။ ဒုက္ခ ဝေဒနာပေါ်တိုင်း, ပေါ်တိုင်း လှံ့ချက် လေးချက် လေးချက် အထိုးခံရသည်။

အရိယာ ရဟန္တာများသည်လည်း ဝေဒနာပေါ်သည်ပင် ဖြစ်သည်၊ သို့သော်--ကာယိကဒုက္ခသာပေါ်သည်။ စေတသိက ဒုက္ခတော့ မပေါ်တော့ချေ။ မဂ်နှင့် ပယ်ဖြတ်ပြီး ဖြစ်သည်။

http://www.dhammadownload.com



ဒေါမနဿ ဝေဒနာ စသည် မပေါ်တော့ချေ။ ဒုက္ခဝေဒနာပေါ်၍လုံ့နှင့်တစ်ချက်အထိုးခံရသည်ကို တစ်ချက် ပြန်၍ထိုးသည်။ (ဆိုလိုသည်မှာ ဒုက္ခဝေဒနာကို ဖြစ်ပျက် နှလုံးသွင်းသည်)။

ဝေဒနာကိုဖြစ်ပျက်နှလုံးသွင်းသဖြင့် ကိုယ်သာနာ၍စိတ်မနာချေ။ ထို့ကြောင့် မိမိတို့သည် ဒုက္ခဝေဒနာပေါ်လျှင် ဖြစ်ပျက်သာရှုချပါ။ ဝေဒနာကိုခွာပြီး ဖြစ်ပျက်သာ ရှုပါ။ ဝေဒနာနှင့်ငါ, မရောစေနှင့်။ နောက်တစ်ဆင့်တက်၍ ဝေဒနာခွာ၍ အနိစ္စမြင်အောင်ရှု။

ဝေဒနာသုံးမျိုး တစ်မျိုးစီ လှည့်၍ပေါ်နေသည်။ သုခဝေဒနာပေါ်မည်။ ဒုက္ခဝေဒနာပေါ်မည်။ ဉပေက္ခာဝေဒနာပေါ်မည်။ ယင်းသုံးမျိုး တစ်မျိုးမဟုတ် တစ်မျိုးလှည့် ပေါ်နေမည်။ မည်သည့်အခါမှ ဝေဒနာနှင့်ကင်းသည်ဟူ၍မရှိ။ ယင်းသုံးမျိုးကို လှည့်ရှုပါ။

တစ်နည်းဆိုသော်-သုခ၊ဒုက္ခ၊သောမနဿ၊ ဒေါမနဿ၊ ဉပေက္ခာ ၅မျိုး ပေါ်ရာလှည့်၍ရှု။ (ဝါ) အနိစ္စဟုလည်းကောင်း၊ ဖြစ်ပျက်ဟုလည်းကောင်း ရှုရမည်။ ဝေဒနာပဲဟု မှတ်ရုံနှင့် ဝိပဿနာအရင်း မကျသေးချေ။ အမှန် မရောက်သေး။ ဝေဒနာ၏ အပျက် (ဝါ) အနိစ္စမြင်မှ (ဝါ) ဝေဒနာပေါ်ပြီး ချုပ်ပျောက်သွား တာ မြင်မှ လမ်းမှန် ရောက်မည်။

ဤသို့ရှုသော်--ဒေါမနဿ လာရန် အကြောင်းမရှိ။ လောဘလာရန် အကြောင်းမရှိ၊ အဝိဇ္ဇာပေါ်ရန် အကြောင်းမရှိ၊ ပဋိစ္စသမုပ္ပါဒ်အစမှာလည်း ပြတ်၏။ အလယ်မှာလည်း ပြတ်၏။ အဆုံးမှာလည်း ပြတ်၏။ သံသရာစခန်းသတ်တော့သည်။

http://www.dhammadownload.com



"ဝေဒနာနံ ခယော ဘိက္ခဝေ အနိစ္စတော ပရိနိဗ္ဗုတော" ဟု ဘုရားရှင် ဟောတော်မူရာ ဝေဒနာ၏ အပျက်ကိုမြင်၊ ဝေဒနာ၏ အပျက်ကိုမုန်းပြီး ဝေဒနာကုန်ပြီး ဝေဒနာဆုံးလျှင် နိဗ္ဗာန်တွေ့မြင်ရမည်ဟု ဟောတော်မူသည့်အတိုင်း ဝေဒနာအဆုံးသို့ရောက်အောင် ကြိုးစား၍ ပွားများ အားထုတ်ကြရာသတည်း။

---☸---

http://www.dhammadownload.com

# ဝိပဿနာဘာဝနာ အားထုတ်သော ယောဂီသည် တရားအားထုတ်သောအခါ၌ ကိုယ်လှုပ်ခြင်း ဖြစ် - မဖြစ်

## ရှင်းလင်းဖော်ပြချက်

ရှင်မဟာကပ္ပိန မထေရ်သည် - မြတ်စွာဘုရားသခင်၏ မနီးမဝေး၌ တင်ပျဉ်ခွေပြီး ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ သတိကို ရှေးရှုဖြစ်စေလျက် နေ၏။ မြတ်စွာဘုရားသခင်သည် ထိုရှင်မဟာကပ္ပိနမထေရ်ကိုမြင်ရာ "ရဟန်းတို့-ထိုရဟန်း၏ ကိုယ်သော်လည်းကောင်း၊ စိတ်သော်လည်းကောင်း တုန်လှုပ်ခြင်းကို သင်တို့မြင်ကြကုန်သလော"ဟုမေးတော်မူရာ ရဟန်းတို့က "ထိုရဟန်း၏ကိုယ်သော်လည်းကောင်း၊ စိတ်သော်လည်းကောင်း တုန်လှုပ်ခြင်းကိုမမြင်ကြောင်း" ပြန်၍လျှောက်ထားကြကုန်၏။

ရဟန်းတို့-အကြင်တည်ကြည်မှု သမာဓိကိုပွားများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းတို့ကြောင့် ကိုယ်၏တုန်လှုပ်ခြင်း စိတ်၏တုန်လှုပ်ခြင်းသည် မဖြစ်၊ ရဟန်းတို့-အာနာပါနသတိနှင့် ယှဉ်သော သမာဓိကိုပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်သော်လည်းကောင်း၊ စိတ်သော်လည်းကောင်း တုန်လှုပ်ခြင်းမဖြစ်။

ငဲ့ပြင် ပဋ္ဌိသမ္ဘိဒါမဂ်သည် မြန်မာပြည် (ဆဋ္ဌမူ) အာနာပါ

http://www.dhammadownload.com



နသုတ္တိကထာ စာမျက်နှာ ၂၁၀-၌လည်း အာနာပါနဿတိ သမာဓိကို ပြည့်စုံစွာ မပွားရသော ပုဂ္ဂိုလ်တို့၏ ကိုယ်သော်လည်းကောင်း၊ စိတ်သော်လည်းကောင်း တုန်လှုပ်၏။ စဉ်းငယ် တုန်လှုပ်၏။

အာနာပါနဿတိ သမာဓိကို ကောင်းမွန်စွာပွားများပြီးသောပုဂ္ဂိုလ်၏ ကိုယ်သော်လည်း မတုန်လှုပ်။ စိတ်သော်လည်း မတုန်လှုပ်။ ကိုယ်သော်လည်း စဉ်းငယ်မျှမတုန်လှုပ်၊ စိတ်သော်လည်း စဉ်းငယ်မျှမတုန်လှုပ်။

အထက်ပါတို့သည်သမထနည်းအားဖြင့်သမထသဘောဖြင့်သာ ဖြစ်တတ်သောသဘောကို ဟောတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ် သီလ၊ သမာဓိ၊ ပညာဟူ၍ဖြစ်တတ်သောသဘောကို ဟောတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ် သီလ၊ သမာဓိ၊ ပညာဟူ၍ သိက္ခာသုံးရပ်ရှိရာ သီလထက်သမာဓိကမြင့်သည်၊ အထက်တန်းကျသည်။ သမာဓိထက် ပညာက အထက်တန်းကျသည်၊[၁] ထိုသို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်မားသည်မှာ မည်သူမျှ ငြင်းနိုင်ဖွယ်မရှိချေ။

ထို့ကြောင့် သမထ ဘာဝနာ အလုပ်၌ပင်လျှင် ကောင်းမွန်စွာ ပွားများပြီး ဖြစ်သော ပုဂ္ဂိုလ်၏ ကိုယ်သော်လည်းကောင်း စိတ်သော်လည်းကောင်း တုန်လှုပ်ခြင်း မရှိခဲ့ပါလျှင် သမထထက် အထက်တန်းကျ၍ ဉာဏ်ဦးစီးသော (ဝါ) ဉာဏ်အလုပ်

---

၁။ ပညာဆိုသည်မှာ ဝိပဿနာဘာဝနာပညာကို ခေါ်သည်။

http://www.dhammadownload.com



ဖြစ်သော ဝိပဿနာဘာဝနာ အလုပ်မှာမူ ကိုယ်တုန်လှုပ်ခြင်း၊ စိတ်တုန်လှုပ်ခြင်း အဘယ်မှာဖြစ်နိုင်ပါအံ့သနည်း၊ မဖြစ်နိုင်သည်သာတည်း။ ခန္ဓာငါးပါး တစ်ပါးပါးကိုစောင့်ပြီး ရှိ-မရှိ အကဲခတ်ရသောအလုပ်တွင် အဘယ်မှာလျှင် ကိုယ်တုန်လှုပ်ခြင်း၊ စိတ်တုန်လှုပ်ခြင်း ဖြစ်နိုင်စရာအကြောင်းပေါ်နိုင်ပါအံ့နည်း။

တောင့်ပြီးသွားသည်၊ သတိလစ်သွားသည်၊ လဲသွားသည်၊ စသည်ဖြင့်ရှိကြသေးသည်။ လဲသွားခြင်း၊ တောင့်သွားခြင်း၊ သတိလစ်သွားခြင်းစသော ဖြစ်ရပ်များသည် ဝိပဿနာ အရာ (ဝါ) သမ္မာဒိဋ္ဌိတည်းဟူသော ပညာပြဋ္ဌာန်းသော အလုပ်တွင် မဖြစ်နိုင်ဟူ၍သာ မှတ်သားကြရာသည်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်အလုပ်တွင် အဘယ်မှာ ဤသို့ဖြစ်နိုင်ပါအံ့နည်း၊ သမ္မာဒိဋ္ဌိဟူသည် သမ္မာဆိုသည်မှာ မှန်ကန်စွာ သို့မဟုတ် ကောင်းစွာ ဒိဋ္ဌိ-အမြင်ဟု အဓိပ္ပာယ်ရသည်။ မှန်ကန်သောအမြင်၊ ကောင်းသောအမြင်ရနေသူ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် မိမိစိတ်ထဲ မနောထဲ၌ မဂ္ဂင်ဖြစ်နေသည်။ တောင့်သွားခြင်း၊ မေ့သွားခြင်း၊ လဲသွားခြင်း အဘယ်မှာ ဖြစ်ပါအံ့နည်း။ ထို့ကြောင့် ထိုသို့ဖြစ်ခြင်းများသည် မူမမှန်ဘူးဟုသာ ဆိုစရာရှိတော့သည်။ ခန္ဓာ ၅-ပါးကို ခန္ဓာ ၅-ပါးဟူ၍လည်းကောင်း၊ ယင်းခန္ဓာ ၅-ပါး၏ ဖြစ်ပျက်မှုကို (ဝါ) ခန္ဓာအရှိကို ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ မှန်ကန်စွာမြင်မှုပင်တွေ့ရှိရမည်ဖြစ်သည်။

စိတ်ကယောက်ကယက်ဖြစ်သွားသည်။ ငိုင်သွားသည်။ သတိလစ်သွားသည် ဟူ၍ ဘယ်ကျမ်းဂန်မှာမှ ဆရာသမားများ

http://www.dhammadownload.com



နှင့်တကွ စာရေးသူကိုယ်တိုင် မတွေ့ဘူးပါ။

သို့ပါ၍ ဆရာ မမှားကြရန် အထူးသတိ ပြုကြပါကုန်။ မကျန်းမာ၍ ဆရာမှားလျှင် တစ်သက်မျှသာသေမည်။ လောကုတ္တရာဆရာမှားလျှင် တစ်သံသရာလုံး အသေ၊ အအို၊ အနာ၊ အကွဲ၊ အမွဲနှင့်သာ အဖော်လုပ်ကြရမည် ဖြစ်သည် ယောဂီ အပေါင်း ---တို့။

---☸---

http://www.dhammadownload.com

# အပိုင်း (၂၂)

## သိမှတ်စရာ အဖြာဖြာ

ဤအပိုင်း၌ ယောဂီတို့ အလွယ်တကူ သိရှိနိုင်ကြရန် သိမှတ်စရာ အဖြာဖြာဟူ၍ ဖွင့်ပြထားပါသည်။

၁။ **ခန္ဓာငါးပါး** ။ ခန္ဓာငါးပါးဟူသည် အဘယ်သည်တို့နည်း။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ ခန္ဓာ ၅-ပါးရှိရာ ရုပ် ၂၈-ပါးကို ရူပက္ခန္ဓာ ခေါ်သည်။ ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာ ခေါ်သည်။ သညာ, စေတသိက်ကို သညာက္ခန္ဓာ ခေါ်သည်။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ၅၀-ကို သင်္ခါရက္ခန္ဓာ ခေါ်သည်။ စိတ် တစ်ခုယုတ် ၉၀ (=၈၉) အကျယ် ၁၂၁-ပါး ကို ဝိညာဏက္ခန္ဓာ ခေါ်သည်။ အတိတ်၊ အနာဂတ် ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိကအားဖြင့် ပေါင်းစုထားသော များပြားသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ တို့ကို ငါးပုံငါးစု ပေါင်းစုခြင်းကြောင့် ပဉ္စက္ခန္ဓာ ခေါ်သည်။

၂။ **ဥပါဒါနက္ခန္ဓာ** ။ ဥပါဒါနက္ခန္ဓာဟူသည် အဘယ်တရားကို ခေါ်သနည်း။

http://www.dhammadownload.com



လောကီခန္ဓာ ၅-ပါးကိုဥပါဒါန်တရားတို့၏ အာရုံပြုရာ စွဲလမ်းရာ ဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်သည်။

၃။ ရူပက္ခန္ဓာတွင် ရုပ် ၂၈-ပါးရှိရာ --

(၁) ပထဝီဓာတ်ရုပ် ၁-ပါး။

(၂) အာပေါဓာတ်ရုပ် ၁-ပါး။

(၃) တေဇောဓာတ်ရုပ် ၁-ပါး။

(၄) ဝါယောဓာတ်ရုပ် ၁-ပါး အားဖြင့်

ပေါင်း-ဘူတရုပ် ၄-ပါး

စက္ခုပသာဒရုပ် တစ်ပါး၊ သောတပသာဒရုပ် တစ်ပါး၊ ဃာနပသာဒရုပ် တစ်ပါး။ ဇိဝှာပသာဒရုပ်တစ်ပါး။ ကာယပသာဒရုပ် တစ်ပါး၊ ပေါင်း ပသာဒရုပ် ၅-ပါး။

ရူပါရုံရုပ်တစ်ပါး။ သဒ္ဒါရုံရုပ်တစ်ပါး။ ဂန္ဓာရုံရုပ်တစ်ပါး။ ရသာရုံရုပ်တစ်ပါး။ ပထဝီ၊ တေဇော၊ ဝါယော ဓာတ်သုံးပါးဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံရုပ်တစ်ပါး။ ပေါင်းဂေါစရရုပ် ၅-ပါး (ဝါ) ဝိသယရုပ် ၅-ပါး ဖြစ်သည်။

ဣတ္ထိဘာဝရုပ် တစ်ပါး။ ပုရိသဘာဝရုပ် တစ်ပါးဟူ၍ ဘာဝရုပ် နှစ်ပါး။

မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ် တစ်ပါး။

သဟဇာတတရားတို့ကို စောင့်ရှောက်တတ်သော ဇီဝိတိန္ဒြေဟုခေါ်သော ဇီဝိတရုပ် တစ်ပါး

ဤသို့ ဘူတရုပ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ်

http://www.dhammadownload.com



လေးပါး၊ ဘာဝရုပ်နှစ်ပါး၊ ဝတ္ထုရုပ်တစ်ပါး၊ ဇီဝိတရုပ်တစ်ပါး အာဟာရရုပ်တစ်ပါးအားဖြင့် ၁၈-ပါးသော ရုပ်တို့ကို သဘာဝ ရုပ်ဟူ၍ လည်းကောင်း၊ သလက္ခဏရုပ်ဟူ၍ လည်းကောင်း၊ နိပ္ဖန္နရုပ် ဟူ၍ လည်းကောင်း ခေါ်သည်။

ရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်သော အာကာသဓာတ် ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် တစ်ပါး။

ဝိသယရုပ်ခေါ်သော ဂေါစရရုပ်၌ သရုပ်အခေါ် အဝေါ်၌၅-ပါး၊သို့မဟုတ်၇-ပါးဟုခေါ်ရသော် လည်း တရားကိုယ် ရေတွက်ရာ၌ ၄-ပါးသာယူရ ၏။ပထဝီတေဇောဝါယောဟုဆိုအပ်သောဖော ဋ္ဌဗ္ဗာရုံ၏ တရားကိုယ်မှာ ဘူတရုပ်၌ ပါဝင် ခဲ့ပြီ။

ကာယဝိညတ္တိရုပ်တစ်ပါး၊ ဝစီဝိညတ္တိရုပ်တစ်ပါး အားဖြင့် ပေါင်း ဝိညတ်ရုပ် နှစ်ပါး။

ရူပဿလဟုတာရုပ်တစ်ပါး၊ ရူပဿမုဒုတာရုပ်တစ်ပါး၊ ရူပဿကမ္မညတာရုပ်တစ်ပါးအားဖြင့် ပေါင်း ဝိကာရရုပ် သုံးပါး၊ အထက်ကဝိညတ်ခွေးနှင့်ပေါင်းသော် ဝိကာရ ရုပ် ၅-ပါး။

ရူပဿဥပစယရုပ် တစ်ပါး၊ ရူပဿသန္တတိရုပ်တစ်ပါး ရူပဿဇရတာရုပ် တစ်ပါး၊ ရူပဿအနိစ္စတာရုပ်တစ်ပါးအားဖြင့် ပေါင်း လက္ခဏာရုပ် လေးပါး။

ဤကဲ့သို့ ပရိစ္ဆေဒရုပ်တစ်ပါး၊ ဝိညတ်ရုပ်နှစ်ပါး၊ ဝိကာရ ရုပ်သုံးပါး၊ လက္ခဏာရုပ် လေးပါးအားဖြင့် ၁၀-ပါး သော ရုပ်တို့ကို အနိပ္ဖန္နရုပ် ဟုခေါ်အပ်သည်။

http://www.dhammadownload.com



၄။ အာယတန ၁၂-ပါး ရုပ် ၂၈-ပါးတွင် စက္ခုပသာဒရုပ်သည် စက္ခာယတန၊ သောတ ပသာဒ ရုပ်သည် သောတာယတန၊ ဃာနပသာဒရုပ်သည် ဃာနာယတန၊ ဇိဝှာပသာဒရုပ်သည် ဇိဝှာယတန၊ ကာယပသာဒရုပ်သည် ကာယာယတန၊ ရူပါရုံသည် ရူပါယတန၊ သဒ္ဒါရုံသည် သဒ္ဒါယတန၊ ဂန္ဓာရုံသည် ဂန္ဓာယတန၊ ရသာရုံသည် ရသာယတန၊ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သောဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန၊ စိတ် ၈၉-ပါးသည် မနာယတန မည်၏။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်၊ ဤတရား အပေါင်းဟု ဆိုအပ်သော ဓမ္မာရုံသည် ဓမ္မာယတန မည်၏။ ဤသို့လျှင်ပေါင်း အာယတန ၁၂-ပါးဟု မှတ်သားလေ့လာရာ၏။

၅။ ဓာတ် ၁၈-ပါး ရုပ် ၂၈-ပါးတွင် စက္ခုပသာဒရုပ်သည် စက္ခုဓာတ်၊ သောတပသာဒရုပ်သည် သောတဓာတ်၊ ဃာနပသာဒရုပ်သည် ဃာနဓာတ်။ ဇိဝှာပသာဒရုပ်သည် ဇိဝှာဓာတ်၊ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်၊ ရသာရုံသည် ရသဓာတ်၊ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။ စိတ်ဟူသော ပရမတ္ထ တရားအရ အဟိတ်စိတ် ၁၈ပါးတွင် စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ် မည်၏။ သောတဝိညာဏ်ဒွေးသည် သောတ ဝိညာဏ ဓာတ်မည်၏။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏ ဓာတ်မည်၏။

http://www.dhammadownload.com



ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။ ကာယ ဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း နှင့် သမ္ပဋိစ္ဆိုင်းဒွေးပေါင်း ၃-ပါးသည် မနောဓာတ်မည်၏။ ဒွေးပဉ္စဝိညာဏ် ၁၀။မနောဓာတ် ၃ ပါးမှ ကြွင်းသော ၇၆ ပါး သောစိတ်တို့သည် မနောဝိညာဏဓာတ်မည်၏။ စေတသိက် ၅၂။ သုခုမရုပ် ၁၆၊ နိဗ္ဗာန်တရားဟု ဆိုအပ်သော ဓမ္မာရုံသည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ပေါင်းဓာတ် ၁၈-ပါး ဖြစ်၏။

၆။ **သစ္စာလေးပါး** ။ လောကီစိတ် ၈၁-ခု၊ လောဘ စေတသိက်မှ တပါးသော စေတသိက် ၅၁၊ ရုပ် ၂၈ ပါးတို့ သည် ဒုက္ခသစ္စာမည်၏။ လောဘစေသိက်သည် သမုဒယ သစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ်စိတ် ၄ ပါး၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ သမ္မာဝါယာမ၊ သမ္မာသတိ။ သမ္မာသမာဓိ - အားဖြင့် ပေါင်း မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာ မည် ၏။ ဤသို့လျှင် သစ္စာလေးပါးတရားတို့ကို ဝေဖန်ရာ၏။

၇။ **အာသဝေါတရားလေးပါး** ။ အာသဝသည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟူ၍ ၄-ပါးရှိ၏။

၈။ **ဩဃတရားလေးပါး** ။ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူ၍ လေးပါးရှိ၏။

၉။ **ယောဂတရား လေးပါး** ။ ကာမယောဂ၊ ဘဝ ယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂဟူ၍ လေးပါးရှိ၏။

http://www.dhammadownload.com



**၁၀။ ဂန္ထတရားလေးပါး** ။ အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဟူ၍ လေးပါးရှိ၏။

တဏှာလောဘကို အဘိဇ္ဈာ ကာယဂန္ထ ဟုခေါ်သည်။ အမျက်ဒေါသကို ဗျာပါဒကာယဂန္ထဟုခေါ်သည်။ နွားနှင့်တူအောင်ကျင့်သော နွားအကျင့်၊ ခွေးနှင့်တူအောင်ကျင့်သော ခွေးအကျင့်၊ ကိလေသာ ကုန်ခမ်းစေခြင်းငှာ မီးလှုံ။ ကိလေသာအညစ်အကြေး စင်ကြယ်စေခြင်းငှာ ရေငုပ် စသော အလေ့အကျင့်များကို သီလဗ္ဗတပရာမာသကာယဂန္ထ ခေါ်သည်။ ငါ၏အယူသာလျှင်မှန်၏။ သူတစ်ပါး၏ အယူအကျင့်သည်မှားသည်ဟု ပြင်းထန်စွာ စွဲယူမှတ်ကာ အောက်မေ့ နှလုံးသွင်းသော မိစ္ဆာဒိဋ္ဌိကို ဣဒံသစ္စာဘိနိဝေသကာယဂန္ထဟု ခေါ်သည်။

**၁၁။ ဥပါဒါန်တရားလေးပါး** ။ ကာမုပါဒါန်၊ ဒိဋ္ဌု ပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ လေးပါးရှိ၏။

ကာမဂုဏ်၌ ပြင်းထန်စွာ စွဲလမ်းသောတဏှာလောဘကို ကာမုပါဒါန်ဟုခေါ်သည်။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ဒိဋ္ဌုပါဒါန်ဟုခေါ်သည်။ သီလဗ္ဗတပရာမာသကာယဂန္ထ အကျင့်မျိုး၌ ပြင်းထန်စွာမှတ်ယူသော ဒိဋ္ဌိကို သီလဗ္ဗတု ပါဒါန်ဟု ခေါ်သည်။ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိအယူကို အတ္တဝါဒုပါဒါန် ခေါ်သည်။

http://www.dhammadownload.com



၁၂။ **နီဝရဏတရားခြောက်ပါး** ။ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏ ဟူ၍ ၆-ပါးရှိ၏။

၁၃။ **အနုသယတရားခုနစ်ပါး** ။ ကာမရာဂါ နုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယဟူ၍ ခုနစ်ပါးရှိ၏။

ကာမဂုဏ်၌ တပ်နှစ်သက်သော လောဘစေတ်ကို ကာမရာဂါနုသယခေါ်သည်။ ဘုံဘဝ၌ တပ်နှစ်သက်သော လောဘစိတ်ကို ဘဝရာဂါနုသယခေါ်သည်။ ဒေါသစေတ်ကို ပဋိဃာနုသယခေါ်သည်။ သဘောတရား တရားကိုယ်မှာ လောဘ၊ ဒေါသ အစရှိသည်ဖြင့် ခုနစ်ပါးတို့ပင်တည်း။

၁၄။ **သံယောဇဉ်ဆယ်ပါး** ။ ကာမရာဂ သံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်ဟူ၍ ဆယ်ပါးရှိ၏။

ထိုဆယ်ပါးတို့တွင် ကာမရာဂ၊ ပဋိဃ၊ ဒိဋ္ဌိ၊ သီလဗ္ဗတ၊ ဝိစိကိစ္ဆာ ဤသံယောဇဉ်ငါးပါးကို ကာမဘုံအတွင်း၌သာကျင် လည်စေတတ်ခြင်းကြောင့် အောက်သံယောဇဉ် သို့မဟုတ် ဩရမ္ဘာဂိယ သံယောဇဉ်ခေါ်သည်။ ကြွင်းသော ငါးပါးတို့မှာ အထက်ဘုံ၊ အထက်အဖို့ ဖြဟ္မာပြည်၌ ကျင်လည်စေတတ်သော ကြောင့် ဥဒ္ဓံဘာဂိယသံယောဇဉ် ခေါ်သည်။

၁၅။ **ကိလေသာ ဆယ်ပါး** ။ လောဘ၊ ဒေါသ၊ မောဟ၊

http://www.dhammadownload.com



မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူ၍ဆယ်ပါးရှိ၏။ စိတ်ကို ညစ်နွမ်းစေတတ်သော တရား ဖြစ်၍ ကိလေသာဟုခေါ်သည်။

၁၆။ ဗောဓိပက္ခိယ တရား သုံးဆယ်ခုနစ်ပါး ။ သတိ ပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး အားလုံး ပေါင်းသော် ဗောဓိပက္ခိယတရားတို့သည် ၃၇-ပါး ရှိကုန်၏။

၁၇။ ဣန္ဒြေ နှစ်ဆယ်နှစ်ပါး ။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ဟူ၍ ၂၂ ပါးရှိ၏။

သောတာပတ္တိမဂ်ဉာဏ်ကို အနညာတညဿမိတိန္ဒြေ ဟုခေါ်သည်။ အရဟတ္တဖိုလ်ဉာဏ်ကို အညာတာဝိန္ဒြေ ဟုခေါ် သည်။ အလယ်မဂ်ဉာဏ်ဖိုလ်ဉာဏ် ခြောက်ပါးကို အညိန္ဒြေ ခေါ်သည်။

တရားကိုယ်သရုပ်မှာ ပသာဒရုပ် ၅-ခု၊ ဘာဝရုပ်-၂၊ ဇီဝိတရုပ်၊နာမ်ဇီဝိတန္ဒြေ၊စိတ်၊ဝေဒနာ၊သဒ္ဓါ,ဝီရိယ၊သတိ,သမာဓိ ပညာဟူ၍ ၁၆-ပါးရှိ၏။

ဤ ၁၆-ပါးသော တရားတို့ကို မိမိတို့ဆိုင်ရာ ကိစ္စတို့၌ အစိုးရမှုရှိကြသောကြောင့် ဣန္ဒြေတရားဟု ခေါ်သည်။

http://www.dhammadownload.com



**၁၈။ ဗိုလ်တရားကိုးပါး ။** ဗိုလ်တရားတို့သည် ၉-ပါး ရှိကုန်၏။ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပ ဗိုလ်ဟူ၍ ကိုးပါးရှိသည်။

**၁၉၊ အဓိပတိတရားလေးပါး ။** အဓိပတိတရားတို့သည် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ ဟူ၍ ၄-ပါးရှိကုန်၏။

**၂၀။ အာဟာရတရားလေးပါး ။**

အာဟာရတရားတို့ သည် ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရဟူ၍ ၄-ပါးရှိကုန်၏။

**၂၁။ သတိပဋ္ဌာန်လေးပါး ။** ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ သတိပဋ္ဌာန်လေးပါး ရှိ၏။

**၂၂။ သမ္မပ္ပဓာန်တရား လေးပါး ။** မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေခြင်းငှာ အားထုတ်ခြင်း။ ဖြစ်ပေါ်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ဖျောက်ခြင်းငှာ အားထုတ်ခြင်း။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေခြင်းငှာ အားထုတ်ခြင်း ဖြစ်ပေါ်ပြီးသော ကုသိုလ် တရားတို့ကို ခိုင်ခံ့ပွားများစေခြင်းငှာ အားထုတ်ခြင်းဟူ၍ ၄-ပါးရှိသည်။

ကိစ္စလေးပါးရှိ၍ လေးပါးပြားသည်။ သရုပ်တရားကိုယ် မှာ သမ္မာဝါယာမခေါ် ဝီရိယတစ်ပါးပင်ဖြစ်သည်။

http://www.dhammadownload.com



၂၃။ **ဣန္ဒြိယ်ပါဒ်တရားလေးပါး** ။ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်-ဟူ၍ လေးပါးရှိ၏။

မဟဂ္ဂုတ် လောကုတ္တရာ တရားအထူးတို့၏ ဖြစ်ပေါ်ပြီး စီးခြင်း၏အကြောင်း အခြေပါဒ ဖြစ်သောကြောင့် ဆန္ဒစသော တရားလေးပါးကိုပင် ဣဒ္ဓိပါဒ် ခေါ်သည်။

၂၄။ **ဣန္ဒြေငါးပါး (ဗောဓိပက္ခိယ)** ။ ဗောဓိပက္ခိယဖြစ်သော ဣန္ဒြေတရားတို့သည် ငါးပါး ရှိကုန်၏။ သဒ္ဓိန္ဒြေ ဝီရိယန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဟူ၍ ငါးပါးရှိသည်။

၂၅။ **ဗိုလ်ငါးပါး (ဗောဓိပက္ခိယ)** ။ ဗောဓိပက္ခိယဖြစ်သော ဗိုလ်တရားတို့သည် ငါးပါးရှိကုန်၏။ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဟူ၍ ငါးပါးရှိကုန်၏။

၂၆။ **ဗောဇ္ဈင်တရားခုနစ်ပါး** ။ ဗောဇ္ဈင်တရား ခုနစ်ပါးရှိသည်။ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်-ဟူ၍ ခုနစ်ပါးရှိသည်။

ပညာကို ဓမ္မဝိစယ သမ္ဗောဇ္ဈင် ခေါ်သည်။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိနှစ်ပါးကို တစ်ပေါင်းတည်းပြု၍ ပဿဒ္ဓိသမ္ဗောဇ္ဈင်ခေါ်သည်။ တတြမဇ္ဈတ္တတာကို ဥပေက္ခာသမ္ဗောဇ္ဈင် ခေါ်သည်။

ဤခုနစ်ပါးသော တရားတို့ကို မဂ်ဉာဏ်ဟူသော ဗောဓိ၏ အစိတ်အင်္ဂါဖြစ်ခြင်းကြောင့် ဗောဇ္ဈင်ဟု ခေါ်သည်။

http://www.dhammadownload.com



၂၇။ မဂ္ဂင်ရှစ်ပါး ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-ဟူ၍ မဂ္ဂင်ရှစ်ပါးရှိ၏။

၂၈။ သဒ္ဓါလေးပါး ။ အာဂမသဒ္ဓါ၊ ဘုရားအလောင်းတို့အားဖြစ်စေသောသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ အရိယာတို့၏သဒ္ဓါတရား၊ ဩကပ္ပနသဒ္ဓါ-ပုထုဇဉ်တို့၏သဒ္ဓါကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း၊ ရတနာသုံးပါး၌ စူးစိုက်သက်ဝင်သော သဒ္ဓါ၊ ပသာဒ သဒ္ဓါ၊ ပုထုဇဉ်တို့အားဖြစ်သော သာမညသဒ္ဓါ၊ ခိုင်မြဲခြင်းမရှိ ပျက်လွယ်၏။

၂၉။ ပီတိငါးပါး ။ ခုဒ္ဒကာပီတိ၊ ကြက်သီးမွေးညင်း ထခြင်း၊ ခဏိကာပီတိ၊ လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်ပေါ်ခြင်း၊ ဩက္ကန္တိ ပီတိ၊ လှိုင်းတံပိုးထသကဲ့ သို့ဖြစ်ပေါ်ခြင်း၊ ဥဗ္ဗေဂါပီတိ၊ ကိုယ်မြောက်နေသကဲ့ သို့ဖြစ်ပေါ်ခြင်း၊ ဖရဏာပီတိ၊ တစ်ကိုယ်လုံး ပျံ့နှံ့၍ တက်သကဲ့သို့ဖြစ်ခြင်း။

၃၀။ သမ္မာဒိဋ္ဌိငါးပါး

(၁) သမ္မဿကတာ သမ္မာဒိဋ္ဌိ၊

(၂) ဝိပဿနာ သမ္မာဒိဋ္ဌိ။

(၃) မဂ္ဂ သမ္မာဒိဋ္ဌိ၊

(၄) ဖလ သမ္မာဒိဋ္ဌိ။

(၅) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ၊

၃၁။ သမ္မာသင်္ကပ္ပသုံးပါး

(၁) နေက္ခမ သင်္ကပ္ပ။ ထွက်မြောက်ရာ ထွက်မြောက်

http://www.dhammadownload.com



ကြောင်းအကြံအစည်

(၂) အဗျာပါဒ သင်္ကပ္ပ။ ။ သတ္တဝါမှန်သမျှကြောင့်ကြ ကင်းစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်။

(၃) အဝိဟိံသာ သင်္ကပ္ပ။ ။သတ္တဝါမှန်သမျှ ချမ်းသာစေလိုကြောင်းကောင်းမြတ်သောအကြံအစည်။

၃၂။ **သမ္ဘဇဉတရား လေးပါး။** သာတ္ထကသမ္ပဇဉ်၊ သပ္ပါယသမ္ပဇဉ်၊ ဂေါစရသမ္ပဇဉ်၊ အသမ္မောဟသမ္ပဇဉ်တို့ဖြစ်သည်။

၃၃။ **ဝိပဿနာ အန္တရာယ် ဆယ်ပါး။** အရောင်၊ ပီတိနှစ်ဖြာ၊ သဒ္ဒါဝီရိယ၊ သုခဗုဒ္ဓိ၊ နိကန္တိနှင့်၊ သတိဥပေက္ခာ၊ ဤဆယ်ဖြာ မှတ်ပါ အန္တရာယ်။

၃၄။ **သောတာပန် အင်္ဂါ လေးပါး။** သပ္ပုရိသသံသေဝ၊ သဒ္ဓမ္မဿဝနံ၊ ယောနိသောမနသိကာရ၊ ဓမ္မာနုဓမ္မပဋိပတ္တိ၊ (၁) သူတော်ကောင်းတို့အား ဆည်းကပ်ခြင်း၊ (၂) သူတော်ကောင်းတရားနာကြားခြင်း၊ (၃) အသင့်အတင့်နှလုံးသွင်းခြင်း၊ (၄) ဝိပဿနာတရား အားထုတ်ခြင်း (၀၁) မဂ္ဂပြဟ္မစရိယ အလုပ်လုပ်ခြင်း။

၃၅။ **ဥပဓိလေးပါး**

ကာမုပဓိ၊ ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါ ရုပဓိ ဤလေးပါးဖြစ်သည်။

http://www.dhammadownload.com



၃၆။ **ဆွေးနွေးမေးမြန်းခြင်းခြောက်ပါး**

(၁) မသိနားမလည်၍ သဘောရိုးဖြင့်မေးမြန်းခြင်း။

(၂) မိမိအသိနှင့် တူမတူ သချာလို၍မေးမြန်းခြင်း။

(၃) အရည်အချင်းအဆင့်အတန်းသိလို၍မေးမြန်းခြင်း။

(၄) မိမိအသိဉာဏ်ကို ထင်ရှားပေါ်လွင်စေ၍မေးမြန်းခြင်း။

(၅) သူတစ်ပါးအား ချိုးနှိမ်ဖိနှိပ်လို၍ မေးမြန်းခြင်း။

(၆) သူတစ်ပါးအပေါ်၌ ဆရာလုပ်လို၍မေးမြန်းခြင်း။

၃၇။ **ကလျာဏမိတ္တ အင်္ဂါခုနစ်ပါး**

ပိယော-ဂရု ဘာဝနိယော

ဝတ္တာစ ဝစနက္ခမော။

ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊

နောစ ဋ္ဌာနေ နိယောဇယေ။

၃၈။ **အသိခြောက်မျိုး**

သဒ္ဓါ ယုံကြည်သိ။ အနုဿဝ တစ်ဆင့်ကြားသိ။ ရုစိ နှစ်သက်၍သိ။ အာကာရ ပရိဝိတက္က=ကြံစည်၍သိ။ ဒိဋ္ဌိ နိဇ္ဈာ နက္ခန္တိ=ဒိဋ္ဌိအမှားသိ။ ပစ္စက္ခ=ကိုယ်တိုင်သိ။

၃၉။ **သင်္ခါရလေးမျိုး**

(၁) သင်္ခတသင်္ခါရ အနိစ္စာဝတ သင်္ခါရာ၌ ဟောအပ်သောအကြောင်းအကျိုးတရား။

(၂) အဘိသင်္ခတ သင်္ခါရ၊ ကံကြောင့်ဖြစ်သော တေဘူမက ရုပ်-နာမ်တရား ဟူသမျှ။

http://www.dhammadownload.com



(၃) အဘိသင်္ခါရဏာက သင်္ခါရ။ ဘုံသုံးပါး၌သာဖြစ်သော လောကီကုသိုလ် အကုသိုလ် ၂၉-ပါး။

(၄) ပယောဂါဘိသင်္ခါရ၊ ကိုယ်၌။ စိတ်၌ ဖြစ်သော လုံ့လအားထုတ်မှုများ။

၄၀။ **ပဋိသမ္ဘိဒါလေးပါး**

(၁) အတ္ထပဋိသမ္ဘိဒါ၊ တစ်ခုသောတရား၏အနက်အဓိပ္ပါယ်သဘောအမျိုးမျိုး၊ အကျိုးအမျိုးမျိုးတို့ကို အထူးထူးအထွေထွေ ကိုယ်တိုင်လည်းသိ သူတစ်ပါးကိုလည်း သိလွယ်၊ မြင်လွယ်အောင် ဝေဖန်၍သာ ဟောပြောနိုင် ခြင်း။

(၂) ဓမ္မပဋိသမ္ဘိဒါ၊ တရားအမျိုးမျိုးတို့ကို ကိုယ်တိုင်လည်းသိ၊ သူတစ်ပါးကိုလည်း အဆန်းတကြယ် ဟောနိုင်ခြင်း။

(၃) နိရုတ္တိပဋိသမ္ဘိဒါ၊ မာဂဓဘာသာ ပါဠိမှစ၍ သဒ္ဒါ ပုဒ်၊ ဗျည်း အမျိုးမျိုးတို့၏ ဝိဂ္ဂြိုဟ် ဝစနတ္ထ၊ ဗျုပ္ပတ် ဝစနတ္ထတို့ကိုကိုယ်တိုင်လည်းသိ၊ သူတစ်ပါးအားလည်း နားလည်အောင်ဟောနိုင်ခြင်း။

(၄) ပဋိဘာနပဋိသမ္ဘိဒါ၊ တစ်ခုသောတရား၏ အနက်အဓိပ္ပာယ်သဘောများကို ဥပမာ၊ဥပမေယျ-သက်သေသာဓကေ စုံလင်စွာနှင့် ကိုယ်တိုင်လည်း သိမြင်။ သူတစ်ပါးကိုလည်း ထင်မြင် သိသာလွယ်အောင် အကျိုးအကြောင်းတို့ကို ဟောပြော နိုင်ခြင်း။

http://www.dhammadownload.com



၄၁။ **အပ္ပနာကောသလ္လ ဆယ်ပါး**

(၁) ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းမှု။

(၂) ဣန္ဒြေငါးပါးကို ညီညွတ်အောင်ပြုမှု။

(၃) ထွက်သက်ဝင်သက်ဟူသောအာရုံနိမိတ်၌လိမ္မာမှု။

(၄) တက်ကြွလွန်းသောစိတ်ကို နှိမ့်ချမှု။

(၅) ဆုတ်နစ်လွန်းသောစိတ်ကို တက်ကြွစေမှု။

(၆) ခြောက်သွေ့လွန်းသောစိတ်ကို ရွှင်စေမှု။

(၇) ညီညွတ်သောစိတ်ကို လျစ်လျူရှုမှု။

(၈) သမာဓိမရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်မှု။

(၉) သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲမှု။

(၁၀) အပ္ပနာကိုရခြင်းငှာ အမြဲညီညွတ်သောစိတ်ရှိမှု။

၄၂။ **ပုဂ္ဂိုလ်သုံးပါး (ဝိသုဒ္ဓိမဂ်)**

(၁) ဩလီယန္တပုဂ္ဂိုလ်။ ။ ဘဝ၌ ပျော်ရွှင်၍ နာမ်ရုပ်၌ငါဟူသော၊ သတ္တဝါဟူသောအမှတ်ဖြင့် မကျွင့်ဘဲနေသည်။

(၂) အတိဓာဝန္တပုဂ္ဂိုလ်။ ။ ဘဝ၌ ပျင်း မုန်း ငြီးငွေ့ မပျော်မွေ့၊ သို့သော်-ရုပ် နာမ်ကိုမမြင်၍ ငါဟူသော သတ္တဝါသေသည်။ နောက်၌မဖြစ်ဟု ထင်မှတ်သဖြင့် အလွန်ပြေးသောပုဂ္ဂိုလ်။

(၃) စက္ခုမန္တပုဂ္ဂိုလ်။ ။ ရုပ်-နာမ် တို့၏ ဖြစ်တိုင်း ဖြစ်တိုင်းသိ၍ ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်။

http://www.dhammadownload.com



၄၃။ **အနာဂါမ်ပုဂ္ဂိုလ်ငါးမျိုး**

(၁) အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်။
(၂) ဥပဟစ္စပရိနိဗ္ဗာယီ ပုဂ္ဂိုလ်။
(၃) သင်္ခါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်။
(၄) အသင်္ခါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်။
(၅) ဥဒ္ဓံသောတအကနိဋ္ဌဂါမိ ပုဂ္ဂိုလ်။

၄၄။ **ပုဂ္ဂိုလ်ခုနစ်မျိုး**

(၁) ဥဘတော ဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်။
(၂) ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်။
(၃) ပညာဝိမုတ္တိ ပုဂ္ဂိုလ်။
(၄) သဒ္ဓါဝိမုတ္တိ ပုဂ္ဂိုလ်။
(၅) ကာယသက္ခိ ပုဂ္ဂိုလ်။
(၆) သဒ္ဓါနုသာရီ ပုဂ္ဂိုလ်။
(၇) ဓမ္မာနုသာရီ ပုဂ္ဂိုလ်။

၄၅။ **သောတာပန်သုံးမျိုး**

(၁) ဧကဗီဇ သောတာပန်။
(၂) ကောလံကောလ သောတာပန်။
(၃) သတ္တက္ခတ္တုပရမ သောတာပန်။

၄၆။ **ပုထုဇဉ်လေးပါး**

(၁) ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်။
(၂) ဝိပဉ္စိတညူ ပုဂ္ဂိုလ်။
(၃) နေယျ ပုဂ္ဂိုလ်။

http://www.dhammadownload.com



(၄) ပဒပရမ ပုဂ္ဂိုလ်။

၄၇။ **သံဝေဂလေးပါး**

(၁) စိတ္တုတြာသ သံဝေဂ။

(၂) ဩတ္တပ္ပ သံဝေဂ။

(၃) ဉာဏ သံဝေဂ။

(၄) ဓမ္မ သံဝေဂ။

၄၈။ **လက္ခဏာသုံးပါး**

(၁) ဖြစ်ဆဲ ရုပ်နာမ်ကိုသဘာဝလက္ခဏာ ခေါ်သည်။

(၂) ဖြစ်ဆဲရုပ်နာမ်၏ ဥပါဒ်၊ ဌီ၊ ဘင်ကိုသင်္ခတလက္ခဏာခေါ်သည်။

(၃) ဖြစ်ဆဲ ရုပ်၊ နာမ်၊ ဥပါဒ်၊ဌီ၊ဘင်၏ မမြဲဟု မှတ်စရာ၊ ဖောက်ပြန်ပျက်စီးသော အခြင်းအရာ၊ ဆင်းရဲဟုမှတ်စရာ၊ နှိပ်စက်သော အခြင်းအရာ၊ အစိုးမရ အလိုသို့မလိုက်ဟုမှတ်စရာသည် သာမညလက္ခဏာမည်၏။ ဖြစ်ဆဲ ရုပ် နာမ်ဉာဏ်မှာထင်လျှင် သဘာဝလက္ခဏာထင်တော့သည်။ သဘာဝလက္ခဏာဉာဏ်မှာထင်လျှင် သင်္ခတလက္ခဏာထင်တော့သည်။ သင်္ခတ လက္ခဏာဉာဏ်မှာထင် လျှင် သာမညလက္ခဏာ ထင်တော့၏။ သာမည လက္ခဏာဉာဏ်မှာထင်လျှင် ဗလဝ ဝိပဿနာ မှန် စွာဖြစ်တော့၏။ ဗလဝ ဝိပဿနာမှန်စွာဖြစ် လျှင်မဂ်ဖိုလ်ကေန်ရတော့သည်။

http://www.dhammadownload.com



၄၉။ ဥပါသကာ ဂုဏ်အင်္ဂါငါးပါး

(၁) သဒ္ဓေါဟောတိသီလဝါဟောတိ။ (၂) န ကောတုဟလ မင်္ဂလိကော ဟောတိ၊ (၃)ကမ္မံ ပစ္စေတိ နော မင်္ဂလံ၊ (၄) နဣတောဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ၊ (၅) ဣဓစ ပုဗ္ဗကာရံ ကရောတိ။

သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊ သီလနှင့် ပြည့်စုံခြင်း- ရက်ရာဇာ၊ ပြဿဒါး၊ ငှက်အော်ခြင်း၊ လင်းတနားခြင်း၊ အိမ်မြှောင် စုတ်ထိုးခြင်း စသော အမင်္ဂလာ-မင်္ဂလာ တရားများကို မယုံကြည်ခြင်း (ကောတုဟလမင်္ဂလာကို မယုံ ကြည်ခြင်း)။

ကံ-ကံ၏အကျိုး ကိုယုံကြည်၍ ဒုမင်္ဂလ-သုမင်္ဂလ စသည်တို့၌မယုံကြည်ခြင်း။ ဤသာသနာတော်မှအပ ဖြစ်သော အလှူခံပုဂ္ဂိုလ်ကို မရှာမှီးခြင်း၊ ဤသာသနာတော်၌ ရှေးဦးစွာ လှူဒါန်းခြင်း၊ ဤသည်တို့ပင်တည်း။

၅၀။ ကထာဝတ္ထုဆယ်ပါး

(၁) အပ္ပိစ္ဆကထာ၊ အလိုနည်းသည်နှင့်စပ်သောစကား။

(၂) သန္တုဋ္ဌိကထာ၊ ရောင့်ရဲခြင်းနှင့် စပ်သောစကား။

(၃) ပဝိဝေကကထာ၊ ဆိတ်ငြိမ်သည်နှင့်စပ်သောစကား။

(၄) အသံသဂ္ဂကထာ၊ကာမဂုဏ်နှင့်မရောယှက်သည်နှင့် စပ်သောစကား။

(၅) ဝီရိယာရမ္ဘကထာ၊အားထုတ်ခြင်းနှင့်စပ်သောစကား။

http://www.dhammadownload.com



(၆) သီလကထာ၊ သီလနှင့်စပ်သောစကား။
(၇) သမာဓိကထာ၊ သမာဓိနှင့်စပ်သောစကား။
(၈) ပညာကထာ၊ ပညာနှင့်စပ်သော စကား။
(၉) ဝိမုတ္တိကထာ၊လွတ်မြောက်ခြင်းနှင့်စပ်သောစကား။
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ၊ လွတ်မြောက်ရာဖြစ်သော ဉာဏ်နှင့် စပ်သောစကား ဟူ၍ ဆယ်ပါးတို့ပင်တည်း။

၅၁။ **လောလခြောက်ပါး (လျှပ်ပေါ်လော်လီခြင်း)**

အာဟာရလောလ၊ အလင်္ကာရလောလ၊ ပရပုရိသလောလ၊ ပရဒါရလောလ၊ မနလောလ၊ ပါဒလောလဟူ၍ လောလ ခြောက်ပါး ဖြစ်သည်။

၅၂။ **မတင်းတိမ်ကောင်းသောတရားငါးပါး**

(၁) သီလဝယ် လုံခြုံတယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်းမနေနှင့်။
(၂) ဗဟုသုတဝယ် ပြည့်စုံတယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်းမနေနှင့်။
(၃) သမာဓိဝယ် တည်ကြည်တယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်းမနေနှင့်။
(၄) ဆိတ်ငြိမ်ရာဝယ် နေနိုင်တယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်းမနေနှင့်။

http://www.dhammadownload.com



(၅) အနာဂါမ်ဝယ် တည်ပြီကွယ်ဟု တင်းတိမ်ရုံမျှ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

၅၃။ အလွန်ကဲဆုံးတရားသုံးပါး

(၁) သတ္တဝါတို့အား သုခမဟုတ်ဘဲ သုခဟု ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် ဝေဒနာသည် အလွန်ကဲဆုံးဖြစ်၏။

(၂) သတ္တဝါတို့အား အတ္တမဟုတ်ဘဲ အတ္တဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် သညာသည် အလွန်ကဲဆုံးဖြစ်၏။

(၃) သတ္တဝါတို့အား နိစ္စမဟုတ်ဘဲ နိစ္စဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် စိတ်သည် အလွန်ကဲဆုံးဖြစ်သည်။

၅၄။ သစ္စာအနက် တစ်ဆယ့် ခြောက်ချက်

(၁) ဒုက္ခသစ္စာ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော။

နှိပ်စက်၊ ပြုပြင်၊ ပူပင်၊ ဖောက်လွှဲ။

(၂) သမုဒယသစ္စာ အာယူဟနဋ္ဌော၊ နိဒါနဋ္ဌော၊ သံယောဂဋ္ဌော။ ပလိဗောဓဋ္ဌော။

ဆည်းပူး၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောင့်ယှက်၊ သမုဒယစက်

http://www.dhammadownload.com



(၃) နိရောဓသေ နိဿရဏဒွေး၊ ပဝိဝေကဒွေး၊ အမတဒွေး၊ အသင်္ခတဒွေး။
ကျွတ်လွတ်၊ ဆိတ်နေ၊ မသေ၊ မပြု ဤလေးခု သုခအမှန်ထား။

(၄) မဂ္ဂဿနိယျာနဒွေး၊ ဟေတုဒွေး၊ ဒဿနဒွေး၊ အဓိပတေယျဒွေး၊ ထွက်မြောက်၊ တည်ခိုင်၊ မြင်နိုင်၊ ကြီးကဲ ဤလေးနဲဆင်းရဲငြိမ်းလမ်းတည်း။

## ၅၅။ တစ်ထောင့်ငါးရာ ကိလေသာ ပွားနည်းသရုပ်

နာမ်တေပညာ၊ နိပ္ဖန္နာ၊ တည်ပါလက္ခဏာ၊ သန္တာန်နှစ်ဖြာ၊ မြောက်ပွားကာ၊ တစ်ရာငါးဆယ်ရ။ ယင်းကိုတစ်ခါ ကိလေသာ၊ ဆယ်ဖြာမြောက်ပြန်က။ တစ်ထောင့်ငါးရာ၊ ကိလေသာ ထိုခါ ဖြစ်သည်မှတ်။

စေတသိက်-၅၂၊ စိတ်-၁၊ နိပ္ဖန္နရုပ်-၁၈၊ လက္ခဏာ ရုပ်-၄၊ ပေါင်း-၇၅၊ မိမိသန္တာန်၊ သူတစ်ပါး သန္တာန်နှင့် မြှောက်။ ၁၅၀-ကို ကိလေသာ (၁၀)ပါးနှင့်မြှောက်-၁၅၀၀။

## ၅၆။ တဏှာအစစ် တစ်ရာ့ရှစ်

တဏှာသုံးတန် တည်ထားပြန် အာ၊ ကာ၊ သန်နှင့်မြှောက်၊ တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏ကိုယ်မှာရောက်။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးပါးကို တည်၍ အာရုံခြောက်ပါးနှင့်မြှောက် ၁၈ပါးဖြစ်၏။ ယင်းကို ကာလသုံးပါးနှင့် မြှောက်သော် ၅၄-ရ၏။ ယင်းကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးနှင့် မြှောက်သော် ၁၀၈-ပါး ဖြစ်၏။

http://www.dhammadownload.com



၅၇။ **ဝိပလ္လာသတရား တစ်ဆယ့်နှစ်ပါး**

သညာဝိပလ္လာသမှာ--အနိစ္စကို နိစ္စဟုမှတ်ခြင်း၊ ဒုက္ခကိုသုခဟုမှတ်ခြင်း၊ အနတ္တကို အတ္တဟု မှတ်ခြင်း၊ အသုဘကို သုဘဟုမှတ်ခြင်း။ (လေးပါး)။

စိတ္တဝိပလ္လာသမှာ--အနိစ္စကို နိစ္စဟု သိခြင်း၊ ဒုက္ခကိုသုခဟုသိခြင်း၊ အနတ္တကို အတ္တဟု သိခြင်း၊ အသုဘကို သုဘဟုသိခြင်း (လေးပါး)။

ဒိဋ္ဌိဝိပလ္လာသမှာ--အနိစ္စကို နိစ္စဟုယူခြင်း၊ ဒုက္ခကိုသုခဟုယူခြင်း၊ အနတ္တကို အတ္တဟု ယူခြင်း၊ အသုဘကို သုဘဟုယူခြင်း (လေးပါး)။

၅၈။ **ချုပ်ခြင်း နိရောဓနှစ်မျိုး**

(၁) အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်ပေါ်ပြီးသော တရားတို့၏ ပျက်ဆုံးခြင်းဟူသော ဘင်္ဂ နိရောဓလည်း တစ်ပါး။

(၂) အကြောင်းတို့၏ချုပ်ခြင်းကြောင့် ဖြစ်ပေါ်ခြင်းဟူ၍ပင်မရှိခြင်းတည်းဟူသော အနုပ္ပါဒ နိရောဓလည်း တစ်ပါး၊ ပေါင်း နှစ်ပါးဖြစ်၏။

၅၉။ **ဘာဝနာနည်းလေးဆယ်**

**အနိစ္စာနုပဿနာ ဆယ်ပါး**။ အနိစ္စတော၊ ပလောကတော၊ စလတော၊ ပဘင်္ဂုတော၊ အဓုဝတော၊ ဝိပရိဏာမတော၊ အသာရတော၊ ဝိဘဝတော၊ မစ္စုတော၊ သင်္ခတတော-ပေါင်းဆယ်ပါးဖြစ်သည်။

http://www.dhammadownload.com



ဒုက္ခာနုပဿနာ နှစ်ဆယ့်ငါးပါး။ ဒုက္ခတော၊ ရောဂတော၊ အဃတော၊ ဂဏ္ဍတော၊ သလ္လတော၊ အာဗာဓတော၊ ဥပဒ္ဒဝတော၊ ဘယတော၊ ပတိတော၊ ဥပသဂ္ဂတော၊ အတာဏတော၊ အလေဏတော၊ အသရဏတော၊ ဝဓကတော၊ အဃမူလတော၊ အာဒီနဝတော၊ အာသဝတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ သောကတော၊ ပရိဒေဝတော၊ ဥပါယာသတော၊ သံကိလေသဓမ္မတော၊ ပေါင်းနှစ်ဆယ့်ငါးပါးဖြစ်သည်။ အနတ္တာနုပဿနာငါးပါး ။ အနတ္တတော၊ ပရတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ ပေါင်းငါးပါး၊ စုစုပေါင်း ဘာဝနာနည်းလေးဆယ် ဖြစ်သည်။

၆၀။ **တရားနာခြင်း၏အကျိုးငါးပါး**

(၁) မကြားနာဖူးသည်ကို ကြားနာရခြင်း။
(၂) မကြားဖူးသည်ကို ဖြူစင်စေခြင်း။
(၃) ယုံမှားမှုကို ကူးမြောက်နိုင်ခြင်း။
(၄) အယူကို ဖြောင့်မတ်စွာ ပြုနိုင်ခြင်း။
(၅) စိတ်ကို ကြည်လင်စေခြင်း။

၆၁။ ဖော်ပြလတ့ံပါ ဤတရား ၆-ပါး မပယ်ဘဲ ကာယာနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ တရားများပွားများ အားထုတ်ခြင်းငှာ မထိုက်။

ဘိက္ခဝေ ဓမ္မေ အပဟာယအဘဗ္ဗော ကာယေ ကာယာနုပဿီ ဝိဟရိတုံ၊ ဝေဒနာနုပဿီ၊ စိတ္တာနုပဿီ၊ ဓမ္မာနုပဿီ ဝိဟရိတုံ။

http://www.dhammadownload.com



ကတမေ ဆ၊ ကမ္မာရာမတာ၊ ဘဿာရာမတာ။ နိဒ္ဒါရာမတာ၊ သင်္ဂဏိကာရာမတာ၊ ဣန္ဒြိယေသု အဂုတ္တဒွါရတာ၊ ဘောဇနေအမတ္တညုတာ။

အဘယ် ၆-ပါးနည်းဆိုသော်-(၁)အမှုသစ်၌ ပျော်မွေ့ခြင်း၊ (၂) စကားပြောဆိုခြင်း၌ ပျော်မွေ့ခြင်း၊ (၃) အိပ်ခြင်း၌ပျော်မွေ့ခြင်း။ (၄) အပေါင်းအဖော်၌ ပျော်မွေ့ခြင်း၊ (၅) ဒွါရခြောက်ပါးဟုဆိုအပ်သော ဣန္ဒြေ၌ လုံခြုံအောင် စောင့်ရှောက်မှု မရှိခြင်း၊ (၆) အစားအစာ၌ အတိုင်းအရှည်ကို မသိခြင်း။

ဤတရား ၆-ပါးနှင့်ပြည့်စုံသော် အနုပဿနာတရားအားမထုတ်ထိုက်သေးဟု မြတ်စွာဘုရားသခင်က ဟောတော်မူလေသည်။

## ၆၂။ ပဋိစ္စသမုပ္ပါဒ်တရားတော်၏နက်နဲခြင်းလေးပါး

ဓမ္မဂမ္ဘီရတာ၊ တရားတော်၏နက်နဲခြင်း။ အတ္ထဂမ္ဘီရတာ၊ အနက်၏ နက်နဲခြင်း။ ဒေသနာဂမ္ဘီရတာ၊ ဒေသနာတော်၏ နက်နဲခြင်း။ ပဋိဝေဓဂမ္ဘီရတာ၊ ထိုးထွင်း သိခြင်း၏နက်နဲခြင်းဟူ၍ ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်း လေးပါးရှိသည်။

## ၆၃။ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကုသိုလ်တရားများ

သောတာပတ္တိမဂ်သည် သံယောဇဉ်ဆယ်ပါးတွင် သက္ကာယဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာသုံးပါးသော သံယောဇဉ်တို့ကို အကြွင်းမဲ့အားဖြင့် ပယ်နိုင်သည်။

http://www.dhammadownload.com



ကိလေသာတွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာကို ပယ်နိုင်ပေသည်။

ဝိပလ္လာသ တစ်ဆယ့်နှစ်ပါးတွင် အနိစ္စကိုနိစ္စ၊ အနတ္တကို အတ္တဟူသော သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ။ ဒိဋ္ဌိဝိပလ္လာသခြောက်ပါး၊ ဒုက္ခကို သုခ၊ အသုဘကို သုဘဟူသော ဒိဋ္ဌိဝိပလ္လာသနှစ်ပါး၊ ပေါင်း ၈-ပါးကို ပယ်သည်။

အနုသယခုနစ်ပါးတို့တွင်ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယနှစ်ပါးကိုပယ်သည်။

**၆၄။ သောတာပန်ပုဂ္ဂိုလ်တို့ မထိုက်သော တရားခြောက်ပါး**

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ အပါယ်ကို ရောက်စေသော အပါယဂါမိနီရာဂ၊ အပါယ်သို့ ရောက်စေသော အပါယဂါမိနီဒေါသ အပါယ်ကို ရောက်စေသော အပါယဂါမိနီမောဟတို့ ဖြစ်သည်။

**၆၅။ သကဒါဂါမိမဂ်ပယ်သော ကိလေသာ**

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ် နှစ်ပါးမျှသာ တိုး၍ပယ်သည်။ (တစ်စိတ်မျှပယ်)။

ကိလေသာဆယ်ပါးတွင်ရုန့်ရင်းသော ဒေါသကိလေသာ တစ်စိတ်ကို သကဒါဂါမ် ပယ်သည်။

ဝိပလ္လာသ ဆယ့်နှစ်ပါးတွင် သကဒါဂါမ်သည် အသုဘကို သုဘဟူသော သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ နှစ်ပါးတိုး၍ပယ်သည်။

http://www.dhammadownload.com



အနုသယခုနစ်ပါးတွင် ရှုန့်ရင်းသော ကာမရာဂါနုသယ နှင့် ပဋိဃာနုသယ နှစ်ပါးကိုပယ်သည်။

၆၆။ **အနာဂါမ်ပယ်သော ကိလေသာ**

အနာဂါမ်သည် သံယောဇဉ် ဆယ်ပါးတွင်ကာမရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ် နှစ်ပါးကို အကြွင်းမဲ့ပယ်သည်။

ကိလေသာဆယ်ပါးတွင် ဒေါသကိုအကြွင်းမဲ့ပယ်သည်။ ဝိပလ္လာသ ဆယ့်နှစ်ပါးတွင် အသုဘကို သုဘယူသော သညာ ဝိပလ္လာသ၊ စိတ္တဝိပလ္လာသ နှစ်ပါးကို အကြွင်းမဲ့ ပယ်သည်။

အနုသယ ခုနစ်ပါးတွင် ကာမရာဂါ နုသယနှင့် ပဋိဃာ နုသယကို အကြွင်းမဲ့ ပယ်သည်။

၆၇။ **အရဟတ္တမဂ်ပယ်သောကိလေသာ**

အရဟတ္တမဂ်ပယ်သော တရားများမှာ သံယောဇဉ် ဆယ်ပါးတွင် အရဟတ္တမဂ်ဖြင့် ရူပရာဂ၊ အရူပရာဂ၊ မာနဥဒ္ဓစ္စ၊ အဝိဇ္ဇာ။

ကိလေသာဆယ်ပါးတွင် လောဘ၊ မောဟ၊ မာန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။

ဝိပလ္လာသ တစ်ဆယ့်နှစ်ပါးတွင် တစ်ဆယ့်နှစ်ပါးစလုံး အားလုံးပယ်သည်။

အနုသယ ခုနစ်ပါးကို အားလုံးပယ်သည်။

နီဝရဏ ခြောက်ပါးကို အားလုံးပယ်သည်။

http://www.dhammadownload.com



၆၈။ **ကောလာဟလ ငါးပါး**

(၁) မောနေယျ ကောလာဟလ၊ မောနေယျ ပုဂ္ဂိုလ်ပေါ်လတ္တံ့သော ကောလာဟလ။

(၂) မင်္ဂလကောလာဟလ၊ မင်္ဂလာတရားပေါ်ထွန်းလတ္တံ့သော ကောလာဟလ။

(၃) စက္ကဝတ္တိကောလာဟလ၊ စကြဝတေးမင်းပေါ်ထွန်းလတ္တံ့သော ကောလာဟလ။

(၄) ဗုဒ္ဓကောလာဟလ၊ ဘုရားပွင့်တော်မူလတ္တံ့သော ကောလာဟလ။

(၅) ကပ္ပဝိနာသကောလာဟလ၊ ကမ္ဘာပျက်လတ္တံ့သော ကောလာဟလ။

၆၉။ **ပုဂ္ဂိုလ်ငါးမျိုး**

(၁) ပရိယတ္တိ ဗဟုလပုဂ္ဂိုလ်၊ သင်အံလေ့ကျင့်မှုများသော ပုဂ္ဂိုလ်။

(၂) ပညတ္တိဗဟုလပုဂ္ဂိုလ်၊ ဟောပြောမှုများသော ပုဂ္ဂိုလ်။

(၃) သဇ္ဈာယဗဟုလပုဂ္ဂိုလ်၊ ရွတ်ဖယ် သရဇ္ဈာယ်ခြင်းများသောပုဂ္ဂိုလ်။

(၄) ဝိတက္ကဗဟုလပုဂ္ဂိုလ်၊ ကြံစည်ခြင်းများသောပုဂ္ဂိုလ်။

(၅) ဓမ္မဝိဟာရီပုဂ္ဂိုလ်၊ တရားအလုပ်,လုပ်သောပုဂ္ဂိုလ် ဘုရားကြိုက်သောပုဂ္ဂိုလ်။

http://www.dhammadownload.com



၇၀။ **နိယာမတရား ငါးပါး**

(၁) ကမ္မနိယာမ။

(၂) စိတ္တနိယာမ။

(၃) ဥတုနိယာမ။

(၄) ဗီဇနိယာမ။

(၅) ဓမ္မနိယာမ။

၇၁။ **ဂတိငါးပါး**

(၁) ဒေဝဂတိ။

(၂) မနုဿဂတိ။

(၃) နိရယဂတိ။

(၄) ပေတဂတိ။

(၅) တိရစ္ဆာနဂတိ။

၇၂။ **ပဋိသန္ဓေငါးပါး**

(၁) ဂဗ္ဘသေယျက၊ အမိဝမ်း၌ဖြစ်ခြင်း။

(၂) ဇလာဗုဇ၊ ရေညှိ၌ဖြစ်ခြင်း။

(၃) အဏ္ဍဇ၊ ဥ၌ဖြစ်ခြင်း

(၄) သံသေဒဇ၊ သစ်သီးသစ်ပင်တို့၌ဖြစ်ခြင်း။

(၅) ဩပပါတိက၊ ၁၆နှစ်သားအရွယ်ကုသိုလ်အဟုန်ကြောင့်ဖြစ်ခြင်း။

၇၃။ **ဝသီဘော်ငါးပါး**

(၁) အာဝဇ္ဇနဝသီ၊ နိမိတ်အာရုံကို လျင်စွာဆွဲယူနိုင်သော ဝသီတော်။

http://www.dhammadownload.com



(၂) သမာပဇ္ဇနဝသီ၊ အာရုံထင်လျှင်ထင်ခြင်းဈာန်ကို ကျစေနိုင်သော ဝသီဘော်။
(၃) အဓိဋ္ဌာနဝသီ၊ မိမိ အလို ရှိသလောက် ဈာန်တွေကို ထားနိုင်သော ဝသီဘော်။
(၄) ဝုဋ္ဌာနဝသီ မိမိဈာန်မှထ,လိုသောအခါ ထနိုင်သော ဝသီဘော်။
(၅) ပစ္စဝေက္ခဏာဝသီ၊ မိမိဈာန်ကို ဆင်ခြင်နိုင်သော ဝသီဘော်။

၇၄။ အဘိညာဉ်ခြောက်ပါး
(၁) ဣဒ္ဓိဝိဓ အဘိညာဉ်။
(၂) ဒိဗ္ဗသောတ အဘိညာဉ်။
(၃) ပရစိတ္တဝိဇာနန အဘိညာဉ်။
(၄) ပုဗ္ဗေနိဝါသနုဿတိ အဘိညာဉ်။
(၅) ဒိဗ္ဗစက္ခု အဘိညာဉ်။
(၆) အာသဝက္ခယ အဘိညာဉ်။
(လောကုတ္တရာ)

၇၅။ သေခြင်းအပြားလေးပါး
(၁) အာယုက္ခယမရဏ၊ အသက်ကုန်၍သေခြင်း။
(၂) ကမ္မက္ခယမရဏ၊ ကံကုန်၍သေခြင်း။
(၃) ဥဘယက္ခယမရဏ၊အသက်၊ကံနှစ်ပါးကုန်၍သေခြင်း။
(၄) ဥပစ္ဆေဒကမရဏ၊လတ်တလော ရုပ်စဉ်ပြတ်သဖြင့် သေခြင်း။

---

http://www.dhammadownload.com

၁။ သူတော်ဆည်းကပ် မြတ်တရားနာ
လျော်စွာအကျင့် မဂ်ဖိုလ်ခွင့် ရလင့်ကေန်သာ။

၂။ ဖြစ်ပျက်သမ္မ သင်္ခါရ ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင် ငါကောင်ထင်
ခင်မင်သမုဒယမှတ်၊

ရုပ်နာမ် အားလုံး ဖြစ်ပျက်သုဉ်း
ချုပ်ဆုံးနိဗ္ဗာန်မှတ်၊
ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်

၃။ ယုံကြည်ကျန်းမာ စိတ်ဖြောင့်စွာဖြင့်
လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို-ဖြစ်ချုပ်
ဉာဏ်မြင်-ဤငါးအင် မှန်ပင်မဂ်ရကြောင်း။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com